

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၂ ခုနှစ် ဧပြီလက
အုပ် ၁၀၀ မြောက်ဝတ္ထု ရေးသားပြီးစီးခဲ့ပါသည်။
၂၀၀၃ ခုနှစ်ကုန်သည်အထိ
နောက်ထပ်ရေးသားရန် ရည်ရွယ်ချက်မရှိခဲ့ပါ။
ထိုကာလအတွင်း ပရဟိတလုပ်ငန်းများ
လုပ်ကိုင်ရင်း မိဘမဲ့ဂေဟာများသို့ ရောက်ရှိခဲ့ရာမှ
ဤဝတ္ထုရေးသားရန် စိတ်ကူးရရှိခဲ့ခြင်း ဖြစ်ပါသည်။

အေးငြိမ်းစွာ စာရေးသားနိုင်ရန် ကျွန်မအား
နေရာပေးခဲ့သောWest End တည်းခိုခန်းပိုင်ရှင်
ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်သီတာအေးတို့ကို ကျေးဇူး
အထူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၏

၁၀၁အုပ်မြောက် ဝတ္ထုသစ်

# ခန္ဓကူးစိတ်အိမ်

ကလျာစာပေ
၁၅၂၊ ကျွန်းချောင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်၊ ဖုန်း-၅၅၈၀၂၀

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁

## ခိုတိမ်သောအိမ်နီးမ

အခန်းတစ်

သားအဖြစ်မှ
ရာသက်ပန် အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ တစ်ဦးတည်းသော သားဖြစ်သူ မောင်ချမ်းမြေ့သည် မိဘနှစ်ပါး၏ စိတ်နှလုံးကို ဆင်းရဲ ပင်ပန်းအောင်ပြုမူပြီး သူ့သဘောအလျောက် အိမ်ပေါ်မှဆင်းသွားပြီဖြစ်ပါ၍ ယနေ့မှစ၍ ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းမပြုကြပါရန် တောင်းပန်ပါသည်။)

ဦးအောင်မွန်–ဒေါ်သက်ထားရည်
ချမ်းမြေ့သာယာဂေဟာ
ရွှေတောင်ကုန်းရိပ်သာ၊
အင်းယားမြိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၅–၈–၁၉၇၈ နေ့ထုတ် ကြေးမုံသတင်းစာ...။

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ် အထက်တန်းလွှာ ချမ်းသာကြွယ်ဝကြသော အသိုင်းအဝိုင်းအတွင်းမှာ လှုပ်ခတ်သွားစေခဲ့သော ကြောက်ပြာ။

"ဘယ်လိုဖြစ်ကြတာလဲ"

"ဘာတွေဖြစ်ကုန်ပြီလဲ"

"ဒီလောက်လိမ္မာတဲ့သား"

"ချမ်းမြေ့လောက် ရိုးသား အေးငြိမ်းပြီး ပညာတော်တဲ့ ကလေးကိုမှ စွန့်လွှတ်ရသတဲ့"

ဒီလောက် နူးညံ့ကျိုးနွံတဲ့သားမျိုးက မိဘနှစ်ပါးရဲ့ စိတ်နှလုံးကို ဆင်းရဲပင်ပန်းအောင်...

ဘာတွေများ ပြုမူလိုလဲကွယ်...။

လွန်ခဲ့တဲ့ တစ်လလောက်အထိ ဘာဆိုဘာမှ မဖြစ်ခဲ့၊ မကြုံခဲ့ဘဲ ချစ်ခင်စည်းလုံးစွာ ရှိခဲ့ကြတဲ့ မိသားစုဟာ ခုလို ဖြိုန်းစားကြီး ဘယ်လိုများ ဖြစ်သွားရတာပါလိမ့်...။

မိတ်ဆွေအပေါင်းအသင်းတို့၏ ရင်တွင်းမှ အတွေးများနှင့် အချင်းချင်း မေးမြန်းပြောဆိုကြသော စကားများ ဖြစ်သော်လည်း အဖြေမရှိ၊ အဖြေမသိခဲ့ကြပါ။

သိပ်ရင်းနှီးသူများက ဖုန်းဆက်လျှင်ပင် အိမ်ဖော်မိန်းကလေးက ဖုန်းကိုင်ပြီး...

"မမကြီး နေမကောင်းလို့ အိပ်နေပါတယ်"

ဟူသော အဖြေသာ ရရှိခဲ့သည်။

ထိုကိစ္စ၊ ထိုသတင်း အတိအကျရနိုင်ဖို့ အားလုံးက လက်လျှော့လိုက်ကြသော်လည်း လုံးဝ နောက်မဆုတ်သူက 'ဒေါ်မျက်ချယ်'...



အင်းယားမြိုင်လမ်းမှ ဝင်ပြီး ရွှေတောင်ကုန်းရိပ်သာရှိ ချမ်းမြေ့သာယာဂေဟာခြံကြီး ရှေ့တည့်တည့်သို့ ကားဦးထိုး၍ ရပ်စေလိုက်ပြီး တတီတီနှင့် ဟွန်းအဆက်မပြတ်တီးလိုက်သည့် အချိန်မှာ ပြေးထွက်လာသူက ဦးရှိန်...။

"ဦးရှိန်...ကျွန်မပါ၊ တံခါးဖွင့်ပါ"

"ဘယ်သူလာလာ မဖွင့်ရဘူးတဲ့ မမျက်ချယ်ရယ်"

"ဒီမှာ တံခါးမဖွင့်ရင် ခြံရှေ့က လုံးဝမပြန်ဘူးလို့ သက်ထားကို သွားပြောလိုက်ပါ"

ဆယ်မိနစ်လောက် စောင့်ဆိုင်းပြီးချိန်မှာ ဦးရှိန် သော့တွဲ ကိုင်၍ ထွက်လာတော့သည်။

အောင်ပွဲရသူတစ်ယောက်၏ မျက်နှာမျိုးဖြင့် ဒေါ်မျက်ချယ်က ကားထဲဝင်ထိုင်လိုက်ပြီး ခမ်းနားထည်ဝါလှသော တိုက်ကြီး၏ ဆင်ဝင်အောက်သို့ မာစီးဒီးကားကြီး လျှောခနဲရပ်လိုက်၏။

"မမကြီးက အပေါ်ထပ် သူ့အခန်းထဲသာ တက်ခဲ့ပါတဲ့..."

"အေး..."

လှေကားနှစ်ထစ် တက်ပြီးမှ နောက်ပြန်လှည့်ကာ...

"ဟဲ့...ကိုအောင်မွန်ရော"

"မနေ့တည်းက ရိပ်သာဝင်သွားတယ်"

"ဟင်..."

ဒေါ်မျက်ချယ် အပေါ်ထပ်တက်ပြီး ဒေါ်သက်ထားရည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ဝင်လိုက်သည်နှင့်...

"သူငယ်ချင်းရယ်..."

ဆီးကြိုဖက်တွယ်ကာ ရင်ကွဲမတတ် လှိုက်လှဲသည်းထန်စွာ ငိုကြွေးရှာ၏။

"နေဦး၊ စိတ်နည်းနည်းတည်ငြိမ်အောင်ထား၊ ရော့...ရေ တစ်ခွက် သောက်လိုက်၊ ကိုယ့်ကို အရင်ခေါ်သင့်ပါတယ်ကွယ်၊ ဘာလို့ သတင်းစာထဲ အလောတကြီး ထည့်ရတာလဲ"

"သူ ပြန်လာမှာစိုးလို့"

"မင်းအသည်းနှလုံးလိုချစ်တဲ့ မင်းရဲ့သားကို တကယ်ပဲ စွန့်လွှတ်နိုင်လို့လား၊ စဉ်းစဉ်းစားစားလည်း လုပ်မှပေါ့ သက်ထားရယ်..."

"ကိုယ် စဉ်းစားစရာမလိုဘူး၊ သူကိုယ်တိုင် စဉ်းစားဆုံးဖြတ်ပြီး အိမ်ပေါ်က ဆင်းသွားတာ၊ အဲဒီလမ်းကို သူကိုယ်တိုင် ရွေးချယ်လိုက်တာပဲ မျက်ချယ်"

"ဘယ်လိုဖြစ်တာလဲ၊ ကိုယ် သိချင်လှပြီ"

"ဒီအိမ်က မိစမ်းကို သိတယ်မဟုတ်လား"

"သိတာပေါ့၊ ဒီမှာ အိမ်ဖော်လုပ်နေတာ သုံးနှစ်လောက်တောင် ရှိပြီထင်တယ်"

"အဲဒီမိစမ်းနဲ့ မိဘနှစ်ပါးကိုယှဉ်ပြီး သူကိုယ်တိုင် မိစမ်းကို ရွေးပြီး ဆင်း...ဆင်း...သွားတာ"

"အမယ်လေး...ဘုရား...ဘုရား...ဖြစ်မှဖြစ်ရလေ၊ ဆေးကျောင်းပြီးဖို့ နှစ်နှစ်ပဲလိုတာ၊ မိုက်လှချည်လား ချမ်းမြေ့ရယ်"



"ဒါကြောင့် ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောချင်တာပေါ့၊ ကိုယ့်ရင်ကိုခွဲပြီး အသည်းနှလုံးကို ဆွဲထုတ်ခံလိုက်ရသလို ပါပဲကွယ်"

ဒေါ်သက်ထားရည်က ချစ်သူငယ်ချင်း ဒေါ်မျက်ချယ်ကို အားကိုးရာတစ်ခုလို ဖက်တွယ်ပြီး ရင်ပွင့်မတတ် ငိုရှိုက်နေရှာသည်။ ဒေါ်မျက်ချယ်ကိုယ်တိုင်လည်း နှစ်သိမ့်စကားလုံးများအစား မျက်ရည်ပွင့်များသာ ကြွေကျလာတော့သည်။

"ဒီစည်းစိမ်တွေနဲ့ ဒီမိခင်ကို သူတောင် စွန့်ခွာသွားမှတော့ ကိုယ်လည်း ဘာလို့ ဖက်တွယ်နေတော့မလဲ၊ တစ်ဓာတ်သိမ်းလိုက်ချင်ပါပြီ"

"ဟာ...ဘာတွေ စဉ်းစားနေတာလဲ၊ မဟုတ်တာကွာ"

"ကိုအောင်မွန်က တရားရိပ်သာသွားပြီ၊ ကိုယ် သွားချင်စိတ် မရှိဘူး၊ ဘယ်သူတရားပြပြ မရနိုင်မယ့်အတူတူ ဒီဘဝမှာ ဘာလုပ်ဆက်နေတော့မှာလဲ"

"မဟုတ်သေးဘူး...မဟုတ်သေးပါဘူးကွယ်၊ ဒါဟာ တွေးတောင် တွေးကောင်းတဲ့အရာ မဟုတ်ပါဘူး"

ဒေါ်သက်ထားရည်သည်လည်း ဘာသာရေးကို ကိုင်းရှိုင်းသူ၊ အသိဉာဏ်ပညာတရားကြီးမားသူ အမျိုးသမီးတစ်ဦးသာဖြစ်၍ သားအတွက် အပူမီးတောက်နေချိန်မှာ တွေဝေပေါက်ကွဲမှုတစ်ခုသာ ဖြစ်ချေသည်။ မိမိ၏ဘဝကို ဓာတ်သိမ်းဖြစ်လောက်အောင် နိုတ်မဲမည့်သူမျိုး မဟုတ်နိုင်ပါ။

"မိစမ်း ဆိုတဲ့ ကောင်မက ကြည့်တော့ ရိုးရိုးလက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုများ နီးစပ်သွားရတာပါလိမ့်"

"သက်ထားတို့ကလည်း အိမ်ဖော်လောက်တော့ သား မမှန်းတန်ဘူး ထင်ခဲ့မိတယ်၊ ဒါပေမယ့် မိစမ်းအမေက သိပ်လည်တယ်၊ အင်မတန်လည်း မိုက်မဲတဲ့မိန်းမ"

"ဟုတ်တယ်၊ ကိုယ်မြင်ဖူးတယ်လေ၊ အလှူလုပ်တဲ့ညက ကိုယ်ဒီမှာအိပ်တော့ သူလည်းရှိတယ်၊ ကဲ...ဒီမှာ၊ ဒီလိုလုပ်ရအောင်ပါ၊ သက်ထား ကိုယ့်အိမ် ခဏလိုက်နေပါ၊ သုံးလေးရက်လောက်ပေါ့၊ ဒါမှမဟုတ် ကိုယ် ဒီလာနေရမလား"

"မင်းအိမ်က ဖြစ်လို့လား"

"သိပ်ဖြစ်တာပေါ့"

"ဒါဖြင့် ကိုယ်နဲ့ ခဏ လာနေပေးနိုင်မလား"

"ရတယ်"

"ကျေးဇူးပဲကွယ်"

"ကိုယ်ကတော့ မင်းကိုယ်စား လှုပ်ရှားမှာပဲ၊ ကိုယ့်သားလေးလို ချစ်ခဲ့ရတဲ့ မောင်ချမ်းမြေ့ ဘယ်လိုကြောင့် ဒီလိုဖြစ်သွားရတာလဲဆိုတာ သိချင်တယ်၊ ကျောင်းဆက်တက်မှ ဆရာဝန်ဖြစ်မှာ၊ ပြီးတော့ မိစမ်းလို မိန်းမ၊ 'ဒေါ်စိုးသိန်း'လို မိန်းမမိုက်တွေနဲ့ ရအောင်ခွဲကြည့်မယ်လေ၊ သိတယ်မဟုတ်လား၊ မျက်ချယ်တို့က အလုပ်တစ်ခုလုပ်ပြီဆိုရင် ဖြစ်အောင်လုပ်ပြတတ်တယ်ဆိုတာ"

✿ ✿ ✿

BURMESE CLASSIC .com

## အခန်းနှစ်

"သောက်ကျိုးတော့နည်းပြီ"

"ဟင်အမေကလည်း...ဘာလဲ"

"ဘာရမလဲ၊ ဒီမှာသတင်းစာ၊ ဈေးထဲကမိတိုး ပြလို့ ငှားခဲ့တာ"

"ဘာလဲလို့"

"အမွေဖြတ်သတဲ့လေ"

"ဘာဖြတ်တယ်"

"အမွေ...အမွေ...သောက်မွေ ဖြတ်တာဟဲ့၊ နင့်ယောက်ျား တစ်ပြားတောင်မတန်တော့ဘူး၊ နားလည်ရဲ့လား"

"ဒုက္ခပါပဲ"

"အေး...ဒုက္ခတော့ လှလှကြီးကိုတွေ့တာ၊ အဝတ် တစ်ထည် ကိုယ်တစ်ခုက လွဲလို့ ငါ မပြောလိုက်ချင်ဘူး၊ ဘာမှကို မရနိုင်တော့တာ"

"ဘယ်တတ်နိုင်မလဲ အမေရယ်"

"မတတ်နိုင်လို့ ဖြစ်မလားဟဲ့၊ သူ့ပါ ကျုပ်က တင်ကျွေးအားရမှာလား"

ချမ်းမြေ့သည် ကျူထရံလေးသာ ခြားထားသည့်နေရာမှ အတိုင်းသား ကြားနေရသည်။ သည်သတင်းစာကို သူ မနေ့ညတည်းက တွေ့ပြီးသား။ ဒေါ်စိုးသိန်းက ခုမှ တွေ့ပြီး ခုမှ ချက်ချွတ်လူးနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်လာချိန်မှာ သားအမိနှစ်ယောက် ငြိမ်သွားကြသည်။ ဒေါ်စိုးသိန်းက အောက်တန်းကျလှစွာ မျက်စောင်းတစ်ချက်ထိုးပြီး ဆေးလိပ်မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်နေ၏။

ချမ်းမြေ့သည် သူ့ဘဝကို အိပ်မက်တစ်ခုများလားဟုပင် ထင်လိုက်မိသည်။ တစ်ကြိမ်တည်းသော အမှားအတွက် သူ့ဘဝ တစ်ခုလုံး စတေး ပေးဆပ်လိုက်ရပြီဆိုသော အသိက ရင်ထဲတွင် လောင်မြိုက်နေ၏။ မိစမ်းဆိုသော မိန်းကလေးကို သူ တပ်မက်စိတ်နှင့်ပင်-တစ်ခါမှ မကြည့်မိခဲ့။ သည်လို အဆင့်နိမ့်မိန်းကလေးမျိုးနှင့် တရားဝင် လက်ထပ်ယူရလိမ့်မည်ဟု အတွေးထဲမှာပင် ပုံရိပ်မထင်ခဲ့ဖူးပါ။

ဆောင်းကာလ ညတစ်ညတွင် သူငယ်ချင်းတစ်ယောက်၏ မွေးနေ့မှာ မသောက်စဖူး ဝီစကီ တော်တော်များများ သောက်လာခဲ့မိသည်။ အိမ်ရောက်ချိန်မှာ ထိုးအန်သည်ကို မှတ်မိသည်။ မေမေနဲ့ ဖေဖေ မသိအောင် မိစမ်းတို့ သားအမိ အကူအညီဖြင့် အန်ဖတ်တွေဆေး၊ အဝတ်လဲ၊ အိပ်ခန်းထဲ တိတ်တိတ်ဝင်ခဲ့သည်။ မိစမ်း၏မိခင် ဒေါ်စိုးသိန်းမှာ ချမ်းမြေ့တို့ အိမ်သို့ မကြာခဏ လာရောက် အိပ်လေ့ရှိသည်။ အလှူလုပ်သည့်အခါ၊ ဧည့်သည် ထမင်းကျွေးမည့်အခါမျိုးတွင် သူ့ကို မှာရသည်။ တစ်ခါတစ်ရံလည်း သမီးထံ သက်သက်လာ၍အိပ်သည်။ ထိုညက ချမ်းမြေ့ကို ပြုစုဖို့ဆိုပြီး ချမ်းမြေ့အိပ်ရာထဲမှာ မိစမ်းကို အိပ်စက်စေခဲ့သည်က ဒေါ်စိုးသိန်း၏ ဖန်တီးချက်။

ချမ်းမြေ့ အသိမဲ့ခဲ့သည်တော့ဖြင့် မဟုတ်ပါ။ မှူးယစ်ရီဝေ



နေသော လူပျိုရိုင်းလေးတစ်ယောက်အတွက် အတွေ့ကို မတွန်းလှန်နိုင်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုည၏ နောက်ပိုင်းတွင်လည်း ယခင်လိုပင် ပုံမှန်ပြန်နေခဲ့ရာမှ 'ကိုယ်ဝန်သုံးလ'ဆိုသော ကြေညာချက်အရ မိစမ်းကိုလက်ထပ်ဖို့ အိမ်ပေါ်က ဆင်းခဲ့ရခြင်းဖြစ်သည်။

ချမ်းမြေ့သည် ရိုးသားတည်ကြည် သစ္စာရှိသော ယောကျာ်းမြတ် ဖြစ်သည့်အတွက် 'ကိုယ့်တာဝန် ကိုယ်ယူမည်' ဆိုသော ဆုံးဖြတ်ချက်ဖြင့် မိဘများကို ကန်တော့ပြီး ဆင်းခဲ့ရခြင်းဖြစ်သည်။

ချစ်ခြင်းမေတ္တာဆိုသော ခံစားမှု လုံးဝမပါ။ သနားကြင်နာခြင်းလည်း မဖြစ်မိ။ 'တာဝန်ရှိသည်' ဆိုသော အသိဖြင့်သာ အင်းယားမြိုင် ရွှေတောင်ကုန်းရိပ်သာရှိ တိုက်ကြီးပေါ်မှဆင်းကာ တာမွေမြို့နယ် အတွင်းက ကျူးကျော်ရပ်ကွက် တစ်ခုထဲမှ တဲ တစ်လုံးအတွင်းသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည်။

မိဘတွေကိုလည်း ပြန်မတောင်းပန်ရက်တော့ပါ။ ဘယ်သူငယ်ချင်းနှင့်မှလည်း တွေ့ချင်စိတ်မရှိ။ မျှော်မှန်းချက်ကြီးခဲ့သော ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ခွင့်ရရေး ဆိုသည်များလည်း ရေစုန်မျှောခဲ့ပြီ။

ဒေါ်စိုးသိန်း၏ အသံကို မကြားချင်သဖြင့်သာ ထွက်လာခဲ့ရသည်။ ဘယ်အရပ် ဘယ်နေရာသို့ သွားမည်ဟု မစဉ်းစားရသေး။ လမ်းအရှည်အလျားအတိုင်းသာ လျှောက်လာခဲ့သည်။ ဦးတည်ချက် မရှိ။

"ဟာ...ကိုချမ်းမြေ့၊ ကိုချမ်းမြေ့ ဟုတ်ပါတယ်နော်"

ခေါင်းညိတ်ပြလိုက်ရသည်။ ချမ်းမြေ့ ကားပြင်နေကျ

www.burmeseclassic.com

www.burmeseclassic.com



ကားဝပ်ရှော့ဆရာ ကိုသိန်းထိုက်ကို အပြုံးမဲ့အကြည့်ဖြင့် ပြန်ကြည့်ဖြစ်၏။

"ဘယ်သွားမလို့လဲ၊ လာလေ...ကားပေါ်တက်"

"နေပါစေဗျာ"

"လာပါ၊ ကျွန်တော် ကားစမ်းမောင်းနေတာ၊ ဘယ်ပဲဖြစ်ဖြစ် ပို့ပေးပါ့မယ်၊ လာပါ"

'မြူပြင်ဆဲယာဉ်'ဟု စက္ကူကတ်ပြားပေါ်တွင် ရေးသားထားသော စာတန်းပါရှိသည့် ဆလွန်းကား၏ တံခါးကို ဖွင့်ပေးနေသဖြင့် ဝင်ထိုင်ဖြစ်၏။

"ကိုချမ်းမြေ့ နေကောင်းရဲ့လား၊ ဒီနေရာမျိုး ဘာလာလုပ်တာလဲဗျာ၊ ကားရော ဘယ်မှာရပ်ထားခဲ့လဲ"

မေးခွန်းများစွာကို မဖြေဖြစ်ဘဲ သက်ပြင်းမောကိုသာ ချဖြစ်၍ ကိုသိန်းထိုက်က သဘောပေါက်စွာ...

"ကျွန်တော် ဘာကူညီပေးရမလဲ"

"အကူညီ..."

"ဟုတ်တယ်လေ၊ ကျွန်တော် တတ်နိုင်တာ လုပ်ပေးပါရစေ၊ ကိုချမ်းမြေ့ အခက်အခဲတစ်ခုခုများ ရှိနေသလား"

"ခင်ဗျားမေးမှ ကျွန်တော် စိတ်ကူးတစ်ခုရတယ်၊ ကိုသိန်းထိုက် အသိထဲမှာ တက္ကစီကားပိုင်ရှင်များ ရှိမလား၊ ကျွန်တော် အငှား ကား မောင်းချင်လို့"

"အိမ်က ကားတွေရော"

"ကျွန်တော် အိမ်ပေါ်က ဆင်းလာခဲ့ပြီ"



သတင်းစာ ကြော်ငြာကို သူ တွေ့ပုံမရ။ အားလုံးနီးပါး ရိပ်မိသွားသော်လည်း နားလည်မှုရှိစွာ ကိုသိန်းထိုက်က သူ့ကို ဘာမှမမေးဘဲ...

"ရနိုင်တာပေါ့၊ ကျွန်တော့် ကားဝပ်ရှော့မှာ လာပြင်တဲ့ ကားတွေထဲက အုံနာနဲ့ ဒရိုင်ဘာ မပြေလည်လို့၊ ဒရိုင်ဘာထွက်သွားလို့ ဆိုတဲ့ ကားတွေ အများကြီးပါ၊ တစ်စီးစီးတော့ ရနိုင်ပါတယ်"

"ဓပေါ်လည်း တင်စရာမရှိဘူးနော်"

"ရပါတယ်၊ ကျွန်တော် အာမခံပေးမှာပေါ့၊ ဘယ်တော့လောက် စချင်လဲ"

"အမြန်ဆုံးပဲ"

"ကောင်းပြီ ကိုချမ်းမြေ့၊ ကျွန်တော် ကူညီမယ်"

သည်သို့ဖြင့် ဆေးကျောင်းသား၊ တစ်ဦးတည်းသော သူဌေးသား၊ ကိုချမ်းမြေ့မှာ ခပ်စုတ်စုတ် တက္ကစီတစ်စီးကို မောင်းနှင်ခွင့် ရခဲ့တော့သည်။

သို့သော် အဆင်မပြေခဲ့ပါ။

ကား၏ ဂီယာ၊ စတီယာရင်၊ အင်ဂျင်မှအစ အားလုံးနီးပါး ချို့ယွင်းနေသည့် ကားဟောင်းကြီး ဖြစ်၍ ထိန်းပြီးမောင်းနေရသည့် ဒုက္ခထက်၊ ပြည်လမ်း လိပ်ခုံးရှေ့၊ လမ်းမတော် ဆေးကျောင်းရှေ့၊ ဗိုလ်ချုပ်လမ်း ဆေးရုံကြီးရှေ့များသို့ ငှားလျှင် ငြင်းရသည်။ အသိတွေ့လျှင် ရှောင်ရသည်။ တစ်ပတ်အတွင်းမှာ အုံနာခပင် မပြည့်သည့်နေ့များ ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ် ကိုချမ်းမြေ့၊ ခင်ဗျားနဲ့ နံပါတ်အနီ တက္ကစီတော့ မဖြစ်တော့ဘူး၊ ပရိုက်ဗိတ်တက္ကစီမောင်းဗျာ"

အရာခပ်သိမ်းကို ထက်မြက်စွမ်းဆောင်နိုင်ခဲ့သော ချမ်းမြေ့သည် ခြသေ့်ကဲ့သို့ ရဲရင့်သော ယောကျ်ားမြတ်တစ်ယောက်အဖြစ်မှ ဘာမဆို ကြောက်ရွံ့ကျိုးနွံစွာ နာခံတတ်သော ယုန်သူငယ်လေး အဖြစ်သို့ ပြောင်းလဲသွားခဲ့ရပြီ။ ယောကျ်ားတစ်ယောက်၏ စိတ်ဓာတ်နှင့် အားမာန်ကို အခြေအနေအရ အသုံးချခွင့် မရသည့်အခါ ခပ်တုံးတုံးဘဝသို့ ခေတ္တ ရောက်ရှိသွားရတတ်လေသည်။

သည်သို့ဖြင့် ဗဲန်ကား နံပါတ်အနက် ကား ခပ်လတ်လတ် တစ်စီး မောင်းနှင်ခွင့်ရရှိခဲ့ပါသည်။

"အစ်ကို ဒီနေ့ ပိုက်ဆံရတာ နည်းတယ်နော်"

"မနေ့က နှစ်ရာကျော်ရတယ်လေ"

ခုနစ်ဆယ့်ရှစ်ခုနှစ်ကာလများဆီက ငွေနှစ်ရာသည် မိသားစု တစ်ပတ်စာ စားလောက်သော အချိန်အခါပါ။

"ဟုတ်ပါတယ်၊ ဒါကြောင့် အမေက ကြက်သားဟင်း ချက်ထားတယ်၊ ထမင်းခူးလိုက်တော့မယ်နော်"

"ရေချိုးလိုက်ဦးမယ်"

"အင်း...အဲဒီစည်ထဲမှာ အမေက ရေနှစ်ထမ်း ဝယ်ထည့်ထားပေးတယ်၊ ချိုး...ချိုး"

မိစမ်း ကိုယ်ပိုင် ဆောင်ရွက်ချက် ဘာမှမရှိ။ 'အမေက' ဆိုသော စကားဖြင့် ရသမျှငွေ ဒေါ်စိုးသိန်းက သိမ်းပိုက်တော်မူသည်။



ချမ်းမြေ့သည် ရေချိုးလိုက်ရ၍ ကိုယ်ခန္ဓာပေါ်မှ ညစ်ထေးမှု အပေါင်း လျှော့ကျ ရှင်းသန့်သွားခဲ့သော်လည်း...

သူ့နှလုံးအိမ်မှာ အုံ့ဖွဲ့ ညစ်နွမ်းနေသော စိတ်၏ အညစ်အကြေးများကို ဖယ်ရှားနိုင်ခြင်း မရှိခဲ့ပါ။

မှုန်တေနွမ်းညှိုးသော မျက်နှာနှင့် ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်ရသည်။ ထမင်းကို ဖွန်းခက်ရင်းနှင့်သာ တစ်သက်လုံး စားခဲ့ရပြီး မြန်မာထမင်းဝိုင်းဆို၍ ဘုန်းကြီးကျောင်းအလှူများမှာသာ စားခဲ့ဖူးသော ချမ်းမြေ့မှာ...

စားပွဲခင်းမပါ၊ ချေးအထပ်ထပ်တက်နေသော ထမင်းဝိုင်းပေါ်မှာ သံပန်းကန်ပြားဖြင့် လက်နှင့်စား၍နေရသောအဖြစ်...။

"အစ်ကို စားကောင်းရဲ့လား"

"အင်း..."

မိစမ်းကိုမကြည့်ဘဲ ဖြေလိုက်သည်။

"ဟာ...စမ်းကြည့်...စမ်းကြည့်စမ်း အစ်ကို"

မိစမ်းက ချမ်းမြေ့၏ လက်ဝဲလက်ကို ဖျတ်ခနဲ ဆွဲယူပြီး ချမ်းမြေ့၏ လက်ဖဝါးဖြင့် သူ့ဝမ်းဗိုက်ပေါ်သို့ ဖိကပ်ထားလိုက်သည်။

လုံးဝန်းနေသော မိစမ်း၏ ဝမ်းဗိုက်ပေါ်သို့ စူထွက်လာအောင် အတွင်းက တိုးနေသော သန္ဓေသားလေး၏ လှုပ်ရှား ရုန်းကန်မှု...။

မိစမ်း၏ ဝမ်းပြင်နံရံခြားထားသည့် ဟိုမှာဘက်ထဲမှ မိမိ ရင်သွေးလေး၏ လှုပ်ရှားနေမှုကို ဝမ်းပြင်၏ သည်မှာဘက်မှ

www.burmeseclassic.com

စမ်းသပ်ထိတွေ့ခွင့်ရလိုက်ချိန်မှာ...

"ငါ့သားလေးပါလား"

ဆိုသော အသိက ချမ်းမြေ့၏ ရင်ကို ငြိမ့်ခနဲနေအောင် သိမ့်သိမ့်ခါသွားစေသည်။

"မိစမ်းရဲ့ကိုယ်ခန္ဓာထဲမှာ ငါ့သွေး ငါ့သားလေး ရှိနေပြီ၊ မကြာခင် မွေးဖွားပြီးရင် တွေ့မြင်ခွင့်ရတော့မှာပါလား"

ဆိုသော 'ဖခင်စိတ်'က မြင်ခွင့်မရသေးသော သားလေး အပေါ် ညွတ်နူးစွာ အကြင်နာများ ကျရောက်လာ၏။

"အစ်ကိုသားလေးလိုချင်လား၊ သမီးလေးလိုချင်လားဟင်"

"သား"

စကားတစ်လုံး ထွက်သွားပြီးသည်နှင့် သားဟု ခေါ်လေ့ ရှိသော ဖေဖေနှင့် မေမေတို့၏ ရုပ်သွင်ကို မြင်ယောင်လာပြီး ရင်ထဲတွင် ဆို့နင့်စွာ...

"သမီးဖြစ်ရင် ပိုကောင်းမယ်၊ သားဆိုရင် ဖေဖေ့ဝဋ်တွေ လည်လိမ့်မယ်"

ဆိုသော အတွေးက ရင်ထဲသို့ မုန်တိုင်းတစ်ခုလို ကြမ်းတမ်းစွာ တိုးဝင်လာပြန်သည်။

မိစမ်းကဖြင့် ဘာမှမသိရှာ။ အသိပညာဉာဏ် နည်းပါးသူတို့သည် ကြောင့်ကြခြင်း သောက,လည်း ကင်းတတ်သည်။ ရှေ့ရေးတို့၊ အနာဂတ်အတွက်တို့ ဆိုသည်များကိုလည်း ကြိုတင်တွေးထားခြင်း မရှိတတ်ကြ။ ညှိုးမှိန်နေသော ခင်ပွန်းသည်၏ မျက်နှာရိပ်မျက်နှာကဲကိုလည်း နားမလည်နိုင်စွာဖြင့်...



"အစ်ကို"

"ဟင်"

"သားလေးမွေးရင် ဘာနာမည်ပေးမလဲ"

"မိန်းကလေးပဲ လိုချင်တယ်"

"မိန်းကလေးဆိုရင်ရော"

"ကိုယ် သဘောကျတဲ့ နာမည်တစ်ခုတော့ ရှိခဲ့ဖူးတယ်၊ ဒန္ဒကူးတဲ့"

"စန္ဒကူးဆိုတာ ဘာလဲဟင်"-

"သိပ်အဖိုးတန်တဲ့ သစ်ပင်တစ်မျိုးရဲ့နာမည်"

"စန္ဒကူး...စန္ဒကူး"

မိစမ်းက ရွတ်ဆိုကြည့်နေဆဲမှာပင် ချမ်းမြေ့က ထမင်းစားခြင်းကို အဆုံးသတ်လိုက်သည်။

"ဟင်...အစ်ကို ဝ,ပြီလား"

"အေး၊ နင်လည်း ကျန်းမာရေးကို ဂရုစိုက် မိစမ်း၊ ငါလည်း ပိုက်ဆံပိုပြီးရှာနိုင်မှ ဖြစ်တော့မယ်"

မိစမ်းက နားမလည်သလို လှမ်းကြည့်နေဆဲမှာပင်...

"ငါ့သား...ငါ့သမီးလေး လက်ထက်ကျရင် ငါတို့လို ဆင်းရဲအောင် ငါ ကြိုးစားမယ် မိစမ်း"

ထိုစကားစုလေးသည် ဖခင်လောင်းတစ်ယောက်၏ ချစ်ခြင်း မေတ္တာကို ပြသခဲ့သလို မိစမ်းအတွက် တစ်သက်တာမှတ်တမ်းတည်း ဖြစ်ချေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်းသုံး

ဒေါ်စိုးသိန်းသည် သူ့ရင်ခွင်ထဲမှ လေးလအရွယ် မြေးမ… လေးကို မြူနေသည်။ ပြုံးတတ်ရုံမက အသံလေးထွက်အောင်ပင် ရယ်တတ်နေ၍ ဒေါ်စိုးသိန်းမှာလည်း အသည်းခိုက်အောင် မြေးဦးမ… လေးကို ချစ်နေမိပြီ။

"မစိုးသိန်းတို့တော့ မြေးတွေနဲ့ဝေ ဖြစ်တော့မှာနော်"

"မြေးတွေ ဘယ်နှယောက်ရရ၊ ဟောဒီက ဘွားဘွားရဲ့ မြေးကြီးလောက် ဘယ်သူ့မှမချစ်ဘူးလို့ ပြောလိုက်စမ်း...ပြော… လိုက်စမ်း"

အိမ်နီးချင်း ဒေါ်တရုတ်မ၏ စကားကို မြေးအားမြူရင်း… တုန့်ပြန်လိုက်သည်။

ယခု သူ့ရင်ထဲမှ မြေးက အကြီးမ 'မိသန်း'၏ ကလေး… ဖြစ်သည်။ မိသန်းက ဈေးထွက်ပြီး ဟင်းရွက် ရောင်းရသဖြ… ဒေါ်စိုးသိန်း ထိန်းရသည်မှာ နေ့စဉ်ပါပင်။ မနက်ခင်း ဈေးထဲသ… နို့လိုက်တိုက်ရသေးသည်။ မိသန်း၏ ယောကျ်ားက ပန်းရံအလုပ်… သမား။ ဤသမီးကြီးနှင့် သမက်၊ မြေးတို့ကို ဒေါ်စိုးသိန်းက… ပိုပြီး ချစ်ခင်ရင်းနှီးသည်။

သမီးငယ် မိစမ်းကိုဖြင့် သိပ်ကြည့်မရ။ အဝတ်တစ်ထည်… ကိုယ်တစ်ခုသာပါသော သမက်ကို အလိုလိုနေရင်း ဒေါသထွ… နေမိသည်။ မိစမ်းက သူ့ယောကျ်ားကို ကိုးကွယ်ထားချင်… ဒေါ်စိုးသိန်းက အမြင်ကတ်လေပင်။

မိသန်း၏ ဖခင်က စားမခါးကျ လုပ်ကျွေးရာသည်။ သို့သော် သက်ဆိုးမရှည်။ ကုန်တင်ကားကြီးမှောက်၍ သေဆုံးသည်။ ဒေါ်စိုးသိန်းက ပဋာမြေလူးသလို ငိုခဲ့သော်လည်း...

ဘဝကို ခပ်လွယ်လွယ် ကျော်ဖြတ်လေ့ရှိသူတို့၏ စရိုက်အရ ဒုတိယခင်ပွန်းကို ယောကျ်ား ဆုံးပြီး တစ်နှစ်ခွဲအကြာမှာ ယူလိုက်သည်။ မိစမ်း မွေးပြီးချိန်ကျကာမှ ကွာရှင်းထားပြီးသားပါဆိုသော ဇနီးကြီးထံ ပြန်သွား၍ ဒေါ်စိုးသိန်း၏ ဒေါသက မိစမ်းပေါ် ပုံကျတတ်သည်။

"နင့်အဖေလို နင်ကပါ ယုတ်ကန်းချင်လို့လားဟင်"

ဆိုသော အဆိုအဆဲများနှင့် ကြီးပြင်းလာရသော မိစမ်းမှာ အရွယ်လေးရောက်၍ ခိုင်းလောက်စေလောက်ချိန်မှာ ချမ်းမြေ့သာယာ ဂေဟာသို့ အိမ်ဖော် အဖြစ် ပို့ထားခဲ့ခြင်း ဖြစ်သည်။ မိစမ်းက မိသန်းလို အရုပ်မဆိုး။ သူ့ဖခင်ဘက် တူသဖြင့် အသားဖြူဖြူ၊ မျက်လုံးလှလှနှင့်ပင်။

ယခုတော့ သမီးနှစ်ယောက်၊ သမက်နှစ်ယောက်၊ မြေးတစ်ယောက်နှင့် တစ်ဗိုက်တို့ကို အုပ်ချုပ် အာဏာပြခွင့်ရနေသူက ဒေါ်စိုးသိန်း...။

ပန်းရံသမား သမက်ကလည်း မိုးလင်းက မိုးချုပ်အထိ အလုပ်သွားရသည်။ သူဌေးသား သမက်က သူ့ပရိုက်ဗိတ်တက္က…ဖြင့် ရှမ်းပြည်နယ်ဘက် အော်ဒါလိုက်သွားသဖြင့် ဗိုက်ရှ…နှင့် သမီးငယ် မိစမ်းကိုပါ ပြုစုနေရချိန်...။

"အဲဒီအိမ်ပဲ...၊ ကြီးဒေါ်စိုးသိန်း...ဒီမှာ [illegible]သည်"

www.burmeseclassic.com

www.burmeseclassic.com



တဲမျှား စီရီ ဆောက်ထားသော လမ်းကျဉ်းလေးထဲသို့ စိန်ရောင်ရွှေရောင် ဖိတ်ဖိတ်တောက်နေသော အမျိုးသမီး ဖြူဖြူခုံခုံကြီး တစ်ဦး လက်ပွေ့အိတ်ကြီးကိုပိုက်၍ ရောက်လာကာ...

"မစိုးသိန်းရယ်...ရှာလိုက်ရတာ"

မြောင်းဖုံးသစ်သား ခနော်နီခနော်နဲ့လေးကို ငုံ့ကြည့်ရင်း ညည့်သည်မကြားအောင်...

"မိစမ်း အထဲဝင်နေစမ်း၊ ငါခေါ်မှ ထွက်ခဲ့"

မျက်နှာထားတင်းတင်းနှင့် လှည့်ပြောပြီး မျက်နှာချိုချိုနှင့် လှမ်း၍နှုတ်ဆက်လိုက်သည်။

"မမကြီး ဒေါ်မျက်ချယ်ပါလား"

"အေးဟယ်...မနည်းမေးပြီး လာခဲ့ရတယ်"

"ဟုတ်လား၊ ထိုင်လေ၊ ဘာကိစ္စရှိလို့လဲ"

"မိစမ်းတို့ကိစ္စပေါ့"

"ဟင်...ဘာတဲ့လဲ၊ မမကြီး ဒေါ်သက်ထားရည်တို့က ပြန်ခေါ်ခိုင်းလိုက်တာလားဟင်"

ဒေါ်စိုးသိန်း၏ မျက်ဝန်းများက မျှော်လင့်ချက်များဖြင့် လင်းလက်လာသည်။

ဒေါ်သက်ထားရည်နှင့် ဒေါ်မျက်ချယ်တို့က အရင်းနှီးဆုံး သူငယ်ချင်းတွေမို့ အိမ်နှစ်အိမ် ကူးသန်းလည်နေကျဖြစ်၏။ နှစ်အိမ်လုံးမှ အိမ်ဖော်များနှင့် သိကျွမ်းခဲ့ကြပြီးသားဖြစ်၍...

"မိစမ်းတို့ ဒီမှာရှိလို့လား"

"ရှိပါတယ်၊ မမကြီး လိုက်လာတာ ဘာကိစ္စလဲဟင်"



"ဪ...သက်ထားတို့၊ ကိုအောင်မွန်တို့ အဖြစ်ကို မကြည့်ရက်လို့ လိုက်လာရတာပေါ့၊ ဒါနဲ့ မောင်ချမ်းမြေ့ရော"

"ကားမောင်းသွားတယ်"

"ဘာ...ဘာကားမောင်းတာလဲ"

"တိုင်စီ"

တက္ကစီဟု သူ ပီသအောင် မခေါ်နိုင်။

"ဖြစ်မှဖြစ်ရလေ၊ ဒီမှာ...မစိုးသိန်း၊ ညည်းနဲ့ မမကြီး အပေးအယူတစ်ခု လုပ်ကြရအောင်"

"ဘာလဲ...ကျွန်မ နားမလည်ဘူး"

"ငါ မောင်ချမ်းမြေ့ကို ပြန်ခေါ်သွားပါရစေ၊ ညည်းတို့ ရင်းနှီးစားဖို့ ငွေနှစ်သောင်းပေးခဲ့မယ်၊ ဘယ့်နဲ့လဲ"

"ငွေနှစ်သောင်း"

ထိုအချိန်က နှစ်သောင်းဆိုသောငွေမှာ ထီပေါက်မှသာ သာမန်မိသားစုတို့ မြင်ဖူးမည့်ငွေ။ ဒေါ်စိုးသိန်းတို့က ငွေငါးထောင်ပြည့်အောင်ပင် မမြင်ဖူးခဲ့ပါ။

"အေး...နှစ်သောင်းပေးပြီးရင် ငါ မောင်ချမ်းမြေ့ကို ပြန်ခေါ်သွားပါရစေ"

"ခေါ်သွား...ခေါ်သွားစမ်းပါ၊ ချမ်းမြေ့ ဒီမှာမနေနိုင်အောင် ကို မိစိုးသိန်း လုပ်ပြလိုက်မယ်"

ရူးသွားပြီလားဟုပင် ထင်ရလောက်အောင် ဒေါ်စိုးသိန်း၏ ဘာဘာအမူအရာက အထိန်းအသိမ်းမဲ့သွားလေပြီ။

ထိုအချိန်မှာပင် ကိုယ်ဝန်အရင့်အမာကြီးနှင့် မိစမ်း အခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ထွက်လာကာ…

"အမေကလည်း ကျွန်မယောကျ်ားကို ငွေနဲ့မရောင်းပါနဲ့၊ ဘယ်လောက်ပေးပေး ပြန်မလွှတ်နိုင်ပါဘူး"

ကိုယ်ဝန်ကြီးနှင့် မိစမ်း၏ စကားကြောင့် ဒေါ်မျက်ချယ် အံ့သြလွန်းစွာကြည့်ပြီးမှ ဖြည်းဖြည်းချင်း ကြေကွဲဆို့နင့်လာသည်။

"အစ်ကိုက ယောဒိကလေးကို ခုတည်းက တအားချစ်နေပြီ အန်တီမျက်ချယ်ရဲ့၊ ဒါကြောင့် ရှမ်းပြည်နယ်ဘက်ကို ကားအော်ဒါ လိုက်သွားတယ်၊ မိစမ်းနဲ့ ကလေးအတွက် ငွေသွားရှာတာတဲ့"

ဒေါ်မျက်ချယ် ဘာစကားမှ ပြန်မပြောနိုင်အောင် ဆွံ့အ သွားခဲ့ရပြီ။

"ဆုံးရှုံးပြီ…"

ချစ်သူငယ်ချင်းကိုယ်စား အဆုံးစွန်သော ဆုံးရှုံးခြင်းများ ကိုသာ ရရှိလိုက်ပြီဟု ဒေါ်မျက်ချယ် ကြေကွဲစွာ သိရှိလိုက်ရပါပြီ။

သားသမီးသံယောဇဉ်ထက် ကြီးမားသော နှောင်တည်းမှုမျိ ဤလောက၌ မရှိပြီ။

ချမ်းမြေ့သည် မိစမ်းနှင့် မှားယွင်းရုံဆိုလျှင် ပြန်နှုတ်ရ ရနိုင်သေးသည်။ ငွေကြေးနှင့် လဲလှယ်ခွင့် ရှိနိုင်သေးသည်။

ယခုတော့ဖြင့် 'သားသမီးသံယောဇဉ်' ဆိုသည့် လူသားတို့ အတွက် အခိုင်မာဆုံးသော ကြိုးဖြင့် ချမ်းမြေ့ ချည်နှောင်ခံထာ ရလေပြီ။ ဒီတစ်သက် ရုန်းထွက်ရန် မဖြစ်နိုင်တော့ပါ။

သူတို့ကို နှုတ်ဆက်ချင်စိတ်ပင် မရှိတော့ဘဲ ဒေါ်မျက်ချယ် တဲအတွင်းမှ ပြန်လည် ဆင်းသက်ကာ လမ်းကျဉ်းလေးထိပ်မှ



ရပ်ထားသော ကားရှိရာသို့ ခပ်သွက်သွက် လှမ်း၍ပြန်လာခဲ့ရတော့ သည်။ ငွေလည်း တစ်ပြားမှမပေးဖြစ်ခဲ့။

ချစ်သူငယ်ချင်း၏ သောကနှင့် မျက်ရည်စက်များကို မမြင် ရက်လွန်းသဖြင့် ဒေါ်မျက်ချယ် မိစမ်းတို့နှင့် အဆက်အသွယ်ရ ဖို့ ရှာနေသည့် အချိန်ကပင် အတော်လေး ကြာသွားခဲ့သည်။ ပထမ မစိုးသိန်းပြောစဉ်က ဒေါပုံမှာဆို၍ သွားရှာတော့လည်း ပြောင်းသွားကြပြီတဲ့။ နောက်မှ အိမ်ဖော်များနှင့် တစ်ဆင့်က တစ်ဆင့် မေးပြီး ရောက်လာခဲ့ရခြင်း ဖြစ်သည်။

ချမ်းသာ ကြွယ်ဝသော၊ နာမည် ထင်ရှားသောသူ ရှာဖို့ မခဲယဉ်းသော်လည်း အိမ်ခြေရာခြေ အတည်တက သော ဆင်းရဲသား မိသားစုကို ရှာဖွေတွေ့ရှိနိုင်ဖို့ ခဲယဉ်း သည်။

ဒေါ်မျက်ချယ်သည် ဒရိုင်ဘာ မောင်းနေသော ကားနောက် ခန်းမှ ထိုင်၍စီးလာရင်း…

လိမ္မာယဉ်ကျေး၍ စာတော်သော ဆရာဝန်လောင်းလေး တစ်ယောက်မှာ အမှောင်ရိပ် တစ်ချက်ကျသွားရုံလေးနှင့် ဘဝ တစ်ခုလုံး ဆုံးရှုံးပျက်စီးခဲ့ရလေပြီ။

လူသားတို့၏ ကံကြမ္မာ ဆိုသည်မှာ တစ်သက်တာလုံး တသမတ်တည်း တည်မြဲခြင်း မရှိတတ်ပါလား ဆိုသော အသိ တရားများဖြင့် တုန်လှုပ်ချောက်ချားမိရုံမှလွဲပြီး ဒေါ်မျက်ချယ် ဘာမှမတတ်နိုင်တော့ပါချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂

## မောမြေမြင့်မှ စောရှင်မွန်၏ လျှို့ဝှက်ချက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်

တောတောင်၊ သစ်ပင်၊ ပန်းပင်၊ တိုက်တာအိမ်ခြေများ အားလုံးကို မြူနှင်းတို့ဖြင့် ဖုံးလွှမ်းထားသော မြို့လေးမှာ အားလုံး အိပ်မောကျနေကြသလို ငြိမ်သက်တိတ်ဆိတ်နေလေသည်။

"ဒီနေ့ရော သူတို့ မှ[illegible]တယ်ဆိုတဲ့ မှူစည်း ရမှ ရပါ့မလား"

ချမ်းမြေ့သည် မြူနှင်းများကို ငေးရင်း မျှော်လင့်စွာ တွေးနေမိသည်။

ဤတောင်ပေါ်မြို့လေးသို့ သူရောက်နေသည်မှာ ငါးရက်ကြာခဲ့ပြီ။ ထိုမြို့လေးထဲသို့ ခေတ္တခဏသာ မောင်းရပြီး တစ်နေကုန် တစ်နေခန်း နားနေရ၍ အခိပ္ပာယ်အားလုံး ပျောက်ဆုံးနေသလို ရှိပါချေ၏။

"နက်ဖြန်ခါ ပြန်ဖြစ်မှာလား"

ဟု မေးလိုက်တိုင်း ဦးသီဟဆိုသူက…

"မင်း တစ်ရက် ပိုနေရရင် ပိုမကောင်းဘူးလား၊ ကားမောင်းရဘဲနဲ့ တစ်နေ့စာ ကားငှားခ ရနေတယ်လေ"

အသက်က သုံးဆယ်ကျော်လောက်သာရှိမည် ဖြစ်သော်လည်း သူဌေးဟု အားလုံးက လေးစားကြောက်ရွံ့နေကြရသော ဦးသီဟကို မာန်ကင်းမဲ့သော မျက်ဝန်းများဖြင့်သာ ချမ်းမြေ့ကြည့်ဖြစ်သည်။ ဘာမှမပြောရဲဘဲ အခန်းထဲက ထွက်လာခဲ့သော တစ်နေ့က အဖြစ်ပျက်များကြောင့် နောက်[illegible]လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မမေးရဲ၊ မမေးဝံ့။

သူ့ကားကိုမှီ၍ ရပ်နေရာမှ ကုန်းလျှောလေးအတိုင်း သူ နေးကွေးစွာ ဆင်းလာခဲ့သည်။ ဆောင်းရာသီဖြစ်၍ ပဲပန်းပင် ပန်းနုရောင်နှင့် ချယ်ရီပွင့် ပန်းရှင့်ရောင်တို့သည် မြူနှင်းများကြားမှာ လှပတင့်တယ်စွာ ပွင့်ဖြိုးနေကြသည်။

မြို့တွင်း မြို့ပတ်လမ်းများအားလုံး ဖြောင့်တန်းပြန့်ပြေခြင်း မရှိ။ အနိမ့်အမြင့် အကွေ့အဝိုက်များဖြင့် မြို့လေး[illegible]ရစ်ပိုက်ပွေ့ထားသလို ရှိပါချေ၏။

မြူနှင်းမှုန်ဝေနေသော ဝန်းကျင်မှ ချယ်ရီပင်စည်ကိုမှီ၍ သူ ရပ်လိုက်သည်။ နှင်းငွေ့နှင်းပွင့်များ သူ့ဆံပင်နှင့် ဂျာကင်အကျႌမှာ ခိုသီးလာသဖြင့် ခိုက်ခိုက်တုန်မျှ ချမ်းလာသည်။

ထိုစဉ်…

ကုန်းလျှောလေးအတိုင်း အပေါ်သို့ တရွေ့ရွေ့ တက်လာသော လူသဏ္ဍာန်တစ်ခုကို ချမ်းမြေ့ မြင်နေရသည်။ ယောကျ်ား လား၊ မိန်းမလားဟုပင် သူ မသဲကွဲ။ သဲကွဲစေဦးတော့လည်း သူ့အသိအကျွမ်းထဲက မဖြစ်နိုင်။ သည်မြို့လေးမှာ သူ့အသိ တစ်ယောက်မှ မရှိ။ အားလုံး မျက်နှာစိမ်းများချည်းသာ။

"ကိုချမ်းမြေ့၊ လမ်းလျှောက်ထွက်မလို့လား"

သူ့အနား ရောက်လာပြီ ဖြစ်သော အမျိုးသမီးက လှမ်းနှုတ်ဆက်လိုက်၍ သူ ကြောင်သွားသည်။

အမျိုးသမီးက အရပ်တော်တော်မြင့်သည်။ ဂျင်းဘောင်းဘီနှင့် ဝပ်ကင်းရှူး စီးထား၏။ အပြာနှင့် အဖြူ ကန့်လန့်စင်း ခေါင်း



စွပ် စွယ်တာကိုဝတ်ပြီး သိုးမွေးဦးထုပ်ဖြူဖြူမှာ ပန်းပွားအပြာလုံးလေး နှစ်လုံးကို[illegible]မ ခေါင်းလှုပ်လိုက်တိုင်း နွဲ့ယမ်းနေသည်။ ရှမ်း သို့မဟုတ် တရုတ်သွေး နှောပုံရသော အသားအရေ ရှိသော်လည်း နှာခေါင်းက မပြားပေ။ လှပသော နှုတ်ခမ်းအစုံနှင့် တောက်ပရွှန်းစိုသော မျက်ဝန်းတို့ဖြင့် သူမက ပြုံးလိုက်ပြီး…

"ကျွန်မ ဒီခြံထဲကပါပဲ၊ ဟိုးတောင်ကုန်းပေါ်က တိုက်ကလေးမှာ နေပါတယ်၊ ဦးသီဟရဲ့ ညီမဝမ်းကွဲပါ"

"ခော်…"

"နှင်းတောထဲမှာ လမ်းလျှောက်ရတာ၊ အပြေးကျင့်ရတာကို ကျွန်မ သိပ်နှစ်သက်ပါတယ်၊ အခု အပြန်လမ်းမှာ ကိုချမ်းမြေ့ ရပ်နေတာတွေ့ရလို့ ဒီဘက်တောင်ကုန်းပေါ် တက်ခဲ့တာ"

သူ ခေါင်းညိတ်ပြလိုက်သည်။ ပြုံးပြဖို့ပင် သတိမရ။ သူ့နှုတ်ကလည်း စကားလုံးတွေ ပါးလျားရှားပါးလွန်းစွာ သူ ဘာမှ ပြန်မပြောဖြစ်။ ပြန်ပြောစရာ စကားများ ပျောက်ဆုံးနေသလို သူ ငြိမ်သက်တွေဝေစွာပင် အမျိုးသမီးကို ကြည့်နေမိသည်။

"ကျွန်မနာမည် စောရှင်မွန်ပါ၊ ကိုချမ်းမြေ့ကို ပြောချင်စရာ ရှိနေတာ၊ တစ်ခါမှမလွတ်လပ်လို့"

"ဗျာ…"

"ကိုချမ်းမြေ့ကြည့်ရတာ ယောကျ်ားတစ်ယောက်နဲ့ မတူဘူး…"

"ဟာဗျာ"

သူမက အသံလေးထွက်အောင် ဟက်ခနဲ ရယ်လိုက်ပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မွန် ပြောချင်တာက ဒီက အစ်ကိုသီဟနဲ့ အဖွဲ့သားတွေလို အမြဲတက်ကြွပြီး မျှော်လင့်ချက်တွေပြည့်နေတဲ့ ယောကျ်ားမျိုး မဟုတ်ဘူးလို့"

"ခင်ဗျားနဲ့ ဘာဆိုင်လဲ"ဟု ပြန်ပြောပစ်လိုက်ချင်သော ယောကျ်ားမာနတို့ နိုးကြားပါသော်လည်း နေရာစိမ်း၊ မျက်နှာစိမ်းများ အလယ်မှာမို့ သူ ဘာမှပြန်မပြောဖြစ်လိုက်ပါ။ ချမ်းမြေ့ဆိုသည်ကလည်း ချမ်းမြေ့ငြိမ်းအေးစွာ သိမ်မွေ့ယဉ်ကျေးခြင်းများဖြင့် ဘဝတစ်လျှောက်လုံး ဖြတ်သန်းလာခဲ့သူလေ။

"ကိုချမ်းမြေ့မှာ အခက်အခဲတစ်ခုခု ရှိနေသလိုပဲ၊ ဒါမှမဟုတ်လည်း အခက်အခဲတစ်ခုခု ကြုံလာခဲ့ပြီး အဲဒီအခက်အခဲကို ရင်ဆိုင်ဖြေရှင်းဖို့ မကြိုးစားဘဲ လက်မြှောက်အရှုံးပေးတော့မယ်လို့ ဆုံးဖြတ်ထားသလိုပဲ"

"မစောရှင်မွန် စကားတွေက တွေ့ဆုံစ မိတ်ဆွေ တစ်ယောက်ကို မိတ်ဆက်နေသလို မဟုတ်ဘဲ လက္ခဏာဆရာ တစ်ယောက်က ဟောပြောနေသလိုမျိုးကြီးပါလား"

"ဟားဟား...ဟုတ်ပါရဲ့၊ ကိုချမ်းမြေ့ကိုကြည့်ပြီး ရှင်မွန် အကဲခတ်နေတာ ကြာပြီ၊ ခုမှ ပြောခွင့်ရလို့ပါ၊ ဆောရီးနော်"

"ရပါတယ် မစောရှင်မွန် ပြောတာတွေလည်း နီးစပ်ပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ ဆန္ဒတစ်ခုတည်းပဲရှိတယ်၊ အဲဒါကတော့ ကျွန်တော် ရန်ကုန်ကို အမြန်ဆုံး ပြန်ချင်တာပဲ"

"ရှင်မွန်လည်း အဲဒါကိုပဲ ပြောချင်လို့ ခုမှ နှစ်ယောက်ချင်း တွေ့ခွင့်ရလို့ ပြောတာ၊ ကိုချမ်းမြေ့ ရန်ကုန်ကို အမြန်ဆုံးပြန်ပါ"



"အမြန်ဆုံး ပြန်ချင်တာပေါ့ဗျာ၊ သူတို့မှ ကိစ္စမပြီးကြသေးဘဲ၊ သူတို့ မှာထားတယ်ဆိုတဲ့ ပစ္စည်းက မရောက်လာသေးဘူးတဲ့လေ၊ အဲဒါတွေ မစောရှင်မွန် မသိဘူးလား"

"အားလုံးသိလို့ လာပြောနေတာပေါ့၊ ကိုချမ်းမြေ့က တော်မလိုလိုနဲ့ အတော်လေး နားဝေးသေးတာပဲနော်၊ အစ်ကိုသီဟတို့အဖွဲ့ကို မစောင့်ဘဲ ဒီကနေ အမြန်ဆုံးထွက်သွားဖို့ ပြောတာပါ"

ချမ်းမြေ့ စောရှင်မွန်ကို နားလည်ချင်သလို အသေအချာ စိုက်ကြည့်နေမိသည်။

"ရှင်မွန် ဒီလို သတိပေးတာ ဘယ်သူမှ မသိပါစေနဲ့နော်၊ ရှင်မွန် သွားမယ်"

"နေဦးဗျ"

စောရှင်မွန် ပြန်လှည့်လိုက်ချိန်မှာ...

"ကျွန်တော်က ကားအငှားလိုက်လာတာလေ၊ ကားကြီး ထားခဲ့ပြီး ပြန်သွားရမှာလား၊ ဒါမှမဟုတ် ကားမောင်းပြေးရမှာလား၊ ဒီကားက ကျွန်တော့်ကားမှ မဟုတ်တာ၊ ပိုင်ရှင်ရှိတယ်၊ ကျွန်တော်က နေ့စားနဲ့ အငှားလိုက်လာတာပါ၊ ပြီးတော့ စရံငွေ နည်းနည်းပဲ ရသေးတယ်၊ ကျွန်တော် ရသင့်တဲ့ငွေလည်း လိုချင်တယ်"

"ကိုချမ်းမြေ့ဆိုတဲ့လူဟာ ညှိနှိုင်းဖို့လည်းမလွယ်၊ သတိပေးလို့လည်း မရတဲ့သူပါလား၊ ကဲ...ကျွန်မသွားမယ်"

"ဒီမှာ...ဒီမှာ...မစောရှင်မွန်"

"နောင်ကို 'မ'ထည့်မခေါ်ပါနဲ့၊ ကျွန်မတို့နာမည်ရှေ့က

www.burmeseclassic.com

www.burmeseclassic.com



'မ'ထည့်ခေါ်စရာမလိုဘူး၊ စောရှင်မွန်ဆိုရင်ရပြီ၊ ရှင်မွန်လို့ခေါ်လည်း ဖြစ်တယ်"

"အရေးထဲဗျာ၊ နာမည်ကိစ္စ ထားလိုက်ပါဦး၊ ခင်ဗျား ဆိုလိုတာက ဦးသီဟတို့က ဒုစရိုက်သမားတွေလား"

"အဲဒါ ကျွန်မအစ်ကိုလေ၊ သူပိုင်တဲ့ ဝင်းထဲမှာ ကျွန်မနေရတာ၊ ရှင်မွန် ဒီထက်ပိုပြီး သစ္စာမဲ့လို့ မဖြစ်တော့ဘူး၊ အစ်ကိုသီဟက လူဆိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင် အမြန်ဆုံး ဒီကနေ ပြန်ပါ၊ ဟော...ဟိုမှာ ရောက်လာကြပြီ၊ ရှင်မွန့်ကို စကားထပ်ပြောဖို့ မကြိုးစားပါနဲ့"

သူမက တောင်ကုန်းထက်သို့ သွက်လက် ဖျတ်လတ်စွာ တက်ပြေး ပျောက်ကွယ်သွားချိန်မှာ လူနှစ်ယောက် သူ့ဆီ ဆင်းလာကြသည်။

"စောရှင်မွန် ဘာတွေပြောသွားလဲ"

"မင်းက ဆရာကြီးလုပ်ပြီး မေးမနေနဲ့၊ ဘော့စ်က ခေါ်ခိုင်းတဲ့အတိုင်း ခေါ်သွားလိုက်"

သူတို့ချင်း စောင်မာန်ကြပြီးချိန်မှာ တစ်ယောက်က...

"မင်းကို တို့ဘော့စ်က တွေ့ချင်လို့တဲ့၊ လာ ငါနဲ့လိုက်ခဲ့"

သူတို့နှစ်ယောက်နောက်က ချောက်ချားထိတ်လန့်စွာ လိုက်ခဲ့ရသည်။ ဦးသီဟဆိုသူက ရှင်မွန်နှင့် စောစောက အကြောင်းများ ပါရှိသည့် မေးခွန်းကို မေးမှာ သေချာသည်။ စောရှင်မွန်၏ စကားများကို သူ အမှန်အတိုင်းပြောလို့ဖြစ်ပါ့မလား။ မပြောဘဲ ထိန်ချန်ထားမိလျှင် အကျိုးဆက်က ဘယ်အထိ ဖြစ်လာနိုင်မလဲ။



"ထိုင်"

စားပွဲတစ်လုံး၏နောက်မှ ထိုင်နေသော ဦးသီဟက စားပွဲရှေ့မှ ကုလားထိုင်ကို ညွှန်ပြ၍ ထိုင်လိုက်ရသည်။ သူ့နောက်ကျောဘက်မှ အခန်းတံခါး ပိတ်သံ ကြားရ၏။ အခန်းထဲမှာ သူနှင့်ဦးသီဟ နှစ်ယောက်တည်း။

"ငါမေးတာကို အမှန်အတိုင်းဖြေစမ်း"

ရင့်သီးသော စကားနှင့် တင်းမာသော အကြည့်များ...။

"ငါတို့အဖွဲ့ထဲ ရောက်လာအောင် မင်းကို ဘယ်သူက ခိုင်းလိုက်တာလဲ"

"ဗျာ"

"အမှန်မပြောရင် မင်း ပြန်ဖို့ ခက်သွားလိမ့်မယ်နော်"

"ကျွန်တော့်ကို ဝပ်ရှော့ဆရာ ကိုသန်းထိုက်က လွှတ်လိုက်တာ၊ ကားအုံနာ(Owner)က တာမွေ ၁၆၅ လမ်းက ဦးဘဌေး"

"ငါ မယုံဘူး"

"ကျွန်တော် အမှန်အတိုင်းပြောတာပဲ"

"တို့အထဲကို ရောက်အောင် တစ်ယောက်ယောက်က လွှတ်လိုက်တာ သေချာတယ်၊ မင်းအမြင်ပဲ၊ တို့ ဘာပြစ်မှုမှ မကျူးလွန်ကြဘူး၊ မင်းဆရာ ဘယ်သူလဲ မှန်မှန်ပြောစမ်း"

"ကျွန်တော့်ဆရာတွေက ကျောင်းမှာပဲရှိတယ်"

"မင်း ငါ့ကို လာ'ရိ'မနေနဲ့၊ ငါသိတယ်၊ တို့ကို စုံစမ်းထောက်လှမ်းဖို့ မင်းကို တစ်စုံတစ်ယောက်၊ ဒါမှမဟုတ် အာဏာပိုင်အဖွဲ့အစည်း တစ်ခုခုက လွှတ်လိုက်တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တော့တာပဲ၊ မဟုတ်ရပါဘူးဗျာ"

"ဒီမှာ တို့ကိုအပ်ထားတဲ့ မှတ်ပုံတင်ထဲမှာက တယ်သားနားပါလား၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းယားမြိုင်လမ်းတဲ့၊ ဒါပေမယ့် မင်းကို ခေါ်လာရတာက တာမွေမှ ကျူးကျော်ရပ်ကွက်က ဆိုပါလား၊ မင်းရဲ့ ပါစင်နယ်လတီ(Personality)က သိပ်သားနားနေတယ်၊ ကြည့်လည်းလုပ်ပါဦးကွာ"

ချမ်းမြေ့ အရာခပ်သိမ်းကို ရိပ်စား နားလည်လိုက်ပါပြီ။ သူတို့သည် ဒုစရိုက်မှု တစ်ခုခုကို ကျူးလွန်ခဲ့သူ၊ ဒါမှမဟုတ် ကျူးလွန်ရန် ကြံစည်နေကြသူများ ဖြစ်လိမ့်မည်။ သူတို့အထဲသို့ လူစိမ်းတစ်ယောက်ဝင်ရောက်နေသည်ကို အလိုလိုနေရင်း သံသယများဖြင့် ချောက်ချားနေကြခြင်း ဖြစ်ပါမည်။

"ဒါဆိုရင် ကျွန်တော် အမှန်အတိုင်းပဲ ပြောပါ့မယ်"

"အေး…ဟုတ်ပြီ၊ ပြော"

"ကျွန်တော် အင်းယားမြိုင်လမ်းမှာ နေခဲ့တာလည်း အမှန်ပဲ၊ အခု တာမွေ အိုးစု ဝပ်ရှော့ထဲက လိုက်လာခဲ့တာလည်း အမှန်ပါပဲ၊ ကျွန်တော် ဘာဖြစ်လို့ အဲဒီလိုနေရာ ပြောင်းခဲ့ရသလဲ ဆိုတာကို ဒီနှစ် ငါးရက် ရှစ်လနေ့ထုတ် ကြေးမုံ သတင်းစာမှာ ကျွန်တော့်ကြော်ငြာပါတယ်၊ ရှာကြည့်ရင် ရှင်းပါလိမ့်မယ်"

"ဘာကြော်ငြာလဲ"

"ကျွန်တော့်ကို အမွေပြတ်စွန့်လွှတ်တဲ့ ကြော်ငြာ"

"ဘာကြောင့် စွန့်လွှတ်တာလဲ"

"မိဘသဘောမတူနိုင်တဲ့ မိန်းမကို ယူလို့"



"အခု အဲဒီမိန်းမကရော…"

"ကျွန်တော်ပြောတဲ့ တာမွေ ကျူးကျော်ရပ်ကွက်ထဲမှာပဲ ရှိတယ်၊ ကိုယ်ဝန် ရှစ်လကျော်ပြီ၊ ကလေးမွေးဖို့ စရိတ်ရှာချင်လို့ ကျွန်တော် လိုက်လာခဲ့တာ"

"မင်း ဘွဲ့ရပြီးပြီလား"

"ရဖို့ နှစ်နှစ်လိုသေးတယ်"

"ဘာမေဂျာလဲ"

"အမ်(မ)စီဝမ်းက ဖိုင်နယ်ပတ်(တ်)ဝမ်း"

"ဟင်…"

ဦးသီဟ အံ့သြသွားသလို ယုံကြည်သွားပုံလည်းရသည်။

"မင်းပြောတဲ့ သတင်းစာကြော်ငြာက ရှစ်လပိုင်း ငါးရက်နေ့နော်"

"ဟုတ်ပါတယ်၊ မှတ်ပုံတင်ထဲက အဖအမည်နဲ့ လိပ်စာအတိုင်း ကြော်ငြာမှာ တွေ့နိုင်ပါတယ်"

"ကောင်းပြီ၊ မင်း သွားနိုင်ပြီ"

"ကျွန်တော် တစ်ခုမေးပါရစေ"

"ငါ ဖြေနိုင်မှဖြေမယ်"

"ကျွန်တော် ဘယ်တော့လောက် ပြန်ရမှာလဲ"

"ကျိုင်းတုံက ဧည့်သည် တစ်ယောက် ရောက်လာမယ်၊ သူလာမှ သူနဲ့ သူ့ပစ္စည်းတွေ တင်ပြီး ရန်ကုန်ဆင်းရမှာ၊ သူ ဘာလည်း လာဖို့ အဆင်သင့်ပဲ၊ လေယာဉ်က ဝိတ်တင်းလစ်စ် (Waiting List)"

www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်စောင့်ရတာ ကြာဦးမှာလား"

"တစ်ပတ်ကြာချင်လည်း ကြာမယ်၊ ဒီနေ့လိုက်ခွင့် ရချင်လည်း ရမယ်"

"ကျွန်တော် ပြန်နှင့်လို့ဖြစ်မလား"

"မင်းပြန်ချင်ရင် ငွေတစ်ပြားမှ ရမှာမဟုတ်ဘူး"

"မရချင်လည်း နေပါစေတော့၊ ကျွန်တော့်မိန်းမ မွေးခါနီးလို့ ပြန်ချင်လို့ပါ"

ဦးသီဟက သူ့ကို အကဲခတ်သလို ကြည့်လာသည်။ သူဘာကိုမှ လိုချင်စိတ်၊ သိချင်စိတ် မရှိရုံမက၊ ငွေမရချင်လည်း နေပါစေတော့၊ ပြန်ချင်ပြီဆိုသည့်အတွက် ပို၍ ယုံကြည်လက်ခံသွားပုံရသည်။

"သုံးရက်တော့ ထပ်စောင့်ကွာ၊ နက်ဖြန် ဖုံးအဆက်အသွယ်ရရင် ကားနဲ့ပဲ ဆင်းခဲ့တော့လို့ ငါ ပြောလိုက်တော့မယ်၊ ဒီလိုဆောင်းရာသီဆိုရင် လမ်းသာပါတယ်၊ နှစ်ညအိပ်လောက်နဲ့ တို့ရဲ့ဆိဆိုင်မြို့လေးကို ရောက်လာမှာပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ဒီအထိရောက်လာမှတော့ ငွေပိုက်ပြီး ပြန်သွားဖို့သာ စဉ်းစားပါ မောင်ချမ်းမြေ့၊ ငါ ပိုက်ဆံလည်း ပိုပေးမှာပါ"

"ကောင်းပါပြီ"

"ဒါပဲ၊ သွားနိုင်ပြီ"

ဦးသီဟအခန်းမှ ထွက်လာချိန်မှာ အခက်အခဲကြီး တစ်ခုကို ကျော်ဖြတ်ခွင့်ရလိုက်သလို ခံစားရသည်။



စောရှင်မွန်နှင့်ကိစ္စကို ဘာတစ်ခွန်းမှ မမေးသည့်အတွက်လည်း ပို၍ စိတ်ထဲ ရှင်းသန့်သွားရပါ၏။

သူနှင့်အတူ ပြန်ရမည်ဆိုသော ကျိုင်းတုံမြို့မှ ရောက်လာမည့် ဧည့်သည်သည် လေယာဉ်မရလျှင် တောင်ပေါ်ကားလမ်းမှ ရောက်ရှိလာတော့မည်ဆို၍ သူ့အတွက် ပန်းတိုင်သည် လက်တစ်ကမ်းစာ အကွာမှာ ရှိနေပါပြီ။

မိစမ်းကို လွမ်းဆွတ် တသစိတ် လုံးဝ မရှိမိသော်လည်း မိစမ်း၏ ဝမ်းကြာတိုက်ထဲမှ သူ့ရင်သွေးလေးအတွက် ကြိမ်ဖန်များစွာ တမ်းတ သတိရနေမိသည့်အတွက်...

"မိစမ်း ကျန်းမာပါစေ၊ ငါ့ရဲ့ရင်သွေး၊ ငါ့သမီးလေးလည်း၊ အေးလေ...သားလေး ဖြစ်ချင်လည်း ဖြစ်နေမှာပါ၊ ဘာပဲဖြစ်ဖြစ် ကျန်းမာကြပါစေ"

ဦးသီဟဆိုတဲ့ လူကလည်း မဆိုးပါဘူး။ အမှန်တရားကို လက်ခံတတ်တဲ့သူပါပဲ။ ငါ့အဖြစ်ကိုလည်း သူ ယုံကြည်သွားပုံရပါတယ်။ ဒါပေမယ့်...

"စောရှင်မွန်"

"စောရှင်မွန်က ငါ့ကို ဘာလို့များ လာတားဆီးရတာလဲ၊ ဦးသီဟနဲ့ စောရှင်မွန်တို့ကြားမှာ တစ်ခုခုတော့ မှားယွင်းနေတာရှိလိမ့်မယ်"

"ဒါက သူတို့ချင်း ကိစ္စပဲလေ၊ ငါက အငှားကားလိုက်လာတာပဲ၊ သူတို့လိုရာ ပို့ပေးပြီး ငါပိုက်ဆံရရင် ကိစ္စပြီးပြီပဲ"

စိတ်ထဲမှ ဆက်ထုံးတစ်ခု ပြေသွားပြီဖြစ်၍ ခိုက်ခိုက်တုန်

www.burmeseclassic.com

www.burmeseclassic.com



အောင် ချမ်းအေးလှသော မောရှမ်းမြေ၏ ဆောင်းတစ်ညကို နှစ်ခြိုက်စွာအိပ်ပျော်ခြင်းဖြင့် သူ ကျော်ဖြတ်နိုင်ခဲ့ပါပြီ။

✿ ✿ ✿

**အခန်းနှစ်**

"ကားကို ကျိုင်းတုံက ညွှံသည်က သူ့ကိစ္စနဲ့သူ ငှား တာနော်၊ တို့နဲ့မဆိုင်ဘူး၊ ရန်ကုန်ရောက်ရင်လည်း သူလိုရာ ပို့ ပေးလိုက်ပါ၊ ကိုအိုက်မောင်း ကားပေါ်က ဆင်းပြီးရင် ငွေရှင်းပေး လိုက်နော်"

"အေး..."

"ရော့...ချမ်းမြေ့၊ ဒါက မင်းအတွက် ငါသပ်သပ်ပေးတာ"

ချမ်းမြေ့ လက်ခံရရှိလိုက်သည့် ငွေက ငါးထောင်...။

ထိုအချိန်က ငွေငါးထောင်သည် ဓနိးသည်အတွက် မီးဖွား စရိတ် လုံလောက်ရုံမက ပိုလျှံသည့်ငွေကြေးမို့ ချမ်းမြေ့ ဦးသီဟကို ကျေးဇူးတင်လျက်ရှိပါ၏။

"ဒီပစ္စည်းတွေ ဒီကားနဲ့ တင်ပေးလိုက်မလို့လား"

"ဒါ အိုက်မောင်း ပစ္စည်းတွေပဲ၊ နင် ဘာလာပြောနေတာ လဲ..."



ဦးသီဟက ဒေါသနှင့်စောရှင်မွှန်ကိုကြည့်သည်။ စောရှင်မွှန် ၏ မျက်နှာမှာ လွန်ခဲ့သည့်နှစ်ရက်က တွေ့ရသလို လန်းဆန်း တက်ကြွခြင်းကင်းစွာ စိုးရိမ်ထိတ်လန့်နေပုံရသည်။

ခပ်ရိုးရိုး ခပ်ထုံထုံ ဖြစ်ပုံရသော ဦးအိုက်မောင်းသည် ကား ထွက်ခါနီးမှ အိမ်သာသို့ပြေးသွား၏။

ဦးသီဟ မျက်လုံးဖြင့် လှမ်းကြည့်ရုံဖြင့် သူ့တပည့်များ ကားနားမှ ခွာသွားကြသည်။ စောရှင်မွှန်က ဦးသီဟဘေး၌ ပေ၍ ရပ်နေသည်။ မသိဟန်ဆောင်ပြီး [illegible]နောက်ခန်းမှ ပစ္စည်းများ ကို ကြည့်နေသည်။

ဒရိုင်ဘာဖြစ်နေသော ချမ်းမြေ့မှာ ဘာပစ္စည်းတွေလဲဟု မေးခွင့်မရှိ။ ခရီးသည်တင်ဆောင်သမျှ လက်ခံရမည်လေ။ ထို အချိန်က မှောင်ခိုတင်သွင်းမှုများ ခေတ်စားချိန်မို့ စိတ်ကတော့ ထင့်သား...။

"ကိုချမ်းမြေ့"

စောရှင်မွှန်က ရုတ် ရှေ့တိုးလာပြီး...

"တစ်ခုခုဖြစ်ရင် ကားရော ပစ္စည်းရော ထားပြီး ထွက်သာ ပြေးနော်၊ သိလား"

အတိုးတိတ်ဆုံးလေသံနှင့် ပြောပြီးနောက် ပြန်ဆုတ်နေချိန် မှာပင်...

"ရှင်မွှန်...ဝင်စမ်း အထဲကို"

ဦးသီဟ အသံက ဒေါသဖြင့် ဖွဲ့စည်းထား၍ [illegible]ကျော ခက်ထန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောရှင်မွန်က ချမ်းမြေ့အတွက် စိုးရိမ်သော အကြည့်များဖြင့် တစ်ချက်ကြည့်လိုက်ပြီးမှ တိုက်တွင်းသို့ ပြေးဝင်သွားတော့သည်။

"ဦးသီဟ အဲဒါ ဘာပစ္စည်းတွေလဲဟင်၊ ဥပဒေနဲ့ လွတ်ရဲ့လား"

"ဟိုကောင်မ ငါ့ကို ချောက်တွန်းချင်တာနဲ့ ချမ်းမြေ့ကို မဟုတ်တာတွေ ပြောသွားပြီ ထင်တယ်၊ မိန်းမများ သူတို့လိုရာမရရင် ကိုယ့်ယောက်ျားကိုတောင် ဒုက္ခရောက်စေချင်ပါလား"

"စောရှင်မွန်က မောင်နှမဆိုပေမယ့် ဦးသီဟရဲ့ တိတ်တခိုးဇနီးများလား"

ပြန်လည်း ပြန်ရတော့မည်မို့ မထူးတော့ဘူးဆိုပြီး ချမ်းမြေ့ ဦးသီဟနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဥပဒေနဲ့မလွတ်တာတွေ ပါရင် ကျွန်တော် ယူမသွားပါရစေနဲ့ ဦးသီဟ"

"ချမ်းမြေ့၊ မင်းက ငါ့ကို ဘာကောင် ထင်လို့လဲ၊ အိုက်မောင်း နောက်တံခါးဖွင့်၊ ပစ္စည်းတွေ အားလုံးချလိုက်စမ်း"

"မယ်လမင်းပန်းကန်သေတ္တာနှစ်လုံးနဲ့ ငါ့အဝတ်အစားအိတ်လေ၊ အကုန်ဖွင့်ပြရမှာလား"

"ချမ်းမြေ့...သွားကြည့်ချည်"

"ဘာမှမပါရင်လည်း ပြီးတာပါပဲ၊ ကျွန်တော် ပြောတာမှားရင်လည်း ခွင့်လွှတ်ပါ ဦးသီဟ"

"မင်း မမှားပါဘူး၊ စောရှင်မွန် ဝင်ဒုက္ခပေးသွားတာ"



"ဘာမှ မပါဘူး ဆိုရင်လည်း ပြီးတာပါပဲ၊ ကျွန်တော် သွားတော့မယ်၊ ဘာမှာဦးမလဲ ဦးသီဟ"

"အိုက်မောင်းက အူတယ်၊ လမ်းမှာ သူ့ကို သည်းခံသွားပါ၊ ရန်ကုန်ရောက်ရင်လည်း သူ့မှာပါတဲ့လိပ်စာအတိုင်း လိုရာပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ စိတ်ချပါ၊ ဒါဖြင့် ကျွန်တော် သွားတော့မယ်နော်"

"ကောင်းပြီ၊ ဂွဒ်လပ်ကီ(Good Luck)"

ဘာပဲဖြစ်ဖြစ် ရန်ကုန်ပြန်ခွင့်ရပြီဖြစ်သည့်အတွက် ချမ်းမြေ့ စိတ်သက်သာခွင့်ရခဲ့ပါပြီ။

မောမြေမြင့်၏ တောင်ပေါ်လမ်းများဆီမှ ဝေ့ဝိုက် ပတ်ကွေ့ ဆင်းသက်ကာ၊ မြေပြန့်မြို့ရှိရာ သာစည်မြို့ဆီသို့ ဦးတည်လျက်...။

✿ ✿ ✿

"ဟိတ်...ဟိတ်...ရပ်...ရပ်...ခဏရပ်"

"ဟာ...ဘာလဲဗျ"

ဦးအိုက်မောင်း၏ အလန့်တကြား အော်သံကြောင့် ချမ်းမြေ့ အရိုက်နင်းပြီး ကားကိုအရှိန်လျှော့နေဆဲမှာ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒီလူကြီး"

ဦးအိုက်မောင်းက ကားတံခါးဖွင့်ပြီး ကားပေါ်က ခုန်ချလိုက်၍ တောင်စောင်းမှ နှစ်ပတ်လောက် လိမ့်သွားပြီးမှ သူကျုံးထကာ၊ မတ်တတ်ရပ်၍ မပြေးဘဲ ခါးကြီးကုန်း၍ပြေးကာ တောတန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားချိန်မှာပင်…

ချမ်းမြေ့သည် တောင်ဆင်းလမ်း 'ဂငယ်'ကွေ့ ကွေ့ချိန်မို့ ပွင့်နေသော တံခါးက တစ်ဖက်သို့ စောင်းလိုက်သဖြင့် သူ့အလိုလို ပြန်ပိတ်သွားတော့သည်။

'ဂငယ်'ကွေ့ ကုန်းလျှောအဆုံး မျက်ကွယ်နေရာမှာ ဘွားခနဲ တွေ့လိုက်ရသည်က…

"ရှာဖွေရေးအဖွဲ့"

လျှင်လိုက်သည့် ဦးအိုက်မောင်း။ ကွေ့မရောက်ခင် တောင်ထိပ်မှ သူ လှမ်း၍ ရှာဖွေရေးအဖွဲ့ကို မြင်လိုက်ပုံရသည်။

ဦးအိုက်မောင်းက ဘယ်မှာ အူလို့လဲ။ တကယ် ထူသူက သူ၊ ချမ်းမြေ့…။

တောင်ဆင်းလမ်းမို့ ကားကိုပြန်လှည့်ကွေ့၍လည်း မလွယ်ပြီ။ အလိုလို အရှိန်ဖြင့် ရှာဖွေရေးအဖွဲ့ရှေ့နားသို့ အရောက်မှာ အားလုံးက လက်လှမ်း၍တားနေပြီ။

ရှေ့က လော်လီကားကြီးတစ်စီးကို စစ်ဆေးပြီး၍ ထွက်ခွာခွင့်ပြုလိုက်ပြီမို့…

"ငါ့ကိုစစ်လို့ မဟုတ်တာတွေ့လည်း ငါ့ပစ္စည်းမှ မဟုတ်တာ၊ ငါက အငှားကားလိုက်လာတဲ့ ဒရိုင်ဘာပဲ၊ အဖြစ်မှန် ပြော



လိုက်ရုံပေါ့"

ဆိုပြီး စိတ်ကိုတင်း၍ ကားက သူတို့အဖွဲ့နားရောက်သည်နှင့် တစ်ယောက်က ကားနံပါတ်ကိုကြည့်ကာ…

"ဆရာရေ…ဟုတ်ပြီ၊ သတင်းပေးထားတဲ့ကားပဲ"

ရဲ၊ ယာဉ်ထိန်း၊ စစ်တပ်၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး ဝတ်စုံများနှင့် တာဝန်ရှိသူတို့က ကားကိုဝိုင်းလိုက်ကြသည်။

"မင်း အောက်ဆင်း"

ကားပေါ်မှ ဆင်းလိုက်သည်နှင့်…

"သူ့ကိုယ်ကို အရင်ရှာ၊ လက်မြှောက်ထားစမ်း"

ချမ်းမြေ့ ကားပေါ်မှဆင်းပြီး လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ထားလိုက်သည်။

သူတို့ ရှာဖွေကြသော်လည်း…

"ဆရာ ကားထဲမှာတော့ ဘာမှမတွေ့ဘူး"

သူ မရှင်းရခင်ပင် ရှင်းနေပြီမို့ သက်မတစ်လုံး ချရုံဖြင့် ရှင်ပေါ့သွားခဲ့ပါပြီ။

"အသေအချာ သတင်းပေးထားတာက ဒီကားပဲ၊ ကားကိုနှင့်ရှာမှဖြစ်မယ်၊ ရဲစခန်းကို မောင်းခိုင်းကွာ"

"ကျွန်တော် တစ်ခု အစီရင်ခံပါရစေခင်ဗျာ"

အရာရှိဖြစ်သူက ချောမွေ့နူညက် ယဉ်ကျေးသော ချမ်းမြေ့ကို ကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ဒီကားက ကျွန်တော့်ကား မဟုတ်ပါဘူး၊ ကားထဲမှာ [illegible]လိုင်စင် ပါ,ပါတယ်၊ ကျွန်တော် ငှားမောင်းလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပရိုက်ဗိတ်တက္ကစီပါ”

အရာရှိက ခေါင်းညိတ်ပြ၏။

“ကျွန်တော့်ကား ငှားလာတဲ့ ဦးအိုက်မောင်းက ဆရာတို့အဖွဲ့ကို တောင်ပေါ်က ဆီးမြင်လိုက်တာနဲ့ ကားပေါ်ကလိမ့်ချပြီး ထွက်ပြေးသွားပါတယ်”

ချမ်းမြေ့၏ အဖြေက လိုအပ်သည်ထက် စောလွန်းနေသဖြင့် ပိုမို၍ သံသယဖြစ်ပွားစရာ ဖြစ်လာခဲ့ပြီ။

“ဒါဆိုလည်း စခန်းရောက်မှ ဆက်ရှင်း၊ ရှာစရာ ရှိတာလည်း ဆက်ရှာကြ၊ ကားကို သူမမောင်းစေနဲ့၊ မင်းမောင်းခဲ့”

ရဲအရာရှိက စီစဉ်၏။

ရုတ်ချည်းပင် သူ တရားခံတစ်ယောက် ဖြစ်သွားသလို နောက်ခန်းမှာ ဝင်ထိုင်ရသည်။ သူ့ဘေးနှစ်ဖက်မှာ ရဲသား နှစ်ယောက် ပူးကပ်ဝင်ထိုင်၏။

အမှန်တရားကို သူရှင်းပြလျှင် ဥပဒေဘက်တော်သားများက လက်ခံကြလိမ့်မည်ဟု ချမ်းမြေ့ ယုံကြည်နေဆဲရှိသည်။

ရဲနှစ်ယောက် ခြံရံပြီး သူသွားနေရသည့်လမ်း၏ ရှေ့မှာ အမှောင်ပိတ်ဆီးနေသော ချောက်နက်နက်ကြီး တစ်ခုအတွင်းသို့ သူ့ဘဝ လိမ့်ဆင်းထိုးကျ နစ်မြုပ်သွားရလိမ့်မည်ဟု သူ လုံးဝ မမျှော်လင့်ခဲ့သေးပါ။

✿ ✿ ✿

“တော်တော်ဉာဏ်ကြီးတဲ့လူက သေသေချာချာ အကွက်ချပြီး စီစဉ်လိုက်တာပဲ၊ သတင်းသာမရရင် လွတ်သွားနိုင်တယ်”

“ဟုတ်ပါရဲ့ ဆရာရယ်၊ စပယ်ယာဘီးထဲက ကျွတ်ထဲမှာ အသေအချာထည့်၊ ကျွတ်ကိုပြန်ဖာ၊ ဗန်ကားဆိုတော့ စပယ်ယာဘီးက ကားအောက်ဘက်မှာ ကပ်ကွယ်ထားရတာလေ”

“စပယ်ယာဘီး တွေ့လို့တောင် မရသေးဘူး၊ ဘီးထဲက ကျွတ်ကို ထုတ်ပြီး အသေချာကို ထည့်ထားတာ”

“တိုင်တဲ့လူက ဒီကားနဲ့ ဆင်းလာလိမ့်မယ် ဆိုတာသာ တိုင်တာ၊ သူတောင် ဘယ်လိုနေရာမှာ ထည့်လာမယ်ဆိုတာ သိပုံမရဘူး”

“တယ်လီဖုန်းနဲ့တိုင်တာ မိန်းမနော်”

“ဟုတ်ပါတယ်ဆရာ”

“ကာလတန်ဖိုး သိန်းနှစ်ဆယ်ကျော်လောက်တော့ ရှိမယ်နော်”

“ပိုချင်တောင် ပိုနိုင်တယ်၊ ဘိန်းဖြူချည်း ၁၀ ထုပ်တောင် တွေ့တာလေကွာ”

“ဘိန်းဖြူ…”

ချမ်းမြေ့တစ်ကိုယ်လုံးသို့ လျှပ်စစ်ဓာတ် ဖြတ်စီးသွားသလို ထုံကျဉ် လှုပ်ခါသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ မဆိုင်ဘူး...ကျွန်တော်နဲ့ မဆိုင်ပါဘူးဗျာ"

ချမ်းမြေ့က တုန်လှုပ်လွန်းစွာ အော်ပြောရင်း ဦးသိဟတို့အဖွဲ့ ရန်ကုန်မှ သူ့ကား ငှားသည်မှအစ သူ နေထိုင်ခဲ့ရသော ဆီဆိုင်မြို့ တောင်ကုန်းပေါ်မှ တိုက်ကလေးအကြောင်း၊ စောင့်ရသော ရက်များ၊ ဦးသိဟ၏ စကားများ၊ နောက်ဆုံး ဦးအိုက်မောင်းနှင့် အတူလာကြရင်း ကားပေါ်မှ ခုန်ဆင်းပြေးသွားသည်အထိ သူ အသေးစိတ် ပြောပြသည်။ စာနာတတ်ပုံရသော ရဲအရာရှိက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး...

"မင်းပြောတဲ့ ဆီဆိုင်မြို့က လူတွေကိုလည်း ဖမ်းခိုင်းပါမယ်၊ ဒါပေမယ့် စိတ်မကောင်းပါဘူးကွာ"

"ခင်ဗျာ..."

"တကယ် လက်ပူးလက်ကြပ် ဘိန်းဖြူတွေ ပါလာတာက မင်းနဲ့အတူလေ"

"ကျွန်တော်က ဒရိုင်ဘာလေ၊ ကားငှားမောင်းတာပါ၊ ကားအံ့နှာ လိပ်စာလည်း ပေးပြီးပြီပဲဗျာ"

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် နံပါတ်အနက်နဲ့ကားဆိုတာ တက္ကစီမဟုတ်ဘူးလေ၊ လုပ်ငန်းလိုင်စင်လည်းမရှိတဲ့အတွက် အငှားကားလို့ သတ်မှတ်လို့မရဘူး၊ နံပါတ်အနီဆိုရင်တော့ တက္ကစီမို့ ခရီးသည် ဘာပဲတင်တင် တင်ခွင့်ရှိတယ်၊ အခုဟာက ကိုယ်ပိုင်ကားနံပါတ်အနက်ဆိုတော့ မင်းကိစ္စက ရှင်းလို့မရနိုင်ဘူး"

ချမ်းမြေ့ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့တက်လာသည်။



ကားလိုင်စင်စာအုပ်မှာပါတဲ့ ဦးဘဌေးလိပ်စာနဲ့ ရန်ကုန်ကိုလည်း အကြောင်းကြားလိုက်ပါပြီ၊ ဦးဘဌေးကိုတော့ စခန်းမှာ တစ်နေ့ ခေါ်မေးရုံပါပဲ၊ ကားကိုတော့ သိမ်းလိုက်ပြီ"

"ဗျာ..."

ကိုသိန်းထိုက် မျက်နှာကို ဖျတ်ခနဲမြင်လိုက်သည်။ ဘယ်လောက်များ အရှင်းရခက်ရှာမလဲ။ တကယ်တော့ ချမ်းမြေ့ကို စေတနာနှင့် သက်သက်ကူညီရှာသူပါ။

"သွားပြီ"

"ပြီးပြီ"

"အားလုံးဆုံးရှုံးပြီ"

ဆိုသော အသိက သူ့နှလုံးအိမ်ကို အင်အားအပြည့်ဖြင့် ဆုပ်ကိုင်ညှစ်ချေလိုက်သလို ရင်နှင့်တနင့် ခံစားလိုက်ရသည်။

ချမ်းမြေ့သည်...

မိဘက စွန့်ပစ်ထားသောသူ...။

သူငယ်ချင်းအပေါင်းအသင်းများနှင့်လည်း အဆက်အသွယ်ပြတ်ခဲ့တာ ကြာပြီ။

သူ့တွင် အသိဉာဏ်မဲ့သော ဇနီးသည်တစ်ဦးနှင့် ရက်စက်ယုတ်မာပြီး စရိုက်ကြမ်း၍ ငွေမက်သော ယောက္ခမတစ်ယောက်သာ သူ့ဘဝတွင်ရှိသည်။ သူတို့သားအမိကို အကြောင်းကြားလို့လည်း ဘာတစ်ခုမှ စွမ်းဆောင်ပေးနိုင်စွမ်း မရှိသည့်အပြင် သူ့ကို မလိုမုန်းထားသည့် စကားများသာ ကြားရဖွယ်ရှိသည်။ ဒီအခြေထိအောင်လည်း သူတို့ လိုက်လာနိုင်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းလှစွာသော တွင်းနက်ကြီးတစ်ခုထဲသို့ ပစ်ချခြင်းခံလိုက်ရသလို သူ့ဘဝသည် မည်းမှောင် ပိတ်ဆို့ခြင်းများဖြင့် စုန်းစုန်းမြှုပ်ခဲ့ရလေပြီတည်း။

✿ ✿ ✿

## အပိုင်း ၃

### မိစ္ဆ်း၏ နိဗ္ဗုံးဇေ

www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခပါပဲ အမေရယ်၊ ဘယ်လိုလုပ်ကြမလဲ"

"အဲဒါ ငါကမေးရမယ့် စကားပါ မိစမ်းရဲ့"

မိစမ်းက သူ့ဗိုက် သူမနိုင်တော့သလို ထရံကိုကျောမှီ၍ ခြေဆင်းပြီး ကော့လန်ကြီးဖြင့် မသက်မသာထိုင်၍ငိုနေပါ၏။

"ပထမတော့ ဒီကောင် လစ်ပြီထင်တာ၊ ရွှေတောင်ကုန်း အိမ်ရှေ့တောင် သွားချောင်းသေးတာ၊ နောက်မှ ဝပ်ရှော့ဆရာက ပြောလို့ ညည်းယောကျ်ား အဖမ်းခံရပြီဆိုတာ သိတာ"

"အစ်ကို သနားပါတယ်၊ ရှမ်းပြည်နယ်ကို အစ်မသန်း ယောကျ်ားဖြစ်ဖြစ် လိုက်ခိုင်းရင် ကောင်းမလားဟင် အမေ"

"ဘာကိစ္စလဲ"

"ဩော်...အစ်ကို လိုတာရှိရင် ကူညီရအောင်လို့ပါ"

ဒေါ်စိုးသိန်းက မျက်စောင်း ခပ်တင်းတင်း ထိုးလိုက်ပြီး...

"ဒါမျိုးဆိုတာ ဒါပါမှဟဲ့"

ဒေါ်စိုးသိန်းက လက်ညှိုးနှင့်လက်မ ဝိုင်းပြပြီး...

"ဘယ်မလဲ ပိုက်ဆံ၊ ညည်းဗိုက်တောင် ဘယ်လိုလုပ် မွေးရမလဲဆိုတာ စဉ်းစားလို့မရဘူး၊ အနီးတစ်လက်ဝါး ဝယ်နိုင်ဖို့ သေးလို့၊ နန္ဒင်းမှုန့်တောင် မရှိသေးဘူး"

မိစမ်းက ငိုချင်းချလေ ဒေါ်စိုးသိန်းက ဒေါသတွေဟာအား ထွက်ပြီး ကျိန်ဆဲနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"**ဒီတောင့်** စောင့်နေတာ ဗိုက်တောင် ဘယ်သူ့မှမအပ် **ရသေးဘူး**၊ သားဖွားခန်းများ မမှန်းနိုင်ပါဘူး၊ အရပ်လက်သည် ခေါ်အိုကြီးနဲ့ပဲ အပ်ရမှာပဲ"

မိစမ်းက သူ့အမေ ဘာတွေပြောနေမှန်းတောင် မသိပါ။ သူချစ်မြတ်နိုးနေမိသော သူ့ခင်ပွန်း ကိုချမ်းမြေ့ကိုသာ တမ်းတ ရင်းသာ သည်းကြီးမဲကြီး ငိုနေလေတော့သည်။

မကြာပါ။

ချမ်းမြေ့၏သတင်းဆိုးကြီးကြားပြီး ရက်ပိုင်းအတွင်းမှာပင် မိစမ်း ဗိုက်စနာလာတော့သည်။

တစ်ဦးတည်းသော သူဌေးသား ဆရာဝန်လောင်း ချမ်းမြေ့ အရက်မူးလာသော ဆောင်းတစ်ညမှာ သမီးနှင့်လွှတ်ပေးခဲ့သဖြင့် ခေါ်စိုးသိန်းတူးသော ရမ္မက်တွင်းသို့ သက်ဆင်းခဲ့ရသည်။ သူ့သမီး ကိုလည်း တရားဝင် လက်မှတ်ထိုး၍ လက်ထပ် ယူခဲ့ပါလျက် 'အမွေပြတ်'ဆိုသော စွန့်လွှတ်ခြင်းကြောင့် ခေါ်စိုးသိန်း မကျေနပ် နိုင်ဆုံး ဖြစ်ခဲ့သည်။

သမက်ကို စောင်းမြောင်းရင်း သမီးကို ပက်ပက်စက်စက် ဆူခဲ့ ဆဲခဲ့သည်။ သို့သော်လည်း ယခုလို...

"အမေရေ...သေရပါတော့မယ်၊ ကယ်ပါဦး အမေရဲ့"

ဟူ၍ မိန်းမတို့၏ အနာကျင်ရဆုံးသောဝေဒနာကို ခံစား ရင်း ချွေးတွေနစ်ရွဲကာ လူးလိမ့်အော်ဟစ်နေပြန်တော့လည်း...

"သမီးရယ်...မိန်းမဆိုတာ ဒီလိုပါပဲ၊ သမီးကို အမေ မွေး တုန်းကလည်း ဒီလိုပဲခံခဲ့ရတာပဲ၊ ခဏလေး သမီး၊ ကြီးဒေါ်အို ဘယ်လိုလဲ၊ ရေမြွှာစမ်းလို့ရပြီလား"

www.burmeseclassic.com



မျက်စိမှုန်မှုန်၊ တုန်တုန်ချိချိနှင့် လက်သည်းကရှည်၊ လက် ကို မဆေးဘဲ သားအိမ်ကို စမ်းနေသည့် အရပ်လက်သည်၏ မသိနားမလည်မှုကိုလည်း အရေးထားရကောင်းမှန်း မသိခဲ့။

အာကြမ်းလွန်းသော ခေါ်စိုးသိန်းကြောင့် အိမ်နီးနားချင်း များကလည်း မကူညီရဲကြ။

သည်လိုနှင့် ကိုးပေါင်နီးပါးမျှရှိမည့် ဖြူဖြူဖွေးဖွေး သမီး ချောလေးကို မိစမ်း အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သော်လည်း...

"အချင်းက ကျမလာ"

ကလေး ချက်ကြိုးဖြတ်သည်အထိ အချင်းအစား သွေးများ ချည်းသာ ဆင်းလာသည်။ လက်သည်ဒေါ်အို၏ လက်ချက်က လည်း မီးနေသည်ကို ဒုက္ခလှလှကြီး ပေးလေပြီ။

"မိစမ်း...မိစမ်း...သမီး...သမီးလေး"

"အမယ်လေးတော်...လုပ်ကြပါဦး"

ကိုယ့်လက်လောင်မှ ပူမှန်းသိ ဆိုသော မြန်မာ ရှေးရိုး စကားပုံ အတိုင်း ခေါ်စိုးသိန်းမှာ မိစမ်းအတွက် ရင်ကွဲမတတ် ပူပန်သောကရောက်စွာဖြင့်...

"အစ်မစောရယ်...လာကြည့်ပါဦး"

"ညီမလေးမြင့်ရေ...ကယ်ပါဦး"

"ကယ်ကြပါဦးရှင်"

ဟူ၍ အရပ်ကို တိုင်တည်တော့လည်း ဆင်းရဲသားရပ်ကွက် ထုံးစံအတိုင်း တစ်ဦးကိုတစ်ဦး ကြည့်မနေရက်စွာဖြင့် ဝိုင်းကြ

www.burmeseclassic.com

ဝန်းကြပါ၏။

"မဖြစ်ဘူး၊ ဆေးရုံတင်မှပဲ"

"ကားခေါ်ကြပါ"

"မောင်ထွန်း၊ မင်းနဲ့မကို ကားပေါ်ပွေ့တင်ပေးပါကွယ်"

တစ်ယောက်တစ်ပေါက်နှင့် ပြေးကြလွှားကြ၊ လမ်းထိပ်မှ လေးဘီးအငှားကားပေါ်အထိ ပွေ့တင်ခဲ့ကြပြီး...

"မစိုးသိန်း...လာလေ"

"ဒီမှာက- ကလေးတန်းလန်းနဲ့"

"မိသန်းနဲ့ ထားခဲ့လေ"

"ဟဲ့...ဘယ်ဖြစ်မှာလဲ၊ ကလေး၀ါ ခေါ်ခဲ့လေ၊ ဆေးရုံမှာ ကလေးနဲ့အမေနဲ့ အတူထားမှ ဖြစ်မှာပေါ့"

"အေးလေ...ဟုတ်သားပဲ"

သည်သို့ဖြင့် လေးဘီးကားနှင့် တစ်လုံးစာအပြည့် လူများကို သယ်ဆောင်ပြီး တာမွေနှင့် ဝေးလံလှသော ဒပ်ဖရင် ခေါ် ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ကား တအိအိမောင်း၍ ရောက်လာကြပြီ။ စမ်းသပ်စစ်ဆေး၍ သွေးအမြန်သွင်းဖို့ ဆရာဝန် ဆရာမများ ကြိုးစားနေကြဆဲမှာပင်...

"မွေးဖွားတာလည်း စနစ်မကျဘူး"

"ဆေးရုံရောက်တာလည်း နောက်ကျတယ်"

"မစမ်းရဲ့အသက်ကို ဘယ်လိုမှ ကယ်တင်လို့မရနိုင်တော့ဘူး..."

"မိစမ်းဆုံးပြီ"



သူ့ခင်ပွန်းလည်း အနားမှာ မရှိ။ တစ်လုံးတစ်ခဲကြီးနှင့် နီနီထွေးထွေး သမီးဦးလေး၏ မျက်နှာကိုပင် ကြည့်ရှုနိုင်စွမ်း မရှိရှာတော့ဘဲ အသက်ဆယ့်ကိုးနှစ်အရွယ်မှာ လောကကြီးထဲက မိစမ်း စောစီးစွာ ထွက်ခွာသွားခဲ့ရရှာလေပြီတည်း။

✿ ✿ ✿

တိုက်ဆိုင်စွာပင် မိစမ်း ဆုံးပြီး ရက်လည်သည့် နေ့က မော်ရှမ်းမြေ၏ တရားခွင်တွင် ဘိန်းဖြူပပျောက်ရေး စီမံချက်ဖြင့် တရားစီရင်ရာ၌...

"ဘိန်းဖြူ တစ်ဆယ်ကီလိုနှင့်အတူ လက်ပူးလက်ကျပ် ဖက်ဆီးရမိသော အဘဦးအောင်မွန်၏သား တရားခံမောင်ချမ်းမြေ့အား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေ"

ချမ်းမြေ့၏အဖြစ်ဆိုးကို မိစမ်း မသိနိုင်တော့သလို၊ သူ့ဘ၀၊ သူ့အသက်နှင့် လဲလှယ်ပြီး လူ့လောကအတွင်းမှာ သမီးလေးကို ထားရစ်ခဲ့ကာ တမလွန် ခရီးရှည်ကြီးဆီသို့ ထွက်ခွာသွားပြီဖြစ်သော မိစမ်း၏အကြောင်းကိုလည်း ချမ်းမြေ့ မသိရှိနိုင်တော့ပါချေ။

✿ ✿ ✿

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ငါးလရွယ် ရှိပြီဖြစ်သော မိသန်း၏ကလေး နို့စို့ပြီးချိန်မှာမှ မိစမ်း၏ ကျန်ရစ်သူ ရင်သွေးလေးက နို့စို့ခွင့်ရရှိသည်။ မိသန်းလည်း လူရုပ်မပေါ်တော့ပါချေ။ တစ်လုံးတစ်ခဲကြီး မွေးထားခဲ့သော သမီးလေးလည်း ပိန်လှီလာ၍ နို့ဆီဝယ်ကာ နို့ဘူးကူရသည်။

ထိုနေ့က ဒေါ်စိုးသိန်း၏ အစီအစဉ်ဖြင့် မိသန်း အင်းယားမြိုင် လမ်းသို့ သွားရသည်။

မြေးနှစ်ယောက်နှင့် နို့ဆီဖျော်တိုက်ရသော နို့ဘူးတစ်ဘူးတည်းနှင့် ပတ်လည်ရိုက်နေသော ဒေါ်စိုးသိန်းမှာ မိသန်း ပြန်လာလျှင် ဘာများ ကြားရမလဲ ဆိုသော မျှော်လင့်ချက်များဖြင့်လည်တဆန့်ဆန့် ရှိနေဆဲ ကလေးငယ်က တဝါးဝါးနှင့်ငိုနေ၍...

"အမယ်လေး...ဒီမဟာဆိမဟာသွေးမလေးကလည်း ဝ,ပဲ မဝ,နိုင်ဘူး၊ လွန်...လွန်လွန်းတယ်၊ ငါ့မြေးကြီးပဲ အေးတယ်၊ နော်...မြေးကြီး"



ငိုနေသော ကလေးကို မချော့ဘဲ သူချစ်သော မြေးကြီးကို ကောက်ယူပွေ့ချီလိုက်သည်။

မိစမ်း မွေးခဲ့သော ကလေးကို သူ သိပ်မချစ်လှ။ သနားရုံလောက်ပဲ ရှိသည်။ ဒီကလေးမွေးလို့ ငါ့သမီး သေရတာ၊ ဂြိုဟ်ကောင်မလေး၊ ဒင်းအဖေကလည်း ဘာမှ တာဝန်မယူနိုင်တော့ ဒီဒုက္ခတွေ ငါ့ပေါ်ပဲ ပုံကျနေတာ ဟူသော စိတ်နာစိတ်ကြောင့် အငယ်မလေးကို သိပ်မချစ်။

"ကျုပ် မပြောဘူးလား၊ မြေးတွေနဲ့ဝေပါလို့"

အိမ်ရှေ့မှာ ခါးထောက်ရပ်ရင်း ဒေါ်တရုတ်မက ဒေါ်စိုးသိန်းကို ကျီစယ်သလို ပြောလိုက်၍...

"အမြှာမွေးထားတာကျနေတာပဲ မတရုတ်မရယ်၊ ဒီမြေးမနှစ်ကောင်နဲ့ ဂျင်ခြေကိုလည်နေတာပဲ"

"မိသန်းရော"

"အပြင် ခဏခိုင်းလိုက်တယ်၊ ထိုင်ဦးလေ"

"မထိုင်တော့ဘူး၊ ဆီသွားဝယ်မလို့"

ပုလင်းလေးကို မြှောက်ပြရင်း ပြောသည်။ ဤရပ်ကွက်မှာက ဆီပိဿာလုံးဝယ်စားနိုင်သူ မရှိသလောက် ရှားပါး၏။

"ဒါနဲ့ အငယ်မလေး နာမည်ပေးပြီးပြီလား၊ အကြီးမက ပွင့်ဖြူနော်"

"ဟုတ်တယ်၊ မြေးကြီးတုန်းက နာမည် ခက်ခက်ခဲခဲမရှာပေးပါဘူး၊ သူ့အဖေရဲ့ ဇာတိက ပွင့်ဖြူမြို့လေ၊ မကွေးရှင်းက၊ ဒါနဲ့ လွယ်လွယ်ပဲ ဟဲ့...ပွင့်ဖြူမျိုးလေးဟဲ့လို့ ခေါ်ရင်း ပွင့်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာ”

လေရှည်တတ်သော ဒေါ်စိုးသိန်းက သမိုင်းကြောင်းရှင်းပြလိုက်ပြီးမှ…

“အငယ်မ အဖေကတော့ သိတဲ့အတိုင်း အနံ့ကြီး အလျားရှည် အယည်ကြီးပျက်လေ၊ မိစမ်း ဗိုက်ထဲမှာတည်းက သူကနာမည်ပေးထားတာတဲ့”

“အင်းလေ…နာမည်အမွေလေးပေးခဲ့တယ်ပဲ သဘောထားလိုက်ပေါ့၊ ဒါနဲ့ ဘယ်သူတဲ့တုံး”

“စန္ဒကူးတဲ့တော်”

“အမယ်…ကောင်းသား… နာမည်လေးက၊ အငယ်မက စန္ဒကူး၊ အကြီးမက ပွင့်ဖြူ”

“ဟုတ်ပ”

“ကဲ…သွားလိုက်ဦးမယ်၊ ပြောရင်းဆိုရင်း မိသန်းတောင်ပြန်လာပြီ”

ဒေါ်တရုတ်မက လမ်းထိပ်ဘက်သို့အသွားတွင် မိသန်းက နွမ်းဖတ်လာသောအသွင်နှင့် အိမ်ပေါ်တက်လာ၏။

“ကလေး ငိုနေသေးလား”

“မငိုပါဘူး၊ ပြောစမ်းပါဦး၊ တွေ့ခဲ့လား၊ ဘာတဲ့လဲ”

“အောင်မယ်လေး…အိမ်ထဲတောင် အဝင်မခံပါဘူး၊ အမေပြောတဲ့အတိုင်း ဦးရှိန်ဆိုတဲ့ အဘိုးကြီးကို အကြောင်းစုံ ပြောပြလိုက်တော့…”

“ညည်းက ဘယ်လိုပြောလိုက်လဲ၊ ပြောစမ်းပါဦး”



“သြော်…အမေ သင်လွှတ်လိုက်တဲ့အတိုင်းပေါ့၊ အမေကသည်း…

ကိုချမ်းမြေ့ ရှမ်းပြည်နယ်ဘက်မှာထောင်ကျနေပြီ၊ မိစမ်းလည်း ဆုံးသွားလို့ အကြီးတို့သွေး၊ အကြီးတို့မြေးလေးကို လာငိုပါရစေလို့ပေါ့”

“အင်း…အင်း…ဒီတော့…”

“အဘိုးကြီး သွားပြောပြီး တအောင့်လောက်ပဲကြာပါတယ်၊ အမေ့ရဲ့ ဒေါ်သက်ထားရည်ဆိုတဲ့ မိန်းမကြီးက အကြောင်းပြန်လိုက်ပါတယ်၊ သားကိုတောင် စွန့်လွှတ်ထားမှ မြေးကို ဘာလို့မွေးရမှာလဲတဲ့၊ နောင်ကို စာရင်းလာမရှုပ်နဲ့လို့ မစိုးသိန်းကို ပြောလိုက်ပါတဲ့တော့”

“တောက်!”

ဒေါ်စိုးသိန်း၏ တောက်ခေါက်သံက ပြင်းလွန်းသဖြင့် စန္ဒကူးလေးပင် ခြေကားယားလက်ကားယားနှင့် လန့်သွားရှာသည်။

“ငါလေ ဒင်းတို့ ခြံရှေ့မှာ သွားပစ်ထားပြန်တော့မယ်၊ ငါလို ဆင်းရဲသားတောင် ဘွားအေဆိုတဲ့ စိတ်နဲ့ မြေးတွေကို မွေးနိုင်သေးတာ၊ ဒင်းတို့က ခိမ်နဲ့နေပြီး မမွေးနိုင်ကြဘူးတဲ့လား”

ဒေါ်စိုးသိန်းက ဒေါသတွေထွက်ရင်း မျက်ရည်တွေပါကျလာတော့သည်။

မိသန်းကလည်း သူ့ကလေးကိုသာ ပထမ ကောက်ယူမွေ့ချီပြီး နို့တိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးလေးမှာ ယက်ကန်ယက်ကန်ဖြင့် နို့ဆာလွန်း၍ တဝါးဝါး ငိုနေသော်လည်း ပွင့်ဖြူ ဝ,မှ စန္ဒကူး စို့ရမည်။

ဒေါ်စိုးသိန်းကလည်း ဒေါ်သက်ထားရည်တို့ကို စိတ်နာနာနှင့် ကလေးကိုပင် ရန်ညှိုးဖွဲ့သလို စောင်ကြည့်ပြီး အိမ်ခန်းထဲဝင်သွားတော့သည်။

မိခင်နှင့်ဖခင်တို့၏ မေတ္တာ ကင်းမဲ့ရုံမက၊ ဘွားအေတို့၏ တာဝန်မယူချင်မှုများအောက်မှာ ငိုရှိုက်နေရရှာသော စန္ဒကူးဆိုသည့် • လ,သမီးလေး...။

ပွင့်ဖြူနှင့်ခြားနားစွာ အသားဖြူဖွေး၍ မျက်နှာကျပုံလေးက လှလွန်းရှာသော စန္ဒကူးသည် လူ့လောကအတွင်း ကြီးပြင်းတိုးဝင်ရရှာမည့် အနာဂတ်ကရော လှပမှုမှ ရှိနိုင်ပါ့မလား။

✿ ✿ ✿

## အပိုင်း ၄

## ဘဝအစ၏ ဒုက္ခနေ့ရက်များ

www.burmeseclassic.com

www.burmeseclassic.com

အရေးထဲမှာ မိသန်းကတစ်မှောင့်...။

နှလုံးရောဂါတဲ့။ နည်းနည်းလှုပ်ရင် များများမောသတဲ့။ ဆေးခန်းသွားပြတော့ ဆေးရုံတက်ခိုင်းသော်လည်း မတက်နိုင်၍ ကြာလေဆိုးလာလေပင်။ မိသန်း ဈေးမရောင်းနိုင်၍ သူ့ယောကျ်ား၏ ပန်းရံလုပ်ခဖြင့် ထမင်းပင် နပ်မမှန်နိုင်အောင် ဖြစ်လာခဲ့သည့် အချိန်မှာ ကလေးလေးများ တစ်နှစ်ကျော် အရွယ်သို့ ရောက်ခဲ့ကြပြီ။

"ငါ့သမီး တစ်ယောက်တော့ နောက်ထပ် အသေမခံနိုင်တော့ဘူး၊ ငါ တစ်နည်းနည်း ကြံဦးမှ"

"ငါ့အိမ်ထိ လိုက်လာတဲ့ အစ်မကြီး ဒေါ်မျက်ချယ်ကို သွားပြီး တောင်းပန်ကြည့်ဦးမယ်"

သည်စိတ်ကူးရသော်လည်း လူမမာနှင့်၊ ကလေးနှစ်ယောက်နှင့် ပတ်ခြာလည်နေသဖြင့် ဒေါ်စိုးသိန်းသည် သူ့အကြံကို တော်တော်နှင့် အကောင်အထည်မဖော်ဖြစ်။

ရန်ကုန်ဆေးရုံကြီး၏ နှလုံးရောဂါဌာနက ငွေတစ်ပြားမှ မယူသော်လည်း ဆေးကုပေးသည့်အတွက် မိသန်း၏ရောဂါ နည်းနည်း သက်သာခွင့်ရလာသည်။ တခြား ဌာနများထက်စာလျှင် နှလုံးရောဂါဌာနမှ ဆရာဝန်များသည် ပို၍ နှလုံးသား နူးညံ့ကြသည် ထင်ပါ၏။ လူနာများကို ဂရုစိုက်ရှာသည်။ သူတို့ကိုယ်တိုင်လည်း ပင်ပန်းခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ အပြင်ခဏ သွားချင်တယ်၊ သမီး နေကောင်းရဲ့လား"

"ရပါတယ်၊ ကျွန်မသမီးက အေးပါတယ်၊ ဟိုဟာလေးကိုသာ မနိုင်တာ"

"ခဏတော့ ကြည့်ထား၊ အမေလည်း မကြာပါဘူး"

ဒေါ်စိုးသိန်းသည်၊ သံလွင်လမ်းဟု ထိုအချိန်က အမည်မပြောင်းရသေးသော ဝင်ဒါမီယာလမ်းထဲမှ ခြံကြီး တစ်ခြံ၏ တိုက်ကြီးရှေ့သို့ ရောက်လာခဲ့သည်။

"မစိုးသိန်းလို့ ပြောပေးပါ၊ ကိုချမ်းမြေ့နဲ့ ပတ်သက်ပြီး အရေးကြီးတာ ပြောစရာရှိလို့လို့ ပြောပေးပါ"

သူ့ဆို ဝင်ခွင့်မပေးမှာစိုး၍ ချမ်းမြေ့နှင့် ကိုင်ပေါက်ရသည်ဟု ကြိတ်၍တွေးကာ စောင့်နေဆဲမှာပင် ကားဝင်ပေါက်ကြီး ပွင့်မလာဘဲ ဘေးမှ လူဝင်ပေါက်တံခါးငယ်သာ ပွင့်လာပြီး အိမ်ဖော်လေး တစ်ယောက်က ရှေ့ဆောင်ခေါ်သွားသည်။

ဆိုဖာပေါ်မှ ဒေါ်မျက်ချယ်က လှမ်းကြည့်ပြီး...

"ပိန်သွားလှချည်လား မစိုးသိန်း၊ နာမည်မပြောရင် မှတ်မိမှာတောင် မဟုတ်ဘူး၊ ထိုင်လေ"

ထိုင်လေဆိုသော်လည်း ဆိုဖာပေါ် ထိုင်ခိုင်းခြင်း မဟုတ်ကြောင်း နားလည်စွာဖြင့် ပါကေးခင်းရုံမက ဆိုဖာ အောက်က ကော်ဇောခင်းထားသည့်ဘေးမှ ကြမ်းပြင်ပေါ်တွင် ခပ်ကျုံ့ကျုံ့လေး ထိုင်လိုက်ရသည်။ အိမ်ဖော်မလေး၏ မိခင်ပဲ။ ဘယ်လိုနေရာ နေရမယ် ဆိုတာ သိပြီးသားပါလေ။



"ကဲ...ဆိုစမ်းပါဦး၊ မောင်ချမ်းမြေ့နဲ့ပတ်သက်ပြီး ဘာပြောချင်လို့လဲ"

"ကိုချမ်းမြေ့ ထောင်ကျသွားတာ မမကြီးတို့ သိတယ်နော်"

"ဘုရားရေ...ဘယ်တုန်းကလဲ၊ ဘာဖြစ်လို့လဲကွယ်"

"ဘိန်းဖြူမိလို့ဆိုလား မသိပါဘူး"

"မသိလို့ဖြစ်မလား၊ ဘယ်ထောင်မှာကျတာလဲ၊ ဘယ်နှနှစ်ကျတာလဲ"

ဝင်ခွင့်ရအောင် ချမ်းမြေ့နာမည် သုံးမိတာ မှားပြီထင်ပါရဲ့။ ဒေါ်စိုးသိန်း မျက်နှာပိုးသတ်ကာ...

"ရှမ်းပြည်နယ်ဘက်မှာတဲ့၊ ထောင်က ဆယ်နှစ်ကျတာတဲ့"

"ဆယ်နှစ်တောင်၊ ဖြစ်မှဖြစ်ရလေဟယ်၊ ဘာလို့ စောစောက လာမပြောတာလဲ"

"ကျွန်မမှာလည်း ကျွန်မဒုက္ခနဲ့ ကျွန်မမို့ပါ၊ ကျွန်မသမီး မိစမ်းလေ၊ ကလေး မီးဖွားရင်း ဆုံးသွားရှာပြီ မမကြီးရဲ့"

"အို...ဖြစ်မှဖြစ်ရလေ၊ မိစမ်း ဆုံးတော့ မောင်ချမ်းမြေ့ မရှိဘူးလား"

"မရှိပါဘူး၊ သူ အဖမ်းခံရတယ်လို့ သိရပြီးမှ သမီးဦးကလေး မွေးရင်း မိစမ်း ဆုံးတာပါ"

"ဒါဆို ကလေးရော..."

"ရှိပါတယ်၊ အဲဒီကိစ္စအတွက် ကျွန်မ လာတာပါ"

"ဘယ်လို..."

"ကျွန်မသမီးကြီး မိသန်းကလည်း နေမကောင်းဘူး၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



ငွေ[illegible]နဲ့ မိစမ်းကလေးက ငါးလပဲကွာတယ်၊ ကလေးနှစ်ယောက် [illegible]ကို မွေးနိုင်တဲ့အင်အား မရှိတော့လို့ပါ မမကြီးရယ်”

“ဘာလဲ…ငွေလိုလို့လား”

“ငွေကတော့ ဆင်းရဲသားပဲ၊ လိုတာပေါ့၊ ဒါပေမယ့် ကျွန်မ အခုရောက်လာတာ ငွေလိုချင်လို့ မဟုတ်ပါဘူး၊ ကလေးကို မွေးပေးဖို့ပါ”

“ဘာ…”

“ဟုတ်ကဲ့၊ မိစမ်းနဲ့ မောင်ချမ်းမြေ့တို့ရဲ့ သမီးလေးကို မမကြီး ခေါ်ပြီးမွေးစားပေးနိုင်မလားလို့ပါရှင်၊ သူ့အဖေ ထောင်က လွတ်လာရင်လည်း သူ့ကလေး သူ တာဝန်ယူချင်ယူမှာပါ”

ဒေါ်မျက်ချယ် တွေတွေဝေဝေ ဖြစ်သွားပြီးမှ…

“ငါ့ကိုမှ ဘာလို့လာပြောရတာလဲ၊ သက်ထားကို သွားပြော ကြည့်ပါလား”

“မိစမ်းဆုံးပြီး သိပ်မကြာခင်ကပဲ မိသန်းကိုယ်တိုင် သွားပြောပြီးပါပြီ၊ ခုလို အိမ်ထဲတောင် အဝင်မခံပါဘူး မမကြီးရယ်၊ ပြောလိုက်တဲ့စကားလည်း ကြည့်ပါဦး၊ သားကိုတောင် စွန့်လွှတ်ထားမှတော့ မြေးကို ဘာမွေးစရာလိုလဲ၊ နောင်လည်း ဘယ်တော့မှ လာပြီးမပတ်သက်ပါနဲ့တဲ့”

“အင်း…သက်ထားရည်က သိပ်စိတ်ကြီးတယ်”

“မမကြီး သူငယ်ချင်းရဲ့ မြေးလေးအရင်းပါ၊ ကလေးက လည်း ဖြူဖြူဝဝနဲ့ ရုပ်ရည်ကလေးကလည်း ကြည်နေတာပဲ၊ ရုပ်ချောလေးပါ၊ ကျွန်မတို့နဲ့ နေရင် ကလေးက သိပ်ဆင်းရဲရှာ



မှာပါ မမကြီးရယ်၊ သူ့အဖေလွတ်လာရင်လည်း မမကြီး မွေးစား ထားတာသိရင် ဝမ်းသာရှာမှာပါ၊ ကျွန်မတို့ ဆင်းရဲလွန်းလို့ပါ၊ ထမင်းတောင် နပ်မမှန်တော့ပါဘူး၊ ဒါကြောင့် ကိုချမ်းမြေ့ရဲ့ မျက်နှာကိုထောက်ပြီး သူ့ရင်သွေး သူ့သမီးလေးကို မွေးစားပေး ပါလို့ ကျွန်မ ရှိခိုးပြီး တောင်းပန်ပါတယ် မမကြီးရယ်”

ဒေါ်စိုးသိန်းက ပဆစ်တုပ်ထိုင်နေရင်းက လက်အုပ်ချီ၍ ကန်တော့သည်။

ဒေါ်မျက်ချယ်က တွေဝေငြိမ်သက်နေ၏။ သူ့သမီးကြီး အင်ဂျင်နီယာကတော် တက္ကသိုလ်မှဆရာမက လက်ထပ်ပြီး တစ်နှစ် ကလေးမယူရေး အစီအစဉ်ဖြင့် သန္ဓေတားဆေး သုံးစွဲရာမှ တကယ် ကလေးယူချင်သည့် အချိန်မှာ ကလေးမရနိုင်တော့ပါ။ လက်ထပ်ပြီးသည်မှာပင် ဆယ်နှစ်ရှိချေပြီ။ ဒါပေမယ့် သူများ ကလေးကိုရော မွေးစားချင်ကြပါ့မလား။

ဒေါ်မျက်ချယ်အနေဖြင့် ခုလို အသက်ငါးဆယ်အရွယ်မှာ ကလေးတစ်ယောက်ကို မွေးစားဖို့ စိတ်ကူးလို့ပင် မရနိုင်သော အချိန်ကာလဖြစ်သော်လည်း…

“မောင်ချမ်းမြေ့၏ ရင်သွေး…သူ့သမီးလေး”

ဆိုသော သံယောဇဉ်စိတ်ကြောင့် ချက်ချင်းကြီး မငြင်းလိုက်မိခြင်း ဖြစ်ပေသည်။ သို့သော်လည်း…

“အင်း…ကလေး တစ်ယောက် တာဝန်ယူပြီး မွေးရမယ် ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး မစိုးသိန်း၊ ဒါပေမယ့် ငါ စဉ်းစားပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်တော့ ပြန်လာခဲ့ရမလဲဟင်"

"ညည်းတို့ ငါ အရှင်လာဖူးတဲ့ အိမ်မှာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး…ဒီမှာလည်း ငါ့မိသားစုနဲ့ တိုင်ပင်ရဦးမယ်၊ မွေးစားဖြစ်ရင် ငါကိုယ်တိုင် လာခေါ်ပါမယ်"

"ဘယ်တော့ လာခေါ်မှာလဲဟင်"

"ဩော်…မွေးစားဖြစ်ရင်လို့ပြောပြီးပြီပဲ၊ တစ်လအတွင်း ငါ လာဖြစ်ရင် ကလေးကို တစ်ခါတည်းခေါ်သွားမယ်၊ မလာဖြစ်တော့ဘူး ဆိုရင်တော့ မမွေးစားဖြစ်လို့ပဲ မှတ်လိုက်ပါ"

"ကျွန်မ မျှော်နေပါရစေ မမကြီးရယ်၊ ကျွန်မမြေးလေးက သနားစရာကောင်းလွန်းလို့ပါ၊ ကျွန်မ လာမေးရမလားဟင်"

"မစိုးသိန်း"

"ဟုတ်ကဲ့ မမကြီး"

"ငါ့ကို လာပြီး အကျပ်ကိုင်သလို မပြောနဲ့၊ ရော့…ငွေတစ်ရာ ယူသွား၊ ငါလာရင် ကလေးမွေးစားဖြစ်လို့ပဲ၊ တစ်လကျော်ပြီးမှ ငါ ရောက်မလာရင် မမွေးစားဖြစ်လို့ပဲ၊ ဟုတ်ပြီလား"

"ဟုတ်ပါပြီ"

"ကဲ…ဒါပဲ၊ ပြန်တော့"

ပိန်ချုံးညှိုးခြောက်နေသော မစိုးသိန်း ပြန်ထွက်သွားသည်ကို ကြည့်ပြီး…

"ငါ့သားလေးလို ငါ့မျက်စိအောက်တင် ကြီးလာတဲ့ မောင်ချမ်းမြေ့လေးလည်း အဲဒီမိန်းမမိုက်သားအမိကြောင့် ဘဝပျက်ရဲ့



ကော ထောင်ပါကျသွားပြီတဲ့လေ"

"အခု ငါ့သူငယ်ချင်းရဲ့မြေး၊ ငါ့သားလေးလို ချစ်ခင်ရင်းနှီးတဲ့ မောင်ချမ်းမြေ့ရဲ့ ရင်သွေးလေးလည်း ဒင်းတို့လက်ထဲမှာထားခဲ့ရင် သက်ဆိုးတောင် ရှည်ချင်မှရှည်မှာ၊ ရှည်ရင်လည်း ဆင်းရဲတွင်းက နက်တော့မယ်၊ ကလေးကိုတော့ သနားပါတယ်"

"ဒါပေမယ့် ကလေးတစ်ယောက်ရဲ့တာဝန်က နည်းလား၊ ငါလည်း ပွေ့ချီ မထိန်းနိုင်ဘူး၊ နာနီငှားရမယ်၊ အင်း…တော်တော်အေး တွေးတွေးဆဆ စဉ်းစားရမယ့် ကိစ္စပါပဲလေ"

ဒေါ်မျက်ချယ်မှာ ရုတ်တရက် ပြတ်သားစွာ ဆုံးဖြတ်၍ မဖြစ်သေး။ ခင်ပွန်းနှင့် သားသမီးသုံးယောက်လုံးကိုပါ တိုင်ပင်ရမည့် ကိစ္စကြီးပဲ ဟူ၍ အဖြေမရနိုင်သေးသည့် ပုစ္ဆာတစ်ခုကို စိတ်ပင်ပန်းခံပြီး တွေးမနေတော့ဘဲ မိတ်ဆွေတစ်ယောက်ထံသို့ ဘယ်လီဖုန်းလှမ်းဆက်ပြီး ထွေရာလေးပါး စကားများ ပြောကြားခြင်းဖြင့် ထိုကိစ္စကို ခေတ္တ မေ့ဖျောက်ပစ်လိုက်သည်။

✿ ✿ ✿

ဒီရက်ထဲမှာ မိသန်းက ထပ်ပြီးနေမကောင်းပါ။ ဆေးရုံမှ အလကားရသည့် ဆေးများ ကုန်သွားပြီး ထပ်ဝယ်မသောက်နိုင်၍ များလား။

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ကိုလည်း ထမင်း ဆီဆမ်းပြီး ဝါးခွံ့နေရသည်။ တစ်ခုသော အင်္ဂါနေ့ညမှာ မိသန်းမေ့လဲပြီး နှုတ်ခမ်းတွေ၊ လက်သည်းတွေပါ ပြာနေသဖြင့် ရပ်ကွက်အကူအညီဖြင့်ပင် ရန်ကုန်ဆေးရုံကြီးသို့ တင်လိုက်ရသည်။

ကလေးနှစ်ယောက်ကြောင့် လိုက်ပြီးမပြုစုနိုင်။ သူ့ယောက်ျား သွားကြည့်သည့်အခါကြည့်၊ အိမ်နားပါးနီးသို့ ကလေးနှစ်ကောင် အပ်ခဲ့ပြီး ဒေါ်စိုးသိန်း ဆေးရုံပြေးသည့်အခါ ပြေးဖြင့် ဗျာများနေချိန်မှာ စန္ဒကူးလေးက ဆာလောင်လွန်း၍ ငိုနေသည်ကို ကြည့်ပြီး...

"ဟဲ့...အမျိုးယုတ်လေးရဲ့၊ ငိုမနေနဲ့၊ နင့်ကို ဘယ်သူကမှ မလိုချင်ဘူး သိရဲ့လား၊ နင့်ဒုက္ခ ငါတစ်ယောက်တည်းပဲခံမယ့်သူ ရှိတယ်၊ နားလည်ရဲ့လား"

နားလည်ရဲ့လားဆိုသော စကားနှင့် မထိုက်တန်သေးသည့် တစ်နှစ်ခွဲ အရွယ်လေးပါ။

အရက်နှစ်ဆယ်မပြည့်ခင်က ဒေါ်မျက်ချယ်များ လာခေါ်လေမလားဆိုပြီး မျှော်သေးသည်။ ယခု အရက်နှစ်ဆယ်ကျော်ပြီး တစ်လပြည့်ခါနီးပြီမို့ အားလျှော့လိုက်ပါပြီ။

ဆေးရုံက မိသန်း အခြေအနေကလည်း လုံးဝ စိတ်ချရခြင်း မရှိသေး။ သူတို့ပြောကြသည့် 'ဖစ်ဖတီး–ဖစ်ဖတီး'ဆိုသည်မှာ မျှော်လင့်ချက် ငါးဆယ်သားဆိုရင် မရဖို့ ငါးဆယ်သားဆိုလားပဲ။ ငါ့သမီးကြီး ကံကောင်းပါစေ။ ဆရာကောင်း သမားကောင်းနဲ့ တွေ့ပါစေ။



တစ်ယောက်တည်း ယောက်ယက်ခတ်အတွေးများနှင့်အတူ သူ ချစ်သော သူ့မြေးကြီးကိုသာ ထမင်းခွံ့နေသည်။ အငယ်မလေးက မျက်ရည်စလေးများနှင့် နို့သီးတုစို့သီးကို တပြွတ်ပြွတ်စို့ရင်း ပုခက်ထဲမှာ အိပ်ပျော်သွားရှာပြီ။ ဒေါ်စိုးသိန်း၏ အကြင်နာများက မြေးကြီးအပေါ်၌သာ ကျရောက်နေပါ၏။

"ကြီးဒေါ်စိုးသိန်း...ဒီမှာ လာမေးနေတယ်"

အိမ်ရှေ့မှာ ဝင်းလက်တောက်ပစွာ ဖြူဖြူသန့်သန့်ခံ့ခံ့ကြီး ရပ်နေသော ဒေါ်မျက်ချယ်...။

"ဟာ...ဟာ...မမကြီး"

တစ်လမပြည့်မီ ရောက်လာသဖြင့် ကလေးလာခေါ်ပြီဟု ထင်လိုက်ရုံဖြင့် ဒေါ်စိုးသိန်း ဝမ်းသာလုံးဆို့သွားပြီ။

"လာပါ မမကြီး၊ တက်ပါ၊ နောက်က ဘယ်သူတွေလဲ ဟင်"

"ကလေး လာခေါ်တာလေ"

"ရှင်"

"ဟောဒါက သူနာပြုဆရာမ၊ နောက်က ကလေးထိန်းမယ့် နာနီ၊ ဆရာမက တစ်လလောက်ပဲ ကြည့်မှာပါ၊ အိမ်ရောက်ရင် ဆရာဝန်နဲ့ ကလေး ကျန်းမာရေး စစ်ဆေးရဦးမယ်လေ"

စန္ဒကူးတို့ ကံကောင်းလှချည်လား။ ဒေါ်စိုးသိန်း ရင်တွေ တဒိန်းဒိန်းခုန်ရင်း လက်တွေပါ တုန်လာသည်။

"လောလောဆယ်မှာ သမီးကြီး တက္ကသိုလ်ကဆရာမက မွေးစားထားမယ်၊ ငါ့မြေးပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာ..."

"မောင်ချမ်းမြေ့ ပြန်လာရင်တော့ သူ ဘယ်လို စီစဉ်ချင်မလဲ မသိဘူး၊ မိစမ်းလည်း မရှိတော့ဘူးဆိုရင် မောင်ချမ်းမြေ့နဲ့ သမီးလေးကို သက်ထားရည်က ပြန်လက်ခံချင်လက်ခံမှာ၊ ကလေးက ကံကောင်းရင် သူဌေးနှစ်ဦးရဲ့မြေးတောင် ဖြစ်ဦးမှာပေါ့"

"သူဌေးရဲ့မြေး...သူဌေးရဲ့မြေး"

ဒေါ်စိုးသိန်း ခြေတွေလက်တွေ တုန်လာသည်။

"မစိုးသိန်းပြောတော့ ကလေးက ဖြူဖြူဖေဖေ လှလှလေးဆို"

"ဟုတ်ပါတယ်၊ ဒါ...ဒါက..."

"ဒါက မိသန်းရဲ့သမီး"ဟု မပြောဖြစ်အောင် ထိန်းထားရင်းမှ ဒေါ်စိုးသိန်း ရုတ်တရက် ချက်ချင်းပင် အကြံသစ် ဉာဏ်သစ်များ ပေါ်ထွန်းလာကာ...

"ကလေးကို ကောင်းကောင်းမကျွေးနိုင်လို့ပါ မမကြီးရယ်၊ မြေးကြီး...အဲ...မြေးလေး...ဒါ...ဒါ...သမီးရဲ့ ဘွားဘွားနော်၊ သိလား"

"တိဘူး"

"ဟိုမှာ မုန့်တွေလည်း အများကြီးစားရမယ်၊ အရုပ်တွေနဲ့ ဆော့ရမယ်၊ အဲဒီဘွားဘွားကြီးနဲ့ လိုက်သွားနော်"

ပွင့်ဖြူက ကြောက်ရွံ့သလို ဒေါ်စိုးသိန်းလည်ပင်းကို ဖက်တွယ်ထားသည်။

"ကလေးနာမည်က ဘယ်သူတဲ့လဲ"

"ငါ့မြေး ပြောတတ်နေပြီ၊ ပြောလိုက်လေ"



"ပင့်ဖြူ"

"ဘာတဲ့လဲ"

"သူ မပီလို့ပါ၊ ပွင့်ဖြူတဲ့"

"ဘာအဓိပ္ပာယ်လဲ၊ ကြာသပတေးသမီးမို့လား"

"မဟုတ်ပါဘူး၊ သူ့အဖေ...အဲ...ကြို...ကြိုသလို မှည့်ထားတာပါ"

"မစိုးသိန်း"

"ရှင်"

"ညည်း ဘာဖြစ်နေတာလဲ၊ တုန်တုန်ရီရီနဲ့"

ဒေါ်စိုးသိန်းသည် မျက်ရည်များကျလာပြီး သူ့စိတ်ကိုသူ ပြန်လည်တည့်မတ်လိုက်သည်။ ဒေါ်စိုးသိန်းက မိုက်မဲသော်လည်း ပါးနပ်သူမို့...

"ကျွန်မ မွေးခဲ့ရတဲ့ ကျွန်မရဲ့မြေးလေးကို ကျွန်မ သိပ်ချစ်ပါတယ်၊ မတတ်သာလွန်းလို့ ပေးရတော့မယ်ဆိုပြီး ကျွန်မ ဘုန်တုန်ရီရီ ဖြစ်နေတာပါ မမကြီးရယ်"

"ဟုတ်ရှာမှာပေါ့လေ"

ဟု ဒေါ်မျက်ချယ် စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

ဘွဲ့ရ သူဌေးမကြီး ဒေါ်မျက်ချယ်ကိုပင် လှည့်လိုက်နိုင်သော အာဃ ဒေါ်စိုးသိန်း...။

သူ၏ ချစ်လှစွာသော မြေးကြီးကို စန္ဒကူးနှင့် လဲပေးလိုက်မည်ဟု သူ ဘယ်တုန်းကမှ စဉ်းစားထားခြင်းမရှိခဲ့ပါ။

'သူနာပြုဆရာမ၊ ကလေးထိန်း၊ သူဌေးမြေး' ဆိုသော စကား

www.burmeseclassic.com

www.burmeseclassic.com



သံများကြောင့်...

"ချမ်းသာခြင်း ချမ်းသာရင် ငါ့မြေးကြီး ချမ်းသာပါစေ"

ဆိုသော တစ်ဖက်စောင်းနှင်း မေတ္တာများနှင့် ကလေးချင်းလဲပေးဖို့ အကြံရသွားသည့် သူ့စိတ်ကူးကို သူ ရွေ့ချထားချင်လောက်အောင် ကျေနပ်သွားတော့သည်။

"ခဏလေး၊ သူ့အင်္ကျီလေး သုံးထည် ထည့်ပေးလိုက်ဦးမယ်နော်"

"မလိုတော့ဘူးလေ၊ တို့ဆင်မှာပေါ့"

ဤတွင် သူနာပြုဆရာမက ဝင်၍...

"ကလေးမွေးစာရင်းပါ ပေးလိုက်ပါ၊ ကာကွယ်ဆေးထိုးဖို့နဲ့ အိမ်ထောင်စုစာရင်းဝင်ဖို့ လိုအပ်တယ်"

"မွေးစာရင်း"

"ဟုတ်တယ်"

"အင်း...ကျွန်မ မသိဘူး၊ သူ့အမေ...အဲ...သူ့ကြီးဒေါ်မိသန်း သိမ်းသွားတာ"

"မိသန်းက ဘယ်တော့ ပြန်လာမှာလဲ"

"ဆေးရုံတက်နေတာ"

"ဘာဖြစ်လို့လဲ"

"နှ...နှလုံးရောဂါတဲ့"

"ကဲပါ ဆရာမရယ်၊ နောက်မှပဲ ကြည့်လုပ်ကြတာပေါ့"

"ကျွန်မ လာပို့ရမလား မမကြီး"

"နေနေ မစိုးသိန်း၊ အဲဒါလည်း ပြောမလို့၊ ငါ အခု ငွေ



သုံးထောင် ပေးခဲ့မယ်၊ ရင်းနှီးစား ကြားလား၊ တို့အိမ်ကို ဘယ်တော့မှ မလာပါဘူးလို့ ကတိပေးပါ"

"ပေးတယ်၊ ပေးတယ်၊ ဘုရားစူးရပါစေရဲ့၊ ပေးတယ်"

ဒေါ်စိုးသိန်းကိုယ်တိုင်လည်း သွား၍မဖြစ်တော့ကြောင်း နားလည်ပြီးသားမို့ မလိုအပ်ဘဲ ကျိန်တွယ်ပြောလိုက်သည်။

"ကလေးအသက် ဘယ်လောက်ရှိပြီလဲ"

"တစ်နှစ်ရှစ်လ"

"ဟဲ့...မောင်ချမ်းမြေ့ အိမ်က ထွက်သွားတာတောင် ဒီလောက် မရှိသေးဘူးလေ"

"ဩော်...ဟုတ်ပါရဲ့၊ ပုခက်ထဲကမြေးကြီးနဲ့ မှားပြီး ပြောမိတာပါ...အဟီးဟီး"

"ပုခက်ထဲက ဘယ်သူ့ကလေးလဲ"

"မိ...မိသန်း ကလေးလေး"

"ဟိုက သူ့ထက်ကြီးသလား"

"ဟုတ်ကဲ့"

"ဒီကလေးနာမည်က ပွင့်ဖြူနော်"

"ဟုတ်ကဲ့"

"ဟိုပုခက်ထဲက မိသန်းကလေးနာမည်ကရော..."

"စံ...စံ...စန္ဒကူး"

"စံစံဒကူး"

"မ...မဟုတ်ပါဘူး၊ စန္ဒကူးပါ"

"နာမည်က တယ်လည်းဆန်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



ပုခက်ထဲက လွန့်လာသဖြင့် မြေးကြီးပွင့်ဖြူကို တွန်းချ၍ပြီး ပုခက် ထတုတ်ရသည်။ ဤဖြူဖြူသန့်သန့် ကလေးလေးကို ဒေါ်မျက်ချယ်တို့ မြင်သွား၍မဖြစ်...။

ပွင့်ဖြူ ကံကောင်းပြီး၊ စန္ဒကူးတို့ ကံဆိုးချင်တော့ ပုခက်ထဲမှ စန္ဒကူးက နှစ်ခြိုက်စွာ ပြန်လည်အိပ်ပျော်သွားခဲ့ပြီ။

ဘယ်သူကမှလည်း သံသယဖြစ်ပုံမရကြ။

မစိုးသိန်းလို မိန်းမမျိုးက ဒီလောက်ကြီးမားသော လှို့ဝှက်ခြင်းနှင့် လိမ်ညာခြင်းများ လုပ်တတ်လိမ့်မည် ဟူ၍လည်း ဒေါ်မျက်ချယ်တို့အနေနှင့် တွေးပင်မတွေးမိခဲ့ကြပါ။

သည့်အတွက်ကြောင့်သာ မစိုးသိန်း၏ ပိပိရိရိ မရှိသော အမူအရာနှင့် တုန်တုန်ရီရီ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေခြင်းကို...

"သြော်...သူ့ခမျာ သူ မွေးလာတဲ့ မြေးလေးကို ပေးလိုက်ရမယ် ဆိုတော့လည်း စိတ်လှုပ်ရှားရှာပေမပေါ့၊ ဝမ်းနည်း ကြေကွဲရှာပေမပေါ့" ဟူသော အကြင်နာစိတ်များပင် ဝင်မိကြသော ဒေါ်မျက်ချယ်တို့အုပ်စု ပြန်သွားကြချိန်မှာ...

"လိုက်ဘူး...လိုက်ဘူး"

"ဖွားဖွားရေ...လာပါ"

နာနီဆိုသော ကလေးထိန်း၏လက်ထဲမှနေ၍ ထွန့်ထွန့်လူးအော်ဟစ်ငိုယိုရင်း ပါသွားရှာသော မြေးလေးအတွက် ဒေါ်စိုးသိန်းပါ မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့ရသည်။

မိဘအရင်းရှိသော ကလေးကို သူ့မိဘအား လုံးဝမတိုင်ပင်ပါဘဲနှင့် ဖျတ်ခနဲ ပေါ်လာသော အကြံဉာဏ်အတိုင်း ချက်ချင်းအကောင်အထည်ဖော်လိုက်သော ဒေါ်စိုးသိန်း...။

"နလုံးရောဂါသည်မ မိသန်း၊ သူ့သမီးလေးကို သူများပေးလိုက်ကြောင်းသာ သိသွားခဲ့လျှင် ဘယ်လိုနေမှာပါလိမ့်"ဟုလည်း လုံးဝ မတွေး။

သမီးလေးကိုချစ်သည့်စိတ်နှင့် ပန်းရုံအလုပ်ကို ပင်ပင်ပန်းပန်း လုပ်ပြီး ရှာကျွေးနေသော သမက်ကလေးကိုလည်း တိုင်ပင်ရကောင်းမှန်း မသိဘဲ သူ လုပ်ချင်သလို လုပ်လွှတ်လိုက်သော ဒေါ်စိုးသိန်း...။

ကလေးက သူဌေးဖြစ်သွားသည် မှန်သော်လည်း မိရင်းဖရင်း၏ ကြီးမားသော မိဘမေတ္တာ ဝေးမွတ်သွားမည့် အဖြစ်ကိုလည်း လုံးဝ မစဉ်းစား။

ပုခက်တွင်းမှ သူ့မြေးအရင်းလေး စန္ဒကူးအတွက်လည်း လုံးဝထည့်မတွေး။ သူတို့နှင့်အတူ ဆင်းရဲစေ၊ ဝေးမွတ်စေဟူသော စေတနာရိုင်းနှင့် မိုက်မဲသောမိန်းမ။

သမီးမိသန်းနှင့် သမက်စိန်အေးတို့ကိုလည်း နည်းနည်းမှ ထည့်မတွက်ခဲ့သူ။

သူ့မြေးကြီး ကောင်းစားရေးကိုသာ ဆောင်ရွက်နိုင်သည်ဟူ အားအေးဟူ၍ သူ့ကိုယ်သူ ဟုတ်လှပြီဟုပင် အထင်ရောက်နေသော ဒေါ်စိုးသိန်း...။

သူမ၏ အမှားတစ်ချက်ကိုဖြင့် သူမကိုယ်တိုင် မသိလိုက်။

ဘာမှ ပြင်ဆင်ချိန်မရလိုက်ဘဲ ရုတ်တရက် ဆုံးဖြတ်လိုက်၍လည်း ထိုအမှားကို သူမသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



'စန္ဒကူးလို့မှည့်ပါ' ဟူသော စကားကို ချမ်းမြေ့ကရော သွားလေသူသမီးလေးကပါ မှာသွားပါလျက်နှင့် ပွင့်ဖြူကို စန္ဒကူး ဟူ၍ နာမည်ပါ မလဲလှယ်လိုက်မိသော အမှား။

"ဒါပေမယ့် ကိစ္စမရှိပါဘူးလေ၊ ဒီ စန္ဒကူး ဆိုတဲ့ ဂြိုဟ် ကောင်မလေးကို ငါလည်း မမွေးနိုင်ဘူး၊ မိသန်းတို့ကလည်း သူ့ သမီးလေးကိုယ်စား ချစ်နိုင်မှာမှ မဟုတ်တဲ့အတူတူ…"

"ငါ့အသိတစ်ယောက်က ပြောဖူးတယ်၊ သီလရှင်ဆရာ လေး တစ်ပါးရဲ့ ကျောင်းမှာ မိဘမဲ့ ကလေးလေးတွေ လက်ခံ တယ်တဲ့၊ အဲဒီ ပရဟိတ ဆိုလား အဲဒီကျောင်းကို သွားအပ်လိုက် မယ်"

"ငါလည်း လွတ်ပြီ ကျွတ်ပြီ၊ မိသန်းကိုလည်း ငါ ပြုစု နိုင်ပြီ"

မိုက်မဲသော မိန်းမတစ်ယောက်၏ မှားယွင်းသော အတွေး အခေါ်နှင့် ကြီးကျယ်သော လဲလှယ်မှုကြီးမှာ ပွင့်ဖြူနှင့် စန္ဒကူးတို့ အရွယ်ရောက်လာသည့်အချိန်တွင်…

✿ ✿ ✿

ကာလများစွာတို့ ဖြတ်သန်း လွန်မြောက်ခဲ့လေပြီ။ ဤ ဆယ်စုနှစ် နှစ်ခုတာ ကာလအတွင်း မြန်မာပြည်ကြီးသည်ပင် ပြောင်းလဲခြင်း များစွာတို့ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ကာလမှသည် ပါတီစုံဖွင့်ပေးသည့်ကာလ၊ ပြီးတော့ သမိုင်းဝင်မည့် အရေးအခင်း ကာလကြီး၊ သည့်နောက် တည်ငြိမ်အေးချမ်းစပြုလာခဲ့သည့် နဝတ အုပ်ချုပ်မှု ကာလမှသည် ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကာလသို့တိုင် ဆယ်စုနှစ် နှစ်စုတာ ကာလကို ကျော်ဖြတ် ရောက်ရှိလာခဲ့လေပြီ။

✿

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နှစ်ပေါင်းနှစ်ဆယ်ကာလအတွင်းမှာ...

ဒေါ်သက်ထားရည် ကွယ်လွန်သည်။

မိသန်း သေဆုံးသည်။

ဒေါ်စိုးသိန်းတို့ ကျူးကျော်ရပ်ကွက်လည်း ဖျက်ရသည်။ သမက် ကိုစိန်အေးနှင့်လည်း တခြားစီဖြစ်သွားပြီး ဒေါ်စိုးသိန်း တစ်ယောက် ဘယ်ရောက်လို့ရောက်မှန်းမသိ၊ သေလားရှင်လားပင် မသိရဘဲ ဇာတ်မြုပ်သွားခဲ့ပြီ။

ချမ်းမြေ့ ထောင်က လွတ်လာသည်။

သူ ပြန်ရောက်လာတော့ မိစမ်းတို့ မိသားစု နေထိုင်ရာ ရပ်ကွက်လေးပင် ပျောက်ဆုံးသွားချေပြီ။

အင်းယားမြိုင် အိမ်သို့လည်း ချမ်းမြေ့ ပြန်မသွားဖြစ်တော့ပါ။ သူ့ကို ရာသက်ပန် စွန့်လွှတ်ထား၍ သူမသွားချင်၊ မသွားရဲ။

အဆိုးဆုံးက ဒေါ်မျက်ချယ်နှင့်ချမ်းမြေ့တို့ မချိတ်ဆက်၊ မဆက်သွယ်မိကြခြင်းပင်။

ဤသို့ဖြင့် အသီးသီးသော ဇာတ်ဆောင်များသည် အသွယ်သွယ်သော ဘဝလမ်းများကို ဖြတ်သန်းကြရင်း တစ်ဦးနှင့်တစ်ဦး ဆက်စပ်ပတ်သက် ကြုံဆုံခြင်းမရှိကြပါဘဲနှင့် ကာလများစွာကို လွန်မြောက်ခဲ့ကြပြီးသည့်နောက်မှာ......

✿ ✿ ✿

## အပိုင်း ၅

## စန္ဒကူးဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com

စန္ဒကူးသည် အခြားသော သစ်ပင်များနှင့် လုံး၀ မတူဘဲ ထူးကဲစွာ သင်းမြမွှေးကြိုင်သောရနံ့ရှိသည့် အပင်တစ်မျိုးဖြစ်သည်။

အိန္ဒိယတောင်ပိုင်းနှင့် အရှေ့အိန္ဒိယကျွန်းစုများ၌ အများအပြား ပေါက်ရောက်သည်။ အိန္ဒိယနိုင်ငံ၌ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူစဉ်က အလောင်းတော်ကို စန္ဒကူးနံ့သာ သစ်သားများဖြင့် မီးရှို့ပူဇော်သည်ဟု ကျမ်းဂန်များ၌ တွေ့ရသည်။

စန္ဒကူးပင်သည် ဖိလိပိုင်ကျွန်းစုနှင့် ဩစတြေးလိယားနိုင်ငံများမှ ထွက်ရှိပြီး တန်ဖိုးကြီးသော သစ်မွှေးတစ်မျိုးဖြစ်သည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးပေါက်ရောက်သော်လည်း အပင်များ သိပ်မကြီးထွားပေ။ နိုင်ငံခြားပို့ကုန်အဖြစ် ရောင်းချလောက်အောင်လည်း မထွက်ရှိပေ။ ထွက်ရှိသော နိုင်ငံများမှ စန္ဒကူးသားများကို ချမ်းသာသူတို့က အိမ်ဆောက်ရာတွင် ထည့်ဆောက်ကြသည်။ ရုပ်တုများ၊ သေတ္တာများ၊ တောင်ဝှေး၊ ယပ်တောင်၊ အမွှေးတိုင်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုကြသည်။

စန္ဒကူးမှာ အနီ၊ အဝါ နှစ်မျိုးရှိပြီး ဟိန္ဒူဆေးကျမ်းများ၏ အလိုအရ ဖန်သောအရသာရှိ၍ ခွန်အားကိုဖြစ်စေတတ်သည်ဟု ဆို၏။

စန္ဒကူးပင်ကို ခုတ်လှဲပြီး ပင်စည်နှင့်အကိုင်းတို့ကို ခြောက် ကြာရှည်စွာထားကြ၏။ အကာကုန်အောင်သာ 'ခြ' စားသော်လည်း အနှစ်ကို ခြကောင်များ မစားနိုင်ပေ။ ကျန်ရှိသော စန္ဒကူးအနှစ်

www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်မွေးမြကြိုင်လှိုင်သော ရနံ့ကို ပေးစွမ်းသည့်အတွက် လိုရာကို ထုဆစ်အသုံးပြုနိုင်သည်။ 'ဂေါသီတစန္ဒကူး'၏ အနှစ်သည် အလွန် အေးမြ၍ ကြွက်ကြွက်ဆူနေသော ဆီပူအိုးထဲသို့ ထည့်လိုက်လျှင် ဆီပူသည်ပင် ငြိမ်းသေပြီး အေးမြမှုကို ရရှိသည်ဟု ဆိုပါ၏။

ပုဂံခေတ်တွင်လည်း စန္ဒကူးကို အထွတ်အမြတ်နေရာများတွင် သုံးစွဲကြဟန်ရှိသည်။ ပုဂံခေတ် ကျောက်စာများ၌ စန္ဒကူးကို 'တန်စိကူ'ဟု ရေးထိုးထားကြောင်း တွေ့ရှိရသည်။ ဤသို့ ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာနှင့် ယနေ့ခေတ် သုံးစွဲမှုများကို ခြုံငုံသုံးသပ်ရပါလျှင်...

စန္ဒကူးသည် အလွန်မွေးမြကြိုင်လှိုင်သော ရနံ့ရှိပြီး အလွန်အေးမြငြိမ်းချမ်းသော အနှစ်သာရရှိသည်ဟူသော အဓိပ္ပာယ်ကို ဆောင်ကျဉ်းပါသဖြင့် စန္ဒကူးဆိုသည်မှာ......

✿ ✿ ✿

## အခန်းတစ်

ရန်ကုန်ဆေးရုံကြီး၏ အခန်းအမှတ် ၇ နှင့် ၈ တွင် တာဝန်ကျနေသော အလုပ်သင်ဆရာဝန်မလေး 'ဒေါက်တာစန္ဒကူး'သည် တာဝန်ချိန်ပြီးဆုံးပြီမို့ လက်ကို သေသေချာချာဆေးပြီးမှ နားကျပ်နှင့် ပရက်ရှာကပ်(Pressure Cuff)ကို အိတ်ထဲထည့်၊ ဂျူတီကုတ် (Duty Coat) ဖြူလွလွလေးကို ခေါက်သိမ်းပြီး ဘီဒိုထဲထည့်၊ ထမင်းဘူးကို အိတ်ထဲထည့်ပြီး ပြန်ရန်ပြင်နေစဉ်မှာပင် ဟန်းဖုန်း(Hand Phone)မှ တီးလုံးသံလေးထွက်လာ၍ ဖွင့်ကြည့်လိုက်ချိန်မှာ...

"ထားသစ္စာပဲ၊ အင်း...ပြော"

"ရယ်ဒီ(Ready)လား သူငယ်ချင်း"

"အင်း...အဆင်သင့်ပဲ"

"ဒါဆို သွားကြမလား"

"ရတယ်လေ၊ ပန်သစ္စာရော ပြီးပြီလား"

"အောက်တောင်ဆင်းသွားပြီ"

စန္ဒကူးလည်း ဝဒ်ပိုင်ဆရာကို ရိုကျိုးစွာ နှုတ်ဆက်၊ ဆရာမတွေကို လက်ပြပြီး ဆေးရုံကြီး၏လှေကားထစ်များအတိုင်း ဆင်းသက်ခဲ့သည်။

စန္ဒကူး မောင်းနေကျ အိမ်မှ ဆန်နီရှုပါဆလွန်း ကားဖြူလေးက လိုင်စင် တစ်ရက် ဝင်ရမည်။ ဆီစာအုပ်ကိစ္စ တစ်ခုကြောင့် ခနိုတော သွားရမည်။ ကားပိုင်ရှင်များ နှစ်စဉ်နှစ်တိုင်း ကြုံရလေ့ရှိသော ဒုက္ခမို့ သည်နှစ်ရက် စန္ဒကူးမှာ ကားမရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်အကူအညီတောင်းထားသဖြင့် သူငယ်ချင်း ထားသစ္စာနှင့် ပန်သစ္စာ ညီအစ်မနှစ်ယောက်က စန္ဒကူးကို လိုက်ပို့မည်။

ထားသစ္စာက ပန်သစ္စာထက် တစ်နှစ်ခွဲကြီး၍ တစ်တန်းကြီးသော်လည်း စက်ကဲန်းအမ်ဘီ(2ndM.B.)မှာ တစ်နှစ်ကျ၍ ညီမပန်သစ္စာနှင့် အတန်းတူ ဖြစ်သွားသည်။ ခုတော့ သူငယ်ချင်း သုံးယောက်လုံး ခက်ခဲပင်ပန်းလှစွာသော ဆေးပညာနှင့် ခွဲစိတ်ပညာ နောက်ဆုံးနှစ် စာမေးပွဲများ အောင်မြင်ခဲ့ကြပါပြီ။ အလုပ်သင် ဆရာဝန် တစ်နှစ်ပြီးလျှင် ဆရာဝန်ဘွဲ့ရကြပေတော့မည်။ ပန်သစ္စာနှင့် စန္ဒကူးတို့က တစ်နှစ်မှ မကျ။ တစ်ခါမှ ဆပ်ပလီမထိ။ တစ်ဘာသာမှ ကျလို့ ပြန်ဖြေရတယ် မရှိဘဲ တန်းစဉ် ကျော်ဖြတ်လာနိုင်ကြသော စာတော်သည့် ဆေးကျောင်းသူများ ဖြစ်ကြသည်။

ပန်သစ္စာက စန္ဒကူးကို စောင့်နေသည်။ ထားသစ္စာက ကားဆီသို့ ပြေးနှင့်၏။ နှစ်ယောက်တွဲပြီး ဆေးရုံကြီးရှေ့မှ ကားရပ်ထားရာ နေရာသို့ ဣန္ဒြေရရလျှောက်လာပြီးမှ ကားအနီး ရောက်သည်နှင့် အသင့်ဖွင့်ထားသော နောက်ခန်းတံခါးဆီသို့…

'ဟေး'ခနဲ အော်ကာ ညီအစ်မနှစ်ယောက်လုံး ကားထဲ ဝင်ထိုင်လိုက်ပြီး ကားတံခါး၏ ခလုတ်ကို နှိပ်ချလိုက်သည်။ အပြင်ကဖွင့်မရ၍မရ။

ဟိုဘက်အခြမ်းမှ 'ထားသစ္စာ'ကလည်း တံခါး၏သော့ချထားပြီးသား။

"ဖွင့်ကြလေ"

"နောက်မှာ နေရာမရှိဘူး၊ ရှေ့မှာထိုင်"



"မညစ်ပတ်နဲ့နော်၊ နောက်မှာ သုံးယောက်ထိုင်လို့ ရရဲ့သားနဲ့"

ထိုစဉ် ကားတံခါးကို 'ညီသစ္စာ'က ဖွင့်ပေးရင်း…

"ရှေ့ခန်းမှာပဲ ထိုင်လိုက်ပါ စန္ဒကူး"

သူတို့ထက် လေးနှစ်ကျော်ငါးနှစ်လောက်ကြီးသော အင်ဂျင်နီယာ ဘွဲ့ရ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင် 'ညီသစ္စာ'က ထားနှင့်ပန်တို့၏ အစ်ကိုအရင်း…။

ခုနစ်မိုင်ခွဲ ပြည်လမ်း သစ္စာဂေဟာတွင် နေထိုင်ကြသော မောင်နှမသုံးယောက်မှာ အင်ဂျင်နီယာက ညီသစ္စာ၊ ယခု စန္ဒကူးနှင့်အတူ ဟောက်စ်ဆင်းနေသော ထားသစ္စာနှင့် ပန်သစ္စာတို့က ဆရာဝန်မလေးတွေ။ မိဘကလည်း ချမ်းသာကြ၏။

"ထိုင်လေ"

သူတို့မောင်နှမအကြောင်း ရုတ်တရက် စဉ်းစားရင်း တုန့်ဆိုင်းသလို ဖြစ်နေဆဲမှာ "ထိုင်လေ"ဆိုသော စကားက အမိန့်ပေးသလို ဖြစ်နေ၍ စန္ဒကူး မငြင်းသာဘဲ ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ရ၏။

ညီသစ္စာက ခပ်တည်တည်၊ စန္ဒကူးက စိုးစိုးရွံ့ရွံ့ ဖြစ်နေချိန်မှာ နောက်က ငလောင် ညီအစ်မက တခွိခွိ ရယ်ရင်း ကားနောက်ခန်းမှာ ဟားတိုက်လာကြသည်။

"ဆာတယ် အစ်ကိုညီရာ၊ တစ်ခုခု စားရအောင်"

"ပြောလေ၊ ဘယ်ဆိုင်သွားကြမလဲ"

"အို…မဟုတ်ဘူး၊ ကူး ထမင်းစားခဲ့ပြီးပြီ၊ အိမ်မှာ မေမေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကလည်း မျှော်နေတော့မှာ၊ အိမ်ပဲပြန်ရပါစေတော့”

“မရဘူး၊ တို့ကားပေါ်ရောက်ရင် တို့ပိုင်တယ်၊ အစ်ကိုညီ ရေ...၊ ရွှေရှမ်းကန့်သွားမယ်၊ ဗျူး(View)လည်းကောင်းတယ်”

သည်သို့ဖြင့် ကိုညီသစ္စာ မောင်းနှင်လာသော ‘၃၈’ နံပါတ် ရွှေရောင် တိုယိုတာ မာ့ခ်တူး ကားကြီးမှာ အင်းယားလမ်းမှ အင်းယားကန်ကို ရှုကြည့်ရင်း စားသောက်နိုင်သော ရွှေရှမ်းကန် စားသောက်ဆိုင် ရှိရာသို့ ဦးတည်မောင်းနှင်လာတော့သည်။

အပေါ်ထပ်တက် နေရာယူပြီးသည်နှင့် မီနူး(Menu)စာရွက် ကတ်လေး လာချသည်နှင့် ကိုညီသစ္စာက စန္ဒကူးဘက်သို့ တွန်း ရွှေ့ကာ...

“စန္ဒကူး ကြိုက်တာမှာပါ”

“ရပါတယ်၊ ဘာပဲဖြစ်ဖြစ်...”

“လုပ်မနေနဲ့ ကူး၊ ဈေးကြီးတာတွေမှာ၊ အစ်ကိုညီ တစ် နေ့က စာချုပ်တစ်ခုရလို့ အပြတ်ထောနေတာ”

“ကူးကတော့ ဗယ်ဂျီတေဘယ်လ်(Vegetable) ပါရင် ရ ပါပြီ”

“ဒါဖြင့် ကျောက်ပွင့်ဖြူသုတ် ဒီမှာကောင်းတယ်၊ ဆလပ်ဒ် (Slad)လည်း မှာပါ၊ ပြီးတော့ရော”

“ရပြီ”

“နင်တို့ ဘာစားကြမလဲ”

“ဘဲကောင်လုံးပေါင်း၊ ကြက်ကောက်ညှင်း၊ ပြီးတော့...”

“တွေ့လား စန္ဒကူး၊ အစ်ကိုကို စီးပွားပျက်အောင် လုပ်



နေတာ”

“ဆိတ်ကောင်လုံး၊ ဝက်ကောင်လုံး မှာလို့ရရင်တောင် မှာ ချင်တာ”

“ဆင်ကောင်လုံးလေးရော မစားချင်ဘူးလား”

သူတို့ မောင်နှမတစ်တွေ ကျီစယ်နေပုံကိုကြည့်ပြီး စန္ဒကူးပါ ကြည်နူးလာမိပါသည်။

“ပန်ပန်ရေ၊ ကဏန်းနဲ့ပုစွန် မှာဦးလေ”

ထားသစ္စာကိုကြည့်ပြီး ကိုညီသစ္စာက...

“ဈေးကြီးတယ်ဟ”

“တမင် ဈေးကြီးတာတွေ ရွေးမှာနေတာ၊ ဩော်...ရေညှိ သုတ်လည်း တစ်ပွဲမှာ၊ စန္ဒကူးရော မှာဦးလေဟာ”

“တော်ပါပြီ၊ သူများစီးပွားပျက်အောင် မလုပ်ချင်ပါ...”

“အမယ်...လာတယ်ရှင့်”

“တကယ်ပြောတာ၊ အသီးအရွက်ပဲ စားချင်တယ်”

“ဒါကြောင့် စန္ဒကူး အသားသိပ်မှုန့်နေတာ ထင်ပါရဲ့”

ကိုညီသစ္စာ စကားကြောင့် ထားက ဇက်ပုပြပြီး၊ ပန်က ရေမသီးပါဘဲနှင့် ရေခွက်ကိုင်ရင်း သူ့ရင်ဘတ်ကို ပုတ်ကာ...

“အဟမ်း...အဟမ်း”

သူ့နှမနှစ်ယောက်၏ လောင်မှုကြောင့် ညီသစ္စာပင် ငြိမ် သွားရသည်။

ထားသစ္စာက...

“တကယ်ပြောတာ၊ စန္ဒကူး အသားလေးက သိပ်လှတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဝင်းအိနေတာ၊ ရွှေမှုန်စားပြီး မွေးထားတယ်ဆိုတာ ဒါမျိုး ထင်ပါရဲ့နော်”

“မထားကလည်း အသားပဲ ချီးကျူးနေ”

“ဟဲ့...အရိုးက ချီးကျူးလို့မှ မရတာ ပန်ရဲ့”

တည်သွားသော ကိုညီသစ္စာပင် ပြုံးလာသည်။ ပန်သစ္စာက...

“မဟုတ်ဘူးလေ၊ အသားအရေတင် လှတာမှမဟုတ်ဘဲ၊ မျက်နှာကိုလည်းကြည့်ဦး၊ အပြစ်ပြောစရာ ဘယ်နေရာမှမရှိ”

“ဟုတ်တယ်၊ စန္ဒကူးလှပုံက ဆံပင်ထူထူနက်နက်ကလေးတွေက,အစ လှတာ”

“ဒါကြောင့် ဆေးတက္ကသိုလ် ဝင်ခွင့်ရလာတဲ့ ဖရက်ရှာ(Fresher)တွေထဲမှာ ကွင်း(Queen)အလှဘုရင်မဘွဲ့ ရခဲ့တာပေါ့”

“ဟာ...တော်ကြပါတော့၊ ဘယ်နှယ့် ကူးကို ဒီလောက်တောင် ချီးကျူးနေကြတာလဲ၊ ဒီပွဲက ကူး ကျွေးတာ မဟုတ်ဘူးလေ”

“အစ်ကိုညီကျွေးတာလည်း တူတူပဲပေါ့ ကူးရယ်”

ပန်သစ္စာက အသံကိုတစ်မျိုး အနိမ့်အမြင့်လုပ်ပြီး ပြောပြန်သည်။

“ဟဲ့...ပန်၊ တွိုင်းလက်(Toilet) သွားချင်တယ်ဆို”

“အင်း...”

ဆတ်ဆိုထပြီး ပြိုင်တူထွက်သွားကြသည်။ တကယ်မဟုတ်၊ တမင်လုပ်နေကြောင်း ကျန်ခဲ့သူနှစ်ယောက်လုံးက သိကြပါသည်။

“ကိုယ့်ညီမတွေက စကားပြောစေချင်လို့ တမင်ထားခဲ့မှတော့ ကိုယ် ပြောပါရစေတော့ စန္ဒကူး”



စန္ဒကူး အအေးခွက်ကလေးကို ကြည့်နေရသည်။

“ကိုယ် လွန်ခဲ့တဲ့နှစ်နှစ်က စန္ဒကူးကို ပရိုပို့စ်(Propose) လုပ်ဖူးတယ်လေ၊ မှတ်မိလား”

“ဟုတ်ကဲ့”

“အဲဒီတုန်းက စန္ဒကူး ပြောခဲ့တယ်၊ ကျောင်းစာကလွဲပြီး ဘာမှမစဉ်းစားချင်သေးဘူးတဲ့နော်”

“ဟုတ်ပါတယ်”

“အခု ကျောင်းပြီးသွားလို့ အလုပ်သင် ဆရာဝန်တောင် ဖြစ်နေပြီ၊ စာမေးပွဲတွေလည်း ကျော်လွန်လာခဲ့ပြီ၊ ဒါကြောင့် စန္ဒကူးကို သိပ်ချစ်၊ သိပ်မျှော်လင့်ပြီး စောင့်နေခဲ့တဲ့ ကိုယ့်ကို အဖြေပေးပါတော့နော်၊ ပေးမယ့်အဖြေကလည်း ကိုယ် ဝမ်းနည်းစရာ မဖြစ်ပါရစေနဲ့ ကူးလေးရယ်”

ယောကျ်ားတို့၏ အချစ်သည် လှပမှုကို တပ်မက်မောရာမှ ဖြစ်ထွန်းလာလေ့ရှိတတ်ကြသည်မို့...

စန္ဒကူး၏ အလှကို စွဲလန်းတပ်မက်စွာ မကြည့်ရ မနေနိုင်လောက်အောင် ဖြစ်နေကြသူတွေ ရှိသည်။ တန်းတန်းစွဲ အချစ်များဖြင့် အသည်းအသန် အလိုက်ခံခဲ့ရဖူးသည်။ ချစ်ခွင့်ပန်သူ၊ လက်ထပ်ပါရစေဟု ချဉ်းကပ်သူများစွာနှင့် ကြုံခဲ့ရဖူး၍ စန္ဒကူး သိပ်တော့ရှက်ရွံ့လှုပ်ရှားမှုမဖြစ်ပါ။

“တစ်ထိုင်တည်းတော့ ဘယ်လိုမှပြောလို့မရနိုင်တဲ့ နက်ရှိုင်းမှု ကိစ္စကြီးပါ”

“ကိုယ် နားလည်ပါတယ်၊ စန္ဒကူးရဲ့ဘဝအတွက် လက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖော် ရွေးချယ်သင့်တဲ့အချိန် ရောက်ပြီလို့ ထင်တဲ့အချိန်အထိ ကိုယ် စောင့်နိုင်ပါတယ်"

"တစ်ခုတော့ ရှိတယ်"

"ပြောပါ စန္ဒကူး"

"စန္ဒကူးဘဝမှာ ကျေးရှူးဆပ်စရာ ကျေးရှူးရှင်တွေ ရှိနေပါတယ်"

"ဘယ်လိုနည်းနဲ့ ဆပ်ချင်တာလဲ"

"ကူး-တတ်ထားတဲ့ ဆေးပညာနဲ့ ရှာဖွေလို့ရတဲ့ ငွေကြေးတွေနဲ့ ကျေးရှူးဆပ်ချင်တာပါ"

"ကောင်းတာပေါ့"

"အဲဒါကလည်း ကူးမှာ အနှောင်အဖွဲ့မရှိသေးခင်မှ ကိုယ်ပေးချင်သလို၊ ကိုယ်ပြုစုချင်သလို ပေးနိုင်၊ ပြုစုနိုင်မှာလေ"

"လက်ထပ်ခြင်းဟာ အိမ်ရဲ့ထောင်တစ်ခုထဲကို ဝင်ရောက်ပြီး အချုပ်အနှောင်ခံရတော့မယ် ဆိုတဲ့ ရှေးရိုး အယူအဆတွေ မရှိသင့်တော့ပါဘူး စန္ဒကူး၊ ကိုယ့်လက်တွဲဖော်က ကိုယ့်အပေါ် နားလည်ပေးဖို့သာ လိုပါတယ်၊ ကိုယ်နဲ့လက်ထပ်ပြီးရင် စန္ဒကူး ရှာဖွေနိုင်တဲ့ ငွေကြေးကို ယူသုံးမယ့်လူမျိုးမှ ကိုယ်က မဟုတ်တာလေ"

"ကျေးရှူးတင်ပါတယ် အစ်ကိုညီ၊ ကူး ဘွဲ့ယူပြီး အလုပ်အကိုင် အတည်တကျ ဖြစ်ပြီးတဲ့အခါမှာ မေမေကြီးရဲ့ ဆန္ဒကို ခံယူပါရစေဦး"

"ဒါဆိုရင် ကူးရဲ့မေမေကြီးဆိုသူက မကန့်ကွက်ပါစေနဲ့လို့ ကိုယ် ဆုတောင်းနေရမှာပေါ့"



"အစ်ကိုညီတို့လို အရာခပ်သိမ်း ပြည့်စုံနေတဲ့ လူမျိုးကို ကန့်ကွက်မယ်တော့ မထင်ပါဘူး၊ ဒါပေမယ့် မေမေကြီးအနားမှာ နေပြီး မေမေကြီးကို ကူးက ပြုစုပေးသင့်ပါသေးတယ်"

"ဒါ သားအမိတိုင်း လုပ်သင့်တဲ့၊ လုပ်ချင်ကြတဲ့ ဆန္ဒပါ၊ အထူးသဖြင့်တော့ မိန်းကလေးတွေပေါ့လေ၊ ဒါပေမယ့် အဲဒီလို မိန်းကလေးမျိုးဆိုတာလည်း ချစ်သူမတွေ့သေးခင်သာပါကွာ"

"ဒါဆို အချစ်က အရာခပ်သိမ်းကို သိမ်းပိုက်နိုင်တယ်ပေါ့"

"ဒါပေါ့၊ ကိုယ်လည်း အသိမ်းပိုက်ခံချင်လှပြီ"

"ဒါပေမယ့် ဘဝတစ်ခုလုံးနဲ့ အသည်းနှလုံးထဲက ချစ်ခြင်းတွေ အားလုံးကို တစ်သက်တာ သိမ်းပိုက်ခံရမှာက မိန်းမတွေပါ အစ်ကိုညီ၊ မိန်းမဆိုတာ အချစ်နဲ့ပတ်သက်ရင် မိုက်မဲတတ်ကြတယ်လေ"

"ကိုယ့်ချစ်သူကတော့ မမိုက်မဲတဲ့အပြင် လိမ္မာလွန်းလို့ ကိုက်နေရတာပါ"

နှစ်ယောက်လုံး ကြည်ကြည်နူးနူးပြုံးလိုက်ကြချိန်မှာ ဟင်းပွဲလည်း စုံပြီ၊ ဟိုမိန်းမနှစ်ယောက်လည်း 'လောင်စဉ်'အသစ်တွေ ထယ်ပိုးရင်း ပြုံးဖြီးဖြီးနှင့် ပြန်လည်ရောက်ရှိလာကြပြီမို့ စကားကို ခဏ စားသောက်မှုကို စတင်လိုက်ရပြီ။

အင်းယားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေညင်းက အေးငြိမ်းမှုအပေါင်းကို ဆောင်ကျဉ်းလာခဲ့ချေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်းနှစ်

ဘောက်ထော် ပြည်တော်သာရိပ်သာ အတွင်းရှိ ထုထည်
ကောင်းလှသော ရှေးနှစ်ထပ်တိုက် ခံ့ခံ့ထည်ထည်၏ ဆင်ဝင်
အောက်မှာ တိုယိုတာ မာ့ခ်တူးကားသစ်ကြီးက လျှောခနဲ ထိုးရပ်
လိုက်သည်။

Out House ဟု ခေါ်သော တိုက်ကြီးနှင့် မလှမ်းမကမ်းတွင်
လည်း နှစ်ထပ်တိုက်ငယ် တစ်လုံး ရှိသည်။ အောက်ထပ်တွင်
ကားနှစ်စီးထားနိုင်သော ဂိုဒေါင်နှင့် အပေါ်ထပ်တွင် မိုခိုမိသားစု
တစ်စု ရှိကြသည်။

ကားရပ်သည်နှင့် စန္ဒကူးမှာ တိုက်ငယ်လေး၏ အပေါ်
ထပ်သို့ လှမ်းကြည့်လိုက်မိသည်။ ကားရှေ့ခန်းတွင် ကိုညီသစ္စာနှင့်
အတူတွဲထိုင်လာသော စန္ဒကူးကို အားငယ်စိုးရိမ်သော မျက်ဝန်း
ညိုလေးများဖြင့် လှမ်းကြည့်နေသော စန္ဒကူး၏ ချစ်လှစွာသော
မောင်လေး အေးငြိမ်းညို။

တစ်ချက်ကြည့်ပြီး ကားထဲမှ ထွက်နေဆဲ စန္ဒကူးသို့ ညီ
သစ္စာက ...

"ကိုယ် အထဲဝင်ပြီး လူကြီးတွေကိုနှုတ်ဆက်ဖို့ လိုဦးမလား
ကူး ..."

"ရပါတယ်၊ မေမေကြီးက အပေါ်ထပ်မှာဆိုတော့ နောက်
မှပဲ နှုတ်ဆက်ပါတော့နော်"

"ကိုယ်နဲ့ တစ်ခါမှမဆုံဖူးသေးတဲ့ မေမေကြီးကို နှုတ်ဆက်
ဖို့ တစ်ခေါက်လောက် လာခွင့်ပြုပါဦးနော်"

"အင်းလေ ... ကြုံကြဦးမှာပေါ့"

"ဝင်ခွင့်မပေးဘူးဆိုလည်း ကိုယ် ပြန်ပါတော့မယ်"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ မေမေကြီးကို ကြိုပြောမထား
တော့ အိပ်ချင်အိပ်နေမယ်၊ ပုတီးစိတ်ချင် စိတ်နေမှာမို့ပါ"

"ကိုယ် နားလည်ပါတယ်၊ ကူးလေးကို စချင်တဲ့စိတ် သက်
သက်ကြောင့်ပါကွာ"

"ပို့ပေးတာ ကျေးဇူးပဲနော်"

"ရတယ်၊ ဟိုသရဲမနှစ်ကောင်ကို ဘာမှာလိုက်ဦးမလဲ"

"လုပ်ကွက်တွေကို မကျေနပ်ဘူးလို့ ပြောလိုက်ပါ"

အိမ်နဲ့နီးနေပြီ ဆိုပြီး ခုနစ်မိုင်ခွဲခြံမှာ တမင် ဆင်းကျန်
ရစ်ခဲ့သော ထားနှင့်ပန်ပန်ကို အမှာစကား ပြောအပြီးမှာ ကိုညီ
သစ္စာက ....

"ဒီတစ်ခါတော့ ကိုယ့်နှမနှစ်ကောင်ကို ကိုယ် တအား
ကျေးဇူးတင်သွားပြီကွာ"

စန္ဒကူးက မျက်နှာလေးရှုံ့ပြလိုက်သည်ကို ကိုညီသစ္စာက
ကျေနပ်ကြည်နူးလွန်းစွာ ပြုံးပြီး လက်တစ်ဖက်နှင့် လက်ပြ နှုတ်
ဆက်ကာ ကားကို ခြံတွင်းထဲမှ ညင်သာစွာ မောင်းနှင်ထွက်ခွာ
သွားတော့သည်။

"မမကူး ပြန်လာတာ နောက်ကျတယ်နော်"

"အေး ... သူငယ်ချင်းတွေနဲ့ ညစာ ဝင်စားနေလို့ အညို၊
ဒီနေ့ မေမေကြီး ဘာခိုင်းသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြက်ကြေးအိုးတစ်ပွဲ ဝယ်ခိုင်းတယ်"

"နောက်ရော"

"ဘာမှမခိုင်းပါဘူး၊ အပေါ်မှာ မစိန်ရှိတယ်လေ"

"မစိန်ရှိတာ မမကူး သိတာပေါ့၊ မေမေကြီး အပြင်က အစာတွေ ဘာဝယ်ခိုင်းသေးလဲလို့ပါ"

"ကြက်ကြေးအိုးပါပဲ၊ ပေးလေ အိတ်၊ အညို သယ်ခဲ့မယ်"

"နေပစေ၊ ဘာမှမပါဘူး"

"နက်ဖြန်ဆိုရင် မမကူးကားနဲ့ သွားလို့ရပြီလားဟင်"

"မရသေးဘူး၊ နက်ဖြန်တစ်ရက် ခာတ်ဆီစာအုပ် လုပ်ရဦးမယ်"

"ဒါဖြင့် ခုနအစ်ကို ကားနဲ့ပဲ ပြန်ရဦးမှာပေါ့နော်"

မနက်က အညိုနှင့်အတူ လမ်းထိပ်မှ တက္ကစီကားတစ်စီး ငှားသွား၍ နက်ဖြန်လည်း သည်လိုသွား၍ သည်လိုပဲပြန်လာမှာလား ဟူ၍ အညို စိုးရိမ်နေပုံရသည်။

ကားကိစ္စကို မေမေကြီး၏ တူတစ်ယောက်က ဆောင်ရွက်ပေးပါ၏။ မေမေကြီးက မှတ်ပုံတင် ပေးလိုက်ရုံသာ။

"အဆင်ပြေသလိုပဲပေါ့၊ သူ အားရင်အား၊ မအားရင်လည်း သူငယ်ချင်းတစ်ယောက်ယောက်ရဲ့ ကား၊ ဒါမှမဟုတ် တက္ကစီနဲ့ ပြန်ခဲ့ရုံပေါ့၊ ဘာဖြစ်လို့လဲ"

"မ…မဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး"

အညို့ကို တစ်ချက်ပြုံးပြပြီး အပေါ်ထပ်သို့ တက်ခဲ့ရသည်။ ဘာမှမဖြစ်ပါဘူး ဆိုသော်လည်း သူ့ရင်ထဲမှာ ဘာတွေဖြစ်နေသည် ဆိုသည်ကို သူ့ထက် နှစ်နှစ်ကျော်မျှကြီးသော စန္ဒကူး သိပါ၏။



အညိုဆိုသော မောင်အေးငြိမ်းညိုဆိုသည့် ကောင်လေးကို စန္ဒကူး သည်အိမ်ရောက်လာသည့် နေ့မှာပင် စတင်ဆုံတွေ့ခွင့် ရခဲ့သည်။

အမြဲတမ်း စိုးရွံ့ အားငယ်နေတတ်သော ဝေဒနာသည် ကောင်လေးကို မောင်လေးတစ်ယောက်ကဲ့သို့ စန္ဒကူး တွယ်တာ သံယောဇဉ် ဖြစ်ခဲ့ပြီးသားပါ။

ခုနောက်ပိုင်း အသက်နှစ်ဆယ်ကျွန်းလာစ အရွယ်မှာ အညို့ မျက်ဝန်းတွေ အရောင်ပြောင်းလာကြောင်း စန္ဒကူး သတိထားမိသည်။ ဆေးတက္ကသိုလ် ခုနစ်နှစ်တာကာလမှာ ယောကျ်ားလေး သူငယ်ချင်းပေါင်း များစွာ၏ အရောင်ပြောင်းလာလေ့ရှိသော မျက်ဝန်းမျိုးစုံကို စန္ဒကူး ကြုံဆုံခဲ့ရဖူးပေါင်း များပြီမို့၊ အညို၏ မျက်ဝန်းမှတစ်ဆင့် သူ့နှလုံးသားတွင်းမှာ ရေးထွင်း ကမ္ပည်းတင်ထားပြီးဖြစ်သော စာကြောင်းများကို စန္ဒကူး ဖတ်တတ်ခဲ့ပါပြီ။

မောင်အေးငြိမ်းညိုဆိုသော ကောင်လေးမှာ မေမေကြီး၏ တူတစ်ဝမ်းကွဲမှမွေးသော သား ဖြစ်သည်။ မောင်အေးငြိမ်းညိုခေါ် အညိုနှင့် စန္ဒကူးတို့သည် ငယ်စဉ်က အတူစား၊ အတူကစားခွင့် ရခဲ့ကြသည့် စန္ဒကူး၏ ပထမဦးဆုံးသော သူငယ်ချင်း၊ အရင်းနှီးဆုံးသော မောင်လေးပါ။

စန္ဒကူးက ကျွန်းလှေကားထစ်ကြီးများအတိုင်း ပေါ့ပါးဖျတ်လတ်စွာ ပြေးတက်သွားပြီး…

www.burmeseclassic.com

www.burmeseclassic.com



"မမကြီးရေ...သမီး ပြန်လာပြီ"

"မြင်ပါတော်၊ လိုက်ပို့တာ ဘယ်သူတုံး"

"သမီးသူငယ်ချင်း ထားသစ္စာနဲ့ ပန်သစ္စာလေ၊ မမကြီး သိပါတယ်"

"သိတာပေါ့၊ လသာ–၂ ကျောင်းမှာတည်းက သူငယ်ချင်းတွေပဲ၊ ပန်သစ္စာနဲ့တူတူ ဆယ်တန်းအောင်တာလေ၊ ထားသစ္စာက တစ်နှစ်စောတယ်"

"ကူးရဲ့မမကြီးက သမိုင်းကြောင်းတောင်လှန်နေပြီပဲ၊ အဲဒါ သူတို့ညီအစ်မရဲ့ တစ်ဦးတည်းသော အစ်ကို ကိုညီသစ္စာတဲ့"

"သူကရော ဆရာဝန်ပဲလား"

"မဟုတ်ဘူး၊ အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်တဲ့၊ ထောတယ် သိလား"

"ငါ့သမီးကိုကြိုက်တဲ့လူတွေထဲမှာ သူရော ပါလား"

"ပါပါ့ရှင်၊ ခုပဲ ရည်းစားစကား ပြောလွှတ်လိုက်တယ်"

"တယ်...ဒီကလေးက..."

"အဟုတ်ပြောတာ၊ သမီးက ဘာပြန်ပြောလိုက်လဲ သိလား မမကြီး"

"ပြောစမ်း"

"မမကြီးကို ကျေးဇူးဆပ်ချင်သေးတယ်၊ လုပ်ကျွေးချင်သေးတယ်လို့"

မမကြီး **'ဒေါ်ဦးမေ'**က စန္ဒကူးကို လှမ်းဖက်လိုက်သည်။ စန္ဒကူးကလည်း တင်းကျပ်စွာ ပြန်လည် ဖက်တွယ်ထားဆဲမှာ



ဒေါ်ဦးမေက...

"မမကြီးလည်း အသက်ခုနစ်ဆယ် ပြည့်ပြီးသွားပြီ၊ မမကြီးကို သမီးက ဘာရှာကျွေးဖို့လိုလဲ၊ မမကြီးက ချမ်းသာတာပဲ၊ မမကြီးမှာ လုပ်ဆောင်စရာတစ်ခု ကျန်နေသေးသလိုပဲ၊ အဲဒါပြီးမှ အသေဖြောင့်မယ် ထင်ပါရဲ့"

"ဟာ...မမကြီးကလည်း..."

"တကယ်ပြောတာ၊ သမီးကို တင့်တင့်တယ်တယ် အိမ်ထောင်ချပေးခဲ့ချင်တယ်"

"သမီးကိုယ်တိုင်တောင် မစဉ်းစားချင်သေးတဲ့ ကိစ္စပါ မမကြီးရာ"

"ဒါပေမယ့် အချိန်အရွယ်ရောက်ပြီလေကွယ်၊ ပညာလည်း စုံပြီပဲ"

"ကဲကဲ...ယောကျ်ားပေးစားချင်တာတွေ နောက်မှပြော၊ လာ သွေးချိန်မယ်၊ ဒီနေ့ ဘာတွေစားလဲ မှန်မှန်ပြော၊ ဆရာဝန်ကို မညာရဘူးနော်"

ဒေါ်ဦးမေမှာ ကြည်နူးနှစ်ခြိုက်စွာ ရယ်မောရင်း သူ့ဆွဲခေါ်လာသည့် ခုတင်ပေါ်မှာ ပက်လက်အိပ်ပေးလိုက်ရသည်။

"သူချစ်မြတ်နိုးစွာ မွေးစားခဲ့သည့် ဤကောင်မလေးသည် ဆရာဝန် အတတ်ပညာကို တတ်ကျွမ်းကာ သူ့ကို ပြန်လည်ပြုစု ဆေးကုသပေးနိုင်သည့်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်းမှာ ဒေါ်ဦးမေ အတွက် ဘယ်လောက်များ ဝမ်းသာဂုဏ်ယူစရာ ကောင်းလိုက်တဲ့ အဖြစ်လဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဦးမေသည် နားကျပ်ကလေး နားမှာတပ်ပြီး သူ့ရင်ခုန်သံကို နားထောင်ပေးနေသော ချောမောလှပလွန်းသည့် စန္ဒကူးလေးကို ပီတိဝေသော အကြည့်များဖြင့် ကြည်ကြည်နူးနူးငေးကြည့်နေမိ၏။

✿ ✿ ✿

"မာမီ့သားတော့ ရောဂါတက်နေပြီ"

"ဘာရောဂါလဲ"

"လူပျိုကြီးတက်တဲ့ရောဂါ ဘာရောဂါရှိဦးမလဲ"

"ဟဲ့...တကယ်လား၊ မာမီ့သား ရည်းစားရပြီလား"

"သူ့ဘက်ကတော့ကျိန်းသေနေပြီ၊ ဟိုဘက်ကသာ အဖြေမရသေးတာ"

"ငါ့သားကို လိုချင်တဲ့ သမီးရှင်တွေမှ တစ်ပုံကြီး"

"သမီးရှင်တွေမှ တစ်ပုံကြီး ဟုတ်ချင်ဟုတ်မယ်၊ သမီးတွေကတော့ တစ်ယောက်မှလက်မခံကြဘူး မဟုတ်လား"

"စကားအကောင်းပြောနေတာ နောက်စရာ မဟုတ်ဘူး၊ နေစမ်းပါဦး၊ အခု သားကြီး ကြိုက်နေတာက ဘယ်သူလဲ၊ ဘယ်သူ့ သားသမီးလဲ"

"သမီးတို့ သူငယ်ချင်း ဆရာဝန်မ၊ သိပ်လှတယ်"



"ဒါဆိုရင်ကို တစ်ဝက်သဘောတူနေပြီ၊ ဘယ်သူ့သားသမီးလဲ ပြောကြစမ်းပါဦး"

"သူ့မှာ အဖေရော အမေရော မရှိတော့ဘူး၊ အဘွားနဲ့နေရတာ၊ သူ့မေမေကြီးက တအားချမ်းသာတာ၊ ဘောက်ထော်ထဲမှာ တိုက်ကြီးမှဟည်းလို့"

"တခြား ညီအစ်ကိုမောင်နှမတွေရော"

"မရှိဘူး၊ စန္ဒကူးတစ်ယောက်တည်း"

"ဒါဆိုရင် အဲဒီ စန္ဒကူးပဲ အမွေတွေ တစ်ယောက်တည်းရမှာလား"

"မာမီတို့ကတော့ ရတနာကုန်သည်ပီပီ မှန်ဘီလူးနဲ့ကြည့်ပါပြီ"

"ဟဲ့...ကြည့်ရမှာပေါ့၊ မိန်းမဘက်ကလည်း ချမ်းသာဖို့လိုသေးတာပဲ၊ အိမ်ထောင်တစ်ခုမှာ ယောကျ်ားတစ်ယောက်တည်းရှန်းကန်နေရင် လွယ်မလား၊ မာမီတို့ကြည့်ပါလား၊ မာမီ့ဘက်က အမွေပါလာတော့ သားသမီးလက်ထက်အထိ ချမ်းချမ်းသာသာနေရတာပေါ့"

"ကဲပါ...ချွေးမလောင်းအကြောင်းကနေ မာမီရဲ့ ကြွားလုံးတွေ ထုတ်တဲ့ဆီ ရောက်သွားပြီ"

"ချွေးမလေးတွေ၊ ပြောစမ်းပါဦး ချွေးမလောင်းအကြောင်း"

"စန္ဒကူးကို မာမီ သိပါတယ်၊ ပန်ပန်နဲ့ လာသာ-၂ ကနေဆယ်တန်းတူတူအောင်ပြီး တူတူ အမ်(မ်)ဘီဝမ်း ရောက်ကြတာ"

"ဪ...မှတ်မိပြီ၊ ဖြူဖြူချောချောလေး၊ မာမီ လိမ်းမတော်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်း လာလာကြိုနေတုန်းက ရှုပါဆလွန်း အဖြူလေ
မောင်းမောင်းပြီးပြန်တဲ့ ကောင်မလေး မဟုတ်လား"

"တွေ့လား၊ ပန့်မာမိတို့က မှတ်မိပြန်တော့လည်း တစ်လုံ
မကျန်ပါလား"

"ဟဲ့...သားကြီးက တကယ်ကြိုက်လို့လား"

"စန္ဒကူးကသာ လက်ခံလိုက်ရင် မာမီ့သား အိမ်တောင်
ပြန်လာတော့မှာ မဟုတ်ဘူး"

"ဒီခေတ်က ဆပ်ဆလူးတွေ သိပ်များတယ်၊ ယောက်ျား
လေးကို စကြိုက်ရမှာလည်း ဝန်မလေးကြဘူး၊ သားကြီးကို ပညာ
မတတ် ပစ္စည်းမရှိတဲ့ အလည်မတွေနဲ့ တွေ့သွားမှာ သိပ်စိုးရိမ်နေ
တာ၊ ခုလို သူဌေးမကြီးမြေး ဆရာဝန်မလေးဆိုတော့ အမြန်ဆုံး
နီးစပ်အောင် လုပ်ကြလေ"

"ဒါ သမီးတို့ကိစ္စလား မာမိရဲ့၊ ကိုယ်တိုင်ကြိုးစားရမယ့်
ကိစ္စကြီးလေ၊ မာမ့်သားကို မာမိ ပြောပေါ့"

"ဟဲ့...သားကြီးရဲ့၊ လာစမ်းပါဦး၊ မင်းညီမတွေ ပြောနေ
တာတွေ မာမိနဲ့ဆွေးနွေးရအောင်"

"သား အကုန်ကြားပြီးပြီ၊ ဟိုက သူ့အဘွားကို ပြုစုချင်
သေးတယ်တဲ့"

"သူဌေးမကြီးဆို၊ ပြုစုမယ့်လူဆိုတာ ငွားရင်ရတာပဲ"

"သူတို့မြေးအဘွားက သိပ်ချစ်ကြပုံရတယ်"

"မိဘတွေဆုံးတော့ မြေးလေးကို အချစ်ပိုရမှာပေါ့"

"အင်း..အဲဒါတော့ မသိဘူး"



"သူ့အဘွားက ဘယ်သူတဲ့လဲ"

"ဒေါ်ဦးမေတဲ့၊ အရင်ခေတ်က ဆီစက်တွေ ပိုင်တာပဲ"

"အင်း...ဒေါ်ဦးမေဆီစက်ဆိုတာ ကြားဖူးသလိုပဲ၊ ဒီလို
လုပ်ကွာ"

သားသမီး သုံးယောက်က အစစအရာရာ ဖျတ်လတ်စွာ
ဖန်တီးတတ်သော သူတို့မာမီ၏ အစီအစဉ်ကို စောင့်မျှော်နေကြ
သည်။

"သားက ကောင်မလေးကို ပိုင်အောင်လုပ်၊ မာမိက သူ့
အဘွားနဲ့ သွားစကားပြောမယ်"

"ကျွန်တော်တို့ချင်း သဘောတူညီမှု မရသေးဘဲနဲ့ မာမိ
သွားမပြောနဲ့ဦးနော်၊ 'လူကြီးချင်းသဘောတူလို့' ဆိုတဲ့ ခေတ်
ကုန်ပြီ၊ စန္ဒကူးကိုယ်တိုင် လက်ခံတာပဲ သားလိုချင်တယ်"

"အေး...ကောင်းပြီ"

သစ္စာဂေဟာမှ သစ္စာမောင်နှမများ၏ မာမိ 'ဒေါ်ရွှေဘိ
ခင်မြဝင်း'သည် သူ့နည်းသူ့လမ်းဖြင့် ဒေါ်ဦးမေတို့မြေးအဘွားနှင့်
နီးစပ်အောင်၊ ရင်းနှီးအောင် ကြိုးစားတော့မည်ဆိုသည့် အကြောင်း
ကိုဖြင့် သားနှင့်သမီးများအား ပြောပြဖို့ အချိန်မတိုင်သေးဟု သူ
ဆုံးဖြတ်လိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၆

## ဒေါ်ဖျတ်ချယ်၏စေတနာ = ဒုက္ခများစွာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မျက်ချယ်သည် တိုက်ကြီး၏အပေါ်ထပ် လသာဆောင်မှတစ်ဆင့် အပြင်ဘက်သို့ ငေးကြည့်နေသည်။

လူ့လောကကြီး၏ ခါးသီးဖွယ် အတွေ့အကြုံများနှင့် လူသား ဖြစ်ရခြင်း၏ ဒုက္ခအပေါင်းကို သုံးသပ်မိရင်း စိတ်ဓာတ်တွေကျဆင်းနေသည်။ လျှောက်ခဲ့ရသော အတိတ်လမ်းကို ညှိုးနွမ်းစွာဖြင့် တွေးနေမိသည်။

"ငါ့အဖြစ်က ငါ့အချစ်ရဆုံး သူငယ်ချင်း သက်ထားရည်နဲ့စာရင် မဆိုးလှသေးပါဘူးလေ"ဟူ၍ ကိုယ့်စိတ်ကို ကိုယ်နှစ်သိမ့်နေရသော်လည်း အသက်ကြီးလာလေ လောကကြီးမှာ နေပျော်ခြင်း မရှိလေပါပဲလားဟူ၍ တရားရသော်လည်း တရားအားထုတ်နိုင်ခြင်း မရှိသေးပါ။

"ပွင့်ဖြူ..."

သူငယ်ချင်းနှင့် သူငယ်ချင်း၏သား သံယောဇဉ်ကြောင့် ပွင့်ဖြူဆိုသော မိန်းကလေးကို မွေးစားခဲ့ပြီးသည့် နောက်ပိုင်းမှာ ဒေါ်မျက်ချယ် စိတ်၏အေးငြိမ်းခြင်းများ ပျောက်ကွယ်ဆုံးရှုံးခဲ့ရပြီ။

"ကိုယ့်ကြောင့်"

ဆိုသော စိတ်ဖြင့် မိမိ၏မိသားစုအပေါ်တွင် မိမိက အပြစ်ရှိသူ တစ်ယောက်လို ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျက်ချယ် တွက်ချက်လိုက်သည်က သူ ခေါ်ချိန်မှာ ပင် ကလေးက နှစ်နှစ်နီးပါးရှိပြီ။ မောင်ချမ်းမြေ့ကို နောက်ထပ် ဆောင့်ရလှ ခြောက်နှစ် ခုနစ်နှစ်ပါပဲ၊ မောင်ချမ်းမြေ့ လွတ်လာလျှင် သူ့ဇနီး မိစမ်းလည်း ဆုံးပြီမို့ သားနှင့် ချစ်စရာအရွယ်မြေးလေးကို သူငယ်ချင်း သက်ထားရည် လက်မခံဘဲ နေနိုင်မည်မဟုတ်ပါ။

သူ့ကိုယ်စား သူ့မြေးအရင်းကို ခြောက်နှစ်၊ ခုနစ်နှစ်လုံးလုံး ဒေါ်မျက်ချယ်က ဒုက္ခခံပြီး မွေးစားထားခဲ့သည်ဟုသာ သူသိခွင့်ရလျှင် ဒေါ်သက်ထားရည် အမျက်များပြေကာ သားနှင့် မြေးနှင့် စည်းလုံး ပျော်ရွှင်ကြပါစေတော့ ဟူသော စေတနာကောင်းများဖြင့် ကြံစည်ဆောင်ရွက်ခဲ့သော်လည်း မျှော်လင့်ခြင်းများက တစ်ခုမှ ဖြစ်မြောက်မလာ။

ပွင့်ဖြူကို ခေါ်လာပြီး မကြာခင်မှာပင် ဦးအောင်မွန်က ဖုန်းဆက်လာသည်။

"သက်ထား မေ့လဲသွားလို့ ဆေးရုံတင်လိုက်ရတယ်၊ မမျက်ချယ် လာခဲ့ပါဦး"

ဆိုသော သတင်းကြောင့် ဆေးရုံသို့ အပြေးအလွှား လာခဲ့ရသည်။ သက်ထားရည်၏ ရောဂါက နှလုံးရောဂါတဲ့။ စိတ်လှုပ်ရှားစရာတွေနဲ့ ကြုံတွေ့လို့မရဘူး။ နောက်တစ်ကြိမ် ခုလို အတက်(က)ရလိုက်ရင် သွားပြီတဲ့။

ချစ်သူငယ်ချင်း၏ အခြေအနေက ခပ်ယဲ့ယဲ့သာမို့ ပွင့်ဖြူ အကြောင်း မပြောရဲသေးပါ။

ဦးအောင်မွန်ကဖြင့် တရားရိပ်သာဝင်လေ့ရှိသော တရားရှင်



...ို့ သိပ်ပြီး စိတ်လှုပ်ရှားခြင်း မရှိလှ။

ဦးအောင်မွန်ကို ဖွင့်ပြောရျဖြစ်သော်လည်း ဒီကလေး တစ်ယောက်ကို အသက်ငါးဆယ်ကျော်နေသောအဘိုးကြီးတစ်ယောက်က ဘယ်လိုလုပ် ကျွေးမွေးပြုစုနိုင်ပါ့မလဲ။

ဒေါ်သက်ထားရည် ဆေးရုံမှဆင်းပြီးနောက်ပိုင်း ပုံမှန်ပြန် ရောက်လာချိန်မှာတွင် လေးနှစ်ရွယ်ရှိနေပြီဖြစ်သော ပွင့်ဖြူကိုခေါ်ပြီး ဒေါ်သက်ထားရည်တို့အိမ်သို့ ဒေါ်မျက်ချယ်သွားရောက်ခဲ့သည်။

"သွေးက စကားပြောသည်"

ဆိုသော အဖြစ်နဲ့များ ကြုံမလား။ ဒေါ်သက်ထားရည်နှင့် ဦးအောင်မွန်တို့ စိတ်ထဲမှာ ကလေးကို မြင်မြင်ချင်း ချစ်ခင်သနား ကြင်နာစိတ်များ ဝင်ရောက်ပြီး ကလေးအကြောင်း မေးခဲ့လျှင် အဖြစ်မှန်ကို ပြောပြမည်ဟူ၍ မျှော်လင့်စွာ ရောက်ရှိလာခဲ့ပြီး...

"သမီးလေး ပွင့်ဖြူ၊ ဘိုးဘိုးကြီးနဲ့ဘွားဘွားကြီးကို ကန် တော့လိုက်"

"ဟင်အင်း"

"ဟဲ့...ဦးတော်လုပ်လိုက်လေ"

"မလုပ်ချင်ဘူး"

"ကြည့်စမ်း...ပေကတ်ကတ်နဲ့"

ဒေါ်မျက်ချယ် နည်းနည်းဒေါသထွက်လာချိန်မှာ ဒေါ်သက် ထားရည်က...

"ဒါ...မောင်မျိုးကလေးလား"

ဒေါ်မျက်ချယ်၏ အငယ်ဆုံးသား 'မျိုးနန္ဒ'၏ ဇနီးက

www.burmeseclassic.com

www.burmeseclassic.com



အသားမည်း၍ ဒေါ်သက်ထားရည်က မှန်းပြီး မေးနေသဖြင့် ဒေါ်မျက်ချယ် ခေါင်းညိတ်လိုက်ရသည်။

ပွင့်ဖြူကို ဘီစကစ်တစ်ချပ် ပေးထားပြီး သူငယ်ချင်း နှစ်ယောက်က ညော့ခန်းနှင့် ဒီဗိုက်ဒါဆိုသော အလှဆင် သစ်သားကွက်များ ခြားထားသည့်နောက်မှ ထမင်းစားစားပွဲတွင် ထိုင်၍ စကားပြောနေကြသည်။

အိမ်ဖော်တစ်ယောက်၊ ခြံထဲမှာ ခြံစောင့်ဦးရှိန်နှင့် ခြံရှင်းသစ်ပင်စိုက်ဖို့ ကောင်လေးတစ်ယောက်သာ ရှိ၏။ သားသမီး၊ မြေးများစွာရှိသော ဒေါ်မျက်ချယ်တို့ အိမ်ကဲ့သို့ သိုက်သိုက်ဝန်းဝန်း စိုစိုပြေပြေမရှိ။ တိတ်ဆိတ်ခြောက်သွေ့လွန်းလှသည်။

"လောကကြီးမှာ ဆက်ပြီး နေချင်စိတ်လည်း မရှိတော့ပါဘူး သူငယ်ချင်းရယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ နေချင်လို့လည်း မရ၊ သေချင်လို့လည်း ရမှမရတာ၊ သူ့ကံအတိုင်း၊ သူ့သီလအတိုင်းပဲလေ၊ သူငယ်ချင်းလည်း သိသားနဲ့"

"ကိုအောင်မွန်ကလည်း တရားချရှာပါတယ်၊ သူတောင်တရားရိပ်သာ သွားချင်ရှာတာ၊ ကိုယ့်ကြောင့်..."

"အေးလေ...အိုမင်းလာတဲ့အခါမှာ တစ်ယောက်ကို တစ်ယောက် ဖေးဖေးမမ ကူညီနိုင်ကြတာ ငယ်လင်ငယ်မယားဆိုတဲ့ တန်ဖိုးပဲပေါ့ သက်ထားရယ်၊ ကိုအောင်မွန်ကို ကျေးဇူးတင်ပါတယ်"

"ကိုဥက္ကာရော"



"ထုံးစံအတိုင်းပါပဲ"

ထုံးစံအတိုင်းဆိုတာက ဒေါ်မျက်ချယ်၏ခင်ပွန်း ဦးဥက္ကာသည် အပျော်မယားများနှင့် ပျော်ပါးတတ်သည်ကို ရည်ညွှန်းလိုက်ခြင်း ဖြစ်သည်။

ထိုစဉ်...

**"ရွှမ်း"**

ဆိုသောအသံကြောင့် ဒေါ်မျက်ချယ် အလန့်တကြား ထမေး လိုက်ရသည်။

"အမယ်လေး...ဒုက္ခပါပဲ"

ညော့ခန်း ဆိုဖာဆက်တီအလယ်မှ ထုထည်မသေးလှသော မှန်သားစားပွဲပေါ်တွင် တင်ထားသော ပန်းအိုးကို ပွင့်ဖြူက မ,ယူ၍ ဆောင့်ချလိုက်သဖြင့် ပန်းအိုးလည်း အစိတ်စိတ် အမွှာမွှာ ကွဲ၊ မှန်စားပွဲကြီးလည်း ကန့်လန့်ဖြတ် အက်ကြောင်းအကြီးကြီး ထင်သွား၍...

"ပွင့်ဖြူရယ်...နင် ငါ့ကို ဒုက္ခပေးလှချည်လား"

အိမ်ဖော်မလေး ပြေးထွက်လာပြီး မှန်စများကောက်ရသည်။

"သူငယ်ချင်းမြေးက သန္ဓေဆိုးပုံရတယ်နော်"

"ကိုယ့်မြေး မဟုတ်ဘူး၊ မင်းမြေး...မင်းမြေး"ဟုပင် ထ၍ အော်လိုက်ချင်ပါပြီ။

"ဒီမှန်စားပွဲ လာယူခိုင်းလိုက်မယ်၊ ကိုယ် အသစ်လဲပေးပါမယ်"

"မဟုတ်တာ၊ မတော်တဆပဲဟာ"

"မတော်တဆ မဟုတ်ဘူးလေ၊ တမင် လုပ်ထည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ မတွေ့ဘူးလား"

"အင်း…ကလေးက ဉာဉ်ဆိုးပုံရတယ်နော်၊ ပေတေတေ ကတ်တတ်တတ်နဲ့"

"ဒီကလေးအကြောင်း မပြောပါနဲ့တော့ သက်ထားရယ်၊ နက်ဖြန် စားပွဲအသစ် လဲပေးပါမယ်"

"တော်စမ်းပါ၊ ဘာပစ္စည်းမှ အသစ်မလိုချင်တော့ဘူး၊ ရှိ ဘာတွေတောင်မှ ဘာမှမမက်မောတော့ပါဘူး မျက်ချယ်ရယ်" သ

"အင်း…"

"သားကြီးကိုတောင် စွန့်လွှတ်လိုက်ရပြီးမှတော့ အိမ်ထောင် ပစ္စည်း မပြောနဲ့ စိန်ရွှေရတနာတွေတောင် ကိုယ် မမက်မောတော့ ပါဘူး"

"ခုနေ ချမ်းမြေ့ ပြန်လာချင်တယ် ဆိုရင်ရော လက်ခံ မလား"

"ဒီအကြောင်း ကိုယ် မတွေးတော့ဘူး၊ သူ့ကို စွန့်လွှတ် သလို၊ သူကလည်း ကိုယ်တို့ကို ပြန်စွန့်လွှတ်လိုက်ပြီလေ၊ လုံးဝ အဆက်အသွယ်မှ မလုပ်တော့တာ၊ တော်ပါတော့၊ ကိုယ် ဒီ အကြောင်း ပြောရင် ရင်နာလွန်းလို့ပါ"

"အေးပါ…ကဲ…တော်တော်၊ ကိုယ်ယူလာတဲ့ ဆင်းဒဝစ် လေး စားလိုက်ပါဦး"

သူငယ်ချင်းနှစ်ယောက် စားသောက်ပြီး နှုတ်ဆက်၍ ပြန် ခဲ့ရသည်။ ပွင့်ဖြူအတွက်ထားရသော အိမ်ဖော်ကို တမင်မခေါ်ခဲ့ဘဲ အသွားနှင့်မြေးတို့ နီးစပ်ကြပါစေဟု ဆိုကာမှ ဒုက္ခပေးလာခဲ့သည့်



ပွင့်ဖြူ…။

ထိုသို့သော အဖြစ်အပျက်များက ပွင့်ဖြူ ရောက်လာပြီးချိန်မှ စ၍ အကြိမ်ပေါင်းများစွာပင်။

ဒေါ်မျက်ချယ်သည် ပွင့်ဖြူကိုသာမက အရာခပ်သိမ်းကိုပါ စိတ်ကုန်နေလေသည်။

ခင်ပွန်း ဦးဥက္ကာကလည်း မယားငယ်များ တစ်ယောက်ပြီး တစ်ယောက် ယူသူမို့ ကြာတော့ သူ့နှလုံးသားမှပင် ခံစားနိုင်စွမ်း မရှိတော့လောက်အောင် ထုံပေနေလေပြီ။

ကလေးမရသော သမီးကြီးနှင့် သမက်က စင်္ကာပူနိုင်ငံမှ တစ်ဆင့် အမေရိကန်သို့ ဝင်ခွင့်ရသွားပြီ။ ဒုတိယသမီးက သူ့ ခင်ပွန်း ဆရာဝန် တာဝန်ကျရာ အောင်ပန်းမြို့သို့ ကလေး နှစ် ယောက်နှင့်အတူ ပြောင်းရွှေ့သွားကြပြီ။

သားငယ် မျိုးနန္ဒကသာ အိမ်မှာအတူနေသည်။

ချွေးမကလည်း အချိုးမပြေ။ သူတို့ သားလေးကလည်း အထိန်းအကွပ်မဲ့စွာ လက်လက်စင်အောင် ဆော့၏။

ဒါတွေက ကိစ္စမရှိ။ ဒေါ်မျက်ချယ် ခံနိုင်ရည်ရှိပါ၏။

ပွင့်ဖြူကို ခေါ်ယူမွေးစားမိသည်က မိမိဘဝ၏ မဟာအမှား ကြီးကို ကျူးလွန်မိပြီဖြစ်ကြောင်း ဒေါ်မျက်ချယ် နောင်တရ၍ မဆုံးနိုင်ခဲ့ပါ။

ပွင့်ဖြူ ကိုးနှစ်ကျော်အရွယ်တွင် ချမ်းမြေ့ လွှတ်လိုက် ပြီဟု ယူဆကာ ဒေါ်မျက်ချယ် ကြိုးစားကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ချမ်းမြေ့

သက်ထား ကျန်းမာရေးဆိုးဝါးနေသည်။
မိစမ်းကလေးလည်း အန်တီခေါ်ထားသည်။
အန်တီနှင့် အမြန်ဆုံးဆက်သွယ်ပါ။

ဒေါ်မျက်ချယ်

ဟူ၍ သတင်းစာနှစ်စောင်လုံးမှာ ကြော်ငြာထည့်ခဲ့သော်လည်း ချမ်းမြေ့ထံမှ ဘာအဆက်အသွယ်မှမရ။

"ထောင်ထဲမှာပဲ သေသွားပြီလား"

ဟူသော နောက်ဆုံး ကောက်ချက်ဖြင့် နှစ်ပေါင်းများစွာ လွန်မြောက်ခဲ့ရပါပြီ။ ဦးအောင်မွန်တို့လည်း ထိုကြော်ငြာကို တွေ့ကောင်းတွေ့မည်။ သို့သော် မည်သို့မှ မဆွေးနွေးခဲ့ပါ။

ပွင့်ဖြူ အသက်နှစ်ဆယ်ကျော်လာသည့်တိုင်အောင် ဆယ်တန်းအောင်ခြင်း မရှိသေးပါ။

ကျောင်းကောင်း၊ ကျူရှင်ကောင်းများမှာ ထားနိုင်၍သာ ဆယ်တန်းအထိ ရောက်လာခဲ့သည်။

ဆယ်တန်းကိုဖြင့် ပွင့်ဖြူမကျော်နိုင်။

သုံးကြိမ်သုံးခါ ဖြေဆိုပြီးနောက် သူကိုယ်တိုင် လက်မြှောက်အရှုံးပေးလိုက်သဖြင့် ပညာရေးမှာ ရပ်ဆိုင်းသွားခဲ့ရသည်။

ဉာဏ်က ထိုင်းလွန်းသဖြင့် ကွန်ပျူတာ(Computer)သင်လို့လည်း မတတ်။ နောက်ဆုံး စက်ချုပ်သင်တန်းကိုပင် ဖြောင့်အောင် မတတ်ပါ။



ပွင့်ဖြူကို တစ်ခု ကျေးဇူးတင်ရမှာက ခုချိန်ထိ ရည်းစားထားခြင်း၊ ရှုပ်ပွေခြင်းဖြင့် မရှိသေးရာ။

ဘယ်သူကမေးမေး မွေးစားတဲ့ကလေးဟု အမှန်အတိုင်းပြောထား၍များ ပွင့်ဖြူကို စိတ်ဝင်စားသူ မရှိလေရော့သလား။

ခုချိန်မှာဖြင့် ပွင့်ဖြူသည် လူပိုကြီးတစ်ယောက်အဖြစ်နှင့် ဒေါ်မျက်ချယ်ကို စိတ်ဒုက္ခတစ်မျိုးမဟုတ်တစ်မျိုး ပေးနေဆဲပါ။

ယခင် ဝင်ဒါမီယာ(သံလွင်)လမ်းပေါ်မှ တိုက်ကြီးထဲမှာ ဦးဥက္ကာက အိမ်ထောင်ဦးစီးအမည် ခံထားသော်လည်း ထာဝရမနေ။

ကုမ္ပဏီမှာ အလုပ်လုပ်သော သားငယ်နှင့် အပိုးမကျိုးသော ချွေးမတို့၏သား ခပ်ထောင်ထောင် မြေးလေးတစ်ယောက်...။

ပွင့်ဖြူနှင့် ဒေါ်မျက်ချယ်၊ အိမ်ဖော်နှစ်ယောက်၊ ဒရိုင်ဘာတစ်ယောက်တို့ဖြင့် ဖွဲ့စည်းထားသော တိုက်ကြီးပေါ်မှာ ဒေါ်မျက်ချယ် နေပျော်ခြင်း မရှိပါပေ။

အိမ်သားများသော်လည်း ရင်းနှီးနွေးထွေးခြင်း မရှိသော ဒေါ်မျက်ချယ်နှင့် ခင်ပွန်းမှလွဲလျှင် မိသားစုမရှိသော ဒေါ်သက်ထားရည်၏ သွေ့ခြောက်သော ဘဝတို့မှာလည်း တစ်ယောက်တစ်မျိုးစီ မကောင်းကြခြင်းပါပင်။

ဘယ်အိမ်ထောင်စုမှာမှ ပြီးပြည့်စုံခြင်း မရှိနိုင်ပါ။

အထူးသဖြင့် ဒေါ်မျက်ချယ်တို့လို၊ ဒေါ်သက်ထားရည်တို့လို အိမ်ထောင် ထိန်းသိမ်းရသော မိန်းမသားများက ပို၍ပင်ဒုက္ခအဝဝကို သိမ်းကြုံးခံစားရပါလားဟူ၍ ဒေါ်မျက်ချယ် သံဝေဂ

www.burmeseclassic.com

www.burmeseclassic.com



တရား ရနေမိသည်။

ပွင့်ဖြူ ဆယ်နှစ်သမီး အရွယ်လောက်မှာပင် ဒေါ်မျက်ချယ်၏ ချစ်လှစွာသော ငယ်သူငယ်ချင်း ဒေါ်သက်ထားရည် ကွယ်လွန်ခဲ့သည်။ နာရေးကြော်ငြာမှာ ချမ်းမြေ့နာမည်ပင်မပါ။ ဦးအောင်မွန်သည်လည်း တိုက်နှင့်ခြံကြီးကိုပိတ်၍ ရိပ်သာ၌ပင် အနေများသည်။

ဒေါ်မျက်ချယ်မှာ လသာဆောင်မှနေ၍ အပြင်သို့ ငေးကြည့်ရင်း ဖြတ်သန်းလာခဲ့ရသည့် နှစ်ပေါင်းနှစ်ဆယ်ကျော် ကာလကို ပြန်တွေးကြည့်နေမိသည်။

ယခုလို အိုမင်းလာချိန်မှာ ပွင့်ဖြူကိုသာမက ခင်ပွန်းနှင့် သားသမီး အပါအဝင် လူဖြစ်နေရသော လောကကြီးကိုပါ ဒေါ်မျက်ချယ် စိတ်ကုန်နေပါပြီ။

အသိဉာဏ်ကြွယ်၍ အဆင့်မြင့်သော မိသားစုမှ ဆင်းသက်လာခဲ့သော ဘွဲ့ရ ပညာတတ် ဒေါ်မျက်ချယ်ကို…

အသိဉာဏ်မဲ့၍ မိုက်မဲသော မစိုးသိန်းလိုမိန်းမက လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလက လှည့်ကွက်လုပ်ပြီး ပွင့်ဖြူကို ထိုးအပ်လိုက်သည့် အဖြစ်မှန်ကို…

ဒေါ်မျက်ချယ် ဘဝဆုံးသည့်တိုင်အောင် သိခွင့်မှ ရနိုင်ပါတော့မလား။

✿ ✿ ✿

အပိုင်း ၇

## စဘူတူးနှင့်အေးငြိမ်းညိုတို့၏ ဘဝ အစ စာမျက်နှာများ

www.burmeseclassic.com

www.burmeseclassic.com

## "မဦးမေဆီစက်"

ဟူ၍ မိဘများ လက်ထက်ကပင် နာမည်ကြီးခဲ့သော စီးပွားရေး လုပ်ငန်းရှင် မိဘနှစ်ပါး၏ တစ်ဦးတည်းသောသမီး မဦးမေ...။

သူတို့ကဲ့သို့ ချမ်းသာသော သူဌေးသားနှင့် ပေးစားခဲ့၍ စည်းစိမ်ဥစ္စာက ပိုလို့တိုးခဲ့ရသည်။ ကျောင်းဆောက်ခြင်း၊ သိမ်ဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း စသော အလှူဒါနများစွာလည်း ပြုနိုင်ခဲ့ပါ၏။

မိဘများ မကွယ်လွန်မီကပင် ဆီစက်များ ပြည်သူပိုင် အသိမ်းခံလိုက်ရသော်လည်း အခြေအနေမပျက် နေနိုင်ခဲ့ကြသည်။ ဒေါ်ဦးမေမှာ သမီးမိန်းကလေးတစ်ယောက် မွေးဖွားပြီး မီးတွင်းထဲမှာပင် သေဆုံးသွားခဲ့ရသည်။ နောက်ထပ်လည်း သားသမီးမရ။ အသက်ငါးဆယ်အရွယ်သာ ရှိသေးသော ခင်ပွန်းသည် 'ဦးလှကျော်' သေဆုံးသွားပြီးသည့်နောက်မှာလည်း စီးပွားရေးက ထိုးကျမသွားခဲ့ပါ။

မြို့လယ် မဟာဗန္ဓုလပန်းခြံလမ်း၊ အောက်ထပ်တွင် တိုက်ခန်းနှစ်ခန်းတွဲရှိ၍ ဟိုယခင်က ပရိဘောဂဆိုင် ဖွင့်ခဲ့သော်လည်း နောက်ပိုင်း နှစ်ခန်းငှားစားရုံဖြင့် ဒေါ်ဦးမေ၏အိမ်စရိတ်က မှလုံရုံမက ပိုလျှံသည့် သိန်းငါးရာခန့် ဘဏ်တွင် ထားနိုင်ခဲ့၍ ဘဏ်တိုးကပင် တစ်လ တစ်လ သိန်းချီရပြီး ထပ်ထပ်တိုးပွားနေသဖြင့် ဒေါ်ဦးမေတစ်ယောက်စာ ဘာအလုပ်မှ လုပ်စရာမလိုဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်စားနေနိုင်ပါ၏။ Tourကုမ္ပဏီတစ်ခုသို့လည်း တူဝမ်းကွဲ၏ အဆက်အသွယ်ဖြင့် ကားကြီးနှစ်စီး ဝယ်ပြီး သွင်းထားနိုင်ပါသေး သည်။

ထိုတူဝမ်းကွဲ ဦးမြင့်စိုးက Tourကုမ္ပဏီတစ်ခုတွင် အလုပ် လုပ်ပြီး ရိုးသားသည်။ သူ့ဇနီး 'ခင်သန်းမြင့်'ကလည်း အလိုက်သိ တတ်ရုံမက ချက်ရေးပြုတ်ရေး၊ အပြင်သွားဖို့ကိစ္စက,အစ အားကိုး ရသဖြင့် ခြံကြီးအတွင်းမှာ ဆောက်ထားသော Out House ခေါ် သည့် တိုက်ငယ်၏ အပေါ်ထပ်တွင် နေစေသည်။ အောက်ထပ်၌ ကားနှစ်စီးထားနိုင်သည့် ဂိုဒေါင် ရှိပါ၏။

ဦးမြင့်စိုးနှင့် ဒေါ်ခင်သန်းမြင့်တို့တွင် တစ်ဦးတည်းသော သားငယ်လေးတစ်ယောက် ရှိသည်။ မောင်အေးငြိမ်းညိုဟု ကျောင်း အမည် ပေးထားသော်လည်း အားလုံးက အညိုဟုသာ ခေါ်ကြ ပါ၏။

ဒေါ်ဦးမေ၏ တိုက်ကြီးအောက်ထပ်တွင် ညီမတစ်ဝမ်းကွဲ တော်သော 'ဒေါ်စုစု'နှင့် သမီး အပျိုကြီး 'အေးအေးနိုင်'တို့ နေ ထိုင်ကြသည်။ အမျိုးများထဲမှ ရိုးသား သစ္စာရှိကြသော ဦးမြင့်စိုးနှင့် ဒေါ်စုစုတို့ မိသားစုနှစ်စုကို ခေါ်တင်ထားပြီး ကြည့်ရှုစောင့်ရှောက် ရုံသာ ဖြစ်သည်။ နေထိုင်ဖို့ ပေးထားသည်။ အစားအသောက် တာဝန်မယူ။ ကိုယ့်ဟာကိုယ်ချက်စားကြ။

ဒေါ်ဦးမေ ပိုင်ဆိုင်သမျှ ဒေါ်ဦးမေ မရှိသည့် နောက်ပိုင်းမှာ သူတို့ ပိုင်ခွင့် မရှိစေရ။

**စန္ဒကူး**လေးကို မွေးစားထားသော်လည်း အမွေအားလုံး



ပေးအပ်ဖို့ ရည်ရွယ်ချက် မရှိသေး။

အသက်ခုနစ်ဆယ်အရွယ် ရှိလာပြီဖြစ်သည့်အတွက်...

"ငါသေရင်..."

ဆိုသည့် နောက်ပိုင်းကိစ္စများကို ဒေါ်ဦးမေ စဉ်းစားဆုံးဖြတ် ပြီး သတ်မှတ်ဖို့ အချိန်ရောက်လာပါပြီ။

စန္ဒကူးကို မွေးစားစဉ်က သည်လောက်အထိ အားကိုးဖို့ မရည်ရွယ်ခဲ့မိပါ။ ပြန်၍စဉ်းစားကြည့်လိုက်သည့်အခါမှာ...

အလှူအတန်း လုပ်လေ့ရှိသော ဒေါ်ဦးမေမှာ **'ဒေါ်ပုညဝတီ'** တည်ထောင်ထားသော **'မိဘမဲ့ ပရဟိတဂေဟာ'**မှ ကလေးများ အတွက် မကြာခဏ သွားရောက်ပြီး တစ်နေ့လုံးစာ ကျွေးမွေး လေ့ရှိပါ၏။

တစ်ခုသော တနင်္ဂနွေ၊ ဒေါ်ဦးမေ၏ မွေးနေ့တွင် သွား ရောက် လှူဒါန်းပြီး ထိုကျောင်းမှာပင် ဒေါ်ဦးမေ ထမင်းစားကာ အေးအေးဆေးဆေး ထိုင်နေချိန်မှာ ဒေါ်ပုညဝတီက...

"ကျောင်းအစ်မကြီးကို ဆရာလေးတစ်ခု ခွင့်ပန်ပါရစေ"

"ပြောပါ ဆရာလေး"

"ဟောဟိုထောင့်မှာ ဂါဝန်အပြာလေးနဲ့ထိုင်နေတဲ့ကလေးမ လေးဟာ ရုပ်ကလေးကလည်း ရုပ်သန့်လေး၊ ဘာခိုင်းခိုင်း သွက် သွက်လက်လက်လည်း ရှိတယ်၊ စာလည်း သိပ်တော်ပါတယ်၊ မူလတန်းအောင်ပြီးရင် ဒီမှာ ဆက်တက်စရာ မရှိတော့ဘူး၊ ဒါ ကြောင့် ကျောင်းအစ်မကြီး ခေါ်မွေးစားပြီး ကျောင်းထားပေးပါလို့ ခွင့်ပန်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဦးမေက ဆရာလေးပြသော 'စန္ဒကူး'ကိုကြည့်ပြီး...

"ဟုတ်ပါရဲ့၊ ရုပ်ကလေးက ရုပ်သန့်လေးပဲ၊ ဒီအရွယ်လေးနဲ့ မိဘမဲ့ ဖြစ်ရတယ်လို့ကွယ်၊ သနားစရာလေ၊ ခေါ်မယ် ဆရာလေး၊ ဒီကလေးကို မွေးစားပါ့မယ်၊ ကျောင်းကောင်းကောင်းမှာလည်း ထားပေးမယ်၊ တပည့်တော်အတွက်လည်း လက်တိုလက်တောင်း ခိုင်းဖို့ အဖော်လေးရတာပေါ့"

"ကောင်းပါပေ့ ကျောင်းအစ်မကြီးရယ်၊ ကလေးက စာတော်လွန်းလို့ ဆရာမတိုင်းက ချီးကျူးကြတယ်၊ အလားအလာရှိတဲ့ ကလေးလေးမို့လည်း အစ်မကြီးဆီ အပ်ဝံ့တာပါ"

"ဒါဆိုလည်း မူလတန်းအောင်ပြီးမှ လုပ်မနေနဲ့လေ၊ ခုပဲခေါ်သွားလိုက်တော့မယ်၊ သူ ဘယ်နှတန်းလဲ"

"သုံးတန်းရောက်ပါပြီ"

"ကောင်းပြီလေ၊ တစ်ခါတည်းပဲ ခေါ်သွားလိုက်တော့မယ်"

"ကောင်းပါလေ့ ကျောင်းအစ်မကြီးရယ်၊ သာဓု ခေါ်ပါတယ်"

မိဘမရှိတော့၍ မိဘမဲ့ကျောင်းသို့ပို့ခြင်းခံရသော ကလေးအကြောင်းကို ဒေါ်ဦးမေ ဘာမှမေးမနေတော့ပါ။

သည်သို့ဖြင့် စန္ဒကူးအမည်ရှိသော ဖြူဖွေးဝင်းအိနေသည့် ချစ်စရာ ကလေးမလေးမှာ ဒေါ်ဦးမေ၏အရိပ်အောက်သို့ အေးမြစွာ ဝင်ရောက်ခိုလှုံခွင့်ရခဲ့ခြင်း ဖြစ်ပေသည်။

ဤအိမ်သို့ စရောက်သည့်နေ့မှာပင် မောင်အေးငြိမ်းညိုနှင့် စန္ဒကူး စတင်တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။



"သူက ရှစ်နှစ်ဆိုတော့ သားလေးထက် နှစ်နှစ်ကြီးတာပေါ့နော် စန္ဒကူး၊ ဒါ မောင်လေးတော်တယ်လို့ မှတ်ထားနော်၊ ဒီမောင်လေးနာမည်က အေးငြိမ်းညို၊ အိမ်မှာတော့ အညိုလို့ပဲ ခေါ်ကြတယ်"

မိခင် ဒေါ်ခင်သန်းမြင့်က ကလေးနှစ်ယောက်ကို မိတ်ဆက်ပေးသဖြင့် စန္ဒကူးက သွက်လက်စွာပင်...

"မောင်လေးက ကျောင်းနေပြီလား"

"ပြောလိုက်လေ သားလေး"-

"နေပြီ"

"ဘယ်နှတန်းရောက်ပြီလဲ"

"တစ်တန်း"

အေးငြိမ်းညိုက ရှက်ရွံ့ဟန်ဖြင့် သူ့အမေ ဒေါ်ခင်သန်းမြင့်၏ ရင်ခွင်မှာ မျက်နှာတစ်ခြမ်းအပ်ပြီး အစ်မချောချောလှလှလေးကို မျက်လုံးလေးသာရွှေ့ပြီး ချောင်းကြည့်နေခဲ့သည်။

"မေမေကြီးခိုင်းတဲ့ အလုပ်တွေပြီးရင် မောင်လေးနဲ့မမတို့ ကစားကြမယ်နော်"

စန္ဒကူးက ကြောက်ကြောက်ရွံ့ရွံ့ ရှိမနေပါ။ သွက်သွက်လက်လက် ချက်ချက်ခြာခြာရှိသော ကလေးလေးမို့ ဒေါ်ဦးမေ၊ ဒေါ်စုစုတို့သားအမိနှင့် ဒေါ်ခင်သန်းမြင့်တို့မိသားစုကပါ ချစ်ခင်စွာ ကြည်ဖြူကြပါ၏။

စန္ဒကူးသည် မိဘများ သေဆုံးသွားကြပြီဆိုသည်ကို ယုံကြည်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ ဘယ်သို့စခဲ့သည်၊ သူ့မိဘများ မည်သို့ဆုံးသွားသည်၊ သူ့ကို မိဘမဲ့ဂေဟာသို့ ဘယ်သူက ပို့ခဲ့သည်၊ ဘာကြောင့်ပို့ခဲ့သည် ဆိုသည်များကို…

"စန္ဒကူး၊ ဘာမှမစဉ်းစားနဲ့၊ ဘယ်တော့မှ မစဉ်းစားနဲ့။ ဟိုဘက်ဘဝက ပြီးဆုံးခဲ့ပြီ၊ နှစ်နှစ်သမီးလောက်က ဆရာလေးဆီရောက်လာပြီး ဆရာလေး ပြုစုပျိုးထောင်ခဲ့တယ်၊ အခု ဒေါ်ဦးမေက ဆက်လက်ပြီး စန္ဒကူးကို တာဝန်ယူလိမ့်မယ်၊ လိမ်လိမ်မာမာနေနော်၊ စာကြိုးစား၊ ခိုင်းသမျှလုပ်ပေး၊ ဆရာလေး သင်လိုက်တဲ့ ဘုရားစာတွေ ရွတ်နော်၊ ဒေါ်ဦးမေကို ညတိုင်း ကန်တော့ပြီးအိပ်၊ ကြားလား"

ဆရာလေး၏ အမှာစကားများကို စန္ဒကူး နားထောင်ရုံမဟုတ်၊ ရင်ထဲအသည်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားပြီး…

"ကျေးဇူးရှင်တွေ ကျေနပ်အောင်နေမယ်၊ စာကြိုးစားမယ်၊ ရတနာသုံးပါး မမေ့ဘူး"

ဆိုသော ဆုံးဖြတ်ချက်များဖြင့် တစ်သက်လုံး နေလာခဲ့သော စန္ဒကူးပါ။

မိဘမဲ့ဂေဟာမှာနေစဉ်က ညစ်ပတ်ပေတူးနေသော ကလေးများ၊ ကြီးသူက ငယ်သူကို အနိုင်ကျင့်ခြင်းများ၊ ရိုက်ငင်ငိုကြွေးနေသော ကလေးများစွာတို့ ကြားမှာ စန္ဒကူး စိတ်ညစ်ညူးစွာနေခဲ့ရသလောက် ဒီအိမ်ကြီးရောက်လာချိန်မှာ အေးငြိမ်းချမ်းသာလိုက်တာ…။

ဟိုမှာလို ကလေးတွေအများကြီးနှင့် မနေရဘဲ အညိုဆိုသော



မောင်လေးတစ်ယောက်တည်းနှင့်သာ ကစားခွင့်ရသဖြင့် စန္ဒကူးပျော်ရွှင်ပါသည်။

"မမကူး ရော့…မမကူးဖို့"

"မမကူး စားပါ"

ဆိုသော စကားများဖြင့် မောင်အေးငြိမ်းညိုလေးက စန္ဒကူးကို ဦးစားပေးရှာသည်။

တစ်ဦးနှင့်တစ်ဦး ကလေးဘဝကပင် သံယောဇဉ်တွယ်ငြိလာခဲ့ကြသူနှစ်ဦးမို့ ကြီးလာချိန်မှာလည်း နီးနီးကပ်ကပ် နေခွင့်ရခဲ့သည်။

စန္ဒကူး ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရပြီး နှစ်နှစ်အကြာမှာ မောင်အေးငြိမ်းညို ဆယ်တန်းရောက်လာသည်။

"စန္ဒကူးရေ…မောင်လေးကို စာပြပေးပါဦးနော်"

ဟူသော ဒေါ်ခင်သန်းမြင့်၏ တောင်းဆိုချက်ကြောင့်…

"မေမေကြီး…အညို့ကို စာပြပေးရမလားဟင်"

"ပြပေးလိုက်ပါ၊ သမီးက ဆယ်ထန်းတုန်းက ဂုဏ်ထူးငါးဘာသာနဲ့တောင် အောင်ထားတာပဲလေ"

မေမေကြီးကပါ ကြည်ဖြူ ခွင့်ပြုလိုက်၍ ညစဉ်ညတိုင်း ကိုယ့်စာလည်း ကိုယ်ကျက်၊ အညိုလေးကိုလည်း စာပြရသည်မှာ ညဥ့်နက်သန်းခေါင်တိုင်အောင်ပါပင်။

မောင်အေးငြိမ်းညိုမှာ စန္ဒကူးလို စာတော်၍ ထက်မြက်သောကလေးတစ်ယောက် မဟုတ်သော်လည်း ဘာဂုဏ်ထူးမှမပါဘဲ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမကူး...မမကူးကြောင့် အညို အောင်ပြီဗျ"

"ဆယ်တန်းအောင်ပြီဗျ"

ဝမ်းသာအားရစိတ်နှင့် အညိုက ပြေးလာပြီး စန္ဒကူးကို တအားဖက်ထားလိုက်သည်။

အညိုက အသားယူချင်စိတ်နှင့်မဟုတ်။ အရွယ်ရောက်နေကြပြီဖြစ်သော အပျိုလေးနှင့် လူပျိုလေးတို့ ဒီလိုမနေသင့်ဟူ၍လည်း လုံးဝ မတွေးမိဘဲ...

ဝမ်းသာလွန်းစိတ်နှင့် လုပ်မိလုပ်ရာ လုပ်လိုက်မိခြင်းသာ ဖြစ်လေသည်။

"အညို...လွှတ်ကွာ၊ မမကူး သေတော့မယ်"

အားနှင့်ညှစ်ထားသဖြင့် တင်းကျပ်စွာ ရစ်ပတ်ထားသော သူ့လက်ကိုတွန်းရင်း ပြောလိုက်တော့မှ သတိရသွားသလို...

"ဟာ...ဆောရီး...ဆောရီး မမကူးရာ၊ ဘယ်နာသွားလဲ ဟင်"

သူ အလန့်တကြား တောင်းပန်ရှာသည်။

"ဟင်...ကြည့်ပါဦး၊ အညို ဖျစ်ညှစ်ထားတာ မမကူး လက်မောင်းလေးကို ရဲသွားပြီ၊ သိပ်နာသွားလားဟင်"

"မနာပါဘူး၊ မမကူးအသားကိုက နုလို့ ထိတာနဲ့ ဒဏ်ရာထင်တာပါ၊ ကဲ...လာ...လာထိုင်"

စန္ဒကူးက အနီးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သော်လည်း အောင်မြင်မိဒ္ဓာက သတိလက်လွတ်နေသူ တစ်ယောက်လို စန္ဒကူးကို စူးစူးကြီး စိုက်ကြည့်နေသည်။



အစက အစ်မကြီးတစ်ယောက်လို တွယ်တာခဲ့၍ စိတ်ထဲမှာ ရှင်းသန့်နေသည်။ ယခု ပထမဆုံးသော အထိအတွေ့ကြောင့် အညို့ရင်ထဲမှာ ဆူဝေပွက်လောင်ပြီး ရင်ခုန်သံတွေ မြန်လာသည်။ သိပ်လှသော စန္ဒကူးကို ချစ်မက်မြတ်နိုးစွာ စိုက်ကြည့်နေမိရင်း...

အသက် ဆယ့်ခုနစ်နှစ်အရွယ် လူပျိုဦးလေး အောင်မြင့်ညိုမှာ၊ သိပ်လှပြီး သူနှင့် သိပ်နီးစပ်ခဲ့သော သူ၏မမကူးကို ရင်ထဲအသည်းထဲ နှလုံးသားထဲမှ စူးရှနက်ရှိုင်းလွန်းစွာ ချစ်မက်မြတ်နိုးသွားမိခဲ့ပါပြီ။

"သိပ်ချစ်တာပဲ မမကူးရယ်"ဆိုသော စကားကို မျက်ဝန်းမှတစ်ဆင့် ဖတ်ခွင့်ရလိုက်ပြီမို့ စန္ဒကူးက တကယ့်ရင့်ကျက်တည်ငြိမ်နေသော မိန်းမကြီးအသွင် ဟန်ဆောင်ကာ...

"ကဲ...အညို၊ အန်တီသန်းတို့ ဝမ်းသာအောင် သွားပြောလိုက်ဦးလေ၊ သွား...သွားတော့"

အောင်မြင့်ညိုက ချစ်ခြင်းမေတ္တာများ အပြည့်သယ်ပိုးထားရ၍ လေးလံသောရင်နှင့် နှေးကွေးစွာ ဆင်းသက်သွားသည်ကို ကြည့်ပြီး ကျန်ရစ်ခဲ့သော စန္ဒကူးမှာလည်း...

ရင်တွေ လှပ်လှပ်ခုန်လျက်ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တက်ဖို့ ဝေးလံသော နေရာတွေအထိ ကားစီး သွားရ၍လား မသိ၊ အေးငြိမ်းညို၏ ကျောထဲက အောင့်အော နေသည်။ သူ့ဝေဒနာ အကြောင်း မိဘတွေကို မပြောသေးခ မှာပင်...

“မမကူးရယ်၊ ကျွန်တော့် ကျောထဲက အောင့်အောင့် တယ်”

“ဘယ်ဘက်လား၊ ညာဘက်လား”

“ပထမ ဘယ်ဘက်က၊ ခုတော့ ညာဘက်ကပါ အော လာပြီ”

“ဆရာဝန်ပြကြည့်ပါ၊ ဘာပဲဖြစ်ဖြစ် ကားအရှည်ကြီးမစီး ရရင်တော့ ကောင်းမှာပဲ”

“ကျွန်တော့်သူငယ်ချင်းတွေ အားလုံးလိုလိုပဲ အဝေးသင် ပြောင်းကုန်ကြပြီ”

“ဟုတ်လား”

“မမကူး”

“အင်း...”

“လာမယ့်နှစ်မှာ ကျွန်တော် ကျောင်းဆက်တက်ရမလား အဝေးသင် ပြောင်းရရင် ကောင်းမလားဟင်”

“ဒါတော့ အညို့ သဘောပါ၊ ဦးလေးစိုးနဲ့ အန်တီသန်း တို့ကို တိုင်ပင်ကြည့်ပါလား”

“မမကူး”

“ပြော အညို”



“ဘယ်သူ့သဘောထားမှ မခံယူပါရစေနဲ့၊ မမကူး ဆုံးဖြတ် ပေးတာကို နာခံတယ် ဆိုတဲ့ အနေအထားနဲ့ ကျွန်တော် နေပါ ရစေ”

“အညိုကလည်း...”

“တကယ်ပါ မမကူး၊ ကိုယ့်ဟာကိုယ် အလုပ်တစ်ခုလုပ်ရ တာထက်၊ ဥပမာ စာကျက်တာပဲဆိုပါတော့၊ မမကူးခိုင်းလို့ လုပ်နေရတာမျိုးပဲ ဖြစ်ချင်တယ်၊ ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော် မနေချင်ဘူး၊ မမကူးဆန္ဒနဲ့ ကျွန်တော့်ဘဝကို တည်ဆောက်ပါရစေ”

“မင်း လူညံ့ပဲ အညို၊ ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် တည်ဆောက်ရမယ်၊ ထူထောင်ရမယ်လေ၊ လူဆိုတာ ကိုယ်ပိုင် အလင်းရောင်နဲ့ ရပ်တည်ရမှာပေါ့ကွ”

ဆေးကျောင်းသူကြီး ဖြစ်နေသော စန္ဒကူးက ဆရာကြီး လေသံနှင့် တမင်ပြောလိုက်ရသည်။

အေးငြိမ်းညို၏ စကားလုံးများကို စန္ဒကူး နားလည်သည်။ အေးငြိမ်းညို၏ ရင်တွင်းဆန္ဒကို အသေးစိတ်သိသည်။ သူ့မျက်ဝန်းအရောင်ကို ကြည့်ရုံဖြင့် သူ့ဆိုလိုရင်းကို စန္ဒကူး သဘောပေါက်ပါ၏။ သို့သော် အစ်မကြီးလေသံ၊ ဆရာမကြီးလေသံဖြင့် သူ့ဆန္ဒကို မသိဟန်ဆောင်ပြီး ပြောလိုက်ရပါ၏။

အေးငြိမ်းညို ငြိမ်တွေ့စွာ စန္ဒကူးကို စိုက်ကြည့်နေရှာသည်။

စန္ဒကူး ငယ်စဉ်က မိန်းကလေးကျောင်းမှာသာ နေခဲ့ရ၍ ယောကျ်ားလေး သူငယ်ချင်းမရှိ။ ဆေးကျောင်းရောက်တော့လည်း စာကိုသာ ကြိုး၍ကြိုးစားနေရသဖြင့် ဘယ်သူ့ကိုမှ စိတ်မဝင်စား

www.burmeseclassic.com

www.burmeseclassic.com



မိန့်ပါ။

စန္ဒကူးဘဝ၏ ပထမဆုံးသော ယောကျ်ားလေးသူငယ်ချင်းမှာ အေးငြိမ်းညို ဖြစ်သည်။ ပြီးတော့ နှစ်အိမ်ကြဲနေသော်လည်း တစ်ခြံတည်းမှာ အတူတကွ နေထိုင်ကြီးပြင်းလာခဲ့ရ၍ စန္ဒကူးသံယောဇဉ်အရှိဆုံး လူသားမှာ ဒေါ်ပုညဝတီနှင့် ဒေါက်တာဦးမေပြီးလျှင် အေးငြိမ်းညိုသာ ဖြစ်ချေသည်။

"နော်…အညို၊ ဆရာဝန်ပြလိုက်နော်"

"ဟုတ်ကဲ့"

"သွားရ လာရတာ ပင်ပန်းလွန်းရင်လည်း အဝေးသင်ပဲ တက်လိုက်တော့လေ"

"ကောင်းပါပြီ မမကူးရယ်"

မျက်ဝန်းများ လင်းလက်စွာ စန္ဒကူး၏ ဆုံးဖြတ်ချက်ကို သူ နာခံရှာသည်။

ဒေါ်ခင်သန်းမြင့်က အနီးနားမှ ဆေးခန်းဖွင့်စ ဆရာဝန်ငယ် တစ်ဦးကိုသွားပြသည်။ ဆရာဝန် ဆေးပေးသော်လည်း မသက်သာသဖြင့်…

"ဓာတ်မှန်ရိုက်ကြည့်ပါ"

ဆိုသော ညွှန်ကြားချက်ကြောင့် ဆေးခန်းငယ် တစ်ခုမှာ ဓာတ်မှန်ရိုက်ကြည့်သည့်အခါ ဓာတ်မှန်ကြည့် ဆရာဝန် မှတ်ချက်က…

အဆုတ်မှာ အစက်အပျောက်တွေ့၍ တီဘီ(Tuberculosis) အဆုတ်နာရောဂါဟု အဖြေထွက်ကြောင်း ပြောလာသည့်နေ့က…



"မမကူးရယ်၊ တီဘီတဲ့ဗျာ၊ အဲဒီရောဂါက ကူးတတ်တယ် တဲ့၊ မမကူး ကျွန်တော့်နား မလာနဲ့တော့နော်"

"ဩော်…ညိုရယ်၊ မမကူးက ဆရာဝန်ဖြစ်တော့မယ်လေ၊ ဆေးရုံအနံ့ လူနာအစုံနဲ့ ထိတွေ့နေရတာ၊ တီဘီဆေးရုံတောင် သွားရဦးမှာ"

"ကျွန်တော် သေသွားရင် ကောင်းမှာပါ"

"ဟာ…ဘာတွေ ပြောနေတာလဲ၊ တီဘီရောဂါ ဆိုတာ ဆေးစားရင် ပျောက်တဲ့ရောဂါ၊ ကုလို့ရတဲ့ ရောဂါ၊ ဘာမှစဉ်းစား မနေနဲ့၊ ရောဂါစင်သွားရင် ညို ဝလာမှာသိလား"

အရပ်ကြီးရှည်ထွက်လာသလောက် ပိန်လှီလှသော အညို့ကို ကြည့်ပြီး အားပေးလိုက်ရသည်။

ဆရာဝန်၏ ဆုံးဖြတ်ချက်နှင့် ဓာတ်မှန်ဖတ်သူ၏ မှားယွင်းချက်များ ရှိတတ်ကြောင်းကို စန္ဒကူး ဆရာဝန်ဖြစ်ပြီးသည့်အချိန် ကျကာမှ ကိုယ်တွေ့ကြုံခဲ့ရပါပြီ။

✿ ✿ ✿

"အောင့်တာ တိုးတော့မလာဘူး၊ ဒါပေမယ့် လျော့တော့ မလျော့သေးဘူး မမကူးရဲ့"

"ဆရာဝန်က ဆက်သောက်ခိုင်းတယ်လေ၊ 'ဒေးကေတီ

www.burmeseclassic.com

www.burmeseclassic.com



သရီး’ကို သူ့အချိန်မှန်အတိုင်း သောက်ပေါ့”

“သောက်တော့လည်း တအား ဗိုက်အောင့်တာ”

စန္ဒကူးကိုတွေ့လျှင် အဖြစ် နည်းနည်းသည်းတတ်သော အေးငြိမ်းညိုကိုကြည့်ပြီး စန္ဒကူး ရောဂါအကြောင်း ဘာမှ ထပ်မပြောဖြစ်ပါ။

“မမကူး၊ လောကကြီးက ဘာလို့ မတရားတာလဲဟင်”

“အောင်မယ်…ကြီးကြီးကျယ်ကျယ်”

“တကယ်ပြောတာ၊ မမကူးကျတော့ ဆေးကျောင်းသူဖြစ်တယ်၊ ကျွန်တော်က သာမန်သိပ္ပံဘွဲ့ရမယ်၊ ဒါက ထား၊ ကျွန်တော် ညံ့လို့”

စကားခဏရပ်ထားပြီးမှ အေးငြိမ်းညိုက အဝေးသို့ ငေးကြည့်ရင်း…

“မမကူးကျတော့ တအားချမ်းသာတယ်၊ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းခွင့်ရတယ်၊ ကျွန်တော်တို့က သူများခြံမှာ ကပ်နေရတာ၊ ကျွန်တော်ဆိုရင် အသက်နှစ်ဆယ်ကျော်လာပြီ၊ ကားမမောင်းတတ်ဘူး၊ မောင်းတတ်လည်း မမကူးလိုမှ ကားပိုင်မရှိတာ၊ မမကူးနဲ့ ကျွန်တော်နဲ့က အဆင့်ချင်း သိပ်ကွာနေလို့ လောကကြီးက မတရားဘူးလို့ ထင်မိတာ”

“ဟဲ့…အညို…နင်ရူးနေပြီလား”

“ရူးတော့မရူးပါဘူး၊ ရူးချင်နေတာ”

“အညို့မှာ ဒီလောက် အသိဉာဏ်မဲ့လိမ့်မယ်လို့ မမ မထင်ခဲ့မိဘူး”



“ဟာဗျာ…”

“မမက သူဌေးတဲ့လား၊ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းခွင့်ရနေသတဲ့လားဟင်”

“ဟုတ်တယ်လေ”

“ဒီစကားကို အညို့ ပါးစပ်က ပြောရက် ပြောထွက်တာ မမကူး အံ့သြလို့မဆုံးဘူး၊ မမကူး ဘယ်သူလဲဆိုတာ အညို အသိဆုံး ပါလေ၊ မမကူးကို ဘယ်ကကောက်လာခဲ့ရသလဲဆိုတာလည်း သိရဲ့နဲ့များကွယ်”

“မမကူးရယ်…ကျွန်တော်က…”

“တော်ပါ အညို၊ မမကူး ကိုယ့်ဘဝကို မေ့ထားပြီး လက်ရှိနေရာမှာ အောက်ကျခံ ကြိုးစားခဲ့လို့ ဒီလိုနေရာရတာပါ၊ မမကူးလည်း လူသားပဲလေ၊ အညိုတို့လို မိနဲ့ဘနဲ့ ဆွေမျိုးညာတိတွေနဲ့ အတူနေချင်တာပဲပေါ့၊ မိဘမဲ့ဂေဟာက ခေါ်လာတဲ့ မိန်းမ တစ်ယောက်မှန်း သိရက်နဲ့ အညိုမို့ ဒီလိုပြောရက်တယ်ကွယ်”

“ဟာ…မဟုတ်ပါဘူး၊ မဟုတ်ဘူး မမကူးရဲ့၊ အညို့စိတ်ထဲမှာ တကယ်လက်လှမ်းမမီနိုင်အောင် မြင့်နေတဲ့သူလို့ ထင်မိလို့ပါ၊ မမကူးဘဝနဲ့ ကျွန်တော့်ဘဝ ဘယ်တော့မှ ညီမရအောင် မြင့်နေတယ်လို့ တကယ် ထင်မိလို့ပါဗျာ၊ မမကူးရယ်၊ ကျွန်တော် မှားပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ်”

သည်းသည်းခိုက်အောင် ခံစားနေရသော အညို၏အဖြစ်ကို မကြည့်ရက်နိုင်စွာဖြင့်…

“မမကူး တစ်ခုပြောမယ် အညို”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမကျူး"

"မမကျူး ဘဝ ခုလို လှပလာအောင် ဖန်တီးပေးခဲ့တဲ့သူဟာ မေမေကြီးပါ၊ ဒါကြောင့် မမမကျူးရဲ့ ဘဝကို မေမေကြီးလက်ထဲမှာပဲ အပ်ထားမယ်လို့ မမကျူး ဆုံးဖြတ်ထားတာ ကြာပါပြီ"

အေးငြိမ်းညိုက နားမလည်နိုင်စွာ ကြည့်နေ၍...

"အညို ဘာတွေခံစားနေရတယ်၊ အညို ဘာတွေဆန္ဒရှိတယ်ဆိုတာ မမကျူးသိတယ်၊ နားလည်တယ် အညို"

"မမကျူးရယ်..."

"မမကျူးလည်း အညို့အပေါ်မှာ သံယောဇဉ်ကြီးပါတယ်၊ ပြောရမယ်ဆိုရင် ယောကျ်ားအားလုံးထဲမှာ အညို့ကို မမကျူး သံယောဇဉ်အရှိဆုံးပါပဲ"

"ဟာဗျာ"

"ဒါပေမယ့် ခုန မမကျူးပြောတာ ပြန်ဆက်ရရင် ဆရာဝန်ဖြစ်ပြီးတဲ့နောက်မှာ မမကျူးဘဝကို မေမေကြီးလက်ထဲပဲ အပ်လိုက်တော့မယ် အညို"

စန္ဒကူးလည်း လေးလံသောသက်ပြင်းကိုချရင်း...

"မမကျူးမှာ ချစ်သူရှိခဲ့ရင်တောင် မေမေကြီးက လက်မထပ်ရဘူး ဆိုရင် မမကျူး ဘဝကို ဒီအတိုင်းပဲ အဆုံးသတ်ပေးမယ်၊ ဒါမှမဟုတ် မမကျူး မချစ်တဲ့သူ တစ်ယောက်ကို မေမေကြီးက လက်ထပ်ပါဆိုရင် မမကျူး လက်ထပ်မယ်"

"ဒါတော့ မတရားဘူး မမကျူး"



"ဒါ မေမေကြီး သတ်မှတ်ပေးတာ မဟုတ်ဘူးလေ၊ မမကျူးဆုံးဖြတ်ထားတာ"

"မမကျူးရယ်..."

"ဒါကြောင့် ဆရာဝန်ဖြစ်ပြီးချိန်က,စပြီး မမကျူးရဲ့ဘဝကို ရပ်တန့်ပစ်လိုက်တော့မယ်၊ မမကျူးရဲ့ဘဝတစ်ခုလုံး အေးငြိမ်းခွင့်ရမယ့် အတတ်ပညာကို သင်ပေးခဲ့တဲ့ မေမေကြီး ဖန်တီးတဲ့အတိုင်းနေမယ် အညို"

"ဟင်..."

"ဒါကြောင့် မေမေကြီး ကျေနပ်ခဲ့ရင် မမကျူး ဘာမဆိုလုပ်ပေးမယ်၊ မေမေကြီး တားမြစ်ရင် မမကျူး ရင်ကွဲရင်လည်းကွဲပါစေ နောက်ဆုတ်မယ်၊ အဲဒီမမကျူးရဲ့ ဆုံးဖြတ်ထားချက်ကို အညို နားလည်ပေးနိုင်ပါစေကွယ်"

"ကျွန်တော် နားလည်ပါပြီ၊ အားလုံးကို နားလည်သွားပါပြီ မမကျူးရယ်"

နှစ်ယောက်လုံး သက်ပြင်းမောကို ,ချလိုက်ကြပြီးမှ...

"ကျွန်တော်က မြေးဆိုပေမယ့် ဝမ်းကွဲပါလေ၊ ဖေဖေ့ကို အဖော်ရအောင် ခေါ်ထားတာပါ၊ ပြောင်းထော့ဆိုတဲ့နေ့မှာ ဒီခြံကြီးထဲက ကျွန်တော်တို့မိသားစု ထွက်သွားရမှာပါဗျာ"

"မမကျူးရယ်၊ မေမေကြီးက မမကျူးကို သိပ်ချစ်ပါတယ်၊ အမွေ အားလုံး ပေးမယ်လို့တောင် မေမေတို့ပြောသံကြားမိတယ်၊ မမကျူးဆိုတဲ့ မိန်းမမြတ်ဟာ ကျွန်တော်နဲ့ ဘယ်သောအခါမှ နီးစပ်ခွင့်မရနိုင်အောင် ဝေးကွာလွန်းလှပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီးကျေနပ်အောင် ကြိုးစားကြည့်ပါလား"ဟူ၍ နုလုံးသားဆန္ဒနှင့် ပြောတော့မည့်ဆဲဆဲမှာပင် စန္ဒကူး၏ အသိဉာဏ်က ဖုံးအုပ်၍ နှုတ်ဆိတ်နေလိုက်နိုင်ပါ၏။

မောင်အေးငြိမ်းညို နေရာမှထပြီး စန္ဒကူးကို မကြည့်ဘဲ ခေါင်းငုံ့၍ ထွက်သွားရှာသည်။

အေးငြိမ်းညို၏ မျက်ဝန်းအပြည့် မျက်ရည်များဝေသွားကြောင်း မြင်လိုက်ရသည့် စန္ဒကူး၏ ရင်မှာလည်း ကြေကွဲမှုများဖြင့် သိမ့်သိမ့်ခါလျက်ပါ။

✿ ✿ ✿

## အပိုင်း ၈

# ညီသစ္စာ၏ ချစ်ခြင်းမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်

ကိုညီသစ္စာသည် သူ၏ဆိုက်(Site)ထဲမှပင် ဆဲလ်ဖုန်းဖြင့် လှမ်းဆက်လိုက်သည့်အခါ ဒေါ်ဦးမေကိုယ်တိုင် ကိုင်သည်။

"ကျွန်တော် ဒေါက်တာစန္ဒကူးနဲ့ ပြောပါရစေခင်ဗျာ"

"ခဏ ကိုင်ထားနော်"

ဒေါ်ဦးမေက အပေါ်ထပ်မှာပင် ရှိသော မီးဖိုချောင်အဝမှ နေ၍...

"သမီးလေးကူး ဖုန်းလာတယ်"

"ဘယ်သူတဲ့လဲ မေမေကြီး"

"မမေးဘူးလေ၊ ဖုန်းဆက်တာ တွေ့ချင်သူကို ခေါ်ပေးလိုက်ရုံပေါ့၊ ဘယ်သူလဲလို့ မေးရင် ရိုင်းရာကျတယ်ကွယ့်"

စန္ဒကူးမှာ မေမေကြီးအတွက် အာလူးကက်တလစ် ကြော်နေဆဲမို့ လက်မှာ ဂျုံမှုန့်များ ပေလူးနေသည်။ ဆီအိုးကို ပြန်ချ၊ ဂက်စ်မီးဖိုကိုပိတ်၊ လက်ဆေးပြီး ထွက်လာရသဖြင့် နည်းနည်းတောင် စိတ်တိုချင်သလိုလို...။

"ဟုတ်ကဲ့ ပြောပါ"

"ကိုယ်ပါ စန္ဒကူး၊ ညီသစ္စာပါ"

"ဟုတ်ကဲ့ ပြောပါ၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှပဲ ဆက်ရတော့မှာလားကွယ်"

"ကူး မီးဖိုထဲမှာ အလုပ်ရှုပ်နေလို့၊ ပြောစရာရှိတာပြောပါ အစ်ကိုညီ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာက မရှိဘူး၊ ပြောချင်နေတာပဲရှိတယ်"

"ဟင်…"

"ပြောစရာကိစ္စရယ်လို့မှ မရှိတာ၊ စန္ဒကူးနဲ့ စကားပြောချ
နေတာပဲ ရှိတယ်၊ ကိုယ်လည်း မအားပါဘူး စန္ဒကူးရယ်၊ အ
ဆိုက်ထဲက ဆက်နေတာပါ၊ စန္ဒကူးကို အောက်မေ့လို့၊ တမ်းတလို့
သတိရလွန်းလို့ စကားပြောချင်လို့ပါဗျာ"

"ကူးဘက်ကတော့ ဘာမှပြောစရာမရှိပါဘူး၊ အစ်ကိုည
ပြောချင်တာ ပြောပါ၊ နားထောင်ပေးပါ့မယ်"

"ကိုယ် ကူးနဲ့တွေ့ချင်တယ်"

"ကူး မအားသေးဘူး"

"ဒီနေ့ ကူး အော့ဖ်ဆို"

"ဆေးရုံကတော့ Off ပေါ့၊ အိမ်မှာ ဟင်းချက်နေလို့"

"ဟာ…စားချင်လိုက်တာကွာ၊ ဘာဟင်းတွေ ချက်နေလဲ"

"ဟင်းတော့ မဟုတ်ပါဘူး၊ အာလူးကက်တလိတ်ကြော်
နေတာ"

"ဒါဆိုရင် ပိုတောင်စားချင်သေးတယ်"

"မေမေကြီးတစ်ယောက်တည်းစားဖို့ ကြော်တာပါ"

"အပြတ်ကို ပိတ်ပြောတော့တာပဲနော်"

"တကယ်ပြောတာပါ၊ ကူး မီးဖိုချောင် ပြန်ဝင်တော့မယ်
နော်"

"ကိုယ့်ကို ဘယ်တော့ တွေ့ခွင့်ပေးမှာလဲ"

"ကူး မအားသေးပါဘူးရှင်"



"ကူးရယ်…"

"ဒါပဲနော် အစ်ကိုညီ"

ဖုန်းချသွားသဖြင့် ညီသစ္စာမှာ အိလည်လည် အောင့်သက်သက်နှင့် ကျန်ရစ်ရသော်လည်း စန္ဒကူးကို အပြစ်မမြင်ရက်နိုင်ပါ။

ထားနှင့် ပန်တို့၏ သူငယ်ချင်းအဖြစ်နှင့် စတင် မြင်ဖူးခဲ့က…

"ဒီကောင်မလေးက လှလှချည်လား၊ ဆံပင်နက်နက်ထူထူက,အစ ခြေဖမိုးဖောင်းဖောင်းဖွေးဖွေးလေးအထိ ပြည့်ပြည့်စုံစုံလှတဲ့ကောင်မလေးပဲ"

ဟု စန္ဒကူး၏ အလှကို သတိထားမိပြီးသည့်နောက်မှာ ဘယ်မိန်းကလေးအပေါ်မှ မထားရှိမိသေးသော ချစ်ခြင်းတရားများဖြင့် စန္ဒကူးကို မြတ်နိုး တန်ဖိုးထားစွာ ချစ်ခဲ့မိပြီဖြစ်ပါသည်။

စန္ဒကူးဘက်က မတင်းမာသော်လည်း ပျောင်းနွဲ့ညွတ်ယိုင်ခြင်း မရှိသေးဘဲ ခပ်တည်တည်ပင် တုန့်ပြန်နေဆဲပါ။

ဤသို့ ညီသစ္စာ စန္ဒကူးကို ကြိုက်နေကြောင်း၊ သူဌေးမကြီး၏ တစ်ဦးတည်းသော အမွေခံ မြေးမလေးဖြစ်ကြောင်း သိခွင့်ရရုံဖြင့် မာမီ ဒေါ်ရှုဘီခင်မြဝင်းက…

"မာမီ အဘွားကြီးကို သွားတောင်းကြည့်မယ်လေ၊ ကိုယ့်ဘက်ကလည်း ငြင်းစရာမှမရှိတာ"

"မာမီ၊ သားက လူကြီးတွေ ကြိုးစားပေးမှ ရတဲ့မိန်းမကို မလိုချင်ဘူး၊ သူကိုယ်တိုင်က သားကိုချစ်လာလို့ လက်ထပ်ခွင့်ရတာမျိုးပဲ ဖြစ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး…ဘယ်လိုနည်းနဲ့ပဲရရ မိန်းမဆိုတာ လက် ထပ်ပြီးရင် ယောကျ်ားက ယုယကြင်နာမှုသာ ပြလိုက်၊ အလိုလို ချစ်လာမှာ"

"မာမိနော်၊ သားမသိဘဲနဲ့ ဘာမှမလုပ်ပါနဲ့"

မိခင်ကို တားလိုက်ရသည့်အကြောင်း တွေးရင်း တယ်လီ ဖုန်းကို ပိတ်လိုက်ရသည်။

သည်စန္ဒကူးဘက်မှာလည်း…

"သမီးလေး ကူး၊ ခုန ဖုန်းဆက်တာ ဘယ်သူလဲဟင်"

"ကိုညီသစ္စာပါ မေမေကြီး"

"သမီးဘက်က ပြောတာတွေ တင်းမာလွန်းတယ်ကွယ် ဖုန်းစခေါ်တုန်းက ယဉ်ယဉ်ကျေးကျေး နိမ့်နိမ့်ချချလေး ပြောရှာ တာပါ၊ ညီသစ္စာဆိုတာ ဘယ်သူလဲ"

"သမီးရဲ့ သူငယ်ချင်း ထားသစ္စာနဲ့ပန်သစ္စာတို့ရဲ့ အစ်ကို ကြီးပါ"

"သူကရော ဆရာဝန်ပဲလား"

"မဟုတ်ပါဘူး၊ အင်ဂျင်နီယာပါ၊ ဆောက်လုပ်ရေးကုမ္ပဏီ ထောင်ထားပါတယ်၊ မေမေကြီးကို သမီး ပြောဖူးပါတယ်"

"မိဘတွေကရော…"

"သူ့အဖေက နိုင်ငံခြားနဲ့ ဆက်သွယ်တဲ့ ကုမ္ပဏီပိုင်ရှင်ပဲ၊ သူ့အမေကတော့ လည်တယ်၊ အင်း…တော်တယ် ပြောရမှာပေါ့ ရတနာ အရောင်းအဝယ် လုပ်ပါတယ်၊ ခုနစ်မိုင်ခွဲမှာနေပါတယ် ချမ်းသာကြပါတယ် မေမေကြီး"



"အင်း…အင်း"

ဒေါ်ဦးမေ ဘာမှ ဆက်မမေးတော့ပါ။ စန္ဒကူး သိသမျှ အကုန်ပြောပြလိုက်ပြီးပါပြီ။

အားလပ်ရက်မှာ မီးဖိုထဲဝင်ရသည်ကို စန္ဒကူး ဝါသနာပါ သည်။ ဘယ်အချိန်ပဲဖြစ်ဖြစ် အိပ်ချိန်ကလွဲလျှင် စန္ဒကူး အလုပ် တစ်ခုခု လုပ်နေရမှ ကျေနပ်သည်။ တွေဝေခြင်း၊ ငေးငိုင်ခြင်း၊ ထိုင်နေခြင်းမျိုး မရှိ။ ဘာမှ လုပ်စရာမရှိလျှင် စန္ဒကူး စာဖတ်နေ လိုက်ပါသည်။

စန္ဒကူး ရေမိုးချိုးပြီး နေ့လယ်စာကို မေမေကြီးနှင့်အတူ ကော်ဖီနှင့် အာလူးကက်တလစ် စားကြသည်။

"ဒါဆိုရင် ပိုတောင် စားချင်သေးတယ်"ဆိုသော ကိုညီ သစ္စာ၏ စကားကို ပြန်ကြားယောင်ပြီး ကျွေးချင်စိတ် ဖြစ်မိပါသော် လည်း တကယ် ကျွေးဖြစ်သွားသည်က အေးငြိမ်းညိုကိုသာ ဖြစ် ပါ၏။

တီဘီဖြစ်နေ၍ အားရှိသော အစားအစာ စားဖို့လိုကြောင်း ပြောကြားရင်း အေးငြိမ်းညိုထံ ကိုယ်တိုင်သွားပို့ဖြစ်သည်။

အေးငြိမ်းညိုမှာ တစ်နေ့တခြား ပို၍ ပိန်လာပြီး စန္ဒကူး ကိုယ်တိုင်ကျွေးသည့် အာလူးကက်တလစ်ကိုပင် တစ်လုံးကုန် အောင် မစားနိုင်ရှာပါ။

အကြင်နာများ မောင်လေး အညိုပေါ် ပို၍ ကျရောက်ခဲ့ရ ပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ဦးမေနဲ့ တွေ့ပါရစေတဲ့၊ အမျိုးသမီးနှစ်ယောက် လာ
တယ်၊ စိန်တွေဝတ်ထားတာလည်း ဝင်းနေတာပဲ အဘွား၊ ကား
ကိုလည်း ကိုယ်တိုင်မောင်းလာတာ"

အိမ်ဖော်မလေးက လာပြော၍...

"အပေါ်ထပ်ပဲ ခေါ်ခဲ့ မစိန်၊ အဘွား အောက်မဆင်းနိုင်
လို့ပါလို့ ပြော၊ ပြီးတော့ အအေးနဲ့ ပန်းသီးစိတ်ပြီး ယူခဲ့နော်"

"ဟုတ်ကဲ့ အဘွား"

ခဏအကြာမှာ အမျိုးသမီးနှစ်ယောက် တက်လာသည်။
စိန်နားကပ်က အကြီးကြီး။ လောကက်သီးဆွဲထားတာကလည်း
လည်ပင်းညွတ်မတတ်။ စိန်လက်စွပ်ကိုပင် နှစ်ဖက်ဝတ်လို့။ စိန်
တွေ အားလုံး ဖွေးသန့်နေ၍ ဖျပ်ဖျပ်ခါနေသည်။

"ထိုင်ကြပါ၊ ဒေါ်ဦးမေဆိုတာ အန်တီပါပဲ၊ ဘာကိစ္စများ
ရှိလို့ပါလိမ့်"

"ကျွန်မနာမည် ရွှေဘီခင်မြဝင်းလို့ ခေါ်ပါတယ်၊ ဒါက ရွှေ
ညီမတစ်ဝမ်းကွဲ သက်သက်မာပါ"

"ကောင်းပါပြီကွယ်၊ ဘာကိစ္စများပါလိမ့်"

"ထားသစ္စာနဲ့ ပန်သစ္စာဆိုတဲ့ ဆရာဝန်မလေးနှစ်ယောက်
ရဲ့ မာမီပါ၊ ဒီက စန္ဒကူးရဲ့ သူငယ်ချင်းတွေပါ"



"ြော်...မြေးလေးပြောဖူးလို့ ဒီနာမည်တွေ ကြားဖူးပါ
တယ်"

"ဟုတ်ကဲ့၊ ဆရာဝန် သမီးနှစ်ယောက်အပြင် အင်ဂျင်နီယာ
သားတစ်ယောက်လည်း ရှိပါသေးတယ်၊ ညီသစ္စာလို့ ခေါ်ပါတယ်
အန်တီ၊ ဒီမှာ သားကြီးရဲ့ ဗီစီတင်းကတ်(Visiting Card)ပါ"

"ြော်...ြော်"

"သမီးလေး စန္ဒကူးရော"

"ဆေးရုံသွားပြီလေ"

"ဟုတ်ပါတယ်၊ ဒီက စန္ဒကူးနဲ့ ရွှေဘီ သမီးတွေလည်း
နှစ်လ ကြာရင် ဟောက်စ်ဆင်းလို့ပြီးပါပြီ၊ ဘွဲ့ယူရတော့မှာပါ"

ဒေါ်ဦးမေက ခေါင်းညိတ်ရင်းအကဲခတ်နေဆဲ ဒေါ်ရွှေဘီက...

"အမှားပါရင်လည်း ခွင့်လွှတ်ပါလို့ ကြိုပြီးတောင်းပန်ထား
ပါ့မယ် အန်တီ"

"ပြောပါ"

"ရွှေဘီ့ သားကြီးက စန္ဒကူးကို မေတ္တာရှိနေပါတယ်၊ ဒါ
ကြောင့် အန်တီဒေါ်ဦးမေဆီကို သမီးတောင်းလာတာပါရှင်"

"အို..."

"ရွှေဘီတို့ အကြောင်းလည်း စုံစမ်းပါ အန်တီ၊ ရွှေဘီရဲ့
ဒက်ဒီက အငြိမ်းစား သံအမတ်ကြီးပါ၊ ခင်ပွန်းရဲ့ဖခင်ကလည်း
တရားသူကြီးပါ၊ ကြွားတာမဟုတ်ပါဘူးနော်၊ မျိုးကောင်း ရိုး
ကောင်း ဆိုတာ သိစေချင်လို့ပါ၊ သားက သူ့ညီမလေးတွေရဲ့
သူငယ်ချင်းမို့ နှမလေးလိုရော ချစ်သူလိုပါ သိပ်ချစ်ရှာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီက မြေးလေး စန္ဒကူးကရော မောင်ညီသစ္စာ ဆိုတာနဲ့ မေတ္တာမျှနေသတဲ့လား"

"စန္ဒကူးက သိပ်ဏ္ဍနွေရှိပါတယ် အန်တီ၊ သားက လက်ထပ်ခွင့်တောင်းတော့ သူ့မေမေကြီးကို ပြုစုပါရစေဦးတဲ့"

"ဟုတ်တယ်၊ သမီးလေး ကူးက သိပ်လိမ္မာပါတယ်"

"ဒါကြောင့် အန်တီကသာ လက်ခံမယ်ဆိုရင် သမီးလေး စန္ဒကူးကလည်း ငြင်းမယ်မထင်ပါဘူး"

"အင်း...ဒါပေမယ့် လူငယ်တွေရဲ့အိမ်ထောင်ရေးကို လူကြီးတွေက ဝင်ပြီးစီစဉ်ပေးလို့ ဖြစ်ပါ့မလား"

"တခြားလူ အတွက်တော့ ဟုတ်နိုင်ပါတယ်၊ ဒါပေမယ့် စန္ဒကူးက သိပ်လိမ္မာတော့ မေမေကြီး ခွင့်မပြုရင် သူ ဘယ်သူ့ကိုမှ လက်ခံမှာမဟုတ်လို့ ရှုဘီတို့ အရဲစွန့်ပြီး လာခဲ့ရတာပါ"

"ယောကျ်ားလေးရှင်ပဲကွယ်၊ မြန်မာ့ ထုံးတမ်းစဉ်လာအတိုင်း ယောကျ်ားလေးဘက်က လာရောက် တောင်းရမ်းတာ မင်္ဂလာရှိပါတယ်"

အိမ်ဖော်မလေး လာချသော လိမ္မော်ရည်နှင့် ပန်းသီးများကို စားဖို့ ဧည့်ခံရင်း ဒေါ်ဦးမေက...

"ကောင်းပါပြီလေ၊ သမီးလေးနဲ့ပါ တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်"

"သားကြီးကို အန်တီ့ဆီ လွှတ်ရမလားရှင်"

"သူ လာလည်ချင်လည်း လာလည်လို့ရပါတယ်"

"သားကြီးက ဝမ်းသာရှာမှာ"



"ပန်းသီးစားကြပါဦး"

ရှုဘီ ညီမ သက်သက်မာကလည်း...

"တကယ်လို့များ အန်တီက လက်ခံမယ်၊ စန္ဒကူးက လိုက်နာမယ်ဆိုရင် မင်္ဂလာအခမ်းအနား ကိစ္စ ကုန်ကျသမျှ ယောကျ်ားလေးဘက်ကပဲ အကုန်ခံပါရစေ"

"အင်း...ဟုတ်တယ်၊ ဟုတ်ပါရဲ့၊ သားကြီးနဲ့ သမီးလေး စန္ဒကူးအတွက် တိုက်တစ်လုံးလောက်ဖြစ်ဖြစ် သီးသန့်လက်ဖွဲ့ဖို့လည်း ရည်ရွယ်ထားပါတယ်"

"ဒါတွေကတော့ မလိုသေးပါဘူး၊ ဒီဘက်ကလည်း ပြည့်စုံပြီးသားပါ"

ဒေါ်ရှုဘီတို့ ညီအစ်မ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရွှင်မြူးသွားကြသည်။

"ကောင်းပြီလေ၊ မောင်ညီသစ္စာနဲ့လည်း အန်တီ တွေ့ပါ့မယ်၊ မငြင်းသင့်ဘူးထင်ရင် ပေးစားပါ့မယ်၊ အန်တီလည်းအသက်ကြီးပြီမို့ သမီးလေးကို အန်တီ မကွယ်လွန်ခင် လက်ထပ်ပေးချင်တဲ့ ဆန္ဒလည်း ရှိပါတယ်"

"ဝမ်းသာလိုက်တာ အန်တီရယ်"

"နေကြဦးလေ၊ လူငယ်တွေ အရင်ဆုံးဖြတ်ကြပါစေဦး"

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါ အန်တီ"

"ရှုဘီ...တို့ ဒီကိုလာတာ ညီသစ္စာ မသိဘူးဆိုတာလည်း ပြောလိုက်ဦးလေ"

"ဩော်...ဟုတ်သားပဲ၊ ဒီလိုပါ အန်တီ၊ ခုခေတ် လူငယ်

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ မာနလို့ပဲ ခေါ်ရမလားမသိပါဘူး၊ သူကိုယ်တိုင် စန္ဒကူး အချစ်ကို ရအောင်ကြိုးစားမယ်တဲ့၊ လူကြီးတွေကြောင့် စန္ဒကူး ခေါင်းညိတ်ရတာမျိုး မဖြစ်ချင်လို့ပါတဲ့"

"အန်တီ နားလည်ပါတယ်၊ သမီးတို့လာတာ မောင်ညီ သစ္စာ မသိစေချင်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

✿ ✿ ✿

## အခန်း ၅

"အစ်ကိုညီလားဟင်"

သူ့နှမများ ခေါ်သလိုပင် တရင်းတနှီး ဖုန်းထဲမှ ခေါ်လိုက်သည်။

"ဟုတ်ပါတယ်"

"စန္ဒကူးပါ"

"ဟာ...စန္ဒကူး၊ ထူးဆန်းလှချည်လား၊ ကိုယ့်ကို ဖုန်းဆက်ဘယ်"

"ကူးရဲ့မေမေကြီးက အစ်ကိုညီကို တွေ့ချင်လို့တဲ့"

"ဟာ...ကိုယ့်ကို..."

"ဟုတ်ပါတယ်"

"ဘာကိစ္စများပါလိမ့်"

"အဲဒါတော့ မသိဘူး"

"ကူး မသိပေမယ့် ကိုယ် သိပြီ"

"ဘာလဲ"

"ကိုယ့်ကို မေမေကြီးက အင်တာဗျူးလုပ်မလို့ ဖြစ်မယ်၊ အပြတ်ရှင်းခဲ့မယ် သိလား၊ ဘယ်တော့ လာခဲ့ရမလဲ"

"အစ်ကိုညီ အားမှပါ"

"ကိုယ့်ရဲ့ ကိုယ်ပိုင် အလုပ်ပဲ စန္ဒကူးရယ်၊ အချိန်မရွေး အားလို့ ရပါတယ်၊ ဒီညနေ လာခဲ့မယ် ဖြစ်မလား"

"ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာဝယ်ခဲ့ရင် ကောင်းမလဲ"

"ရပါတယ်၊ ဘာမှမဝယ်ခဲ့ပါနဲ့၊ ဒါပဲနော်"

"ဟာ…နေပါဦး"

"ညနေ တွေ့ကြမှာပဲလေ၊ ဖုန်းချလိုက်တော့မယ်နော်"

စန္ဒကူးဘက်က တကယ် ဖုန်းချသွားလေပြီ။ ထပ်ဆက်ချင်သော်လည်း မသင့်၍ ငြိမ်နေလိုက်ရပါ၏။

ညီသစ္စာသည် ရင်လုပ်ခနဲခုန်သွားအောင် ဝမ်းသာသွားမိသည်။ ခုလို ရင်ခုန်ပုံမျိုး သူ့တစ်သက်မှာ တစ်ခါမှ မဖြစ်ထွန်းဖူးသေးသော ပထမဆုံး ရင်ခုန်သံများ ဖြစ်သည်။

တည်းဆောက်နေဆဲ အိမ်ရာတစ်ခုထဲမှ သူ၏လက်ထောက် အင်ဂျင်နီယာများကို မှာကြားသင့်သည်များ မှာကြား၍ သူ အိမ်ပြန်ခဲ့သည်။ သူ့မာမီ၊ ထားနှင့် ပန်တို့ကို ဘာမှမပြောပြဘဲ သူ ရေချိုး၏။ အဝါနုအစင်းသေးသေးလေးများ ပါရှိသော ဖောရင်းရှပ်လက်ရှည်ကို ရွေးဝတ်ပြီး အညိုနုရောင် ပိုးတွဲလုံချည်ကို ဆွဲထုတ်ပြီးမှ…

"သိပ်ပြောင်နေရင် မကောင်းပါဘူး၊ ချည်ချောလုံချည်လောက်ပဲ တော်ပါပြီ" ဆိုသော စိတ်ဖြင့် ရွေးဝတ်လိုက်၏။ အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ မျက်နှာကျပုံက ယောကျ်ားပီသပြီး ဥပဓိရုပ်ကောင်းသော ညီသစ္စာမှာ သန့်သန့်ခံ့ခံ့နှင့် ချောမောလှပသွား၏။

သူစီးနေကျ ရွှေရောင်မာ့ခ်တူးကားကိုလည်း အိမ်မှ တပည့်ကျော် ကိုတိုးလေးကို တိုက်ခိုင်းထားသဖြင့် ပြောင်လက်နေ၏။



သူ ခုနစ်မိုင်ခွဲအိမ်မှ ထွက်လာချိန်မှာ ဒက်ဒီလည်း ပြန်ရောက်နေပြီ။ မာမီနှင့် ထားရော ပန်ပါ ရှိနေကြသော်လည်း ဘယ်သူကမှ ဘယ်သွားမလဲဟု မမေးကြ။

အသက်နှစ်ဆယ့်ရှစ်နှစ်ရှိ လုပ်ငန်းရှင် အင်ဂျင်နီယာသားကြီး အလုပ်များစွာနှင့် သွားသွားလာလာနေနေကျ။

ညီသစ္စာသည် သစ္စာဂေဟာကြီးမှ တစ်ယောက်တည်း ကားမောင်းထွက်လာကာ ရှုပါမားကက်ကြီး တစ်ခုမှ အရက်မပါသော စားသောက်ဖွယ်ရာမျိုးစုံပါရှိသည့် တစ်သောင်းခွဲတန် ခြင်းလှလှကြီးတစ်လုံးကို ဝယ်ယူ၍ ကားနောက်ခန်းထဲမှာ ထားလိုက်သည်။

ဘောက်ထော်ရောက်ပြီးနောက် ဒေါ်ဦးမေ၏ ခြံကြီးအတွင်းသို့ ဝင်ရောက်ခွင့်ရနိုင်ရန် ကားဟွန်းနှစ်ချက်ဆင့်တီးပြီး ရပ်ထားလိုက်သည်။

ခြံတံခါး လာဖွင့်သူက အေးငြိမ်းညိုကိုယ်တိုင်။

ကိုညီသစ္စာက ခြံစောင့်ကောင်လေးတစ်ယောက် အဖြစ်နှင့်သာ သဘောထားလိုက်သော်လည်း အေးငြိမ်းညိုက မှတ်မိသည်။

"ဟိုတလောတုန်းက မမကူးကို ခြံထဲအထိ လိုက်ပို့တဲ့လူပါလား"

အေးငြိမ်းညို တုန်လှုပ်စွာကြည့်ပြီး တံခါးပြန်ပိတ်၍ တိုက်ကြီး ရှေ့မှ အဖြတ်တွင်…

"ညီလေး…ဒါလေးသယ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ညီသစ္စာက ကားတံခါးဖွင့်ပြီး လှပစွာ ဆင်ယင်ထားသော ခြင်းတောင်းကြီးကို လက်ညှိုးညွှန်ပြသည်။

အမှန်က ညီသစ္စာ အထက်စီးနင်းစိတ်နှင့်ခိုင်းချင်၍မဟုတ်ပါ။ သူကိုယ်တိုင် ဒီခြင်းတောင်းကြီး သယ်ပြီး တက်သွားရမှာ ကောင်းပါ့မလားဟူသော ရှက်ရွံ့စိတ်ကြောင့်သာ ဖြစ်ပါ၏။

ထိုသူသည် မမကူးထံလာသည့် မမကူးနှင့် ဂုဏ်ရည်တူလူဆိုသည့် အသိက သူ့ရင်ထဲမှာ ပူလောင်စူးရှစွာ ခံစားနေရချိန်မို့ အေးငြိမ်းညို ပို၍ဝမ်းနည်းအားငယ်သွားသည်။

အေးငြိမ်းညိုက ကားထဲမှ ခြင်းတောင်းကြီးကို မနည်းသယ်မ,နေချိန်မှာ...

"ဟာ...အညို မလုပ်နဲ့၊ မ,မနဲ့လေ"

အလန့်တကြားပင် စိုးရိမ်စိတ်ကြီးသော လေသံနှင့် အော်ပြောလိုက်သူက စန္ဒကူး...။

ကိုညီသစ္စာ နည်းနည်းတော့ တင်းသွားသည်။ ဒီကောင်က ဘာကောင်မို့လဲဆိုသော အကြည့်ဖြင့် ကြည့်နေ၍...

"ဒါ စန္ဒကူး မောင်လေးပါ အစ်ကိုညီ၊ ဟောဟိုက တိုက်ကလေးမှာ နေတဲ့ ဦးလေးရဲ့သားပါ"

"ဟင်..."

"သူက တီဘီရောဂါဖြစ်နေလို့ ဆေးစားနေရတယ်လေ၊ ဒါကြောင့် ဘာအလေးအပင်မှ မ,လို့မရဘူး"

"ဟာ...ဆောရီးကွာ"

"မေမေကြီးဖို့လား"



"ဟုတ်ပါတယ်"

"ဒါတွေ မလိုပါဘူး"

"အဘွားအရွယ်မို့ ကန်တော့ချင်လို့ပါ"

"ဒါဖြင့်လည်း ကူးပဲ သယ်ခဲ့ပါ့မယ်"

စိတ်မြန်မှုတ်လတ်သော စန္ဒကူးက ခြင်းကြီး မ,ယူလိုက်ချိန်မှာ...

"ဟာ...နေ...နေပါ၊ ကိုယ်ယူမှာပေါ့"

စန္ဒကူး၏ လက်ကို အုပ်ကိုင်ဖယ်ထုတ်ပြီး ခြင်းကြီးလှလိုက်ချိန်မှာ နှစ်ယောက်သား နီးနီးကပ်ကပ် ပြုံးပြုံးရွှင်ရွှင်...။

တိုက်ကြီးထဲမဝင်ခင် စိတ်ထင့်စွာဖြင့် စန္ဒကူးက ပြန်လှည့်ကြည့်လိုက်ချိန်မှာ အေးငြိမ်းညိုသည်...

ပိုင်ဆိုင်မှုအားလုံး ဆုံးရှုံးသွားသူတစ်ယောက်၏ ခံစားမှုမျိုးဖြင့် မျက်နှာနှင့် နှုတ်ခမ်းများပင် ဖြူဖျော့သွားရှာသည်။ သူ့ရင်တွင်းမှာ အားငယ်ဝမ်းနည်းစွာ ကြေကွဲလွန်းသော ဝေဒနာက သူ့မျက်ဝန်းမှာ အထင်းသား။

အညို့ကို နှစ်သိမ့်ချင်သော်လည်း ကိုညီသစ္စာက တိုက်ပေါ်သို့ ခြင်းကြီးဆွဲလျက် တက်သွားပြီမို့ အညို့ကို ကျောခိုင်းကာ ကိုညီသစ္စာနောက်မှ လိုက်ခဲ့ရတော့သည်။ အပေါ်ထပ်အရောက်တွင်...

"မေမေကြီးကို အစ်ကိုညီသစ္စာက ကန်တော့ချင်လို့တဲ့"

"ဪ...ထိုင်ထိုင် လူလေး"

ခြင်းထဲမှ နိုင်ငံခြားဖြစ် တင်းဘူးမျိုးစုံ၊ အချိုရည်မျိုးစုံ၊

www.burmeseclassic.com

www.burmeseclassic.com



ဘီစကစ်မုန့်မျိုးစုံကို ကြည့်ပြီး...

"များလှချည်လားကွယ်၊ မေမေကြီးအတွက် ဒီလောက် မလိုပါဘူး"

"မစားဖြစ်ရင်လည်း လှူလို့ရအောင်ပါ ကျွန်တော်ပါ ထပ်ဆင့် ကုသိုလ်ရချင်လို့ပါ"

ဒေါ်ဦးမေ ခေါင်းညိတ်သည်။

စန္ဒကူးက သူကိုယ်တိုင်လုပ်ထားသော ဆင်းဒဝစ်ပေါင်မုန့်နှင့် နက်(စ်)ကော်ဖီ၊ သပျက်သီး စသည့် စားသောက်ဖွယ်ရာများပါရှိသည့် ဗန်းကို ယူလာချိန်မှာ မေမေကြီးနှင့် ကိုညီသစ္စာတို့ အပေးအယူမှုနေကြလေပြီ။

"ဟုတ်ကဲ့၊ အလုပ်က သိပ်များပါတယ် မေမေကြီး၊ ဒါပေမယ့် ကျွန်တော်ဆောက်တဲ့ လုံးချင်းတိုက်နဲ့ တိုက်ခန်းတွေက ရှယ်ယာမပါတော့ ကြိုက်ဈေးရမှ ရောင်းလို့လည်း ဖြစ်ပါတယ်"

"ဘာအလုပ်ပဲဖြစ်ဖြစ် ကိုယ့်လုပ်ငန်းထဲမှာ စိတ်အာရုံနှစ်ပြီး ကြိုးကြိုးစားစား လုပ်ရင် အောင်မြင်တတ်ပါတယ်"

"ကျွန်တော် ကြိုးစားနေပါတယ်ခင်ဗျာ၊ ဆယ်တန်းအောင်တုန်းကလည်း စန္ဒကူးတို့လိုပဲ ဆေးပညာအမှတ်မီပါတယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က အင်ဂျင်နီယာအလုပ်ကိုပဲ ဝါသနာပါလို့ပါ"

"ကောင်းတယ်၊ ယောက်ျားလေးနဲ့ လိုက်ပါတယ်၊ ကိုယ်ဝါသနာပါတဲ့အလုပ်နဲ့ အသက်မွေးရတာ ကောင်းတာပေါ့ သားရယ်"



"ဟုတ်ကဲ့၊ အိမ်မှာကလည်း အလုပ်တွေကိုယ်စီနဲ့မို့ ကျွန်တော့် အလုပ်တွေကို ကျွန်တော် ဇောက်ချလုပ်နိုင်ပါတယ် မေမေကြီး"

"ကောင်းပါလေ့ကွယ်"

"ဒါကြောင့် ကျွန်တော် အိမ်ထောင်ပြုဖြစ်ရင်တောင် အိမ်ကိုလည်း ပံ့ပိုးစရာ မလိုပါဘူး၊ မိန်းကလေးဘက်က ဆန္ဒရှိတဲ့နေရာမှာလည်း လိုက်နေလို့ရပါပြီ"

ဒေါ်ဦးမေက နှုတ်ခမ်းစေ့လျက်ပြုံးပြီး နားလည်စွာ ခေါင်းညိတ်၏။ စန္ဒကူးကဖြင့် မျက်လွှာချ၍ မုန့်စားပွဲအောက်မှ ကိုညီသစ္စာ၏ လိပ်စာကတ်ပြားလေးကို ကြည့်နေလိုက်သည်။ ဒေါ်ရူဘီခင်မြဝင်း လာစဉ်က သူ့သား ကိုယ်စား ပေးသွားခဲ့သော ကတ်ကလေး။ ထိုကတ်ထဲမှာပါသော သူ့လက်ကိုင်ဖုန်းကို စန္ဒကူး လှမ်းဆက်လိုက်၍ ယခုလို ရောက်လာခြင်းပါပင်။

"အေးကွယ်...သားရဲ့ ညီမလေးများနဲ့လည်း မြေးလေးကူးက သူငယ်ချင်းပဲ၊ တစ်အိမ်နဲ့တစ်အိမ် စိမ်းစရာ မရှိတော့ပါဘူး၊ သားမိဘများကိုသာ ပြောပြလိုက်ပါ၊ အားလပ်တဲ့အခါ မေမေကြီးဆီကို လာလည်နိုင်ပါတယ်လို့"

"မာမီတို့ သိပ်ဝမ်းသာမှာပါခင်ဗျာ"

မာမီတို့ ဝမ်းသာမှာပါဟု ပြောနေသော်လည်း ကိုညီသစ္စာသည်သာ အနှိုင်းမဲ့ ဝမ်းသာခြင်းများဖြင့် ကြည်နူးသွားကြောင်း သူ့အပြုံး မျက်နှာက ဖော်ပြနေ၏။

နှုတ်ဆက်ကန်တော့ပြီး ပြန်ရန်ထလိုက်ချိန်ကျတော့မှ ငွေ

www.burmeseclassic.com

www.burmeseclassic.com



ပြာရောင် သူ၏ ဗီစီတင်းကတ်ပြားလေး ညှပ်ခန်း၏ မှန်စားပွဲအောက်မှာ ကိုညီသစ္စာ တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်၍ ကြည့်မိလောက်အောင် အံ့ဩသွားသည်။

"သူ မပေးဖူးပါ"

ထားနဲ့ပန်ရဲ့ လက်ချက်ဟုပင် ထင်လိုက်မိသည်။

သူ့မာမီ ပဏာမ စေ့စပ်ပွဲအတွက် လာသွားကြောင်းကို ညီသစ္စာ လုံးဝမသိ။

ဒေါ်ဦးမေကိုယ်တိုင်ကလည်း ကိုညီသစ္စာကို ပြန်မပြောပြရုံမဟုတ်၊ စန္ဒကူးကိုပါ အသိမပေးဘဲ ထားခဲ့သောကိစ္စဖြစ်သည်။

"ဘယ့်နဲ့လဲ စန္ဒကူးရဲ့၊ မေမေကြီးက ကိုယ့်ကို လက်ခံချင်ပုံရရဲ့လားဟင်"

"ဒါတော့ ကူး မသိဘူးလေ"

"မာမီတို့ကိုတောင် အလည်လာဖို့ခေါ်တယ်ဆိုတော့ အခြေအနေ ကောင်းပါပြီ ကူးရယ်၊ ကိုယ့်ရင်ထဲက အပျော်တွေကို မျှဝေခံစားပေးနိုင်ပါစေကွယ်"

သူ သည်မျှသာပြောပြီး အညို အသင့်ဖွင့်ထားသော ခြံတံခါးမှ တစ်ဆင့် ကားကို ညင်သာစွာ မောင်းနှင်ထွက်ခွာသွားတော့သည်။

ခြံထဲမှာ အေးငြိမ်းညို ရှိမနေပါ။

တိုက်ကလေးအပေါ်ထပ်ကို စန္ဒကူး လှမ်းကြည့်လိုက်ချိန်မှာ အကွယ်ထဲသို့ ဝင်သွားသော ပုံရိပ်တစ်ခုကို တွေ့လိုက်ရသည်။ အညိုမှလွဲ၍ ဘယ်သူမှမဖြစ်နိုင်ပါ။ စန္ဒကူး အပေါ်ပြန်ရောက်သည်နှင့် အိမ်ဖော်မလေးက စားစရာဗန်း သိမ်းပြီးသွားပြီ။

"မေမေကြီး ဘာခိုင်းဦးမလဲ၊ သမီး ခြံထဲက ပန်းအိုးလေးတွေ သွားပြင်မလို့"

"ခိုင်းစရာမရှိဘူး၊ ပြောစရာပဲရှိတယ်၊ ထိုင်ဦး"

"မောင်ညီသစ္စာအပေါ်မှာ ဘယ်လိုသဘောထားလဲ"

"ဘယ်လိုမှ သဘောမထားဘူး၊ မေမေကြီး ခေါ်ခိုင်းလို့ သူ ရောက်လာတာလေ"

"ဒီသူငယ် သမီးကို တော်တော်မြတ်နိုးပုံရတယ်၊ ပြီးတော့ အားလုံးပြည့်စုံတယ်၊ မေမေကြီး မြေးကို တစ်ခုပဲ မေးမယ်"

"ဟုတ်ကဲ့"

"မြေးလေး ကူးမှာ ချစ်သူရှိနေသလား"

"ချစ်သူ..."

နှုတ်က ပြောချိန်နှင့် တစ်ထပ်တည်း ညှိုးငယ်နေသော အေးငြိမ်းညို၏ မျက်နှာလေးက ဖျတ်ခနဲပေါ်လာသည်။

အေးငြိမ်းညို စန္ဒကူးကို ချစ်နေပုံက ကိုညီသစ္စာထက် ပို၍ နက်ရှိုင်းစွာ သူ့နှလုံးသားနှင့်ထပ်တူ ချစ်ရှာသည်။

အကယ်၍ မေမေကြီးကသာ အခု ကိုညီသစ္စာကို ရွေးသလို အေးငြိမ်းညိုကို ရွေးပေးမည်ဆိုလျှင် စန္ဒကူး ဘယ်လောက်များ ဝမ်းသာမိမလဲ။ ဒါပေမယ့် စန္ဒကူး သိပါသည်။ အညိုနှင့်စန္ဒကူး အတူတကွ နေထိုင်စကားပြောနေတာမြင်လျှင် မေမေကြီး မျက်နှာ မှိုင်းသွားသည်။ ခြံထဲမှာ နှစ်ယောက် ပန်းပင်လေးများ ပြုစုနေခြင်း အကြောင်းတစ်ခုခုပြုပြီး ခေါ်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို သိပ်ချစ်နေလို့ သမီး ပြန်သနားနေမိတဲ့လူ ရှိပါတယ်၊ အဲဒီလို တုန့်ပြန်မှု ပေးအပ်ခြင်းကို 'ချစ်သူ' လို့ သတ်မှတ်ခဲ့ရင် အေးငြိမ်းညိုဟာ သမီးရဲ့ချစ်သူပါလို့ ပြောခွင့်ရချင်လိုက်တာ"

ဒါပေမယ့် မေမေကြီး မကြည်ဖြူမှန်းလည်းသိ၊ စန္ဒကူးကိုယ်တိုင်ကလည်း ချစ်သူအဖြစ် မသတ်မှတ်ရသေး၍...

"သမီးမှာ ချစ်သူမရှိပါဘူး မေမေကြီး"

"ဒါဖြင့် မောင်ညီသစ္စာကိုပဲ ရွေးလိုက်တော့ကွယ်"

"မစောလွန်းဘူးလား မေမေကြီးရယ်၊ သမီးရဲ့ ဆရာဝန်အတတ်ပညာနဲ့ မေမေကြီးကို ပြုစုချင်တယ်၊ ရတဲ့ ငွေကြေးအချို့နဲ့ ဆရာလေး ဒေါ်ပုညဝတီကို ကန်တော့ချင်ပါတယ်"

"အဲဒါတွေဟာ သမီး မောင်ညီသစ္စာနဲ့ လက်ထပ်ပြီးရင် ပိုတောင်လုပ်ခွင့်ရဦးမှာ"

"ဟင်..."

"ပြောသွားတာ ဘယ်လောက်ပါးနပ်လဲ၊ သူ ဒီမှာလာနေလို့ ရတယ်၊ သူ့လုပ်ငန်း ငွေကြေးအားလုံး သူ့အိမ်အတွက် မလိုဘူး သူ့ဇနီး သုံးစွဲခွင့်ရနိုင်မယ် ဆိုတာတွေကို ပါးပါးလေး ပြောသွားတာ၊ သမီး ဘယ်လိုသဘောရသလဲ"

"မေမေကြီး"

"ပြော သမီး"

ချစ်စနိုးစိတ်နှင့် သမီးခေါ်လိုက်၊ မြေးခေါ်လိုက်၊ ကူးလေးခေါ်လိုက်နှင့်ပါ။



"သမီးဘဝမှာ ဆုံးဖြတ်ထားတာ ရှိပါတယ်"

"ဘာကိုလဲ ကူး"

"သမီးဘဝကို မေမေကြီးလက်ထဲမှာပဲ အပ်ထားမယ်လို့၊ သမီးမှာ ချစ်သူရှိလို့ မေမေကြီး သဘောမတူဘူးဆိုရင် စွန့်လွှတ်ပေးမယ်၊ သမီး မချစ်ပေမယ့် မေမေကြီးက လက်ထပ်သင့်တယ်ဆိုရင် သမီးလက်ထပ်မယ်၊ ဒါမှမဟုတ် အိမ်ထောင်မပြုနဲ့၊ မေမေကြီးနဲ့ပဲ တစ်သက်လုံးနေ ဆိုရင်လည်း နေပါ့မယ်လို့ ဆုံးဖြတ်ထားပြီးသားပါ၊ ကူးဟာ မေမေကြီးထုဆစ်ပုံဖော်ထားလို့ လှပတဲ့ အရုပ်ကလေးတစ်ရုပ် ဖြစ်ခွင့်ရနေတာပါ၊ ကူးကို မေမေကြီးပဲ ပိုင်ဆိုင်သင့်ပါတယ်"

"မြေးလေး...မြေးမလေးရယ်"

ဒေါ်ဦးမေ မျက်ရည်များလည်လောက်အောင် ဝမ်းသာသွားရှာသည်။

"သားရွှေအိုးထမ်းတာ မြင်ချင်တယ် ဆိုသလို၊ သမီး ချစ်တဲ့သူ၊ ချစ်နိုင်တဲ့သူနဲ့ လက်ထပ်ပေးခဲ့ချင်တာ မေမေကြီး ဆန္ဒပဲ စန္ဒကူးလေး၊ မေမေကြီးနဲ့ အသက်ထက်ဆုံးနေမယ်ဆိုတာ ဘယ်ဖြစ်ပါ့မလဲကွယ်၊ မေမေကြီးက အသက်ခုနစ်ဆယ်ကျော်ပြီလေ၊ ဘဝတစ်ခု ပြီးဆုံးခါနီးပြီ၊ ဒါကြောင့် အို!တိုတိုပြောရရင် မေမေကြီး စီစဉ်တာ နာခံမယ်ဆိုရင် မောင်ညီသစ္စာနဲ့သာ လက်ထပ်ပါကွယ်"

စန္ဒကူးကိုယ်တိုင်က ကိုညီသစ္စာကို နက်ရှိုင်းစွာ မချစ်သေးသည်ကလွဲပြီး လက်ထပ်ဖို့ ငြင်းဆိုလောက်အောင် ဘာပြစ်ချက်မှ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ယောင်းမတော်ရမည့် သူမျာ:ကလည်း ချစ်သူငယ်ချင်းများ ပါပင်။

"ဟိုတစ်ပတ်က သူ့အမေ လာသွားတယ်"

"ဟင်..."

"ဟောဒီကတ်ကလေးကို သူ့မာမီကိုယ်တိုင် ပေးသွားတာ"

"သမီးလည်း မသိရပါလား"

"သမီးတင် မဟုတ်ဘူး၊ မောင်ညီသစ္စာပါ မသိဘူး"

"အို...ဘာလာလုပ်တာလဲ"

"သမီးတောင်းလာတာပေါ့"

"မေမေကြီးရယ်..."

"ကဲ မေမေကြီးကို ချစ်လို့ သမီးရဲ့ဘဝကိုတောင် မေမေကြီးရဲ့ လက်ထဲ အပ်ထားပြီဆိုတော့ မေမေကြီး ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပေးလိုက်တော့မယ်၊ မောင်ညီသစ္စာနဲ့ အမြန်ဆုံး လက်ထပ်ရမယ် မြေးလေး၊ ကြားလား"

"ကောင်းပါပြီ...ကောင်းလှပါပြီ မေမေကြီးရယ်"

✿ ✿ ✿

အိမ်ထောင်ပြုခြင်း ဆိုသည်မှာ မိန်းမသားတွေအတွက် ပြည့်စုံ ကြွယ်ဝစွာ ပေးဆပ်နိုင်ခြင်းက အဓိကလား၊ ချစ်ခြင်းမေတ္တာက ပိုပြီးအရေးကြီးသလား စန္ဒကူး မသိပါ။

စန္ဒကူး စဉ်းစားတွေးခေါ်နိုင်သည့် အရွယ်မှစပြီး မိမိ၏ ဘဝပိုင်ရှင်မှာ မေမေကြီးဟုသာ သတ်မှတ်ထားခဲ့သည်။ မေမေကြီး စီစဉ်သမျှ လိုက်နာမည်ဟူသော ဆုံးဖြတ်ချက်ထားရှိခဲ့ပြီးလေပြီမို့ ယခုကိစ္စကို စန္ဒကူးအနေနှင့် ခေါင်းညိတ်ခဲ့ပြီးဖြစ်ပါသည်။

အစ်ကိုညီသည် စန္ဒကူးအသိမှာရော မေမေကြီး၏အမြင်မှာပါ အပြစ်မဲ့သော အားကိုးထိုက်သူသာ ဖြစ်ပါ၏။ ဒါပေမယ့် စန္ဒကူး၏ နှလုံးသားတွင်းမှ နက်နက်ရှိုင်းရှိုင်းခံစားပြီး ချစ်ရသောသူဖြင့် မဟုတ်ပါလေ။

"ဟေး...ငြိမ်လှချည်လား၊ ဘာတွေစဉ်းစားနေလဲ"

"အင်...ဘာမှမဟုတ်ပါဘူး"

"မညာနဲ့...တစ်ခုခုတော့ တွေးနေတယ်မဟုတ်လား၊ မှန်မှန် ပြော"

ကားမောင်း၍ မျက်နှာလှည့်ကာ ရွှန်းရွှန်းဝေနေသောအပြုံးနှင့် ညီသစ္စာ ပြောလာသည်။

"စန္ဒကူးဝတ်ဖို့ အဝတ်အစားကို အစ်ကိုညီကိုယ်တိုင် ရွေးချယ်လို့ ကောင်းပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒါ တွေးနေတာလား၊ ဘာလို့မကောင်းရမှာလဲ ကူးလေးရဲ့"

စန္ဒကူးပါ အားရပါးရ ပြုံးဖြစ်သည်။ တွေးတာကတခြား ပြောတာကတစ်မျိုးကို ထပ်တူထင်ပြီးပြောလာ၍ စန္ဒကူး တကယ့်ကို ရယ်ချင်သွားသည်။

"ဘာရောင်ဝတ်မလဲဟင်"

"အစ်ကိုညီကိုယ်တိုင် လိုက်ဝယ်ပေးမှာမို့ အစ်ကိုညီ ကြိုက်တာပဲ ရွေးပါ"

"ကူးလေးက ဘာရောင်ပဲဝတ်ဝတ် သိပ်လှတာပဲ"

စန္ဒကူး ဘာမှမဖြေဖြစ်။ ဗိုလ်ချုပ်ဈေးထဲသို့လည်း ဝင်လာပြီ ဖြစ်၍ ကားဝင်ခပေးရန် အစ်ကိုညီ အာရုံပြောင်းသွားခဲ့သည်။

မနက်ဆယ့်တစ်နာရီသာသာ,သာရှိသေး၍ ဗိုလ်ချုပ်ဈေးမှာ ကားတွေမရှုပ်ထွေးလှသေး။ နေ့လယ် နှစ်နာရီ၊သုံးနာရီဆိုလျှင်ဖြင့် ကားတစ်နေရာစာ ရပ်ခွင့်ရဖို့ ကားသမားတိုင်း ချွေးပြန်ကြရစမြဲ။

"ဟော…ရှေ့က ကရီနာကား ထွက်မယ် အစ်ကိုညီ၊ ခဏလေး ရပ်ထား"

"ကူးလေးက မျက်စိလျင်သားပဲ"

အလှအပမက်မောပြီး အသုံးအဖြုန်းကြီးပုံရသော မိန်းမကအထုပ်အပိုးပေါင်းများစွာဆွဲပြီး ကားထဲဝင်နေပြီမို့ အကြာကြီး စောင့်နေရသည့် ကားထဲမှ ခင်ပွန်းဖြစ်ဟန်တူသူက သူ့ဘေးမှာ သူ့ဇနီး ဝင်မထိုင်မီမှာပင် ကားစက်ကို နှိုးလိုက်ပြီ။ မိန်းမချင်း အပြိုင်အဆိုင်များပြီး အလှအပ အသစ်အဆန်းကို မက်မောလျှင်လျှင် အိမ်ရှင်မ,ကောင်း ဖြစ်မလာနိုင်ဟု မေမေကြီး ပြောဖူးသည်ကို သတိရလာသည်။



"ဒီနေရာ ရပ်လို့ ကူးလေးသွားမယ့်ဆိုင်နဲ့ နီးလို့လား"

"ဇာဝယ်မှာဆို…၊ ဒီဘက်မှာလည်း ရှိမှာပါ"

"ဇာဆိုတာကလည်း အိမ်က ဆက်စလူးစိန်တို့ ပြောသံကြားတာ ပြောရတာပါ"

"ထားနဲ့ပန်ကပါ ဇာဝတ်မှာလား"

"အခုလာမယ့် စေ့စပ်ပွဲမှာ သူတို့မပါသေးဘူးလေ၊ မင်္ဂလာဆောင်မှာ ဝတ်ဖို့တဲ့"

"အိုး…အဝေးကြီး လိုသေးတဲ့ဟာကို"

"ဘာလို့ဝေးရမှာလဲ၊ စေ့စပ်ပြီး မင်္ဂလာကိစ္စ စီစဉ်ကြရုံပဲလေ"

စန္ဒကူး ဘာမှပြန်မပြောဖြစ်ပါ။ ကိုယ်တိုင် ကားမောင်းတတ်သူမို့ ကားပတ်ကင်ရပ်ဖို့ ခေါင်းလေးဘေးထွက်ပြီး ပြောပေးနေရသည်။ ကားရပ်ပြီး ကားထဲမှထွက်၍ မှန်တင်၊ သော့ခတ်ပြီးချိန်မှာ ညီသစ္စာက စန္ဒကူးလက်ကလေးကို ဆွဲယူပြီး လက်ဖဝါးချင်း ထိဆက် လက်တွဲ၍ ဈေးထဲဝင်လာဖြစ်သည်။ စန္ဒကူးရင်ထဲမှာ အရှက်ကြောင့် ရှိန်းနွေးလာသော်လည်း လက်ကိုဖြုတ်ရန်းဖယ်မပစ်မိခဲ့ပါ။

ဇာတစ်မျိုးတည်းရောင်းသောဆိုင်မှာ အရောင်စုံ အလိုက်လိုက် ထောင်ထားသည့်အထဲမှ နှစ်ထပ်ဇာ အပြာနုရောင်လေးကို ရွေးချယ်၍…

www.burmeseclassic.com

www.burmeseclassic.com



"ဒီအရောင်ကောင်းမလားဟင် အစ်ကိုညီ"

"ကြိုက်ရင်ယူလေ၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ"

"မဖြစ်ပါဘူး၊ ယူပါ"

"ပြောပါ"

ဆိုင်ရှင်မဟုတ်သော အရောင်းစျေးသည် ကောင်မလေး နှစ်ယောက်က ချောချောလှလှစုံတွဲကို စိတ်ဝင်တစား ကြည့်ရင်း ပြုံးနေကြသည်။

"အရောင် အစ်ကိုညီပဲ ရွေးပါ"

"ဟောဒီ အဖြူရောင်နှစ်ထပ်ပွင့်နဲ့ဇာ ဆိုရင်ရော"

"ဟင်...အဖြူကြီး"

"ကူးလေးနဲ့ အဖြူဝမ်းဆက်က ပိုလိုက်မယ်"

အသားဖြူရသည့်အထဲ အဖြူဆွတ်ဆွတ် ဝမ်းဆက်ဝတ်ရမည်တဲ့လား။

ဘာပဲဖြစ်ဖြစ်ပေါ့လေ...သူ ဝယ်ပေးမှာ သူ့အကြိုက်ပဲ ဖြစ်ပါစေတော့။

"ညီမလေး၊ ဒီအဖြူက ဘယ်လောက်အနံလဲ၊ ဝမ်းဆက်လက်ရှည်ဆိုရင် ဘယ်လောက်ဝယ်ရမလဲ"

ရောင်းနေကျ မိန်းကလေးက တွက်ပြသည်။ ဇာခပ်ထူထူပေါ်မှာ အပွင့်လေးတွေ ထပ်တင်ထားသော အဖြူရောင်ဇာက စျေးအကြီးဆုံးပါလား။

စန္ဒကူးက သူ ဝတ်စေချင်သော ဇာအဖြူကို ဝယ်လိုက်၍ ညီသစ္စာ ပို၍ပျော်သွားသည်။ ငါးသောင်းကျော်ကျသော ဇာဖိုးငွေကို သွက်လက်စွာ ရေတွက်၍ ပေးချေ၏။

ဆိုင်မှအထွက်တွင်...

"ဘာဝယ်ဦးမလဲ"

"ဟင့်အင်း...တော်ပြီ"

"ဩော်...ကိုယ်သတိရပြီ၊ ဖိနပ်အဖြူလှလှလေး မြောက်ဘက်တန်းမှာ သွားဝယ်ရအောင်"

"အစ်ကိုညီ"

"အင်..."

"ဒီပွဲက ဖိနပ်စီးရမယ့်ပွဲမှ မဟုတ်တာ"

"ဩော်...အင်း...ဟုတ်သားပဲနော်၊ မေမေကြီးက သူ့အိမ်မှာပဲ လာတောင်းရမယ်ဆိုလို့၊ မဟုတ်ရင် စေ့စပ်တာကိုတောင် အစ်ကိုညီက မြရိပ်ညိုလောက်မှာ လုပ်ချင်တာ"

"တော်ပါပြီ၊ နှစ်ဖက် လူကြီးမိဘ ကျေနပ်လို့ စေ့စပ်တာပဲ၊ သိပ်အကုန်ခံစရာမလိုပါဘူး"

"သိပ်လှပြီး သိပ်တန်ဖိုးကြီးတဲ့ ချစ်သူလေးကို ရတော့လည်း အကောင်းဆုံး၊ အဖိုးအတန်ဆုံးတွေနဲ့ပဲ ချီးမြှင့်ချင်တာ ပေါ့ဗျ"

"အစ်ကိုညီနော်...စျေးလယ်ခေါင်ကြီးမှာ၊ လာ...ပြန်ကြမယ်"

"ဘယ်ပြန်မှာလဲ"

"အိမ်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်္ကျီသွားအပ်ရဦးမယ်လေ"

"ဟုတ်သားပဲ"

အပြုံးတွေဝေရင်း ဗိုလ်ချုပ်ဈေးထဲမှ ထွက်ခဲ့ကြသည်။ မဝေးလှသော ဆိပ်ကမ်းသာလမ်းထဲရှိ တရုတ်ကပြားမ တစ်ယောက်၏ အပ်ချုပ်ဆိုင်သို့ ရောက်ဖြစ်၏။

"ဟေး...အစွမ်၊ ဒီမှာ ငါ ပြောထားတဲ့ ငါ့ရဲ့ သတို့သမီး ကြည့်စမ်း မလှဘူးလား"

-"ဟယ်...မိန်းကလေးကို သနားလိုက်တာ"

"ဘာလဲဟ"

"ငါသာ အဲဒီကောင်မလေးလောက်လှရင် နင့်လိုကောင်မျိုး မယူသေးဘူး"

"နင့်လို ပုံတုံးကြီးကိုလည်း ဘယ်သူမှမကြိုက်ကြလို့ နင်က မှာပတ်ရှာတာတောင် ယောက်ျားမရခဲ့ဘဲ အပျိုကြီးဖြစ်နေတာ မဟုတ်လား မိစွမ်"

အားရပါးရ ရယ်ကြပြီး...

"ကူးလေး...ဒါ ဒဂုံ-၁ မှာတည်းက အတန်းတူ ငယ်သူငယ်ချင်းလေ၊ မကျင်စွမ်တဲ့၊ အမေရိကားပြန်၊ ဟိုမှာ ဒီဇိုင်းပညာ သွားသင်ပြီး ပြန်လာတာ၊ မင်းသမီးတွေက သူ့ကိုပင့်ရတဲ့ ဒီဇိုင်နာလေး ချုပ်ခက တစ်ထည် တစ်သောင်းကျော်တဲ့၊ သိန်းချီဝင်ငွေရှိတာ"

"ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူးဟယ်၊ နင်တို့လို စာမတော်တော့ ဒီလိုပဲ လုပ်စားရတာပေါ့"

"ကဲ...အင်္ကျီတိုင်း၊ ငါးရက်အတွင်း ရမှနော်၊ နောက်လာ-



မယ့် တနင်္ဂနွေနေ့မှာ ငါတို့ စေ့စပ်ကြတော့မှာ၊ နင့်ကို ဖုန်းဆက်ပြောပြီးပြီလေဟာ"

"အေးပါ...နေစမ်းပါဦး၊ ဘာစားကြမလဲ၊ ဒီလမ်းထဲမှာ အစုံရှိတယ်"

"နေပါစေ...ကူးတို့မစားတော့ပါဘူး"

"ဒီမှာ ဘာမှကျွေးဖို့ စိတ်မကူးနဲ့၊ အင်္ကျီကိုသာ ဒီဇိုင်းလှလှလေး ထွင်ပြီး ချုပ်ပေး၊ ဒီမှာစားရင် နင်က တို့ကြားမှာ ကန့်လန့်ကြီး ရှိနေဦးမှာ၊ ငါတို့နှစ်ယောက်တည်း တစ်နေရာရာမှာ သွားစားမလို့"

"ငါလည်းလိုက်မယ်လေ"

"နင် ရုပ်နေလို့ နင်ကျွေးတာတောင် မစားတာ၊ သူများချစ်သူတွေကြား ဝင်ရှုပ်လေ နင့်အပျိုကြီးသက် ရှည်လေပဲဖြစ်မှာ မိစွမ်ရဲ့"

"ညီ...နင် ငယ်ကျင့်ကို မပျောက်သေးဘူး၊ ခွေးကောင်"

ငယ်သူငယ်ချင်းတို့၏ ရင်းနှီးပွင့်လင်းမှုက ချစ်မြတ်နိုးဖွယ်ကောင်းလှချေသည်။ စန္ဒကူးကို ပေကြိုးနှင့်တိုင်းထွာနေစဉ် စပရိုက်ဘူးဖောက်ပြီး တိုက်ပါသေးသည်။ တိုင်းပြီးချိန်မှာ...

"ချုပ်ခ စရံနှစ်ကျပ်လောက် ယူထားပါလား အစွမ်"

"ခွေးသူတောင်းစား"

"အလကား စ,တာပါဟာ၊ လှအောင်သာ ချုပ်ပေး၊ ချုပ်ခလည်း ယူပါ"

"မယူပါဘူး သူငယ်ချင်းရယ်၊ နင် မိန်းမချောချောလှလှ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မလေးကိုရတာ ဂုဏ်ပြုတဲ့အနေနဲ့ ငါ အလကား ချုပ်ပေးမှာပါဟာ"

ငယ်သူငယ်ချင်းတို့၏ တန်ဖိုးက ကြီးမားလှချေသည်။

ညီသစ္စာ အကူအညီလိုချိန်မှာ မကျင်စွမ်ိက စေတနာအပြည့်နှင့် ကူညီသလို သူ လိုအပ်လျှင်လည်း ကိုညီသစ္စာက မနှောင့်မနှေး ကူညီမည့်သူပါ။

နှုတ်ဆက်ချိန်မှာလည်း တစ်ယောက်နှင့် တစ်ယောက် တစ်ခုမှအကောင်းမပြောကြဘဲ တဝါးဝါးရယ်နေကြ၍ မကျင်စွမ်း၏ တပည့် စက်ချုပ်သမလေးများပင် အလုပ်မလုပ်ဖြစ်ကြဘဲ စုံတွဲလှလှကိုငေး၊ ပြက်လုံးတွေကိုပြုံးနှင့် အလုပ်များပင် ရပ်ဆိုင်းသွားကြသည်။

"ကဲ...ဘယ်သွားရင်ကောင်းမလဲ"

"အိမ်ပြန်မယ်လေ"

"ဘယ့်နဲ့ အိမ်ပြန်ရမှာလဲ၊ ဒါ အွန်ဂျူတီ(On duty)နဲ့ လာတာ"

"ဘာလဲ...မေမေကြီး မျှော်နေရောမယ်"

"မေမေကြီးကိုယ်တိုင်က အင်္ကျီ၊ လုံချည် ဝယ်ဖို့ လွှတ်လိုက်တာ၊ မနက်စာစားပြီးမှ ပြန်ခဲ့မယ်လို့လည်း ပြောခဲ့ပြီးသား၊ လူကို မေမေကြီးနဲ့ ကိုင်ပေါက်မနေနဲ့"

"ကိုင်ပေါက်ရအောင် မေမေကြီး ဝဝကြီးကို ကူး နိုင်ပါ့မလား၊ အဲလေ...ဘွာဘွာ...ရဲတွေတော့ ကြီးကုန်ပါပြီ"

ပျော်နေချိန်မို့ စကားလုံးတွေပါ အရည်ပျော်မတတ် ဦးတည်ရာ မဲ့စွာ စီးမျောနေ၏။



ကိုညီသစ္စာ ကိုယ်တိုင်ရွေးချယ်သော ကန်တော်မင်ပန်းခြံအတွင်းက ရှမ်းကန်စားသောက်ဆိုင်ရှေ့သို့ ရောက်ခဲ့ကြသည်။

"ဟာ...အခန်းထဲမဝင်ပါနဲ့၊ အပြင်မှာပဲ ထိုင်ရအောင်"

ဆယ်ယောက်၊ ဆယ့်နှစ်ယောက်လောက် ထိုင်နိုင်သော သီးသန့်ခန်းအတွင်းသို့ နှစ်ယောက်တည်း စန္ဒကူး မဝင်လိုပါ။

ဘဝ၏ လက်တွဲဖော်အဖြစ် သေချာပြီဖြစ်သော်လည်း တရားဝင် စေ့စပ်လက်ထပ်ခြင်း မပြုရသေးချိန်မှာ စန္ဒကူးကို သိက္ခာလေးနှင့် နေခွင့်ပြုပါ။

ကိုညီသစ္စာက ထပ်ပြီးမတောင်းဆိုတော့ပါဘဲနှင့် ကန်ဘက်နီးသော ထောင့်စားပွဲမှာ နေရာယူလိုက်သည်။ နံနက်စာစားချိန်မို့ နိုင်ငံခြားသားအချို့နှင့် မြန်မာအမျိုးသားများ၊ မိသားစုများကို တွေ့ရသည်။ လူသူမရှုပ်ထွေး၊ ဆူညံခြင်းမရှိ။ တစ်ဝိုင်းမှတစ်ဝိုင်းသို့ စပ်စုအကြည့်များ မမြင်ရ။

"ကူးလေး စားချင်တာမှာပါ"

Menu Card လေးကို လှမ်းပေးပြီး ရွေးစေသည်။

"အစ်ကိုညီ ကြိုက်တာမှာပါ"

"ဒီအချိန်မှာ အစ်ကိုညီ ကူးလေးကလွဲပြီး ဘာမှ မကြိုက်ဘူး..."

"ကိုက်စားခံရမှာတောင် ကြောက်လာပြီ"

စန္ဒကူး သည်ပင်လျှင် အပျော်တွေ ကူးစက်သွားသလို နောက်လိုက်မိပြီးမှ လက်ကလေးနောက်ပစ်၍ မှာမည့်ဟင်းလျာကို

www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်ရန် စောင့်ဆိုင်းနေသော စားပွဲထိုးလေးကိုပင် ရက်ရွဲ့စွာ ခေါင်းငုံ့လိုက်မိ၏။

"ရော...မှာ"

စန္ဒကူး ရက်သွားသည့် မျက်နှာလေးကို ကြည်နူးကျေနပ်လွန်းစွာ ပြုံး၍ ကြည့်နေပြီးမှ ညီသစ္စာက ဟင်းလျာ စာရင်းကို ကြည့်ပြီး...

"ပုစွန်ချဉ်စပ်ရယ်၊ ကြက်ကုန်းဘောင်ရယ်၊ တုန်ယန်းဟင်းချိုရယ်၊ ပြီးတော့..."

"တော်ပြီလေ၊ အစပ်တွေချည်း လျှောက်မှာနေတာ"

"အစပ်မကြိုက်ဘူးလား၊ မိန်းကလေးတိုင်း အချဉ်အစပ်ကြိုက်ကြတာလေ"

"တော်ပြီ၊ ကူးအတွက် ဗယ်ဂျီတေဘယ်လ်(Vegetable) တစ်ပွဲ မှာပေးပါ"

"ကိုက်လန်ကြော်တစ်ပွဲ၊ ဒါပဲ၊ ရပြီ...ညီလေး"

"ဟုတ်ကဲ့ခင်ဗျာ၊ အအေး ဘာသုံးဆောင်မလဲ"

"တော်ပြီ၊ ရေသန့်ပဲပေး"

ကောင်လေးထွက်သွားသည်နှင့် စားပွဲပေါ်မှ ကူး၏ လက်ကလေးကို အုပ်ကိုင်ကာ...

"တကယ့်ကိုကိုက်စားချင်ပြီကွာ၊ ရက်တာလေးက ပိုတောင်လှသေးတယ်၊ ရင်ထဲမှာကို ခိုက်သွားတာပဲ"

လက်ကိုပြန်ရုတ်ပြီး မီနူးကဒ်လေးကိုပဲ ငုံ့ကြည့်နေလိုက်သည်။



"ဪ...စီးဖု(Sea Food)ထဲက မှာဦးမလား"

"တော်ပါပြီ၊ အဲဒါတွေတောင် ကူး များများမစားဘူးနော်၊ ဝင်လယ်စာတို့၊ ပုစွန်တို့က ကော်လက်စထြောတက်တာ၊ ကူးက အသီးအရွက်ပဲ များများစားလေ့ရှိပါတယ်"

"ဆရာဝန်မကြီးရယ်၊ ကျန်းမာရေး ရှုထောင့်ကချည်း နေရာတကာ မကြည့်ပါနဲ့ခင်ဗျာ၊ တစ်ခါတလေ စားတာ ဘာမှ မဖြစ်နိုင်ပါဘူး"

ပြိုင်တူ ပြုံးကြသည်။

ကိုညီသစ္စာသည် ပညာတတ် လုပ်ငန်းရှင် တစ်ယောက်မို့ ငွေကြေးချမ်းသာရုံမဟုတ်သေး၊ စိတ်သဘောထားလည်း တည်ကြည် မြင့်မြတ်သူဖြစ်ကြောင်း စန္ဒကူး သိခွင့်ရတာ ကြာခဲ့ပါပြီ။

လေးစားအားကိုးစိတ်များဖြင့် အိမ်ထောင်၏ ရှေ့ဆောင်လမ်းပြနေရာမှာ ထားသင့်ထားထိုက်သော ခင်ပွန်းကောင်း တစ်ယောက် ဖြစ်မှာလည်း သေချာပါ၏။

ဤကဲ့သို့သော ဂုဏ်ဒြပ်များ ရှိသူကို ခင်ပွန်းအဖြစ်နှင့် အတူတကွ နေထိုင်ခွင့်ရပြီးသည့်အခါ ချစ်ခြင်းမေတ္တာဆိုသည်များ ဖြစ်ထွန်းလာနိုင်ကောင်းပါရဲ့လေ။

ရွှေတွေဝင်းအိနေသော ကြည်ညိုဖွယ်ရာ ရွှေတိဂုံစေတီတော်ကြီးကို လှမ်းကြည့်မိသည်။ ငြိမ်သက်နေသော သစ်ပင်များဖြင့် လှိုင်းတွန့်လေးများသာ လှုပ်ခတ်နေသော ကန်ရေပြင်ကို စန္ဒကူး ငေးရင်း တွေးနေမိသည်။

"သိပ်အရေးကြီးတဲ့ စကားတစ်ခွန်း မေးမလို့ အခွင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မသာသေးလို့၊ ခုမှပဲ မေးရတော့မယ်”

“ဟင်…”

“ကူးလေး ကိုယ့်ကိုချစ်ရဲ့လား”

“အို…”

“ဖြေဖို့သင့်ပါပြီ ကူးရယ်၊ မေမေကြီးကြောင့် လက်ခံရတာမျိုး မဖြစ်စေချင်ဘူး၊ ကူးလေးကိုယ်တိုင်က ကိုယ့်ကို ကိုယ့်လိုပဲ ရင်နဲ့တနင့် ပြန်ချစ်စေချင်တယ်”

စန္ဒကူး သူ့ကို မကြည့်၊ ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့စွာ လှမ်းမျှော်ငေးကြည့်နေမိသည်။

“ဖြေပါဦး ကူးရယ်”

“ပိုင်ဆိုင်ခွင့်တောင်ရဲတော့မှာလေ၊ ဖြေဖို့လိုသေးလို့လား”

“လိုတာပေါ့ ကူးရဲ့၊ ပိုင်ဆိုင်တယ်ဆိုတာက ရုပ်ဝတ္ထုနဲ့ဆိုင်တယ်လေ၊ ချစ်တယ်ဆိုတာက ဒြပ်ဝတ္ထုမဟုတ်ဘူး၊ အကောင်အထည် မရှိဘူး၊ ဒါပေမယ့် နှလုံးသားထဲက နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်လာတဲ့ ခံစားမှုပါ”

“ကူး မဖြေပါရစေနဲ့”

“ဒါဖြင့် ကိုယ့်ကို ကူးမချစ်ဘူးလား”

“ဒီလိုလည်း မဟုတ်ပါဘူး”

“ဒါဖြင့် ချစ်သလား”

“အစ်ကိုညို”

“အင်း…ပြောပါ ကူး”

“ဟိုနေ့ကျမှ ကူးမှာ ဖြေစရာရှိလာရင် ဖြေပါ့မယ်”



“ဟိုနေ့ဆိုတာ စေ့စပ်တဲ့နေ့ကို ပြောတာလား”

စန္ဒကူး ခေါင်းညိတ်ပြ၏။

“ဟာ…အဲဒါက ပိုင်ဆိုင်ခွင့်အတွက် အကြိုသတ်မှတ်မှုလေ၊ ကိုယ်လိုချင်တာက ခံစားမှုပါ ကူး”

“တူတူလို့ ထင်တာပဲ”

“ဘယ်တူမလဲ၊ ကိုယ် ရှင်းပြပြီးလေ”

“အစ်ကိုညို”

“ဟင်…”

“ကူး အဲဒီလို ခွဲခွဲခြားခြားနားမလည်သေးပါဘူး၊ ရင်တွေခုန်နေတာတော့ အမှန်ပဲ၊ ဒါပေမယ့် ကူးနှလုံးသားထဲကခံစားမှုကို ကူးကိုယ်တိုင် နားလည်အောင် ကြိုးစားပါရစေဦး၊ လူသားနှစ်ယောက် နီးစပ်ရင် အချစ်ဆိုတာ အလိုလို ဖြစ်ထွန်းလာမှာမဟုတ်ဘူးလား”

“ဒီလို ပုံသေကြီး တွက်ဆလို့ ဘယ်ရမလဲ ကူး”

“ဟင်…”

“နီးစပ်တိုင်း အချစ်ဆိုတာ ဖြစ်မလာနိုင်သလို ဝေးနေရက်နဲ့လည်း ချစ်ခြင်းမေတ္တာဆိုတာ နှလုံးသားမှာ ဖြစ်ထွန်းလာတတ်တာမျိုးပါ”

“အချစ်ဆိုတာ ရုပ်ထွေးမှုတစ်ခုပဲနော်”

“ရှုပ်ထွေးမှုလည်း မဟုတ်ဘူး၊ ပိုင်ဆိုင်မှုနဲ့လည်း မဆိုင်ဘူး၊ ကိုယ်ပြောပြီးပြီပဲ၊ နှလုံးသားရဲ့ခံစားမှုပါလို့”

“အမှန်အတိုင်း ဝန်ခံရရင်တော့ နှလုံးသားထဲမှာ နက်နက်

www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းရှိုင်း မခံစားရသေးပါဘူး၊ ဒါပေမယ့် ကူးမှာ အစ်ကိုညီက လွဲလို့ အဲသလိုခံစားပြီးချစ်ရမယ့်သူ မရှိသေးတာလည်း မှန်သော သစ္စာပါ”

“အမှန်တရားများနဲ့သာ နေတတ်တဲ့ ကူးရဲ့ သစ္စာစကား လေး တစ်ခွန်းနဲ့ပဲ ကိုယ် ကျေနပ်လိုက်ရပါပြီ ကူး၊ ကူးမှာ တခြား ချစ်သူ ရှိမနေတဲ့အတွက် ကူးကိုသိပ်ချစ်နေမိတဲ့ ကိုယ့်ရဲ့ ယုယ ကြင်နာမှုတွေကြောင့် တစ်ချိန်ချိန်မှာ ကူး ကိုယ့်ကို တုန့်ပြန်ချစ် လာမှာပါလို့ ကိုယ် ယုံကြည်စိတ်နဲ့ မျှော်လင့်နေပါ့မယ် ကူး”

သူ့စကားကြားပြီးချိန်မှာ လိုအပ်ခြင်းကင်းစွာ ပြည့်စုံနေ သော ကိုညီသစ္စာကိုပင် သနားစရာကောင်းသောသူ တစ်ယောက် လို စိတ်ထဲမှာဖြစ်သွားမိသည်။

ဤခံစားမှုသည် သူပြောသော ချစ်ခြင်းမေတ္တာ၏ အစ နှလုံးသားထဲမှ နက်နက်ရှိုင်းရှိုင်း ခံစားရတော့မည့် အချစ်၏ နိဒါန်းများလေလားကွယ်။

✿ ✿ ✿

BURMESE CLASSIC .com

# အပိုင်း ၉

အဝယ်ခံ

www.burmeseclassic.com

www.burmeseclassic.com

အေးငြိမ်းညိုဆိုသည့် အေးငြိမ်းလှသော ကောင်လေး တစ်ာက်၏ အတုမဲ့မေတ္တာကို အသိအမှတ်ပြုမိရုံမက ရင်တွင်းမှ ်ပြန်မိခဲ့သော်လည်း စန္ဒကူး၏ အကြင်နာ နှလုံးသားကို သိ ထားနိုင်ခဲ့ပါသည်။

ဤသို့ဖြင့် စန္ဒကူးဘဝကို ပုံမှန် လည်ပတ်နေစေခဲ့ရာမှ မေကြီး၏ ဆုံးဖြတ်ချက်ကြောင့် ဘဝ၏ တစ်ဆစ်ချိုးအကွေ့ကို ချိန်တိုတိုအတွင်းမှာပင် ပြောင်းလဲစေလိုက်ပါပြီ။

ဒေါ်ရှုဘီခင်မြဝင်းနှင့် ဒေါ်သက်သက်မာတို့ နောက်တစ် ါက် ထပ်ရောက်လာသည်။ နောက်ဆုံး ညီသစ္စာ၏ဖခင် ဦး စ္စာအောင်နှင့် ဒေါ်ရှုဘီတို့ ဒေါ်ဦးမေထံရောက်လာကာ စေ့စပ် ကြောင်းလမ်းခြင်းကိစ္စကို မြရိပ်ညိုတွင် စီစဉ်မည်ဟုဆိုသဖြင့်…

"မေမေကြီး စကားကို နားထောင်ကြပါ၊ လက်ထပ်ရင် ာ ကြိုက်သလိုချဲ့ပါ၊ စေ့စပ်တာတော့ ဒီအိမ်မှာပဲ လုပ်ကြပါ၊ း:ကလေးရှိတဲ့နေရာကို လာရောက်တောင်းရမ်းတယ်၊ စေ့စပ် ယ်၊ 'မြန်း'တယ်ဆိုတာ မြန်မာ့ဓလေ့ပါ"

သည်သို့ဖြင့် ယနေ့ တနင်္ဂနွေနေ့ နံနက် ကိုးနာရီမှာ ာကျားလေးဘက်က လူဆယ့်နှစ်ယောက် ရောက်လာကြမည်။ ည်ဘက်က ဒေါ်ဦးမေအပါအဝင် ရှစ်ယောက်ရှိမည်။ အားလုံး နှစ်ဆယ်စာ ကုန်းထက်ကြက်ဆီထမင်းနှင့် အိုက်စကရင်များ၊ ဝ်သီးများ၊ ဖျော်ရည်ဘူးများ ကျွေးမွေးဧည့်ခံရန် လွန်ခဲ့သော ်ရက်ကပင် အိမ်ပေါ်ထပ်ကြီးကို ရှင်းလင်းစီစဉ်ထားခဲ့ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကူးလေး စေ့စပ်တဲ့နေ့ကျရင် ဝတ်ဖို့"

ဆိုပြီး အဖြူဆွတ်ဆွတ်ရောင် တန်ဖိုးကြီးလှသော ဇာ ဝတ်စုံ ဆက်ကို ကိုညီသစ္စာကိုယ်တိုင် မကျင်စွမ်ထံမှယူ၍ လာပို့သွားပြီ ပါပြီ။

ဒီနေ့ လူတစ်ယောက်၏ ဘဝကို မိမိက ထက်ဝက်ပိုင်ဆိုင် ပြီး မိမိ၏ ဘဝကိုလည်း ထက်ဝက် ပေးအပ်ရမည့် စန္ဒကူး၏ စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာနေ့ပါ။

မနက်ငါးနာရီတည်းက ထမြီး စိတ်လှုပ်ရှားစွာ ပြင်ဆင် အလှပြင်နေဆဲ နံနက်ခုနစ်နာရီခွဲတိတိမှာ အိမ်ထဲသို့ ကားတစ်စီး တရကြမ်း ဝင်လာချိန်နှင့် ထပ်တူပင် တယ်လီဖုန်းက မြည်လာ သည်။ ဒေါ်ဦးမေကိုယ်တိုင် ကိုင်လိုက်ချိန်မှာ တစ်ဖက်က ဘာ ပြောနေသည်မသိ။

"ဘာ...ဘာပြောတယ်၊ မိုက်ရိုင်းလှချည်လား"

ဒေါ်ဦးမေက အသံတုန်စွာ အော်ဟစ်နေ၍ စန္ဒကူး ပြေး ထွက်လာချိန်မှာ ကားနှင့်ရောက်လာသော ဒေါ်ရှုဘီခင်မြဝင်း၏ ညီမဝမ်းကွဲ၊ ဤအိမ်သို့ နှစ်ခေါက်ရောက်ဖူးသော ဒေါ်သက်သက် မာ,က...

"စေ့စပ်ပွဲကို ဖျက်လိုက်ပြီလို့ ပြောခိုင်းလိုက်လို့ပါ"

"ညီသစ္စာကိုလည်း လုံးဝ လက်မခံပါနဲ့တဲ့"

"လက်ခံရင်လည်း ရှုဘီတို့က သားအဖြစ်ကနေ စွန့်လွှတ် လိုက်တော့မယ်တဲ့"

"ဟဲ့...ထိုင်ပြောစမ်း၊ အောက်တန်းကျလှချည်လား"



"အောက်တန်းကျတာက ကျွန်မတို့ မဟုတ်ဘူးရှင့်၊ မမ ရှုဘီတို့က မျိုးရိုးဂုဏ်သိက္ခာကို သိပ်တန်ဖိုးထားတာ"

"ဘာ..."

"ဟုတ်တယ်၊ ဒေါ်ဦးမေရဲ့ မွေးအရင်းမှတ်လို့ လက်ခံတာ၊ ခုလို မိဘမဲ့ဂေဟာမှာ လာစွန့်ပစ်ထားတဲ့ မိမစစ် ဘမစစ်က မွေး တဲ့ မိန်းကလေး တစ်ယောက်ကို..."

"ဟင်...ဟင်...သွား...ဆင်းသွား၊ ခု ငါ့အိမ်ပေါ်က ဆင်း သွား"

"သွားမှာပါ၊ ဆရာဝန်မ,မကလို့ ဘာမကြီးပဲဖြစ်ဖြစ် ဒီလို လမ်းက ကောက်လာတဲ့ မိန်းကလေးမျိုးကို ဘယ်လက်ခံနိုင်ပါ့ မလဲရှင်"

"သွား...ဟား...ထွက်သွား"

ဒေါ်သက်သက်မာက လှေကားမှ ဆင်းရင်းကပင်...

"တော်သေးတယ်၊ စုံစမ်းတာ အချိန်မီလေးပဲ၊ မှမနက်မှ ကပ်သိလို့၊ မဟုတ်ရင် မျိုးမစစ်တဲ့ မိန်းကလေးကို..."

ဒေါ်ဦးမေက တံခါးကို ခြေထောက်နှင့် ဆောင့်ကန်ပိတ် ပြီး ယိုင်သွား၍ စန္ဒကူး လှမ်းဖက်ထားလိုက်ရသည်။

"ညီ...ညီသစ္စာရဲ့ ဟန်းဖုန်းကို ဆက်စမ်း၊ ငါ...ငါ...ငါ ကိုယ်တိုင် ပြောမယ်"

"တော်ပါတော့...တော်ပါတော့ မေမေကြီးရယ်၊ သမီး ရှက် လွန်းလို့ သေရပါတော့မယ်"

"သမီးလေးရယ်..."

www.burmeseclassic.com

www.burmeseclassic.com



မြေးအဘွားနှစ်ယောက် ဖက်ပြီး ငိုကြွေးနေကြသည်ကို နောက်ဖေးမှ အန်တီသန်း ပြေးထွက်လာပြီး ဖေးမ၍ အိပ်ခန်းထဲ သွင်းပေးသည်။

အခြေအနေအရပ်ရပ်ကို နားလည် ကြားသိလိုက်ရသော အညို၏မိခင် ဒေါ်ခင်သန်းမြင့်က...

"စန္ဒကူးရဲ့မေမေကြီး စိတ်သိပ်လှုပ်ရှားသွားတယ်၊ စန္ဒကူးမှာ ဘာဆေးရှိလဲ၊ မေမေကြီးကို တိုက်လိုက်ပါ၊ လာမယ့် တို့ဘက်က ဧည့်သည်တွေကို အန်တီသန်း ကြည့်ရှင်းပါ့မယ်"

မိမိ၏အဖြစ်ဆိုးကို အသာမေ့ထားပြီး ဒေါ်ဦးမေကို စိတ်ငြိမ်ဆေးနှင့် သွေးကျဆေးများ တိုက်ရသည်။ နှလုံးခုန်သံနားထောင်၍ သွေးချိန်ပေးရသေးသည်။

သိပ်စိတ်လှုပ်ရှားသွားရှာသော မေမေကြီးမှာ ဆေးကြောင့်ရော၊ သူ့စိတ်ကိုပါ သူ ငြိမ်သက်အောင် ကြိုးစား၍ မျက်စိစုံမှိတ်ထားချိန်မှာ...

စန္ဒကူးသည်...

အိပ်ခန်းထဲမှ မှန်တင်ခုံရှေ့တွင် ထိုင်ချလိုက်မိပြီး မိမိကိုယ်ကို မှန်ထဲမှာ ပြန်ကြည့်လိုက်သည်။

ရွှေအဆင်းဆိုသလို ဝင်းအိနေသော ခန္ဓာကိုယ်ပေါ်မှာ ဇာဖြူလွလွလေး ဝတ်ပြီး ပုလဲလည်ဆွဲနှင့် လှပတင့်တယ်လွန်းနေသော မိမိ၏ရုပ်သွင်ကို ကြည့်ပြီး...

"သြော်...ငါ့ရဲ့ အတိတ်ဘဝ ဆိုတာကို လုံးဝမေ့ထားပြီး လက်ရှိဘဝမှာ အကောင်းဆုံးဖြစ်အောင် ငါ နေခဲ့ပေမယ့်..."



"မိဘမဲ့ဆိုတာ လူ့လောကမှာ အပြစ်ကြီးတစ်ခုတဲ့လား"

"သူတို့က မျိုးရိုး ဂုဏ်သိက္ခာကို သိပ်တန်ဖိုးထားတယ် ရှိပါလား"

"ငါက...ငါက........

မိဘမဲ့ဂေဟာမှာ လာစွန့်ပစ်ထားတဲ့ မိမစစ် ဘမစစ်က မွေးတဲ့ ကလေးတဲ့"

"လမ်းကကောက်လာတဲ့ မိန်းကလေး"

"မျိုးမစစ်တဲ့မိန်းကလေး"တဲ့။

"ဘုရားဘုရား...ငါကိုယ်ငါတောင် တစ်ခါမှ မတွေးမိခဲ့ဖူးတဲ့ ဖြစ်ရပ်ကြီးပါလား"

"မိဘမဲ့ဂေဟာကနေ ကြီးပြင်းလာတဲ့ မိန်းကလေး တစ်ယောက်ကို ဂုဏ်သရေရှိ အသိုင်းအဝိုင်းက လက်မခံနိုင်ဘူးတဲ့ လား"

"အို...ဟို..."

တစ်ခန်းတည်းမှာ ခုတင်နှစ်လုံးနှင့် အတူအိပ်ကြသဖြင့် စန္ဒကူး၏ ခုတင်ပေါ်သို့ ပစ်လှဲလိုက်ပြီး ဇာပွင့်ဖြူဖြူ အဝတ်များနှင့်ပင် လူးလှိမ့်ရင်း စန္ဒကူး ပြင်းထန်စွာ ရှိုက်ငိုမိပါသည်။

သည်အိမ်ရောက်မှ၊ အို...စန္ဒကူး ပြန်မှတ်မိသော အချိန်မှ ပြီး ခုလို ကြေကြေကွဲကွဲ တစ်ခါမှ မငိုခဲ့ဖူးသေးပါ။

မိမိ၏ ဘဝသည်လည်း လူရာမဝင်နိုင်လောက်အောင် အောက်တန်းကျနေသည့်အဖြစ် ဟူ၍လည်း ယနေ့မှပင် သိရှိခဲ့ခဲ့ပါသဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား၏ ဗဟိုနေရာကို ထက်မြက်သောလက်နက်ဖြင့် ထိုးစိုက်ခြင်းခံနေရသလို စူးနစ်နက်ရှိုင်းစွာ နာကျင်လှပါပြီ။

ဘဝ၏အားမာန်များ၊ ကြိုးစားအားထုတ်ခဲ့ခြင်းများ၊ ပျော်ရွှင် ကျေနပ်ခဲ့ရသော မိမိပိုင်ဆိုင်မှုများ အားလုံး တစ်ခဏအတွင်းမှာပင်...

မီးလောင်ပေါက်ကွဲ၍ ပြာပုံဘဝသို့ ရောက်ရှိသွားသလို အားလုံး ဆုံးရှုံးသွားခဲ့ရပြီဆိုသော နာကျင်မှုက စန္ဒကူး၏ နုနယ်သော နှလုံးသားလေးနှင့် မတန်မျှစွာ ခံစားနေရပါပြီ။

"စန္ဒကူး...ကူးလေး"

ဒေါ်ခင်သန်းမြင့်က အေးစက်နေသော စန္ဒကူး၏ လက်ကလေးကို ကိုင်၍...

"တယ်လီဖုန်းလာနေတယ်၊ ညီသစ္စာတဲ့"

"မပြောချင်ဘူး၊ မကြားချင်ဘူး၊ ဘာမှမသိချင်တော့ဘူး"

နားနှစ်ဖက်ကို ပိတ်ပြီး စန္ဒကူး အိပ်ရက်ပက်လက်မှပင် ခေါင်းကိုခါရမ်းသည်။ ဆံပင်လေးများ အဖွာဖွာ၊ မျက်ရည်စက်ကလေးများက အလွင့်လွင့်နှင့်ပါ။

"ခင်သန်းမြင့်"

"ဟုတ်ကဲ့ မမကြီး"

"ဘာမှ ဆက်နေစရာမလိုဘူးလို့ ပြောလိုက်၊ ဒီကောင့်ကားလာရင်လည်း ခြံတံခါးဖွင့်မပေးနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

ဒေါ်ဦးမေက စန္ဒကူး ခုတင်ရှိရာသို့ ထလာ၍ ဒေါ်ခင်သန်းမြင့်က တွဲပို့လိုက်ရသည်။

"မြေးလေး...ငါ့မြေးလေးမှာ အပြစ်မရှိပါဘူးကွယ်၊ မေမေကြီးကြောင့်၊ မေမေကြီး မကောင်းလို့ပါ"

"မဟုတ်ဘူး...မဟုတ်ဘူး...မဟုတ်ပါဘူး"

မြေးအဘွားနှစ်ယောက် ဖက်လျက် တစ်ယောက်ကို တစ်ယောက် နှစ်သိမ့်နေကြချိန်မှာ ဒေါ်ခင်သန်းမြင့် ဖုန်းပြေးပြောပြီး ချပစ်ရသည်။ ကြက်ဆီထမင်းနှင့် အိုက်စကရင် သယ်လာသောကား ဝင်လာပြီးသည်နှင့် ခြံတံခါးကို သော့ခတ်လိုက်ပြီး ဦးမြင့်စိုးကိုယ်တိုင် ခြံဝမှနေ၍ ဧည့်သည်များကို တောင်းပန်ပြီး ပြန်လွှတ်နေရသည်။

အားလုံး ယောက်ယက်ခတ်မျှ လှုပ်ရှားကြ၊ ငိုယိုနေကြချိန်မှာ အေးငြိမ်းညိုလည်း စိတ်လှုပ်ရှားနေပါသည်။ စန္ဒကူးမည်သော မိန်းမပြတ်မှာ သူနှင့်မထိုက်တန်၊ ညီသစ္စာနှင့်သာ ထိုက်တန်သည်ဟု သူ ကြေကွဲစွာ လက်ခံထားရချိန်မှာ...

"ယောက်ျားလေးဘက်က မိဘမဲ့ဆိုတာ သိသွားလို့ စေ့စပ်ပွဲဖျက်လိုက်ပြီ"

ဆိုသော သတင်းက သူ့ရင်ကို ချမ်းမြေ့သွားစေသည်။ ငိုနေသည်ဆိုသော စန္ဒကူးကို သူ့နှလုံးသားနှင့် လဲလှယ်ပေးလို့ရလျှင် လဲလှယ်ပေးပြီး သူ ခံစားပေးလိုက်ချင်ပါသည်။ နှစ်သိမ့်မှုလေးများ ပေးချင်လှသော်လည်း အခွင့်မသာမှန်း အေးငြိမ်းညိုသိပါ၏။

စန္ဒကူးသည်လည်း...



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်နေရင်းမှ သူ့ဘဝတစ်လျှောက်လုံး တစ်ခါမှ မတွေး ဖြစ်ခဲ့သော အတွေးများကို နက်နဲစွာ စတင်တွေးမိလာသည်။

"စန္ဒကူးဆိုတဲ့ နာမည်ကို ဘယ်သူက ပေးခဲ့တာလဲ"

"ငါ့မိဘရင်းက ဘယ်သူတွေလဲ"

"သူတို့ တကယ်ပဲ သေဆုံးသွားကြတာလား"

"ဒါမှမဟုတ် ငါ့ကို စွန့်ပစ်လိုက်ကြတာလား"

"ဒီလောက် လှပ ချစ်စရာကောင်းတဲ့ သူတို့ရဲ့သမီးလေးကို ဘာဖြစ်လို့ ဒီလိုစွန့်ပစ်လိုက်ကြတာလဲ"

"ငါဟာ တကယ်ပဲ အောက်တန်းစားလား"

"ငါ ဘယ်သူလဲ"

"စန္ဒကူးရဲ့ ဘဝအစကို စန္ဒကူး သေမတတ် သိချင်ပါပြီ"

မိန်းကလေးတစ်ယောက် အတွက် အကြီးမားဆုံးသော အရှက်တကွဲ အကျိုးနည်းမှုကြောင့် ရင်နာရခြင်းနှင့်ထပ်တူ...

ဖြစ်ပေါ်လာသော မေးခွန်းများ၏ အဖြေကိုလည်း စန္ဒကူး သိချင်လှပါပြီ။ သိပ်ကိုသိချင်နေရပါပြီရှင်...။

✿ ✿ ✿

## အပိုင်း ၁၀

## ဒေါ်ဦးမေ၏ဖြတ်သားခြင်းနိုသာဓ

www.burmeseclassic.com

www.burmeseclassic.com

"ညီလေးရာ၊ အစ်ကို တောင်းပန်ပါတယ်ကွာ၊ ဖွင့်ပေးပါ"

"ခင်ဗျားကြီး...ကျွန်တော့်မမကူးကို အရှက်ရအောင်၊ ငိုရအောင် လုပ်တဲ့လူကြီး၊ သွားဗျာ...သွား"

"မသွားဘူးကွာ"

"မသွားလည်းနေဗျာ"

"နေမယ်"

"နေ...နေ၊ အဲဒီမှာပဲ လဲသေတဲ့အထိနေ"

အေးငြိမ်းညိုက ဒေါသတွေ တအားထွက်ပြီး ခြံတံခါးကို ဆောင့်ကန်လိုက်သေးသည်။ ပြီးတော့မှ ကိုညီသစ္စာကို ရွံစရာ စက်ဆုပ်စရာ မုန်းတီးစရာ လူသားကြီးအဖြစ် ခါးသီးသောအကြည့်နှင့် ကြည့်လိုက်ပြီး သူ့တိုက်ငယ်လေး ရှိရာသို့ ပြန်ခဲ့သည်။

"တီ...တီ...တီ...တီ"

ဆိုသော ကားဟွန်းသံ အဆက်မပြတ်တီးပစ်လိုက်သည်။

ဘယ်သူမှ ထွက်မလာ။

ညီသစ္စာလည်း တအားစိတ်လှုပ်ရှားနေသည်။ သူ့ကားထဲမှ ထွက်၍ ခြံဝမှ သံတံခါးကြီးကို လက်နှစ်ဖက်နှင့် ခပ်ကားကား ဆုပ်ကိုင်၍ သံတိုင်ကြားမှာ မျက်နှာအပ်ကာ...

"စန္ဒကူး...စန္ဒကူးရေ"

သူ အသံထပ်မြှင့်၍...

"စန္ဒကူး...ကိုယ် ရှင်းပြပါရစေ၊ ကိုယ့်ကို ဝင်ခွင့်ပေးပါ စန္ဒကူး"

www.burmeseclassic.com

www.burmeseclassic.com



ခဏမျှသာနားပြီး ဆက်လက်၍...

"မမကြီး...မမကြီး...ကျွန်တော် ဝင်ခဲ့ပါရစေ၊ တံခါး ဖွင့်ပေးပါ"

"စန္ဒကူး...မမကြီး"

"စန္ဒကူးရေ..."

အော်သောအသံက ပြာလာတဲ့အထိ သူ ဆက်၍ဆက်၍ အော်နေသည်။ ခြံနီးနားချင်းများ အတိုင်းသား ကြားကြလိမ့်မည်။

အပေါ်ထပ် လသာဆောင်၏ တံခါး ပွင့်လာပြီး ဒေါ်ဦးမေ ထွက်ကြည့်၍...

"ကန်တော့ပါတယ် မမကြီး၊ ကျွန်တော့်ကို ဝင်ခွင့်ပေး ပါ၊ ဝင်ခွင့်ပေးပါ"

ဒေါ်ဦးမေပင် ဘာပြန်ပြောရမှန်း မဆုံးဖြတ်ရသေးခင်...

"မဖွင့်ပေးမချင်း ကျွန်တော် ဆက်အော်နေမှာပဲ၊ ဒီခြံရှေ့က လုံးဝ မပြန်ဘူး"

ဒေါ်ဦးမေက လက်ကာပြပြီး တိုက်ထဲသို့ပြန်ဝင်၍...

"မစိန်ရေ...တံခါးသွားဖွင့်ပေးလိုက်"

ဒေါ်ဦးမေ၏အသံကြောင့် စန္ဒကူး ပြေးထွက်လာပြီး...

"မခေါ်ပါနဲ့၊ သူ တက်မလာပါစေနဲ့ မမကြီး"

"မဟုတ်သေးဘူး သမီး၊ ရှင်းမှဖြစ်မယ်၊ သူ ဒီလို ဆက် အော်နေရင် မမကြီးတို့ ပိုအရှက်ကွဲကုန်မှာပေါ့"

"ခုလည်း သမီးကြောင့် မမကြီး အရှက်ကွဲနေရပါပြီရှင်"

"ဟာ...ဘာအရှက်ကွဲရမှာလဲ၊ တို့မြေးအဘွားက အမှန်



တရားနဲ့ နေတာ"

"အမှန်တရားနဲ့နေတာ..."

မမကြီး စကားကို စန္ဒကူး ပြန်ရွတ်ကြည့်မိ၏။ လူမှန်း မသိတတ်သေးသည့်အချိန်က ဘာတွေဖြစ်ခဲ့မှန်း မသိသော်လည်း သိတတ်စ အချိန်မှစ၍ ယခုအထိ စန္ဒကူး မဟုတ်တာ၊ မမှန်တာ ဘာမှမလုပ်ခဲ့ပါ။ တကယ့်ကို အမှန်တရားနှင့် နေခဲ့သူပါ။

"အို...ကိုညီသစ္စာ"

စိတ်ထဲမှ အလန့်တထိတ်နှင့် ခေါ်ဆိုက်ပြီး သူ့ကို အံ့အား တသင့် ကြည့်ဖြစ်၏။

ခရီးဆောင်အိတ်ကြီး နှစ်လုံးကို လက်နှစ်ဘက်နှင့်ဆွဲ၍ အမောတကြီး တက်လာသော ကိုညီသစ္စာက...

"စန္ဒကူး...စန္ဒကူးရယ်"

သူက ဆွေးမြေ့တမ်းတစွာ စန္ဒကူး ရှိရာသို့ လျှောက်သွား နေ၍...

"ဟော့...မောင်ညီသစ္စာ"

ဒေါ်ဦးမေ၏ ခံ့ညားသော သြဇာသံကြောင့် သူ့ခြေလှမ်း တုန့်သွားဆဲ...

"စန္ဒကူး အထဲဝင်နေ"

"မင်း ဒီမှာ လာထိုင်စမ်း"

စီးပွားရေး၊ လူမှုရေးများတွင် စွမ်းစွမ်းတမံ အုပ်ချုပ်နိုင်ခဲ့ သော ဒေါ်ဦးမေ၏ ညွှန်ကြားချက်အတိုင်း လူငယ်နှစ်ယောက် နာခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးမှာ အခန်းထဲဝင်ခဲ့သော်လည်း တံခါးအကွယ်မှနေ၍ ကြားသာအောင် နားထောင်နေမိသည်။

မနက်ပိုင်းဆီက အသည်းအက်မတတ် နာနာကျည်းကျည်း ခံစားခဲ့ရသော်လည်း ကိုညီသစ္စာ အိတ်ကြီးတွေ ဆွဲပြီး အမောတကော ရောက်လာပြန်တော့ စိတ်ထဲမှာ အံ့သြခြင်းနှင့်အတူ သနားသွားသလိုလိုတောင် ခံစားနေရချိန်မှာ...

"ပြော၊ မင်း ဘာလာလုပ်တာလဲ"

"ကျွန်တော် မေမေကြီးတို့ဆီကို အပြီးပြောင်းလာခဲ့တာပါ"

"ဘာ..."

"ကျွန်တော့်ကို ဒီအိမ်မှာ နေခွင့်ပြုပါခင်ဗျာ"

"မင်းက ငါ့အိမ်မှာနေချင်တာ ဘာအတွက်လဲ"

"စံ...စံ...စန္ဒကူးကို တရားဝင်လက်ထပ်ခွင့်ပြုပါ၊ မင်္ဂလာဆောင်မယ် ဆိုရင်လည်း..."

"ဒီမှာ...မောင်ညီသစ္စာ"

"ဟုတ်ကဲ့ခင်ဗျာ"

"မင်းတို့က ငါ့မြေးကို မိဘမဲ့ဂေဟာကခေါ်လာတဲ့ ကလေးဆိုပြီး လာချိုးနှိမ်တာလားဟင်"

"တခြား မတွေးပါနဲ့ မေမေကြီးရယ်၊ ဘယ်လိုနည်းနဲ့မှ ကျွန်တော် စန္ဒကူးကို မစွန့်လွှတ်ပါရစေနဲ့၊ ဒီက ဆန္ဒရှိတဲ့ အတိုင်း..."

"တို့မြေးအတွက်မှာ ဘာဆန္ဒမှမရှိတော့ဘူး"

"ခင်ဗျာ..."



"မင်းက တစ်ခါတည်း အိမ်ပေါ် တက်လာ၊ စန္ဒကူးကို ...က်ထပ်၊ ဒီမှာနေ ဟုတ်လား၊ ဟင်း...တယ်လည်းအကြံကြီး ...လား၊ စန္ဒကူးဆိုတာ မိဘမဲ့ဂေဟာက ခေါ်လာတာမှန်တယ်၊ ...ါပေမယ့် သူဟာ ငါ့မြေး၊ သူဌေးမကြီး ဒေါ်ဦးမေရဲ့ ချစ်လှစွာ ...သာ မြေး ဆရာဝန်မလေးကွယ့်၊ ပြီးတော့ မင်း မက်လောက် ...အောင် ဆက်ပြောလိုက်ဦးမယ်၊ ငါ့မှာရှိတဲ့ အမွေတွေအားလုံးပေးဖို့ ...ရှ့နေနဲ့စာချုပ်ပြီးသား၊ နားလည်လား"

"ကျွန်တော်...ကျွန်တော် ပြောပါရစေဦးခင်ဗျာ"

"ဘာမှပြောစရာမရှိတော့ဘူး၊ ဇာတ်လမ်းက ပြီးပြီလေ၊ ...င်းအမေ ဘာပြောခိုင်းလဲ သိရဲ့လား၊ သိလား၊ ပြောစမ်း"

"ဟုတ်ကဲ့ခင်ဗျာ၊ သိပါတယ်"

"ဟင်း...မင်းတို့က ဘာသူဌေးလဲ၊ ဘယ်လောက် ရှိဖို့ ...ကောင်းလဲ၊ မင်းတို့မိသားစုကမှ တကယ့်အောက်တန်းစားတွေ..."

စန္ဒကူး ရင်ဘတ်ကလေးဖိပြီး နားထောင်ရင်း ချောင်းကြည့် ...လိုက်ချိန်မှာ ကိုညီသစ္စာ၏ ခေါင်းငုံ့နေရာမှ တစ်ချက် ထောင် ...တ်သွားသည်။ ပြီးတော့ မေမေကြီးကို တည့်တည့်ကြည့်ပြီး...

"မေမေကြီး ကြိုက်သလောက်ပြောပါ၊ ကျွန်တော် ခေါင်းငုံ့ ...ခံပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်ဘက်ကလည်း ပြောခွင့်လေးတော့ ...ပြုပါခင်ဗျာ"

"မင်းပြောပြီးရင် ပြန်မလား"

"ကျွန်တော်ပြောချင်တာ ပြောပါရစေ၊ ပြီးမှ မေမေကြီး ...သုံးဖြတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောခွင့်တော့ပြုမယ်၊ ဒါပေမယ့် မင်းကို လက်ခံလို
မယ်တော့ မထင်နဲ့၊ ငါ့မြေးကွယ့်၊ အောက်တန်းစားမဟုတ်ဘူး"

ကိုညီသစ္စာက မျက်စိကိုမှိတ်၍ ခေါင်းငုံ့ ခေါင်းခါလို
ပြီးမှ...

"ကျွန်တော် စန္ဒကူးကို သိပ်တန်ဖိုးထားပါတယ်ခင်ဗျာ
ဒီအိမ်ကို မေမေနဲ့အန်တီသက်တို့ လာသွားတယ်ဆိုတာလည်း
ဒီနေ့မနက် ပေါက်ကွဲကြတော့မှ သိရပါတယ်၊ ကျွန်တော့်လိပ်
ကတ်လေး မြင်တုန်းကတော့ သံသယရှိသား၊ မမေးဖြစ်ခဲ့ဘူး"

"လိုရင်းပြောစမ်း"

ပြတ်သားလိုက်တဲ့ အဘွားကြီး။ ဒါကြောင့်သာ သူ့မြေး
ကြီး ဘွဲ့ခံပြီး အားလုံးက လေးစားရိုသေနေကြရခြင်းပါပင်

"မနက်က ကျွန်တော့်အလုပ်ထဲက အစောကြီးထပြော
မှာစရာရှိတာမှာပြီး ၈ နာရီအရောက် အိမ်ပြန်လာတဲ့အခါကျ
စန္ဒကူးဆိုတာ မိဘမဲ့ဂေဟာကမို့ စေ့စပ်ပွဲဖျက်ဖို့ သွားပြောခိုင်
ကြောင်း ပြောပြကြတယ်၊ ကျွန်တော် ပထမ တောင်းပန်ပါသေး
တယ်၊ မရဘူး၊ ကျွန်တော့်ညီမတွေက သူတို့သူငယ်ချင်းဘက်
ဝင်ပြောသေးတယ်၊ မရဘူး"

"မင်းအဖေကရော..."

"ဒက်ဒီကလည်း နဂိုတည်းက မာမီကြောက်ရတော့ ဘယ်
ဘက်ကမှ ဝင်မပြောဘူး"

"ဒီတော့ ဘာဖြစ်သလဲ"

"ကျွန်တော့်မိခင်ကို တောင်းပန်ပါသေးတယ်၊ လိုက်လျော



ပေးပါ၊ ကျွန်တော် စန္ဒကူးကို မခွဲနိုင်ဘူး ဆိုတော့လည်း လက်
ခံဘူး"

"အင်း..."

"မာမီတို့ မလိုက်လျောရင် ကျွန်တော့်ကို ဆုံးရှုံးခံနိုင်သလား
လို့ မေးလိုက်ပါတယ်၊ မာမီ မဖြေဘူး၊ ငိုတယ်"

"အင်း..."

"စန္ဒကူးကို လက်မခံရင် ကျွန်တော့်ကို အဆုံးခံရပါလိမ့်
မယ်လို့ ပြောတော့လည်း ဘာမှမပြောဘူး၊ ဒါကြောင့် ကျွန်တော့်
မိသားစုကို စန္ဒကူးနဲ့ လဲခဲ့ပါပြီ"

ဒေါ်ကြီးမေ သူ့ကို စိုက်ကြည့်တော့ သူ ခေါင်းငုံ့သွား၏။

"မေမေကြီးတို့ ကြိုက်တဲ့ ပုံစံနဲ့ ကျွန်တော် နေပါ့ရစေ၊
စန္ဒကူးနဲ့ကျွန်တော့်ကို မခွဲပါနဲ့ မေမေကြီးရယ်"

"မခွဲချင်ပါဘူး၊ တွဲစေချင်လို့တောင် လက်ခံခဲ့ပြီပဲ၊ အခု
ဖျက်တာက မင်းရဲ့မာမီလေ၊ ဒီတော့ အခုပဲ ငါဆုံးဖြတ်လိုက်မယ်"

"ပြောပါခင်ဗျာ"

"ငါ့မြေးကို လိုချင်လှပါချည်ရဲ့ ဆိုပြီး လာပြောတဲ့ မျက်နှာ
မျိုးနဲ့ ငါ့ဆီကို မင်းမာမီ ပြန်လာတောင်းပန်ပါ"

"ဗျာ..."

"ဒီပွဲကိုဖျက်တဲ့ မင်းအမေ ကိုယ်တိုင် ငါ့အိမ်ကိုလာပြီး
ငါတို့ မြေးအဘွားကို လာတောင်းပန်ပါစေ၊ ကြားရဲ့လား၊ သူ
တောင်းပန်ပြီးရင် မင်္ဂလာပွဲကို ငါကတောင် အကုန်ခံပြီးဖေးစား
လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီးရယ်၊ ကာယကံရှင်က ကျွန်တော်ပါ၊ မေမေကြီး ကြိုက်တဲ့ပုံစံအတိုင်း နေပါ့မယ်၊ စန္ဒကူးကို မေမေကြီး ဆန္ဒရှိတဲ့ အတိုင်း လက်ထပ်ယူပါ့မယ်၊ ကျွန်တော်ဟာ သိန်းရာထောင်ရှိ အောင် ချမ်းသာတဲ့ လုပ်ငန်းရှင်ပါခင်ဗျာ"

"မင်းကိုယ်မင်း လာအမွှန်းတင်မနေနဲ့လေ"

"မေမေကြီးက ကျွန်တော့်တစ်ယောက်တည်းကို လက်ခံ ချင်အောင် ပြောပြမိတာပါ"

"အေး...မင်းတစ်ယောက်တည်းကို လက်ခံစေချင်ရင် အခု ကတည်းက မင်းမာမိက ဘာလို့ဝင်ပါရတာလဲ"

ကိုညီသစ္စာ လက်နှစ်ဖက်ကို ပွတ်ပြီး ညှိုးချုံးလွန်းသော မျက်နှာနှင့် ငြိမ်နေ၍...

"ကဲ...လိုရင်းပဲ ပြောကြပါစို့ကွယ်၊ မင်္ဂလာပွဲ ပြန်ဖြစ်ချင် တယ်ဆိုရင် ပွဲဖျက်ခဲ့တဲ့ မင်းရဲ့မာမိကိုပဲ ပွဲပြန်ဖြစ်ဖို့ တို့ဆီ လာ တောင်းပန်၊ ဒါပဲ"

'မလွယ်သောကိစ္စ'ဟူသော အသိဖြင့် ညီသစ္စာ စိတ်ရှုပ် ထွေးလွန်းစွာ ကြေကွဲနေရှာသည်။

"ကျွန်တော်ဟာ စန္ဒကူးကို ချစ်မြတ်နိုးတဲ့စိတ် တစ်ခုတည်း နဲ့ ကျွန်တော့်မိသားစုကို စွန့်လွှတ်ပြီး အိမ်ပေါ်က အပြီးဆင်းလာ ခဲ့ပါပြီ"

"ဒါက မင်းတို့ မိသားစုကိစ္စ၊ တို့မြေးအဘွားကလည်း လာပြီး သမီးတောင်းတဲ့ မင်းရဲ့မိခင်ကိုယ်တိုင် လာတောင်းပန်မှပဲ ငါ့မြေးကို ပေးစားနိုင်မယ်"



"ကျွန်တော် အိမ်ကိုပြန်သွားလို့ မဖြစ်တော့ပါဘူး၊ အပြတ် ပြောပြီး အပြီးဆင်းခဲ့ပါပြီ"

"ကိုယ့်သားကို တကယ်ချစ်တဲ့မိခင်ဆိုရင် ဘာမှ မလိုက် လျောနိုင်စရာ မရှိတဲ့ ကိစ္စပါကွယ်"

"မာမိက..."

ညီသစ္စာက စကားရပ်ထားလိုက်သည်။ 'မလွယ်ပါ' ဆို သော စကားကို သူ ပြောမနေချင်တော့ပါပေ။

"မြေးလေး စန္ဒကူးဟာ မင်းထင်သလို ဒီအိမ်လာနေလိုက် ရုံနဲ့ အလွယ်လေးနဲ့ရနိုင်တဲ့ မိန်းကလေးစားမျိုး မဟုတ်ဘူးနော်"

"တော်ပါတော့ မေမေကြီး၊ ကျွန်တော်ဟာ ကျွန်တော့်ဘဝ ထက်၊ ကျွန်တော့်အသက်ထက်၊ ကျွန်တော့်မိသားစုထက် ပိုပြီး စန္ဒကူးကို တန်ဖိုးထားတဲ့ ယောကျ်ားဆိုတာကိုတော့ မေမေကြီး စာနာ နားလည်ပေးပါလို့ ပြောခဲ့ပါရစေ"

သူထိုင်ရာမှ လေးကန်စွာ ထပြီး မတ်တတ်ရပ်လျက်က ပင်...

"စန္ဒကူးကို ခဏလေး နှုတ်ဆက်ပါရစေ"

ဒေါ်ဦးမေပင် ငြိမ်တွေသွား၏။ ပြီးမှ နေရာက ဖြည်းဖြည်း ချင်း ထကာ ဘာမှမပြောဘဲ အခန်းဘက်သို့လျှောက်လာ၍ စန္ဒကူး ခုတင်ပေါ် ပြေးထိုင်လိုက်ရသည်။ အခန်းထဲသို့ မေမေကြီး ရောက် လာပြီး...

"ညီသစ္စာက နှုတ်ဆက်ချင်လို့တဲ့၊ ငါ့မြေးဆန္ဒရှိရင် သွား နိုင်တယ်၊ မရှိရင်လည်း ပြန်ခိုင်းလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခဏာတော့ တွေ့ပါရစေ မေမေကြီး"

"ကောင်းပြီ၊ သွား"

တစ်မနက်လုံး ငိုထားသောကြောင့် မျက်ဝန်းတွေ မို့ပြီး နှာသီးဖျားလေး နီဥနေသော အနွမ်းဆုံးမျက်နှာနှင့်ထွက်လာသော ချစ်သူလေးကို ကြည့်ပြီး…

"စန္ဒကူးလေးရယ်…"

အနားသို့ပြေးလာပြီး ဖက်ပွေ့တော့မလို သတိလက်လွတ် ဖြစ်သွားပြီးမှ လက်ရှိဖြစ်ရပ်ကို သတိရစွာ အရှိန်သတ်လိုက်ရှာသော ကိုညီသစ္စာ…။

"ကိုယ် မေမေကြီးကို ပြောပြနေတာတွေ ကူးလေး ကြားလားဟင်"

"အားလုံးကြားပါတယ်"

"ဒါဆို ကိုယ် ဘာလုပ်ရမလဲဟင်"

"မေမေကြီးက စိတ်ကြီးတယ်၊ ပြတ်သားတယ်၊ သူဆုံးဖြတ်ထားတာကို ပြင်မှာမဟုတ်ဘူး"

"ကိုယ် အိမ်မပြန်ချင်တော့ဘူး၊ အိမ်က အပြီးဆင်းလာခဲ့ပြီ"

"ကူးလည်း ဘာပြောတတ်မှာလဲလေ"

"ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကိုလက်ခံပါ ကူးရယ်"

"ဘယ်လိုလုပ် လက်ခံလို့ဖြစ်မှာလဲရှင်"

"ကိုယ် ဘယ်သွားရမှန်းတောင် မသိတော့ပါဘူး"

နှစ်ယောက်လုံး ငြိမ်တွေသွားကြသည်။

"ကူးအတွက် အားလုံးကို စွန့်လွှတ်ခဲ့ပြီး ကိုယ် ရောက်လာခဲ့တာပါ"

"ရှင်းနေတဲ့ အခြေအနေကို ရှုပ်ထွေးအောင် အစ်ကိုညီတို့ ဘက်က လုပ်လိုက်တာပါ"

"ဒါကြောင့် အိမ်မှာလည်း သောက်ကျန်းပေါက်ကွဲခဲ့ပြီး ပြီ"

သူ အံကြိတ်ထားသည်။ စန္ဒကူးက သူ့ရှေ့မှာ မျက်ရည်ကျလာ၏။

"ကိုယ်နဲ့ လိုက်ခဲ့ရဲမလားဟင်"

"ဟင့်အင်း…လုံးဝ မဖြစ်နိုင်ပါဘူး"

"ကိုယ်သိပါတယ် စန္ဒကူးရယ်၊ ကိုယ့်လိုများ စွန့်စားရဲမလားလို့ ပြောကြည့်တာပါ၊ ကိုယ် စန္ဒကူးကို သိပ်ချစ်တယ်၊ ကိုယ် အားလုံးကို စွန့်လွှတ်ရဲတယ်၊ စန္ဒကူးကိုတော့ အဆုံးရှုံးမခံပါရစေနဲ့ကွယ်"

"ကူး ဘာမှမပြောတတ်တော့ဘူး၊ အစ်ကိုညီ ပြန်ပါတော့"

"ဘယ်ကိုပြန်ရမှာလဲ"

"ငွေကြေးချမ်းသာတဲ့ လုပ်ငန်းရှင်ကြီးပဲ၊ နေစရာ ရှားမှာ မဟုတ်ပါဘူး"

"စန္ဒကူးမပါရင် ကိုယ့်ဘဝ မပြည့်စုံတော့ဘူး"

"ပြန်ပါတော့ အစ်ကိုညီရယ်"

"နောက်ဆုံးအနေနဲ့ မေးပါရစေ၊ စန္ဒကူး ကိုယ့်ကို ချစ်လားဟင်"

ရင်ထဲနင့်သွားစေသော အမေးစကားပါ။ စောစောက ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရသော သူ့အဖြစ်ကြောင့်လည်း ရင်နှင့်တနင့် ခံစားနေရ အတိုးတိတ်ဆုံးသော စန္ဒကူးလေး၏ လေသံသည် နှလုံးသား တိုက်ရိုက်လာ၏။

"ကူး အစ်ကိုညီကို ချစ်ပါပြီ"

"ဟာ...ကူးလေးရယ်"

"ပြန်တော့နော်"

သူ မပြန်နိုင်မီ စန္ဒကူးမှာ မမကြီးရှိနေရာ အိပ်ခန်းဆီသို့ ပြေးဝင်လာခဲ့ရပါတော့သည်။ စန္ဒကူးပေးလိုက်သော ချစ်အဖြေကို မမကြီး ကြားလောက်မည်မထင်ပါ။

✿ ✿ ✿

# အပိုင်း ၁၁

## ကံကြမ္မာ၏ မျက်နှာသာမရသူများ

www.burmeseclassic.com

www.burmeseclassic.com

"မမကြီး...မမကြီး"

"ကူးရေ...စန္ဒကူး...စန္ဒကူး"

အဆက်မပြတ်ခေါ်ရင်း အမောတကော ပြေးတက်လာသော အန်တီ ဒေါ်ခင်သန်းမြင့်။

"ဟင်...ဘာလဲ...ဘာလဲ အန်တီသန့်"

"သားလေး...သားလေး ခေါ်လို့လည်းမရတော့ဘူး၊ လာကြပါဦး၊ လာကြပါဦး"

"နေနေ...မေမေကြီး၊ နေခဲ့၊ ကူးလိုက်သွားမယ်"

သွေးပေါင်ချိန်ရန် Pressure Cuffနှင့် နားကျပ်ကို ယူပြီး ဒေါ်ခင်သန်းမြင့်နောက်မှ စန္ဒကူး ပြေးလိုက်ခဲ့သည်။

နှုတ်ခမ်းတွေ ဖြူဖျော့၍ သွေးပေါင်ချိန်ကျပြီး မေ့မြောနေသော အေးငြိမ်းညိုကို စမ်းသပ်မိသည်နှင့် စန္ဒကူး အိမ်သို့ အမြန်ပြန်ပြေးလာခဲ့သည်။ ဆရာဝန်ပေါက်စ၏ ဆေးအိတ်ကိုဆွဲချခဲ့ပြီး အညိုရှိရာသို့ ပြန်ရောက်ချိန်မှာ...

25% Glucoseနှင့် Cardamideကို ရောစပ်ပြီး အကြောဆေးထိုးဖို့ လက်မတုန်စေရန် သတိထားပြီး အကြောကို အလွယ်တကူရှာရ၍ အကြောဆေးကို ဖြည်းဖြည်းချင်း သွင်းလိုက်၏။ ဆေးမကုန်ခင်မှာပင်...

"အင်..."

ဆိုသော ညည်းညူသံကို စတင်ကြားရပြီးနောက်မှာ အေးငြိမ်းညို ပြန်လည်သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံတင်မှဖြစ်မယ် အန်တီသန့်"

"ဟင်…"

ဒေါ်ခင်သန်းမြင့် ပျာရာခတ်သွားသည်။

"စန္ဒကူးရယ်၊ သူ့အဖေလည်း ရုံးသွားပြီ၊ ဘာလုပ်ရမလဲ ဟင်၊ အန်တီသန့် ကြောက်တယ်၊ သားလေးကိုကယ်ပါဦးနော်"

အမှန်တော့ စန္ဒကူး ဘာမှမလုပ်ချင်သေးပါ။ အထူးသဖြင့် ဆေးရုံကို သာ၍မသွားချင်။

"ဟိုဇြည့်သည် ကြုံးအော်နေတာ သူစိတ်တိုပြီး တံခါးကို ဆောင့်ကန်ပစ်ခဲ့တာ၊ သိပ်လည်း ဒေါသထွက်ပြီး ခုလို မေ့လဲသွားတာပါပဲ စန္ဒကူးရယ်"

'ကိုယ့်ကြောင့်'ဆိုသော အသိဝင်လာပြီးနောက်မှာ…

"ဘာပဲဖြစ်ဖြစ် အညို့ကို ငါ ကယ်မယ်"

ဆိုသော ဆုံးဖြတ်ချက်ဖြင့် အပေါ်ပြေးတက်၊ အမြန်ဆုံး မျက်နှာသစ်၊ မျက်နှာကို ဘာမှမလိမ်းတော့ပါ။ ဆံပင်ကိုစုစည်း လိုက်ပြီး ဘလောက်စ် အပြာလေးနှင့် ထဘီအနက်ကို ဝတ်ရင်း လှေကားမှပြေးမဆင်းမီ…

"အေးငြိမ်းညို မေ့လဲသွားလို့ ဆေးရုံသွားပို့ရမယ် မေမေ ကြီး၊ ကားယူသွားမယ်နော်"

"အေးအေး…ဘယ်လိုများ ဖြစ်ရတာပါလိမ့်"

ကားကို အရင်ထုတ်ရသည်။ ခြံတံခါးကို မစိန်က ဖွင့်ပေး ထား၏။

"မမနဲ့ အန်တီသန်းက တစ်ဖက်စီတွဲမယ်၊ အညို ဘာမှ ကြောက်နဲ့နော်၊ မမကူးကိုယ်တိုင် ဆေးရုံလိုက်ပို့မယ်"



အညို ကောင်းစွာပင် စကားမပြောနိုင်ရှာ။

လူ့အပေါင်းအားကိုးရသော၊ လူနာများ၏အသက် ကယ် နိုင်သော ရန်ကုန်ဆေးရုံကြီးသို့ စန္ဒကူးကိုယ်တိုင် ကားမောင်းပြီး ခေါ်လာခဲ့သည်။ ဤဆေးရုံကြီးမှာ နှစ်နှင့်ချီ၍ စန္ဒကူး ပညာသင် ခဲ့ရ၊ ပညာရခဲ့ရ၍ စာတော်သော၊ နှစ်စဉ် ဂုဏ်ထူးထွက်သော စန္ဒကူးကို ဆရာများက မှတ်မိကြသည်၊ ချစ်ကြသည်။

ဆရာဝန်အများစုမှာ လူနာများအပေါ် စေတနာထားကြ သည်ချည်းသာပါ။ ကိုယ် ကုသနေသော လူနာ အသက်ချမ်းသာ ရာ ရစေချင်သည်။ ရောဂါပျောက်ကင်းကြစေချင်ကြပါသည်။

သို့သော် ဆရာဝန်၏ အတတ်ပညာတစ်ခုတည်းနှင့် လူနာ ကို ကုသ၍မရပါ။ ဆေးဝါး လုံလောက်ဖို့က အရေးအကြီးဆုံး ပါပင်။ ဆေးရုံဆိုသည်မှာ ဗီအိုင်ပီလူနာ မရှိစေရ။ ဝေဒနာသည် အားလုံး တန်းတူကုသခွင့်ရစေချင်သည်။ လိုအပ်သည့် ဆေးများ အသင့်ရှိနေဖို့လိုသည်။ ဆေးမဝယ်နိုင်သူတိုင်းအတွက် လိုအပ်သော ဆေးများ အသင့် ရှိနေစေချင်ပါသည်။ ငွေကြေးမတတ်နိုင်မှန်း သိပါလျက် ဆေးစာရေးပေးပြီး ဆေးဝယ်ခိုင်းနေရသော ဆရာဝန် များ လူနာရှင်ကို မျက်နှာပူကြသည်။ သက်ဆိုင်ရာမှ ဖြစ်စေ၊ စေတနာရှင်များမှဖြစ်စေ အားလုံး အားထားရသသော ရန်ကုန် ဆေးရုံကြီးအတွက် ဆေးများ ပေးကြပါ၊ လှူကြပါဟု စန္ဒကူး အသံကုန်ဟစ်၍ အော်လိုက်ချင်ပါပြီ။ စန္ဒကူးတို့က ကိုယ်တွေ့ မို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မမကူး ကျွန်တော် ဆေးရုံမတက်ချင်ဘူးဗျာ"

စန္ဒကူး၏ ဆန္ဒအတွေးများ ပျယ်လွင့်သွားပြီး...

"ဆရာဝန် ပြကြည့်မယ်လေ၊ ဆရာကြီးတွေက ဆေး တက်ဖို့ မလိုဘူးဆိုရင် ပြန်ကြတာပေါ့နော်"

ကား၏နောက်ကြည့်မှန်မှတစ်ဆင့် အညို့ကို လှမ်းကြည့် ရသည်။

စန္ဒကူး၏ ရုပါဆလွန်း ကားဖြူလေး၏ နောက်ခန်းမှ ဒေါ်ခင်သန်းမြင့်ကိုမှီ၍-ထိုင်နေရာက ဖျော့တော့လွန်းသောလေသံ လေးဖြင့်...

"ကျွန်တော် ဘယ်သူနဲ့မှ မကုချင်ဘူး၊ မမကူးပဲ ကုပေးပါ"

"အို...မမကူးက ဆရာဝန်ပေါက်စလေးလေ၊ ဘာကုတတ် မှာလဲ၊ မမကူးရဲ့ဆရာကြီးတွေနဲ့ ပြပေးမှာ"

"ဟင့်အင်း...မမကူး ဆေးထိုးလိုက်တာ သက်သာသွားပြီ"

"အဲဒါက ခဏ သက်သာတာလေ၊ ဟိုမှာ အသေအချာ စမ်းသပ် စစ်ဆေးရဦးမယ်၊ ပြီးမှ..."

"တော်ပြီ၊ မမကူး ကုတာပဲခံချင်တယ်၊ မမကူးလက်ထဲမှာပဲ သေချင်တယ်"

"ဟဲ့...သားလေးရယ်၊ ဘယ်လို ပြောလိုက်တာလဲ၊ ဖွ မပြောကောင်းမဆိုကောင်း"

"ဟုတ်တယ် ညို၊ ဘာမှမပြောနဲ့တော့၊ မမကူးကိုချစ်ရင် မမကူး စီမံတာပဲ နာခံရမယ်နော်"

အညို၏ ခေါင်းညိတ်ပြလိုက်ပုံလေးက အားပါလှသည်



မကြာမီမှာပင် ပြင်ပလူနာဌာနသို့ ရောက်ကြပြီး၊ နောက်မှ သက်ဆိုင်ရာအခန်းသို့ပို့၏။ စန္ဒကူးကိုယ်တိုင်လည်း ဆေးရုံကြီးမှာ တာဝန်မပြီးဆုံးသေး။ ရက်ပိုင်းလောက် ဆေးရုံသို့ ဆင်းရဦးမည်။ ဆေးရုံကြီးနှင့် ထိတွေ့နေဆဲ ဆရာဝန်မလေးမို့ အားလုံးလိုလိုက သိကြ၏။

"ဒေါက်တာစန္ဒကူးရဲ့ မောင်လေး"

ဆိုသော မျက်နှာကြောင့် အားလုံးက ဂရုစိုက်ကြပါ၏။

"ဒီဓာတ်မှန် ဘယ်တုန်းက ရိုက်တာလဲ"

"သုံးလလောက်တော့ရှိပြီဆရာ"

"အခု တီဘီဆေးတွေ စားနေရသလား"

"ဟုတ်ကဲ့"

"ဆရာတော့ သံသယရှိတယ်၊ ဘိုင်အို(ပ)စီ(Biopsy) လုပ် ကြည့်ချင်တယ်၊ ဆေးရုံတော့ တင်ထားခဲ့လေ၊ တီဘီ သေချာ တော့မှ အောင်ဆန်းဆေးရုံ ပြောင်းတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

သည်သို့ဖြင့်၊ မိန်းကလေးဆန်ဆန် အမည်ပေးထား၍လား မသိ၊ အေးငြိမ်းပျောင်းနွဲ့စွာ နာခံတတ်သော မောင်အေးငြိမ်းညိုကို ဆေးရုံတင်လိုက်ရပါပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"မမကူးကလည်း စောင့်ရတာ ကြာလိုက်တာတာဗျာ"

"မမကူးရဲ့ ဝဒ်မှာ ဆရာဝန်ကြီး 'ရောင်း'လှည့်နေတာ နောက်က လိုက်နေရလို့ပါ အညို၊ သက်သာလားဟင်"

"ပိုအောင့်လာတယ်"

"ဆေးရုံပေါ် ရောက်ပြီပဲ၊ ရောဂါအားလုံး ပျောက်ရမှာပေါ့"

"အညို့ခြေရင်းခုတင်ကလူနာကျတော့ ဘာလို့သေသွားလဲ"

"သြော်...သူက ရောဂါကျွမ်းနေပြီလေ၊ ဘယ်ကုလို့ရတော့မှာလဲ၊ ဆေးရုံခုတင်ဆိုတာ လူမသေဖူးတဲ့ခုတင် ဘယ်မှာရှိမလဲ၊ ဆရာဝန်မရဲ့ မောင်ပဲကွာ၊ သတ္တိရှိစမ်းပါ"

"မမကူး အနားမှာရှိရင် အားလုံးကို ရင်ဆိုင်ရဲတဲ့ သတ္တိ ကျွန်ုပ်တော့မှာ ရှိပါတယ် မမကူး"

"အမယ်လေး... အရေးထဲ ကဗျာက ဆန်ချင်သေးတယ်၊ ကဲ...ခုမနက် ဘာစားပြီးပြီလဲ"

"မေမေ ကြက်စွပ်ပြုတ်ယူလာတယ်"

"သောက်ပြီးပြီလား"

"နှစ်ဇွန်းလောက်ပဲ သောက်နိုင်တယ်၊ အန်ချင်လို့"

"ဘာစားချင်လဲ၊ လိမ္မော်သီးစားမလား အညို"

"အင်း...လိမ္မော်သီး စားချင်တယ်"

"နေဦး...မမကူး သွားဝယ်ခိုင်းလိုက်မယ်"

ခဏအကြာတွင် ရောက်လာသော လိမ္မော်သီးကို စန္ဒကူး ကိုယ်တိုင် ခွာပြီး ခွံ့ကျွေးတော့ အညို ကြည်နူးကျေနပ်စွာ ပြုံး၍ စားရှာသည်။



"မမကူးတို့ ဟိုလူကြီးကို မောင်းထုတ်လိုက်ကြတယ်နော်၊ ကောင်းတယ်"

"ဘယ်လူကြီးကိုလဲ"

"မမကူးကလည်းဗျာ...အိတ်ကြီးနှစ်လုံးဆွဲပြီး ငိုက်စိုက်ကြီး ဆင်းလာတာ မြင်တော့ ကျွန်တော် ပျော်လိုက်တာ"

"အန်တီသန်းကပြောတော့ တံခါးကို ခြေထောက်နဲ့ ဆောင့်ကန်လို့ဆို"

"ဘယ်ကဟုတ်ရမှာလဲ၊ သူ အပေါ်တက်သွားပြီး ပြန်ဆင်းလာတဲ့အထိ နေ့ရောင်ထိုးနေတဲ့ ပြတင်းပေါက်က ရပ်ကြည့်နေမိလို့ ကျွန်တော် မူးလဲသွားတာ"

"အသက်နှစ်ဆယ်စွန်းစ အရွယ် ယောကျ်ားလေး တစ်ယောက်က နေထိရုံနဲ့ မေ့လဲသွားတယ် ဆိုတာတော့ မဟုတ်သေးဘူး၊ အညို့ကိုယ်ထဲမှာ ရောဂါတစ်ခုခုတော့ ကြီးကြီးမားမား ရှိနေပြီနဲ့ တူတယ်"ဟု စန္ဒကူး တွေးလိုက်မိသည်။

✿ ✿ ✿

စန္ဒကူး တွေးထင်ခဲ့သလိုပါပင်။ အေးငြိမ်းညိုကို ဆေးရုံတင်ပြီး တစ်ပတ် အတွင်းမှာပင် အဆုတ်ကို ရိုက်ထားသော ဓာတ်မှန်နှင့် အဆုတ်အစကိုယူပြီး ဓာတ်ခွဲကြည့်လို့ ထွက်လာသော အဖြေက...

www.burmeseclassic.com

www.burmeseclassic.com



စီအေ(CA) ကင်ဆာတဲ့။

"ဘုရား...ဘုရား..."

အဖြေစာရွက်ကိုင်ထားသော စန္ဒကူး၏ လက်လေး တုန်ပြီး၊ ဖတ်ရှုနေသော စာလုံးများဝါးလာသည်။ မျက်ဝန်း လည်း မျက်ရည်တွေပြည့်ပြီ။

"မောင်လေး...အညိုလေးရယ်...ဖြစ်မှဖြစ်ရလေ"

"ဖြစ်မှဖြစ်ရလေကွယ်..."

"အဲဒီလို အမှားမျိုး မမ ကြားဖူးခဲ့တယ်၊ အဆုတ် အစက်နဲ့အလုံးတွေ့ပြီး တီဘီလို့ မှတ်ချက်ချတယ်၊ အဆုတ် ရောဂါ တီဘီဆေးတွေ တိုက်တယ်၊ မပျောက်ဘူး၊ နောက် တတ်ကျွမ်းတဲ့ ဆရာဝန်တွေ စစ်ဆေးတော့မှ တီဘီမဟုတ် ကင်ဆာတဲ့"

"ခုတော့ ကိုယ်တိုင်ကြုံရပြီ"

"ကြုံတာမှ မမရဲ့မောင်လေး...မမကိုသိပ်ချစ်ရှာတဲ့ လေးမှာမှ ဖြစ်ရလေခြင်းကွယ်"

"အချိန်လွန်သွားပြီ၊ ကုသလို့ မရနိုင်တော့ဘူး"

"တစ်လလောက်ပဲ ခံတော့မယ်တဲ့"

"မကယ်နိုင်ကြတော့ဘူးလား၊ ကျွန်မရဲ့ မောင်လေး မကယ်နိုင်ကြတော့ဘူးလားရှင်"

"သိပ်တော်နေ၊တတ်နေကြတဲ့ ဆေးပညာတိုးတက်မှု ကင်ဆာရောဂါကို ကုသနိုင်တဲ့ဆေးတွေ ဘာကြောင့်များ မ နိုင်သေးတာလဲရှင်"



"မောင်လေးရယ်..."

"တစ်လ အတွင်းမှာ မင်းသိပ်ချစ်တယ်ဆိုတဲ့ မမကူးကို ာဝရ ခွဲသွားရရှာတော့မှာပါလား"

"မောင်လေးရယ်...ဖြစ်ရလေခြင်းကွယ်"

စန္ဒကူး၏မျက်ဝန်းမှ မျက်ရည်တို့က အဆီးတားမဲ့ ကျဆင်း ာတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၂

## ဦးချမ်းမြေ့၏ မချမ်းမြေ့သော နေ့ရက်များ

www.burmeseclassic.com

www.burmeseclassic.com

# အခန်းတစ်

အမှန်ကတော့ ရန်ကုန်ကိုသွားခြင်းမဟုတ်။ အပြီး ပြန်လာခြင်းသာ ဖြစ်ပါ၏။

ကိုချမ်းမြေ့သည် မိစမ်းကို တမ်းတခြင်းမရှိသော်လည်း ခမ်း၏ ဝမ်းကြာတိုက်ထဲမှ ရုန်းကန်လှုပ်ရှားနေသော သူ့ရင်သွေးလေးနှင့် ဝမ်းပြင်နံရံတစ်ခုသာခြားပြီး စမ်းကြည့်ခဲ့ရသည့် အထိအတွေ့ကို သူ ဘယ်သောအခါမှ မမေ့ခဲ့။

ဘူတာမှဆင်းသည်နှင့် ပြောင်းလဲခြင်းများစွာကို တွေ့လိုက်ပြီး ဆူးလေလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်မှာ Tradersနှင့် Sakura Towerတို့က မိုးထိမတတ် အပြိုင် မျက်နှာချင်းဆိုင်။

သူ ချက်ချင်းပင် တာမွေသို့ ရောက်ရှိသွားချိန်မှာ...

အရင်လို တဲတစ်လုံးမှမရှိ။ ဘာတစ်စွန်းတစ်စမှ တွေ့ခွင့်ရတော့ပါ။ မိစမ်းတို့ နေထိုင်ခဲ့ရာ ကျူးကျော်ရပ်ကွက်လေးမှာ မြေပြင်အတိ ဖြစ်သွားပြီး ထိုမြေပြင်ပေါ်မှာ ဆောက်လက်စ တိုက်တာများ။

ဩော်...မိစမ်းတို့အပါအဝင် ဆင်းရဲသား မိသားစုများ၏ မျက်ရည်များ ဤမြေပြင်ပေါ်မှာ ဘယ်လောက်များများ စီးဆင်းခဲ့ကြလေမလဲ။ သူ ရင်နှင့်စွာတွေးရင်း ဘယ်သွား၍ ဘာလုပ်ရမှန်းမသိနိုင်လောက်အောင် လှုသာမက အတွေးအခေါ်များပါ ချုံးချုံးကျခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ အိတ်ကလေး ၁စ်လုံးကို လွယ်ပြီး တာမွေ ရွှေဗဟို ရှေ့မှာ စိတ်ပျက်လက်ပျက် ကြာမြင့်စွာ ထိုင်နေမိသည်။

ဘတ်စ်ကားပေါ်မှ ခြင်းတောင်းတစ်လုံးနှင့်ဆင်းလာသော အဒေါ်ကြီး တစ်ယောက်က သူ့ကို ငေးကြည့်ပြီး ဆက်လျှောက် သွား၏။ စပ်စုတတ်သော မိန်းမကြီးတစ်ယောက်က တစ်ခေါက် ပြန်လှည့်လာကာ အသေအချာကြည့်၍...

"စိတ်မဆိုးနဲ့နော်၊ သူငယ်ဟာ မစိုးသိန်းသမက် ဟို သူ့ဇွေ သားလေး မဟုတ်လား"

အရေးထဲ ဂုဏ်ပုဒ်တွေဖော်နေပေမယ့် ကွင်းဆက်ရသွားပြီ သူ ထိုင်ရာမှ ဖျတ်ခနဲ ထလိုက်ပြီး...

"ကျွန်တော့်ကို သိတယ်လား၊ ဒေါ်စိုးသိန်းတို့၊ မိစမ်းတို့ ရော ဘယ်ပြောင်းသွားကြလဲဗျာ"

"အဒေါ်က ဒီရပ်ကွက် မဖျက်ခင်တည်းက တောက သမီး ဆီ သွားနေတာ၊ သူငယ်က ဒီထဲမှာ ထူးခြားနေလို့ မှတ်မိနေတာ"

"ဟုတ်ပါပြီ၊ မိစမ်းတို့အားလုံး အုပ်စုလိုက် ပြောင်းရတာ လေ၊ ဘယ်မြို့သစ်ကို ရောက်သွားပြီလဲ"

"ဟင်...သူငယ် မသိဘူးလား၊ မိစမ်းက ဆုံးသွားပြီလေ"

"ဟင်..."

ချမ်းမြေ့ တုန်လှုပ်သွားသည်။ ဆက်၍...

"ကလေး...ကလေးရော၊ မိစမ်းရဲ့ကလေးရောဗျာ"

"မီးဖွားရင်း ဆုံးတာ ဆိုလားပဲ၊ ကလေးပါ ဆုံးမှာပေါ့"

"ဟာဗျာ..."



"အဒေါ်က တောနဲ့ ဒီတာမွေကို သွားလိုက်လာလိုက်လေ၊ အဒေါ့်သမီးက ဒီနားမှာ ကွမ်းယာရောင်းလို့ လာလာနေရတာ"

အဒေါ်ကြီးကို ဘာမှပြန်မပြောနိုင်။ ပြန်၍ပင်မကြည့်ဖြစ်။

လက်ရှိ 'နေ' သည် ဆယ်ဆလောက် ပို၍ပူပြင်းသွားသလို တစ်ကိုယ်လုံး လောင်ကျွမ်းမတတ် ခံစားလိုက်ရသည်။

သူ တာမွေ သမိန်ဗရမ်းလမ်း အတိုင်း အဓိပ္ပာယ်မဲ့စွာ လျှောက်နေမိပြီးမှ ကိုသန်းထိုက် ဝပ်ရှော့ရှိရာ အသောကလမ်း ဘက်သွားဖို့ ပြန်လှည့်လိုက်သည်။

"ဟာ...ငါ့ကြောင့် ကားတစ်စီးလုံး အသိမ်းခံလိုက်ရတာ ကို ကားအုံနဲ့ သူ ဘယ်လိုများ ရှင်းရရှာမလဲ၊ ကားတစ်စီးစာ လျော်နိုင်လောက်အောင် ကိုသန်းထိုက်က မချမ်းသာရှာဘူး၊ သူ့ ခမျာ ငါ့ကြောင့် ဘယ်လောက်များ မျက်နှာပျက်ရရှာမလဲ"

"ဩော်...ငါ့မှာသာ ငွေထုပ်ကြီးပါလာရင် ရော့ဗျာ...ကို သန်းထိုက်၊ ကျွန်တော့်ကြောင့် ဖြစ်ရတဲ့ဟာ ကျွန်တော် လျော်မယ် ပြောပြီး လျော်လိုက်ချင်ပါတယ်"

"ကိုသန်းထိုက်ကို လျော်နိုင်ပြီးမှ ငါ သေချင်ပါတယ်၊ မသေခင် လျော်ပေးနိုင်ခွင့်ရပါစေ"

ဆိုသော ဆန္ဒများဖြင့် နောက်မလှည့်ဖြစ်ဘဲ ရှေ့သို့ ဆက် လျှောက်ဖြစ်၏။

"ဝမ်းပြင်နံရံခြားပြီး ထိတွေ့ခွင့်ရခဲ့တဲ့ ငါ့ရဲ့ဖခင်စိတ်ဟာ မမြင်ရတဲ့ ရင်သွေးလေးပေါ်မှာတောင် ဒီလောက် သံယောဇဉ် ဖြစ်နေရင် အသက်နှစ်ဆယ်ကျော် အတူနေခွင့်ရခဲ့တဲ့ ဖေဖေနဲ့မေမေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့ကြောင့် ဘယ်လောက်များ နာကြင် ကြေကွဲနေကြရှာမလဲ"

သူ သေသေချာချာ မဆုံးဖြတ်မိပါဘဲနှင့် တက္ကစီကားတစ်စီးကို လှမ်းတားပြီး နှုတ်က အလိုလို...

"ရွှေတောင်ကုန်းရိပ်သာ"

ဟု ပြောပြီး တက်ထိုင်မိသည်။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာရှေ့မှာ ဆင်း၍ ကားကိုပြန်လွှတ်လိုက်ပြီးမှ သူ မွေးဖွားနေထိုင်ကြီးပြင်းခဲ့ရာ...

'ချမ်းမြေ့သာယာဂေဟာ'

ဆိုသည့် ခြံကြီးရှိရာသို့ နှေးကွေးသော ခြေလှမ်းများဖြင့် လျှောက်လာမိသည်။

အိမ်ရှင်တို့၏ ပျက်စီးကျဆုံးခြင်းသရုပ်ကို ဖော်ပြနေသည့် တိုက်နှင့်ခြံကြီး...။

ခြံအတွင်းမှာ ခြုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးနေသည့် လူသွားလမ်းသာ ရှိ၏။ ကားအဝင်အထွက်မရှိတာ ကြာပြီဖြစ်ပုံရ၏။

တိုက်ကြီးမှာလည်း သူ ထွက်သွားပြီးနောက် တစ်ခါမှ ဆေးမသုတ်ဘဲထားပုံရသည်။ ရေညှိရောင်များနှင့် အိုမင်းဟောင်းနွမ်းခြင်း သရုပ်က အပီအပြင်ပင်။

"မေမေတို့ ဒီအိမ်မှာ ရှိမှရှိကြသေးရဲ့လား"

ဆိုသော သံသယဖြင့် ခြံရှေ့ အုတ်တိုင်ကြီးမှ အင်္ဂတေဖောင်းကြွ စာလုံးကြီးကို ကြည့်လိုက်တော့လည်း...



'ချမ်းမြေ့သာယာဂေဟာ'

ဆိုသော ဆေးပျယ်၊ ရေညှိတက်နေသည့် သူ့ကိုယ်စားပြုစာတန်းကလည်း သည်အတိုင်း။

သူ့ကိုမွေးပြီး အေးငြိမ်းလွန်းသည့် သားလေးမို့ 'ချမ်းမြေ့' ဟု အမည်ပေးကာ တိုက်ကြီးနှင့်ခြံကို...

'ချမ်းမြေ့သာယာဂေဟာ'

ဟု သူတို့၏ သားလေးကို အမှန်းတင်၍ ရေးထိုးထားသည့် ကမ္ပည်းစာတန်းက သည်အတိုင်း။

သံချေးတက်နေသော ခြံဝင်း သံတံခါးကြီးရှေ့မှာ ထူထဲနိုင်ခံ့သော သော့ခလောက်ကြီး ခတ်လျက်။

"သူများပိုင်သွားပြီဆိုရင် နာမည်အသစ်ပေးပြီး ပြုပြင်မွမ်းမံကြမှာပေါ့"

"ခုပုံစံနဲ့ဆိုရင် မရောင်းသေးတာ သေချာတယ်"

"ခြံရှိနေတာတော့ ဟုတ်ပါပြီ၊ ဖေဖေနဲ့မေမေရော ရှိကြသေးရဲ့လား"

မိဘကို လွမ်းဆွတ်စိတ်၊ တွေ့ချင်စိတ်များက ရင်ပွင့်ကွဲမတတ်ပါပင်...။

"မေမေရေ...ဖေဖေရေ..."

"သားပြန်လာပါရစေဗျာ"

ဟူ၍ ခြံရှေ့မှနေ၍ ဟစ်အော်တောင်းပန်ချင်သည့် စိတ်များကို မနည်းထိန်းထားရ၏။

ဟိုဘက်ခြံထဲသို့ ကားတစ်စီးဝင်သွားသည်။ ဧကအကြာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာသည်။ ချမ်းမြေ့ကို လှမ်းကြည့်ပြီး ဆက်မောင်းသွား၏။

စောစောက အခေါ်ကြီးလို စပ်စပ်စုစု လာရောက်မေးမြန်းလျှင် အကောင်းသား။ သူကတော့ မခေါ်ပ့ါ။ မမေးရဲပါ။ ဆင်းရဲသား လူတန်းစားတို့၏ စပ်စုမှုက ခုလိုအခါမျိုးမှာ အသုံးဝင်နိုင်သလောက်...

ကိုယ့်ဟန်နှင့် ကိုယ့်မာန်နှင့် နေထိုင်တတ်ကြသော ဤသူဌေးတို့ဝန်းကျင်တွင် ဒါမျိုးမရှိ။ အကူအညီပေးချင်မှ ပါးလျားတတ်၏။

ကျလာသော ချွေးပေါက်များနှင့် မျက်ရည်များကို ပွတ်သုတ်လိုက်ပြီး သူ အင်းယားမြိုင်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ တက္ကစီတစ်စီးငှား၍ မြို့ထဲဘက်သို့ ဆိပ်ကမ်းသာလမ်းမှ ဈေးခပ်သင့်သင့် တည်းခိုခန်းတစ်ခုကို သူ ငှားရမ်းလိုက်သည်။

ဇနီးနှင့်ကလေးလည်း ဆုံးပြီ။

မိဘများနှင့်လည်း ဝေးပြီ။

ဘယ် သူငယ်ချင်း အပေါင်းအသင်းဆီကိုမှလည်း သူ မသွားချင်။

သူ့အဖြစ်က...

အိမ်ဖော်မ ကိုယ်ဝန်ရှိ၍ ယူလိုက်ရသူ...

မိဘစွန့်ပစ်ခံလိုက်ရသူ...

ဘိန်းဖြူများနှင့်အတူ ဖမ်းမိခံရသူ...

ထောင်ဆယ်နှစ်ကျသူ...



ယခုထောင်ထွက်...။

ဘဝ၏ အမည်းစွန်းများစွာကို ပြန်လည်သုံးသပ်ပြီးနောက် သူ ရန်ကုန်မှာ ဆက်လက်နေထိုင်ရန် အကြောင်းမရှိတော့ပါ၍...

"မောရှမ်းမြေမှာ အစ်ကို့ကို အမြဲမျှော်နေတဲ့ ရှင်မွှန် တစ်ယောက် ရှိတယ်ဆိုတာ အစ်ကို အမြဲသတိရပေးပါနော်"

ဟူ၍ 'စောရှင်မွှန်' မှာကြားလိုက်သော စကားကြောင့်...

သူ့ကို ရင်ဖွင့်ကြိုဆိုနေမည်ဖြစ်သော 'ရှင်မွှန်'ရှိရာ မောမြေမြင့်ဆီသို့ သူ အပြီးပြန်သွားရုံမှလွဲ၍ တခြားနည်းလမ်း ရွေးချယ်စရာ မရှိပါ။

✿ ✿ ✿

## အခန်းနှစ်

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ကိုချမ်းမြေ့ မောရှမ်းမြေသို့ ရောက်ရှိလာစ ကာလကဲ့သို့ပင်...

မြူနှင်းမှုန်တို့ ဝေသီအုံ့ဆိုင်းနေသော ဆောင်းဦးကာလကို ရောက်ခဲ့ရပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောမြေမြင့်၏ တောင်ပေါ်မြို့လေးနှင့် တောတန်းများဆီ
ရှေးယခင်ကလို ထင်းရှူးပင်များ ယှက်ဖြာစိမ်းညို့နေခဲ့သည့်နေ
များတွင် လူနေအိမ်ခြေ တိုက်တာခြံမြေတို့ အစားထိုး နေရာယူ
ကြသဖြင့် မောရှမ်းမြေတွင် အအေးပေါ့သည်။ တောင်ပေါ်သာ
တို့သာ အအေးပေါ့ကြောင်း ခံစားရသော်လည်း မြေပြန့်သားတ
တောင်ပေါ် ရောက်လာလျှင် အနွေးထည် အထပ်ထပ် ဝတ်ပြ
ခိုက်ခိုက်တုန်အောင် ချမ်းပြနေကြသေးသည်။

ဒေါ်စောရှင်မွန်သည် ရေနွေးအိုးကို ဖိုပေါ်မှချလိုက်၏
အခြောက်လှော်ထားသော လက်ဖက်ခြောက်တစ်ဆုပ် အိုးထဲထည့်
၍ ဆားနည်းနည်း ခပ်လိုက်သည်။

အားသွားသော ထင်းမီးဖိုပေါ်မှာ ဒယ်အိုးတင်၍ ဆီများ
များ ထည့်ကာ ဆန်လုံးစီနှင့် တို့ဟူးခြောက်ကြော်များကို တရှဲ
ကြော်၏။

အားလုံးပြီးချိန်မှာ ရေနွေးကြမ်းတစ်အိုး၊ ခွက်နှစ်ခွက်နှင့်
အကြော်ဗန်းလိုက် အိမ်ရှေ့ခန်းသို့ သယ်ယူလာပြီးမှ…

"အစ်ကိုရေ…ရပြီ"

ဂန္ဓမာပန်းခင်းကို ပေါက်တူးတစ်လက်နှင့် မြေဖို့၊ ပေါင်း
နုတ်၊ ဆေးဖြန်းနေသော ခြံလုပ်သားကြီး 'ဦးချမ်းမြေ့'က ပေါက်
တူးကို ချလိုက်၏။ ခဲထားသော ဆေးတံကို နှုတ်မှချွတ်၍ ခါ
လိုက်ပြီး တစ်ထပ် မြေစိုက်တိုက်ကလေး ရှိရာသို့ လျှောက်လာ
သည်။

ရှမ်းဘောင်းဘီအမည်းနှင့် ခေါင်းစွပ်စွယ်တာပြာလွင်လွင်



ကို ဝတ်ထားသော အသက်ငါးဆယ်ခန့်အရွယ် 'ဦးချမ်းမြေ့'မှာ
ဖြူလွှင်သော အသား၊ မည်းနက်သော မျက်ခုံးနှင့် အဖြူထက်ဝက်
နီးပါး ရှိနေသော ဆံပင်တို့ဖြင့် ချောမော လှပ တည်ကြည် ခံ့ထည်
နေပေသည်။

ဒေါ်စောရှင်မွန်သည် ဥပမိရုပ်ကောင်းပြီး ပြန်လည်ကျန်းမာ
သန်စွမ်းလာပြီဖြစ်သော…

'မိမိ၏ခင်ပွန်း'

ကို မြတ်နိုးစိတ်နှင့် ပြုံး၍ကြိုဆိုသည်။

"ခြံသမားလေးတွေလာမှ ခိုင်းရောပေါ့ အစ်ကိုရယ်"

"အဲဒီခြံအလုပ်လုပ်၊ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေ
စား၊ လေကောင်းလေသန့်ရှူရလို့ အစ်ကို ပြန်ကျန်းမာလာတာ
လေ"

"ဟုတ်ပါရဲ့၊ ဟိုတုန်းကများ အစ်ကို့ကို ပစ်လိုက်ရပြီလို့
တောင် ထင်ခဲ့ရတယ်"

"တော်ပါတော့ကွာ၊ ပြီးခဲ့တာတွေ ပြန်ပြောမနေပါနဲ့"

"တစ်ခုတော့ ပြောရဦးမယ်၊ အစ်ကို ခုလို ပြန်ကျန်းမာလာ
တဲ့ အထဲမှာ ရှင်မွန် အပြုအစုကောင်းတာရော ပါတယ် မဟုတ်
လား"

"အဲဒါ အမှန်ပါပဲ၊ ရှင်မွန်ဟာ ကိုယ့်ဘဝရဲ့ကယ်တင်ရှင်လို့
ပြောရင်လည်း ဖြစ်ပါတယ်"

"ဟာ…ဟ…ပျော်စရာကြီး"

သူလည်း လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေပါလျက် ဒေါ်စောရှင်မွန်က အပျိုလေးတစ်ယောက်လို ကြည်နူးစွာ ရယ်မောနေသည်။

"တစ်ခါတလေများ အိပ်မက်သိပ်ဆန်နေတဲ့ ကိုယ့်ဘဝကို ကိုယ်တောင် မယုံနိုင်လောက်အောင်ပါပဲ"

"ကဲ...ပြီးခဲ့တာတွေ ပြန်မပြောနဲ့ဆို"

"ပြောပေမယ့် အခါပေါင်း မရေမတွက်နိုင်အောင်တော့ ပြန်တွေးဖြစ်တယ် ရှင်မွန်"

"ပုတုန်းလေး စားလိုက်ပါဦး အစ်ကို"

ဆန်လုံးစိ ဝိုင်းဝိုင်းကြွပ်ကြွပ်ကလေးကို ဝါး၍ ရေနွေးကြမ်းသောက်ပြီး...

"ကိုယ်ဟာ ချမ်းသာတဲ့မိဘရဲ့ တစ်ဦးတည်းသောသား၊ ဆရာဝန်တစ်ယောက် ဖြစ်လာမယ်၊ ဂုဏ်ရည်တူ အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်ပြီး မိဘအမွေကို ဆက်ခံရမယ်၊ ဘဝရဲ့ အချိုးအကွေ့တွေ တွေ့စရာမလိုဘဲ အသက်ထက်ဆုံး ချမ်းသာအေးငြိမ်းစွာ နေရလိမ့်မယ်လို့ ထင်ခဲ့မိတဲ့သူပါ၊ ခုလို ဖြစ်ရလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး"

"ဒါ ကံပဲပေါ့နော်"

"ကိုယ့်ရဲ့ လုပ်ရပ် အမှားတွေကြောင့်ပါ၊ အသိ မမှဲ့တမှဲ့ အချိန်တွေမှာ အတွေ့နဲ့ကြုံပြီး ဘဝပျက်ခဲ့ရတယ်၊ အဲဒီဘဝထဲမှာပဲ နစ်လိုက်တော့မယ်ဆိုပြီး ကားမောင်းစားပြန်တော့ ဘိန်းဖြူမှုနဲ့ ထောင်ကျ၊ အဖမ်းခံရတယ်"

"အင်း..."



"ထောင်ဆယ်နှစ်လို့ အမိန့်ချလိုက်ချိန်က ကိုယ့်ဘဝတော့ ထောင်ထဲမှာ ပြီးဆုံးပြီလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် တစ်လျှောက်လုံး ရှင်မွန် ကိုယ့်ကို ဂရုစိုက်ခဲ့တဲ့ ကျေးဇူးတရားက ကြီးမားလှပါတယ်"

"အစ်ကိုကလည်း...နှစ်ယောက်လုံး သိပြီးသား ကိစ္စတွေလေ၊ ဘာပဲဖြစ်ဖြစ် ရှင်မွန်တော့ အစ်ကို့ကို လက်ထပ်ခွင့်ရလို့ ပျော်နေပါတယ်၊ ရှင်မွန့်ဘဝ လုံခြုံသွားတဲ့အတွက်လည်း အစ်ကို့ကို ကျေးဇူးတင်ပါတယ်"-

"ဒါလည်း ကိုယ် ထောင်ကလွတ်ပြီး ကိုယ့်ဇနီးနဲ့သမီးကို သွားရှာတာ မတွေ့ရတော့လို့ပါ"

"ဒါပေမယ့် အစ်ကို ရှင်မွန့်ဆီ ပြန်လာခဲ့တယ်လေ"

စောရှင်မွန်၏ ပြုံးရွှင်နေသော မျက်နှာကို ကြည့်လိုက်မိသည်။

အမှန်အတိုင်း ဝန်ခံရလျှင် လာချင်၍ ပြန်လာခြင်းဖြင့် မဟုတ်။ ရန်ကုန်မှာ ကျောတစ်နေ့ရာစာ ချဖို့ နေရာပင် မရှိ၍ ကိုယ့်ကိုမျှော်နေမည့် စောရှင်မွန်ထံ ပြန်လာခဲ့ရခြင်းဖြစ်သည်။

ဦးချမ်းမြေ့ ထောင်ကျနေသည့် ကာလတစ်လျှောက်လုံးမှာလည်း စောရှင်မွန်က တာဝန်ယူရှာသည်။ လိုက်သင့်သည်ကို လိုက်၊ ပေးသင့်သူကိုပေးပြီး အစားအာဟာရများ မပြတ်ပို့ပေးခဲ့ရှာသည်။

သို့သော် ထောင်ထဲမှာ ကိုချမ်းမြေ့ ငှက်ဖျားကူးသည်။ နှစ်စေ့ချိန်ရောက်မှ လွတ်မြောက်ခဲ့ရ၏။ အပြင်ရောက်သည်အထိ

www.burmeseclassic.com

www.burmeseclassic.com



နာလန်မထူနိုင်သေး။

စောရှင်မွန်၏ စနစ်တကျ ကုသပေးမှုကြောင့် အသက်ချမ်းသာရာရခဲ့ခြင်းဖြစ်သည်။

ထောင်ထဲမှာတည်းက သူလွတ်သည်နှင့် ရန်ကုန်ပြန်မည်။ မိစမ်းနှင့် ကလေးကို တွေ့ချင်လှပြီ ဆိုသော စိတ်ဆန္ဒများက ထောင်မှလွတ်လာပြီးသည့် နောက်တွင်လည်း တော်တော်နှင့် မပြည့်ဝနိုင်ခဲ့ပါ။

လူကယ့်ယဲ့၊ ငွေကမရှိသဖြင့် ကိုးဆယ်ခုနှစ်များကျော်မှ သူ ရန်ကုန် ပြန်လာနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒီ မောမြေမှာ အစ်ကို့ကို အမြဲ မျှော်နေတဲ့ စောရှင်မွန် တစ်ယောက် ရှိနေတယ်ဆိုတာ အစ်ကို အမြဲသတိရပေးပါနော်"

ဟူ၍ သူ့ကို မျှော်လင့် တမ်းတနေရှာသော စောရှင်မွန် တစ်ယောက်သာ သူ့ဘဝမှာ ကျန်ရှိပါ၍ သူ မောမြေ ရှမ်းမြေမှာ ထာဝရနေထိုင်ရန်အတွက် အပြီးတိုင် ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။

✿ ✿ ✿

## အခန်းသုံး

စောရှင်မွန်သည် ဝေးဝေးဆီမှ မှိုင်းလုံးတောင်ညို့ညို့ကြီးကို ငေးမျှော်ရင်း တွေးနေမိသည်။

ဖြူစင်ရိုးသားလှသော ကိုချမ်းမြေ့ကို ဦးသီဟတို့၏ အရှုပ်အထွေးအတွင်းသို့ မဝင်ရောက်စေချင်သော စေတနာမှ စခဲ့သည့် ဇာတ်လမ်းဖြစ်သည်။

သူသည် သူ၏မောင်လေး 'စိုင်းကြည်သာ'အတွက် သူ့ဘဝကို ဦးသီဟ၏လက်သို့ ပေးဆပ်ခဲ့ရသူဖြစ်သည်။

သူ့မောင်လေးသည် ပထမ ဦးသီဟ၏ ကောင်းရောင်းကောင်းဝယ် တပည့်ဖြစ်သည်။ နောက်ပိုင်း မှောင်ခိုမှုဖြင့် ဖမ်းဆီးခြင်း ခံရ၍ ထိုအမှုမှလွတ်ရန် ဦးသီဟက ငွေသောင်းသိန်းချီ၍ လိုက်ပေးမည်၊ စိုင်းကြည်သာ လွတ်လာလျှင် သူ့ကို လက်ထပ်ရမည်၊ ထောင်ကျသွားလျှင် လက်ထပ်စရာမလိုဟု အလောင်းအစားသဘော လုပ်ခဲ့ရ၏။ စောရှင်မွန်၏ ချစ်လှစွာသော မောင်လေး စိုင်းကြည်သာ ထောင်မကျဘူး ဆိုခဲ့လျှင် အပျိုဖြစ်ဖြစ် ရှင်မ လုပ်ပါမည် ဟူသော ကတိစကားကြောင့် မောင်လေး အကျဉ်းက လွတ်ပြီး တောင်ကြီးမြို့သို့ ပြန်သွားသည့်နေ့မှာပင်…

www.burmeseclassic.com

www.burmeseclassic.com



ရှင်မွန်သည် ဦးသီဟ၏ ဆယ့်လေးငါးယောက်မြောက် ဇနီးမယား ဖြစ်ခဲ့ရသည်။ သို့သော် ပေါ်ပေါ်ထင်ထင် မဟုတ်၊ တရားဝင်မဟုတ်။ သူများမေးလျှင် ညီမဝမ်းကွဲတော်သည်ဟု ပြောရမည်ဆိုပြီး အမိန့်ထုတ်ထားလိုက်သေးသည်။

တစ်ခါတစ်ရံ ဦးသီဟက သူ့သဘောနှင့်မတွေ့လျှင် ရှင်မွန့်ပါးကို လက်ပြန်ရိုက်လေ့ရှိသည်။ နီထွေးနုနယ်သော ပါး တစ်ခြမ်းလုံး တစ်ပတ်လောက် ယောင်နေတတ်သည်က အကြိမ်ကြိမ် အခါခါပင်...။

စောရှင်မွန်အတွက် ငွေကြေး၊ အဝတ်အစား၊ အသုံးအဆောင် အခိုင်းအစေက,အစ ပေးသော်လည်း ရှင်မွန် နည်းနည်းလေးမှ မပျော်ပိုက်ပါ။ အလိုရမ္မက်ကြီးသော၊ ဒေါသအမျက်ကြီးသော ဦးသီဟကို သူ ရွံလည်းရွံ ကြောက်လည်းကြောက်လှပါသည်။ အရပ်ရှည်ရှည် မတ်မတ်၊ အသားဖြူဖြူနှင့် အတော်လေးလှသော စောရှင်မွန်မှာ သူ့ဘဝကို ဦးသီဟဘဝထဲမှ အလွတ်ရုန်းရန် အမြဲ ကြံစည်နေသူ ဖြစ်ပေသည်။

"ဒီတစ်ခါအချိုကြီး"

ဟူသော သူတို့စကားကို မှတ်သားထားပြီး ဘိန်းဖြူနှင့် ဦးသီဟတို့ တစ်အုပ်စုလုံး တရားဥပဒေအရ ဖမ်းဆီးမိအောင် သူ ကြိုးစားမည်ဟု ကြံစည်နေဆဲမှာ...

ကိုချမ်းမြေ့ ဗင်ကားလေးတစ်စီးနှင့် တောင်ကြီးမြို့အလွန် ဆီဆိုင်မြို့ပြင်ရှိ တောင်ကုန်းပေါ်က ခြံကျယ်ကြီး အတွင်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။



ဖြူစင်ရိုးသားပုံရသော ကိုချမ်းမြေ့၏ ကား[illegible]နှင့် ဘိန်းဖြူ များကို သယ်ယူသွားမည်ကို စောရှင်မွန် သိနေသည်။ ဒါကြောင့်...

"ကိုချမ်းမြေ့ ရန်ကုန်ကို အမြန်ဆုံးပြန်ပါ"

နောက်ဆုံး ကားထွက်ခါနီးအထိ...

"တစ်ခုခုဖြစ်ရင် ကားရောပစ္စည်းရော ထားပြီး ထွက်သာ ပြေးနော်"

ဟု ကိုချမ်းမြေ့ကို အနီးကပ် သတိပေးလိုက်မိ၍ ရလာ သော ဆုလဒ်က ပါးကို ဘယ်ပြန်ညာပြန် အရိုက်ခံရ၍ လဲကျ သွားသော စောရှင်မွန်ကို ခြေထောက်နှင့် တစ်ချက်ဆောင့်ကန်ပြီးမှ အခန်းထဲမှ ထွက်သွားတော့သည်။

စောရှင်မွန်က ပါးစပ်မှ သွေးများကို သုတ်ပြီး နာနာကျည်း ကျည်း ပြုံးလိုက်ကာ...

"ကိစ္စမရှိဘူး၊ ဒါ ငါနောက်ဆုံးခံရခြင်းပဲ၊ မကြာခင် ဘိန်းဖြူ တွေကို သယ်သွားတဲ့ ကားကို ဖမ်းမိတော့မယ်၊ အရေးကြီးတာက ကိုချမ်းမြေ့ လျှင်ဖို့ပဲ၊ ကားထားခဲ့ပြီး ထွက်ပြေးဖို့တော့ မှာလိုက် တာပဲ၊ ကားရယ်၊ လူရိုးကြီး ဦးအိုက်မောင်းရယ် ကျန်တော့မှ ဦးသီဟတို့ လွှတ်လိုက်တာပါလို့ ပြောရင် ချက်ချင်း ဒီကို ရဲတွေ ရောက်လာကြတော့မှာ။ ဒီကားနံပါတ်နဲ့ ဘိန်းဖြူတွေ သယ်ချလာ လိမ့်မယ်ဆိုတာ ငါ စောစောတည်းက ရဲကို ဖုန်းဆက်တိုင်ပြီးသား။ လက်နှိပ်စက်နဲ့ရိုက်ထားတဲ့စာလည်း ရဲစခန်းကို ပို့ထားပြီးသား။

ဤအတွေးများဖြင့် "ဒါနောက်ဆုံးနာကြင်ခြင်းပဲ"ဟူသော အသိဖြင့် ကျေနပ်နေဆဲမှာ ပြန်တက်လာသော မိ[illegible]ကားတစ်စီး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဦးအိုက်မောင်း အူလျားဖားလျား ပြေးလာပြီး…

"ကားကို ရဲတွေ ဖမ်းထားလိုက်ပြီ"

ဟူ၍ သူ့အတွေ့အကြုံကို ရှင်း၏။

"ဟိုကောင်က တို့လွှတ်လိုက်တာလို့ ပြောမှာသေချာတယ်။ ကဲ…ဒီမှာ တစ်မိနစ်တောင် ဆက်နေလို့မဖြစ်တော့ဘူး၊ လစ်ကြစို့၊ စိုင်းထွန်း…ကားထုတ်၊ ရှင်မွန်ရော…ရှင်မွန်"

ဤအသံကြောင့် ရေချိုးခန်း၏ တံခါးကိုဖွင့်ပြီး တံခါးနှင့် နံရံကြားမှာ ကပ်နေလိုက်သည်။

"ရှင်မွန်…ရှင်မွန်"

"ဟာ…အခန်းထဲမှာလည်း မရှိဘူး ဆရာ"

"ထားခဲ့ကွာ၊ ဒီကောင်မ စောစောက သူ့ကောင်ကို သူက သတိပေးနေသေးတယ်"

"ရှင်မွန်ကို ထားခဲ့လို့ ဖြစ်ပါ့မလား ဆရာ"

"သူ့ဟာသူ သေသေကွာ"

"မဟုတ်ဘူးဆရာ၊ ဒီကိစ္စမှာလည်း ရှင်မွန်ကို မသက်သာ စေရာပဲ"

"အခု ငါတို့ ထွက်ပြေးသွားတာကိုလည်း သူမသိစေနဲ့၊ ကဲ…အားလုံး ကားပေါ်တက်ကြ"

သူတို့အားလုံး ကားကို တရကြမ်းမောင်း၍ ထွက်သွားကြပါ၏။

ရှင်မွန်တို့ လွတ်လပ်ပါပြီ။

ဦးသီဟ၏သိမ်းပိုက်မှုမှ လွတ်မြောက်လေပြီ၊ သူ ဒီနေရာကို



ဘယ်သောအခါမှ ပြန်လာရဲမှာ မဟုတ် ဆိုသော အသိကြောင့် စိတ်လက်ပေါ့ပါးလန်းဆန်းစွာ အခန်းထဲမှ ထွက်လာပြီးမှ သတိတစ်ခု ရကာ…

"ကိုချမ်းမြေ့…ကိုချမ်းမြေ့ ပြေးလို့မှ လွတ်ရဲ့လား"

ပူပန်ကြောင့်ကြစိတ်နှင့် စုံစမ်းကြည့်သည့်အခါ ရဲစခန်းမှာ ဘိန်းဖြူများနှင့်အတူ လက်ပူးလက်ကျပ် ဖမ်းမိပြီ ဆိုသော သတင်းကို အချိန်တိုအတွင်းမှာ သိရှိခဲ့ရပါတော့သည်။

• "ရှင်မွန့်ကြောင့်"

ဆိုသော အသိက ကရုဏာထားပြီးသား ကိုချမ်းမြေ့အပေါ်မှာ "မိမိတာဝန်ရှိသည်" ဟူသော အသိစိတ်ဖြင့် လွတ်လွတ်လပ်လပ်ပင် ကိုချမ်းမြေ့၏ အမှုကိစ္စကို ရှင်မွန် လိုက်[illegible]ပါသည်။

အနေသင့်အောင်၊ အစားကောင်းအောင် ကိုချမ်းမြေ့အတွက် ရှင်မွန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသော်လည်း ဥပဒေ၏ အတားအဆီးကိုဖြင့် ဖြိုချနိုင်စွမ်းမရှိပါ။

'ထောင်ဆယ်နှစ်'

ဆိုသော ပြစ်ဒဏ်ကာလအတွင်းမှာ ရှင်မွန် စေတနာအပြည့်ဖြင့် ထောင်ဝင်စာတွေ့ခွင့်ရအောင် ကြိုးစားခဲ့ပါသည်။

လွတ်လာတော့လည်း ငှက်ဖျားမိလာသဖြင့် ဆေးကုသမှုကို တာဝန်ယူခဲ့ရပါသေးသည်။

ထိုကာလများ အတွင်းမှာ မောင်လေး စိုင်းကြည်သာနှင့် ကျိုင်းတုံမှ ကင်းလွတ်ကုန်များသယ်ယူ၍ ရောင်းဝယ်ခြင်းအလုပ်ဖြင့် မောင်နှမနှစ်ယောက် စီးပွားဖြစ်ထွန်းလာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကလွတ်ပြီး ကျန်းမာလာချိန်မှာ ရှင်မွန်က မြတ်နိုး
မျှော်လင့်နေပါသော်လည်း...

"ကိုယ် ရန်ကုန်ပြန်တော့မယ်"

ဆိုသော အပြီးတိုင် နှုတ်ဆက်ခြင်းဖြင့် ထွက်ခွာသွားသော
ကိုချမ်းမြေ့အတွက် ရှင်မွန် လွမ်းဆွတ် ကြေကွဲစွာ ငိုကြွေးမိ
သည်။

ကိုချမ်းမြေ့ကို လွန်ခဲ့သော ဆယ်နှစ်နီးပါးကပင် သူ
တွယ်တာမြတ်နိုးမိခဲ့သည်။

ထောင်မှလွတ်လာလျှင် သူ့ကို လက်ထပ်ခွင့်တောင်းလိ
မည်ဟု ထင်ခဲ့သော်လည်း...

"သူ ပြန်သွားပြီ" ဆိုသော အသိဖြင့် ထာဝရ ခွဲခွာရသော
ပြီဟု နေ့စဉ် မျက်ရည်ကျခဲ့ရသည်။

သို့သော် ဆယ်ရက်တိတိပြည့်သည့် နေ့မှာပင်...

ကိုချမ်းမြေ့ ပြန်လည်ရောက်ရှိလာပြီး သူ့ဘဝ သူ့အဖြစ်မှ
ကို ပြောပြ၍...

"ဒါဆို အစ်ကို ဒီကို အပြီးပြန်လာတာပေါ့နော်၊ ဝမ်းသာ
လိုက်တာ အစ်ကိုရယ်"ဟု ရှင်မွန်က အသိမဲ့စွာပင် ကိုချမ်းမြေ့ထံ
တအားဖက်၍ ကြိုဆိုသည်။

ဇနီးလည်းဆုံးပြီ၊ ကိုသီဟလည်း ပြန်လာလမ်းမရှိတော့
ပြီမို့...

ကိုချမ်းမြေ့နှင့် စောရှင်မွန်တို့ တောင်ကြီး တရားရုံးမှာ
တရားဝင်လက်မှတ်ရေးထိုးကြပြီးနောက် အကြင်လင်မယားအဖြစ်



ပေါင်းသင်းနေထိုင်ကြတော့သည်။

ကိုချမ်းမြေ့ နေချင်သည် ဆိုသော ကလောမြို့ မှိုင်းလုံး
တောင်မှာ ခြံတစ်ခြံဝယ်ပြီး ရာသီစာ စားစရာများ၊ ပန်းမျိုးစုံများ
စိုက်ပျိုးခြင်းဖြင့် သူတို့နှစ်ဦး၏ ဘဝကို အေးငြိမ်းချမ်းမြေ့စွာ
ဖြတ်သန်းလျက်ရှိကြပါ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်းလေး

"နေရတာတော့ ငြိမ်းချမ်းပါတယ်၊ ရှင်မွန့်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ဘဝမှာ အပြင်းပြဆုံးဆန္ဒရှိခဲ့တာတော့ မပြည့်ဝနိုင်တော့ဘူးပေါ့နော်"

အသက်လည်းကြီးနေပြီဖြစ်သော ရှင်မွန့်ကို သားဖွားမီးယပ်ဆရာဝန်မနှင့် ပြကြည့်ပြီး ထွက်လာသည့် အဖြေက…

"သားသမီးမရနိုင်"တဲ့။

ထိုနေ့က ကိုချမ်းမြေ့ တစ်နေကုန် မျက်နှာမကောင်းရှာ

သည်လိုနှင့် မှိုင်းလုံးတောင်ခြေရှိ ကလောမြို့မြေပြင်တွင် ငြိမ်းအေးစွာ နောက်ထပ် လေးငါးနှစ်မျှ ဖြတ်သန်းကုန်ဆုံးပြီးချိန် တစ်နေ့သောအခါမှာ…

"ကိုယ်ဟာ တစ်ဦးတည်းသောသားမို့ ညီအစ်ကိုမောင်နှမတွေ များတဲ့ မိသားစုကို အားကျမိတယ်၊ ကိုယ် အိမ်ထောင်ပြုပြီး သားသမီးတွေ အများကြီးယူမယ်လို့ စိတ်ကူးယဉ်ခဲ့တယ်၊ ဆရာဝန်ကောင်း တစ်ယောက် ဖြစ်ခါနီးမှ လွဲခဲ့ရတယ်၊ ကိုယ့်ဘဝမှာ ကိုယ်ဖြစ်ချင်တာ ဘာတစ်ခုမှ ဖြစ်မလာနိုင်တော့ဘူးပေါ့လေ"

ရှင်မွန့်ရင်ထဲမှာ ကိုချမ်းမြေ့ကို သနားကြင်နာလွန်းရသော ခံစားမှုများက ပြည့်သိပ်တင်းကျပ်လာခဲ့ပြီ။

ရှင်မွန့်အတွက် သည်ဘဝမှာ သားသမီး မရနိုင်တော့ပါ ဟူသော အဖြေကို ရရှိခဲ့ပြီးနောက် ထိန်ချန်မှုတစ်ခုကို တိတ်



တဆိတ် ကြိတ်မှိတ် လျှို့ဝှက်ထားနိုင်ခဲ့ပါသေးသည်။ သို့သော် နောက်ဆုံးတွင် ရှင်မွန့်စိတ် တစ်မျိုးပြောင်းသွားခဲ့ပါပြီ။ မိမိအတွက် ရယူလိုခြင်းထက် မိမိ သိပ်ချစ်ရသူအတွက် စွန့်လွှတ် ပေးဆက်နိုင်ခြင်းသည်သာ အမြတ်ဆုံးအချစ်ဟု ရှင်မွန် ခံယူလိုက်ပါပြီ။

အနှစ်နှစ်အလလက သိုဝှက်ထိန်းသိမ်းထားခဲ့သော လျှို့ဝှက်မှုကြီးကို ဖော်ထုတ်လိုက်ပါတော့မည်ဟု ရှင်မွန် ဆုံးဖြတ်လိုက်ရပါပြီ။

ချစ်သူအတွက် စွန့်လွှတ်ပေးလိုက်ရခြင်းသည် ချစ်သူအပေါ် မိမိ အဘယ်မျှ ချစ်ရပါသည်ဆိုကြောင်း ပြသခြင်းပါပဲဟု မိမိ စိတ်ကို အားတင်း၍ ကြေကွဲရခြင်းများကို ခံစားလျက်က,ပင်…

"အစ်ကို့ကို ရှင်မွန် တစ်ခု ဝန်ခံပါတော့မယ်"

"ဟင်…ဘာများလဲ"

"ခဏလေး အစ်ကို"

စောရှင်မွန်သည် ဘီရိုတံခါးကို ဖွင့်လိုက်သည်။ အောက်ဆုံးအံထဲမှ စောင်နှင့် ဂွမ်းကပ်ပုံကြီးကို မ၍ ဖယ်ထုတ်လိုက်ပြီး အံဝှက်လို အုပ်ထားသော သစ်သားပြားကြီးကို လှန်လိုက်သည့်အခါ ဘရိဖ်ကေ့စ် အိတ်ပြားလေးတစ်လုံး ထွက်လာ၏။

ထိုအိတ်ကို ဆွဲဖွင့်ပြီး အရေးကြီးသော စာရွက်စာတမ်းများထဲမှ ဝါကျင်နေသော ကြေးမုံသတင်းစာ တစ်စောင်ကို ထုတ်ယူပြီး နောက်မှာ အားလုံး နေရာတကျ ပြန်ထည့်လိုက်သည်။ နောက်ထပ်ခုလို လျှို့ဝှက်စွာ သိမ်းဆည်းစရာ မလိုတော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



စောရှင်မွန်က စာမျက်နှာ ၁၄ ကို ဖွင့်လှန်ပြီး ဘောင်ခတ်ထားသော ကြော်ငြာလေးတစ်ခုကို သူ ပြန်ဖတ်လိုက်သေးသည်။ ပြီးမှ အိမ်ရှေ့ဘက်သို့ ထွက်လာကာ…

"ဒီကြော်ငြာ ဖတ်ကြည့်ပါ အစ်ကို"

မောင်ချမ်းမြေ့

သက်ထား ကျန်းမာရေးဆိုးဝါးနေသည်။

မိစမ်းကလေးလည်း အန်တီခေါ်ထားသည်။

အန်တီနှင့် အမြန်ဆုံးဆက်သွယ်ပါ။

ဒေါ်မျက်ချယ်

ဦးချမ်းမြေ့ကမယုံကြည်နိုင်သလို ကြော်ငြာကို နှစ်ခါ သုံးခါ ထပ်ဖတ်သည်။ သူ တတ်ထားသော မျက်မှန်မှာ မျက်ရည်ငွေ့တွေကြောင့် မှုန်ဝါးလာ၏။ သတင်းစာ ကိုင်ထားသော သူ့လက်နှစ်ဖက်လုံး တုန်လာကာ…

"ဟင်…ဟင်…ကြည့်စမ်း…မင်း ယုတ်မာလှချည်လား"

"ဒီကြော်ငြာ ငါ့ကို ဘာလို့မပြရတာလဲ"

"သူခိုးမ…မိန်းမယုတ်"

ဦးချမ်းမြေ့က ဝုန်းဆိုထပြီး စောရှင်မွန်ကို လက်ပြန်ရိုက်ချလိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း တုန်တုန်ရီရီနှင့်…

စောရှင်မွန်က ထူပူသွားသော နားရွက်နှင့်ပါးတစ်ပြင်လုံးကို သူ့လက်ဝါးလေးနှင့်အုပ်ကာ…



"ဪ…ယောကျ်ားဆိုတာ ဘယ်လောက်ပဲ ပေးဆပ်နိုင်ခဲ့ပေမယ့် သူတို့ ခွင့်မလွှတ်တတ်ကြဘူးနော်"

ဦးသီဟနှင့်တုန်းကလည်း မကြာခဏ အရိုက်ခံရသည့်ဒဏ်ရာနေရာကသာ နာခဲ့ပါ၏။ ယခု သူမ သိပ်ချစ်ရသော ဦးချမ်းမြေ့၏အရိုက်ကို ခံလိုက်ရစဉ်မှာ ပါးပြင်ပေါ်က ဒဏ်ရာထက် နှလုံးသားက ပိုမို၍ နာကျင်ခဲ့ရပါပြီ။

"ပြောစမ်း၊ ဒီကြော်ငြာ ဘယ်တုန်းက ရတာလဲ"

"ရက်စွဲကြည့်ပေါ့"

ဦးချမ်းမြေ့က မျက်နှာဖုံးရှိရာကို ကြမ်းတမ်းစွာ ပြန်ခေါက်ကြည့်လိုက်ရာ…

"ဟာ…ဆယ့်ငါးနှစ်တောင်ကျော်သွားပြီ ကြည့်စမ်း၊ မင်း ယုတ်မာလှချည်လား"

"ယုတ်မာတာ မဟုတ်ပါဘူး အစ်ကိုရယ်၊ မိုက်မဲတာပါ၊ ချစ်လွန်းလို့ မိုက်မဲမိတာပါ"

ဦးချမ်းမြေ့က သတင်းစာကို ဆောင့်၍လွှင့်ပစ်လိုက်သဖြင့် …ားလုံး ပြန့်ကျဲစွာ ပြန့်ဝဲ၍ ကျဆင်းလာသည်။

"အဲဒီကြော်ငြာကို ရှင်မွန် ဖတ်ရချိန်က အစ်ကို ထောင်… မလွတ်သေးဘူး၊ ထောင်က လွတ်လာမှပဲ ပြောတော့မယ်၊ …လကား စိတ်ဆင်းရဲနေရှာမယ်ဆိုပြီး သိမ်းထားခဲ့တာပါ၊ အစ်ကို …တ်လာတော့လည်း ငှက်ဖျားရောဂါကြောင့် ပိန်ပိန်လှပ်လှပ် …လေးပဲလေ၊ မနည်း ဆေးကုနေရပြန်တော့လည်း မပြောဖြစ် …ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စောရှင်မွန်က တစ်ချက်ရှိုက်၍ မျက်ရည်များသုတ်ပြီးမှ—

"နောက် အစ်ကို နေလည်းကောင်းရော ရန်ကုန်ပြန်မယ် ဖြစ်ရော၊ ရှင်မွန့်စိတ်ထဲမှာ ဒီအကြောင်း ပြောစရာမလိုဘူးထင်ပြီး အမှန်အတိုင်း ဝန်ခံရရင်လည်း အဲဒီကြော်ငြာကိစ္စ မေ့နေမိတယ်"

"ငါ့ဘဝအတွက် ဒီလောက်အရေးကြီးတာကို မင်း မေ့စရာ လား"

"အစ်ကို ရန်ကုန်သွားခါနီး ပြောလိုက်ဖို့ တကယ့်ကို ဆွေ တာပါ၊ ရှင်မွန် မညာတတ်တာ အစ်ကိုအသိပါ၊ အစ်ကို ရန်ကုန် ရောက်ပြီးရင် အားလုံး ဇာတ်ပေါင်းပြီး ရှင်မွန့်ဆီ ပြန်မလာတော့ ဘူးလို့ ထင်ခဲ့မိလို့ ရှင်မွန် နေ့တိုင်း ငိုခဲ့ရတာပါ"

ပန်းနုရောင် မျက်နှာလေးမှာ နီရဲသွားသည်အထိ ရှင်မွန်က ငိုနေရင်း ဆက်ပြောသည်။

"နောက် အစ်ကိုပြန်လာတော့ ရှင်မွန် ဝမ်းသာလိုက်တာ လေ၊ အဲဒီတော့မှ ဒီကြော်ငြာကို သတိရတယ်၊ ရှင်မွန် အမှန် အတိုင်း ဝန်ခံပါ့မယ်၊ ရှင်မွန် သိပ်ချစ်ရတဲ့ အစ်ကို ရှင်မွန့်ဆီက ပြန်သွားမှာ ကြောက်လွန်းလို့၊ အစ်ကို့ကို မခွဲနိုင်လွန်းလို့၊ အစ်ကို ကို ချစ်လွန်းလို့၊ ရှင်မွန်...ရှင်မွန် သိမ်း...သိမ်းထားမိတာပါ"

စကားသံနှင့် ရှိုက်သံ ရောထွေးတုန်ခိုက်နေ၍ ဦးချမ်းမြေ့ လှည့်ကြည့်လိုက်ချိန်မှာ သိမ့်သိမ့်ခါ ငိုကြွေးနေသော ရှင်မွန်ကို တွေ့လိုက်ရသည်။

"ခု...ခုတော့ အစ်ကိုက သားသမီးသိပ်လိုချင်တယ်၊ ရှင်မွန် နဲ့ မရနိုင်တော့ဘူးဆိုတာ သိလို့ ရှင်မွန် ရင်ကွဲခံပြီး ဖွင့်ပြော



လိုက်ရတာပါ"

"မငိုပါနဲ့တော့ကွာ"

"ဒီကြော်ငြာကို ဝှက်ထားခဲ့တာလည်း အစ်ကို့ကို ချစ်လွန်း လို့၊ ခုလို ဖွင့်ပြောရတာလည်း အစ်ကို့ကို ပိုပြီးချစ်လွန်းလို့ပါပဲရှင်"

"ရှင်မွန်ရယ်..."

"ပထမဝှက်ထားတာက အစ်ကို ပြန်ထွက်မသွားနိုင်အောင်၊ ရှင်မွန် အတ္တကြီးစွာ အစ်ကို့ကိုပိုင်ဆိုင်ချင်လို့ပါ"

"ဟင်..."

"နောက် ခုလိုဖွင့်ပြောမိတာကျတော့ ကိုယ့်အတ္တကို ကိုယ့် ရင်ထဲ ပြန်ထည့်လိုက်ပြီး အစ်ကို့ လိုရာဆန္ဒ ပြည့်ပါစေ၊ ငါပဲ ရင်ကွဲခံပါတော့မယ်ဆိုတဲ့ စွန့်လွှတ်စိတ်နဲ့ ဆုံးဖြတ်လိုက်တာဟာ လည်း အစ်ကို့ကို ရှင်မွန့်ကိုယ်ထက် ပိုပြီး ချစ်လွန်းလို့ဆိုတာ ပြလိုက်တာပါပဲ အစ်ကိုရယ်"

ရှင်မွန်က မျက်ရည်လူးနေသော မျက်နှာလေးနှင့် မော့ကြည့် လိုက်ပြီး...

"အစ်ကို ရှင်မွန့်ကိုရိုက်ရက်တယ်နော်၊ ဒါပေမယ့် အစ်ကို့ ကို ရှင်မွန် သိပ်ချစ်နေဆဲပါပဲ ဆိုတာတော့ အစ်ကို ယုံပေးပါ၊ ရှင်မွန် ရင်ကွဲခံပြီး နေရစ်ခဲ့ပါမယ်၊ အစ်ကို့သမီးလေးရှိတဲ့ ဒေါ် မျက်ချယ်ဆိုတဲ့သူဆီကို အစ်ကို ပြန်သွားပါတော့ရှင်"

"ရှင်မွန့်ကို ထားရစ်ခဲ့ပါ၊ အပြီးခွဲပြီး ပြန်သွားပါတော့ အစ်ကိုရယ်"

စောရှင်မွန်က စကားလုံးများ၊ မျက်ရည်စက်များကို ရွှေချ

www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့ပြီး အိပ်ခန်းထဲသို့ ပြေးဝင်သွားတော့သည်။

ဦးချမ်းမြေ့သည် ပြန့်ကျဲနေသော သတင်းစာရွက်များကို လည်း ပြန်မကောက်၊ ငိုရှိုက်နေရှာသော ရှင်မွန် ရှိရာ အိပ်ခန်း ထဲသို့လည်း လိုက်ဝင်မသွားဘဲ အိမ်ထဲဘက်ကို ကျောခိုင်းလျက် မြတင်းဝမှာ ရပ်နေလိုက်သည်။

မြူခိုးတွေဝေနေသော မိုင်းလုံးတောင်ကြီးကိုသာ ငေးကြည့် နေပြီး သူ့မျက်ဝန်းမှာလည်း မျက်ရည်ခိုးတွေ ဝေလာသည်။

"အန်တီ ဒေါ်မျက်ချယ်ဆီမှာ ငါ့သမီးလေးရှိတယ် ဆိုပါ လား"

"သမီး"

"သမီးလေး"

မိဘနှင့်သားသမီးကို၏ အပြန်အလှန် မေတ္တာတရား စီး ဆင်းမှုကို ကြည့်ပါ။

ပထမဆုံး တမ်းတမိသည်က သမီးလေး။

ဒုတိယခံစားမှုကျခါမှ...

သက်ထားရဲ့ ကျန်းမာရေးဆိုဝါးနေသည်တဲ့။ မေမေ နေမှ ကောင်းရဲ့လား။ ငါရောက်ခဲ့တုန်းက တိုက်ကြီးရော ခြံပါ သော့ ခတ်လို့...။

"မေမေ...မေမေမှ ရှိသေးရဲ့လား"

မျက်မှန်ချွတ်လိုက်ရသည်။ စီးကျလာသော မျက်ရည်များ ကို လက်ဖဝါးဖြင့် ကြမ်းတမ်းစွာ သုတ်ဖယ်လိုက်ပြီးမှ...

"ရှင်မွန်...ရှင်မွန်"



"ငါ့ကို စောစောစီးစီး ဘာကြောင့် မပြောရတာလဲ၊ မိုက်မဲ လိုက်တဲ့ မိန်းမ"

"စောရှင်မွန်အပေါ်သို့ ဒေါသတွေ အစုလိုက်အပြုံလိုက် ကျလာသည်။

"အစ်ကို ရှင်မွန့်ဆီက ပြန်သွားမှာ ကြောက်လွန်းလို့ပါ"

"ဒီကြော်ငြာ ဝှက်ထားတာလည်း အစ်ကို့ကို ချစ်လွန်းလို့"

"ခုလို ဖွင့်ပြောရတာလည်း အစ်ကို့ကို ပိုပြီးချစ်လွန်းလို့ပါ"

ငိုရှိုက်သံများနှင့်အတူ ရှင်မွန်၏ အသံကို ပြန်ကြားမိချိန်မှာ ဦးချမ်းမြေ့စိတ်တွေ ပြန်လည်ငြိမ်သက်လာခဲ့သည်။

မိမိဘဝကို ပြန်လည်သုံးသပ်မိချိန်မှာ အမှန်တရားများကို တည်ငြိမ်စွာ တွေးလာနိုင်ခဲ့ပါပြီ။

"စောရှင်မွန်"

သူ့အပေါ်မှာ အကြင်နာနှင့်မေတ္တာတရားများ၊ ကြီးမားစွာ ထားနိုင်ခဲ့သော မိန်းမ။

စောရှင်မွန်နှင့် ပထမဦးဆုံး ဆုံတွေ့ရစဉ်ကပင် ဦးသိဟ တို့ အုပ်စုနှင့် ဝေးရာကို အမြန်ဆုံးထွက်ပြေးဖို့ သတိပေးခဲ့သည့် ကောင်မလေး...။

နောက်ဆုံး ကားရော ပစ္စည်းပါ ထားခဲ့ပြီး ကိုယ်လွတ်ရုန်း ပြေးဖို့ သတိပေးလိုက်သည့် အကြင်နာရှင်မလေး...။

သို့သော်...

သူ မိုက်မဲစွာပင် ကျားရှေ့ မှောက်လျက်အလဲခံခဲ့သည်။ ထောင်မကျမီ အချုပ်သားဘဝမှအစ ဆယ်နှစ်နီးပါး ကာလလုံး

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပေးခဲ့သည့် ချစ်သူ…။

ထောင်မှထွက်လာတော့လည်း ငှက်ဖျားမိ၍ သေကောင်ပေါင်းလဲ မကျန်းမမာဖြစ်နေသည်ကို ငွေကုန်ကြေးကျ များစွာခံပြီး ကိုယ်ဖိရင်ဖိ ပြုစုပေးခဲ့သော ကယ်တင်ရှင်မလေး…။

"ဟုတ်တယ်၊ ငါ့ဘဝထဲမှာ စောရှင်မွန်ဆိုတဲ့ မိန်းမသာ ရှိမနေရင် ထောင်ထဲမှာ ငါ သေဆုံးသွားနိုင်တယ်"

"တကယ်တော့ ရှင်မွန်ဟာ ငါ့ရဲ့အသက်သခင်မလေးပါ"

"သတင်းစာကြော်ငြာ မပြတာလည်း ငါ သူ့ကို ခွဲသွားမှာ စိုးလို့၊ ခုလိုပြလိုက်တာလည်း သူ့ဘက်က ရင်ကွဲခံ စွန့်လွှတ်ခြင်းရဲ့ ပြယုဂ်ပါပဲလေ"

"ဟုတ်တယ်၊ ငါ့ရင်ထဲမှာ ပေါက်ကွဲလွန်းလို့ ငါ ရိုက်လိုက်မိတဲ့အထိ ဖြစ်သွားတာ၊ ငါမှားတယ်"

"ယောကျ်ားဆိုတာ ဘယ်လိုအကြောင်းကြောင့်နဲ့မှ မိန်းမကို မရိုက်သင့်ဘူး၊ ဦးသိဟလို မကြာခဏရိုက်တတ်တဲ့ ယောကျ်ားမျိုးဟာ မိုက်မဲတဲ့ယောကျ်ား၊ လူမဆန်တဲ့ယောကျ်ားပဲ"

"ငါလည်း သိပ်မိုက်ရိုင်းသွားပြီ"

"အဲမုန်းကြောင့် ယုတ်ကန်းစွာ ထိန်ချိန်ထားတာမဟုတ်ဘဲ အချစ်ကြောင့် လျှို့ဝှက်ထားတာ ငါ ခွင့်လွှတ်ထိုက်တယ်၊ ခွင့်လွှတ်ရမယ်"

သူ သတင်းစာလေးတွေ ကောက်ယူပြီး စာမျက်နှာအမှန်အတိုင်း ပြန်စီလိုက်သည်။ ဤသတင်းစာကို ကိုင်ပြီး ဝင်ဒါမီယာ (ယခုသံလွင်လမ်း)မှ အန်တီဒေါ်မျက်ချယ်ဆီကို သွားရမယ်လေ



သတင်းစာကို စားပွဲပေါ်တင်ခဲ့ပြီး အိပ်ခန်းထဲသို့ဝင်၏။ ခုတင်ပေါ် တက်ထိုင်လိုက်သည်။

သိမ့်သိမ့်ခါ ငိုကြွေးနေသော စောရှင်မွန်ကို ပွေ့ယူလိုက်ပြီး သူရိုက်လိုက်၍ နီမြန်းနေဆဲ စောရှင်မွန်၏ ပါးလေးကို လက်နှင့်ရှရှလေး အုပ်ထားလိုက်သည်။ ပူနွေးသော မျက်ရည်များကို ထိတွေ့ခွင့်ရလိုက်ချိန်မှာ သူ့ရင်၌ အကြင်နာတွေ ဖြိုးဖြိုးဝေခဲ့ရပြီ။

ယခင်က ဤမိန်းမကိုလည်း သူ နှစ်နှစ်ကာကာမချစ်ခဲ့။ သူ့ချစ်သူလည်း မဟုတ်။ သို့သော် သူ ရန်ကုန်မြေမှာ နေစရာမရှိ၍ ပြန်လာချိန်မှာ အကြင်နာများစွာ၊ ချစ်ခြင်းမေတ္တာ ပြည့်လျှမ်းစွာဖြင့် သူ့ကို ရင်ဖွင့်ကြိုဆိုနေသော စောရှင်မွန်ကို သူလက်ထပ်ဖြစ်သည်။

ယခု သူ့ရင်ခွင်ထဲမှ စောရှင်မွန်သည် နောက်အသစ် တစ်ယောက်လို ဖြစ်သွားပြီး ကျေးဇူးရှင်၊ အကြင်နာမီးအိမ်ရှင်၊ သူ၏အသက်သခင်၊ သူ့အတွက် အနစ်နာခံနိုင်လွန်းသော မိန်းမအဖြစ်နှင့် သူ သိပ်သနားသွားသည်။ ပြီးတော့ သူ့ရင်ထဲ၊ နှလုံးသားထဲတွင် တစ်ကြိမ်တစ်ခါမှ မဖြစ်ထွန်းဖူးသေးသော အေးငြိမ်းသိမ့်ခါသွားသည့် ခံစားမှုတစ်ရပ် ဖြစ်ထွန်းလာခဲ့သည်။

ဤအရွယ်ရောက်ခါမှ…

'စစ်မှန်သော ချစ်ခြင်းမေတ္တာတရား'

ဆိုသည်ကို ဦးချမ်းမြေ့ ခံစားနားလည်ခွင့်ရခဲ့ပါပြီ။

ချစ်ခြင်းမေတ္တာ ဆိုသည်မှာ အသက်အရွယ်နှင့်မဆိုင်။ နလုံးခုန်လှုပ်နေဆဲ လူသားတိုင်း တစ်ချိန်ချိန်မှာ စူးနစ်နက်ရှိုင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်လာတတ်ပါလားဟု ဦးချမ်းမြေ့ တွေးမိလာသည်။

စောရှင်မွန်ကို ဘာမှမပြောဖြစ်သေးခင် သနားကြင်နာခြင်းတို့မှ ယိုစိမ့်စီးဆင်းလာသော အနမ်းဖြင့် သူရိုက်ခဲ့သော ပါးပြင်လေးကို နမ်းရှိုက်လိုက်သည်။

"အစ်ကိုရယ်..."

စောရှင်မွန်က ပြန်လည်၍ တအားသိမ်းကြုံးဖက်ထား၏။

"ဒီမှာ...အစ်ကို တောင်းပန်တယ်၊ အစ်ကို သိပ်မှားသွားတယ် ရှင်မွန်"

"အစ်ကို မမှားဘူး၊ အစ်ကို ဘာလုပ်လုပ် မှန်တယ်လို့ ရှင်မွန် ခံယူပြီးသားပါ"

"ရှင်မွန်ရယ်..."

ပိုမိုတင်းကျပ်စွာ ပွေ့ဖက်ထားပြီးမှ...

"ဒီမှာ ရှင်မွန်၊ အစ်ကို ပြောတာ သေသေချာချာ နားထောင်ပါ"

စောရှင်မွန် ခေါင်းညိတ်ပြ၏။

"မိစမ်းဆိုတဲ့ ဇနီးက ဆုံးပြီ၊ အခု အစ်ကို့ရဲ့ တရားဝင်ဇနီးက ရှင်မွန်ပါ၊ ဒါကြောင့် ရှင်မွန့်ကို အစ်ကို ဘယ်တော့မှ မခွဲဘူးလို့ ပြောပါရစေ"

"အစ်ကို..."

"အစ်ကို ရန်ကုန် ခဏသွားမယ်၊ သမီးလေးကို သွားတွေ့မယ်၊ အန်တီမျက်ချယ် အကူအညီနဲ့ သမီးလေးရယ်၊ အစ်ကိုရယ်၊ ဖေဖေနဲ့မေမေဆီကို ပြန်သွားမယ်၊ လက်ခံရင်လည်း အကောင်းဆုံးပေါ့၊ လက်မခံရင်လည်း သမီး ဘာလုပ်နေသလဲ၊ သမီး ဘာလုပ်ချင်သလဲ၊ သားအဖနှစ်ယောက် တိုင်ပင်ပြီး အစ်ကိုနဲ့ သမီးလေးနဲ့ အတူတူနေမယ်၊ သမီးကို ထပ်ပြီးမခွဲချင်တော့ဘူး..."



"ဟင်...ဒါဖြင့်..."

"အစ်ကို့စကား ဆုံးအောင်နားထောင်ဖါဦး"

ခေါင်းညိတ်ရှာသည်။

"တကယ်လို့ အစ်ကို ရန်ကုန်မှာ နေခွင့်ရရင် ရှင်မွန့်ကို ပြန်လာခေါ်မယ်၊ ဒါမှမဟုတ် သမီးက အစ်ကိုတို့ဆီမှာ လိုက်လာနေနိုင်တဲ့ အခြေအနေ ရှိနေရင်လည်း သမီးကိုခေါ်ပြီး ပြန်လာခဲ့မယ်"

"တကယ်လား...တကယ်လား အစ်ကိုရယ်"

"သေချာတာက ရှင်မွန့်ကို အသက်ထက်ဆုံး ပေါင်းမယ်ဆိုတာပါပဲ"

"ဟာ...ဟာ...အစ်ကို"

"တကယ်ပြောတာပါ ရှင်မွန်၊ အစ့်ကို တစ်ခုပဲ ကြိုတင်တောင်းပန်ထားချင်ပါတယ်"

"ပြော...အစ်ကို"

"သမီးလေးနဲ့ နေခွင့်ရတဲ့အခါ အစ်ကို့မျက်နှာထောက်ပြီး သမီးကို ကြည်ကြည်ဖြူဖြူလက်ခံပါ၊ မိထွေးစိတ် မမွေးပါနဲ့လို့"

"ရှင်မွန်မှ ကလေးမမွေးနိုင်တာ၊ အစ်ကို့သမီးလေးဟာ ရှင်မွန့်သမီးလေးပါပဲ အစ်ကိုရယ်၊ စိတ်ချ၊ ရှင်မွန် သမီးလေးကို ကောင်းကောင်း ပြုစုပါ့မယ်၊ ရှင်မွန့်ကို ယုံပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မွှန် သဘောထားဖြူစင်တယ်ဆိုတာ အစ်ကို အသိဆုံးပါ၊ ရှင်မွှန်ကို ယုံပါတယ်၊ ဒါပေမယ့် သမီးလေးဟာ ပြုစုစောင့်ရှောက်ရမယ့် အရွယ်မျိုး မဟုတ်တော့ပါဘူးလေ၊ ဘွဲ့တစ်ခုရတော့မယ် ရပြီးလောက်ပါပြီ"

"ဒါဆို ဒီတောမှာ လာနေနိုင်ပါ့မလားဟင်"

"ကလောဆိုတာ တောမဟုတ်ပါဘူး ရှင်မွှန်ရယ်၊ ဒါပေမယ့် သမီး ဘယ်လိုဆုံးဖြတ်မလဲ မှန်းလို့မရသေးဘူး"

"အစ်ကို ရှင်မွှန့်ကို တကယ်ပစ်သွားမှာ မဟုတ်ပါဘူးနော်"

"စိတ်ချ...စိတ်ချ၊ အစ်ကို လုံးဝ ကတိပေးတယ်၊ အစ်ကို့အသက်နဲ့အမျှ တစ်ယောက်တည်းသော တရားဝင် ဇနီးမယားဟာ ရှင်မွှန်ပဲ ဖြစ်စေရပါ့မယ်ကွယ်"

ချစ်ခြင်းမေတ္တာတရား၏ ဆန်းကျယ်နက်ရှိုင်းပုံကို အရွယ်လွန်ခါမှ ဦးချမ်းမြေ့ တွေ့ရှိခွင့်ရခဲ့ပြီးနောက်မှာ သူ စောရှင်မွှန်ကို အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်ပါမည်ဟု ဆုံးဖြတ်လိုက်ပါပြီ။

ရန်ကုန်မြို့ ဝင်ဒါမီယာ(သံလွင်)လမ်းမှာ ရှိနေပြီဖြစ်သော သူ၏ရင်သွေး သူ့သမီးလေး ရှိနေရာ ဒေါ်မျက်ချယ်၏ အိမ်သို့ သူ အမြန်ဆုံး သွားရောက်နိုင်အောင် ဦးချမ်းမြေ့ စီစဉ်ရပါတော့မည်။

✿ ✿ ✿

## အခန်း၄၊

အဝေးပြေးဂိတ်ဝင်းအတွင်းသို့ လေအိတ်ပါ၍ လေအေးစက် တပ်ထားသော ခရီးသည်တင်ကားကြီး ထိုးဆိုက်လာသည်။

တောင်ကြီးမြို့မှလာသော တောင်ဆေါ်သား ကားကြီးထဲတွင် ကလောမြို့မှစီးနင်းလိုက်ပါလာသော ခရီးသည်များထဲတွင် ဦးချမ်းမြေ့လည်း ပါရှိလာသည်။

ကားတငြိမ့်ငြိမ့်ကြောင့် အိပ်ငိုက်သူ၊ ခဏတဖြုတ် အိပ်ပျော်သူ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသူ ခရီးသည်များက ကားတစ်စီးလုံးလိုလိုပါပင်။

ဦးချမ်းမြေ့သည်သာ...

"ငါ့သမီးလေး"

"ငါ့သမီးလေးကို တွေ့ရတော့မယ်"

မိစမ်း ဝမ်းဗိုက်ထဲမှ လူ့ပ်ရှားမှုကို ထိတွေ့လိုက်ရချိန်ကပြီး...

"ငါ့ရင်သွေး"

ဆိုသော ဖခင်တစ်ယောက်၏ သံယောဇဉ်ကြိုးက နှောင်တည်းခဲ့မိပြီ။

ကားပေါ်မှ ခရီးဆောင်အိတ်ကလေး တစ်လုံးသာ ဆွဲပြီး ဆင်းခဲ့သည်။ တိုက်ရိုက်ပင် သံလွင်လမ်းသို့ သွားချင်သော်လည်း ခရီးပန်း နွမ်းနယ်လာသော အသွင်နှင့် သူ့အိမ်တည်းမည့်ပုံမျိုး ဖြစ်မသွားစေချင်၍...

www.burmeseclassic.com

www.burmeseclassic.com



၇မိုင်ဘက်မှာ ဖွင့်လှစ်ထားသော MOTEL တစ်ခုတွင် မှတ်ပုံတင်အပ်ပြီး ဝင်တည်း၏။

ဦးချမ်းမြေ့ ရေမိုးချိုး၊ ကော်လံကတုံးအဖြူနှင့် တိုက်ပုံ ပင်နီရောင်ဝတ်ပြီး လုံချည်နီညိုရောင်ကွပ်စိပ်နှင့် မျက်မှန်တပ်ထား သော ဆံပင်ဖြူများရှင်၏ ရုပ်သွင်မှာ အိုမင်းစပြုနေသော်လည်း ခံ့ညား ကျက်သရေရှိလှသည်။

ခုနစ်မိုင်မှထွက်၍ သံလွင်လမ်းရှိ အန်တီဒေါ်မျက်ချယ်၏ အိမ်သို့ ဆလွန်းတက္ကစီတစ်စီးစီး၍ ခဏအတွင်းမှာပင် ရောက်လာ ခဲ့သည်။

သူအမြဲလာနေကျ၊ သူ့မိခင် ဒေါ်သက်ထားရည်ကို အမြဲ ကားမောင်းပို့ပေးနေကျခြံမို့ သူလွယ်လွယ်ကူကူရောက်ရှိလာသည်။

"ဒါ ဦးဥက္ကာ–ဒေါ်မျက်ချယ်တို့ ခြံလား"

"ဟုတ်ပါတယ်"

"ရှိကြလား"

"ဦးဥက္ကာဆုံးပြီလေ၊ မနှစ်က…"

"ဒါဖြင့် အန်…အန်တီဒေါ်မျက်ချယ်ရော"

"ရှိတယ်၊ နေမကောင်းလို့"

"တွေ့ပါရစေ၊ ချမ်းမြေ့လာတယ်လို့ ပြောပေးပါ"

အိမ်ကြီးသည် သူတို့ငယ်စဉ်ကလို နေရာတိုင်း တောက်ပ ပြောင်လက်ခြင်း မရှိ။ ဟောင်းနွမ်းနေသော ပရိဘောဂများဖြင့် အိမ်ရှင်တို့၏ စိတ်ဓာတ်ကျဆုံးနေပုံကို ဖော်ပြနေ၏။

ဦးချမ်းမြေ့ ဧည့်ခန်းမရောက်မီ အသားညိုညို၊ အရုပ်ခပ်နိမ့်



နိမ့်၊ မျက်နှာခွက်ခွက်နှင့် အသက်နှစ်ဆယ်ကျော် အစိတ်လောက် ရှိမည့် မိန်းကလေးက တစ်ချက် လှမ်းကြည့်ပြီး အထဲဝင်သွား သည်။

ငါ့သမီးများလားဆိုသောစိတ် လုံးဝ မပေါ်ထွန်းမိ။

သူ ထိုင်ပြီးစ အချိန်မှာပင် ဆံပင်တွေက အဖွေးသားနှင့် ပိန်လှီ၍ အကြောများပြိုင်းပြိုင်းထပြီး အရေများ တွန့်နေပြီဖြစ်သော ရုပ်ကျလှသည့် အသက်ခုနစ်ဆယ်ကျော် အဘွားကြီး တစ်ဦးကို ကလေးမလေးတစ်ယောက်က တွဲ၍ ထွက်လာသည်။

"ဒေါ်မျက်ချယ်ပါပဲ"

အိုမင်းလွန်းနေသော ဒေါ်မျက်ချယ်ကိုကြည့်၍ ဦးချမ်းမြေ့ မတ်တတ်ထရပ်လိုက်ကာ…

"ကျွန်တော်…ကျွန်တော် ချမ်းမြေ့ပါ အန်တီချယ်"

ငယ်စဉ်ကလိုပင် ခေါ်လိုက်သည်။

ဒေါ်မျက်ချယ်ကလည်း မယုံကြည်နိုင်သလို ဦးချမ်းမြေ့ကို သေသေချာချာ ကြည့်၏။ ကွဲကွာခဲ့ကြသည်မှာလည်း အနှစ်အစိတ် လောက် ရှိခဲ့လေပြီ။

"မောင်ချမ်းမြေ့…မောင်ချမ်းမြေ့ပါနော်"

"ဟုတ်ပါတယ် အန်တီချယ်"

"မင်း…မင်း ရောက်လာသေးတယ်နော်"

ဒေါ်မျက်ချယ်က တုန်တုန်ရီရီဖြင့် ငိုပါလေတော့သည်။

ဤတွင် ဦးချမ်းမြေ့ ရင်ထဲမှာ စိုးရိမ်ပူပန်စိတ်များပြည့် လျှမ်းစွာဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"သမီး...သမီးလေးရော၊ ကျွန်တော့်သမီးလေးရောဟင်"

"ရှိပါ့...ရှိပါ့"

"ကျွန်တော် တွေ့ပါရစေ"

"တွေ့ရမှာပေါ့၊ ဒါနဲ့ မင်းရဲ့မေမေ့အကြောင်းရော သိပြီးပြီလား"

"ဟင့်အင်း၊ မေမေ...မေမေ ဘာဖြစ်လို့လဲဗျာ"

"ဆုံးပြီလေ"

"ဟာ..."

ဆုံးရှုံးမှု စတင်ရင်ဆိုင်လိုက်ပြီဟု သိရသည်နှင့် ဦးချမ်းမြေ့က ချက်ချင်းပင်...

"ဖေဖေ...ဖေဖေရော"

"ရှိပါတယ်၊ သူက တရားရှင်လေ၊ ကိုအောင်မွန် ခံစားရမယ့် ဒုက္ခ၊ မောင်ချမ်းမြေ့ ခံစားရမယ့်ဒုက္ခ၊ မစိုးသိန်း ခံစားရမယ့် ဒုက္ခတွေအားလုံး အန်တီမျက်ချယ် စုစည်း ခံစားနေရပါတယ်"

"ခင်ဗျာ...ဘာကိုလဲ"

"မင်းရဲ့သမီးပေါ့"

"ကျွန်တော် တွေ့ချင်လှပြီ၊ ကျွန်တော့်သမီးလေး ဒီအိမ်မှာ ရှိသေးရဲ့..."

"ရှိပါတယ်"

ဒေါ်မျက်ချယ်က သူ့ကို တွဲခေါ်လာသော ကောင်မလေးကို ဝင်ခိုင်းလိုက်ပြီး 'ပွင့်ဖြူ'ကို ခေါ်ခိုင်းလိုက်သည်။



စောစောက တွေ့လိုက်ရသော မျက်နှာ ခပ်ခွက်ခွက်နှင့် ကောင်မလေး...။

"ကဲ...သူက မင်းရဲ့သမီးပဲ မောင်ချမ်းမြေ့"

ဦးချမ်းမြေ့ ရင်ခုန်နှုန်း မြန်လာသည်။

"အဘွား၊ ဘာတွေပြောနေတာလဲ ဒီအဘိုးကြီးက"

"ဟုတ်တယ်၊ အဲဒါ ညည်းရဲ့အဖေအရင်းပဲ"

"ဟုတ်လို့လား"ဆိုသော စကားကို မျက်လုံးနှင့် ခပ်စွေစွေ ကြည့်၍ ပြောပြီး...

"ခုမှ ဘယ်က ပေါ်လာတာလဲ"

"သမီး...သမီးလေး လာပါဦးကွယ်"

ပွင့်ဖြူက မလာ၍ ပွင့်ဖြူ ထိုင်နေသော ဆောမှ ကုလားထိုင်သို့ ဦးချမ်းမြေ့ ရွှေ့၍ ထိုင်လိုက်ပြီး ပွင့်ဖြူလက်ကို ဆုပ်ကိုင်လျက်...

"သမီး ဒီမှာရှိနေတယ်ဆိုတာ ဖေဖေ လွန်ခဲ့တဲ့သုံးရက်ကမှ သိခွင့်ရခဲ့ပါတယ်၊ ခု သိသိချင်း လိုက်လာခဲ့တာပါ"

"မောင်ချမ်းမြေ့က အခု ဘယ်မှာနေလို့လဲ"

"ကလောမှာပါ၊ ကျွန်တော် အိမ်ထောင်လည်းကျနေပါပြီ"

"အေးလေ၊ ဒီလောက် နှစ်တွေကြာမှ ဒီလိုတော့ ဖြစ်ရောပေါ့"

ဤတွင် ပွင့်ဖြူက...

"နောက်မိန်းမနဲ့ ကလေးရောရှိလား"

"မရှိပါဘူးကွယ်၊ ကလေးလည်းမရနိုင်တော့ပါဘူး၊ ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် သမီးဟာ တစ်ဦးတည်းသောသမီးလေးပါပဲ”

သမီးလေး၏ပခုံးကို သိုင်းဖက်လိုက်ပြီး ဦးချမ်းမြေ့ မျက်ရည်တွေ ဝေလာသဖြင့် မျက်မှန်ချွတ်လိုက်ရသည်။

“အေး...မင်းက မင်းရဲ့သမီးအတွက်ခံစား၊ ငါသူ့ငယ်ချင်း သက်ထားရည်က မင်းအတွက် ခံစားပြီး သေသွားရရှာတာ”

“ကျွန်တော် ထောင်က...အဲ...ရန်ကုန်တစ်ခေါက် ရောက်ပါသေးတယ်၊ ကိုးဆယ့်လေးခုနှစ်လောက်က ခြံရှေ့သွားကြည့်တော့ သော့ခတ်ထားတယ်၊ လူနေပုံလည်း မရလို့ ပြန်လှည့်ခဲ့ရတာပါ”

“အန်တီဆီ ဘာလို့မလာသလဲ”

“စွန့်ပစ်ခံထားရတဲ့သားဆိုတော့လည်း ဘယ်အသိုင်းအဝိုင်းထဲကိုမှ မဝင်ရဲ၊ လူတောမတိုးရဲတော့လို့ပါ၊ ဒါနဲ့ အန်တီချယ်”

“အင်း...”

“ဖေဖေ...ဖေဖေ ဘယ်မှာနေလဲဟင်”

“မင်းတို့အိမ်နဲ့ သိပ်မဝေးတဲ့ ရွှေတောင်ကုန်းရိပ်သာမှာ တရားဝင်နေတယ်၊ သူ့ခြံတော့ မကြာခဏပြန်ပါတယ်၊ ရိပ်သာမှာပဲ အနေများတယ်”

ဒေါ်မျက်ချယ်နှင့် ဦးချမ်းမြေ့ကို တစ်လှည့်စီ ကြည့်ပြီး ပွင့်ဖြူ၏မျက်နှာ တင်းမာနေသည်။ တကယ်ဆို ကိုယ့်အဖေအရင်းဟု ဆိုလိုက်ရုံဖြင့် ပွင့်ဖြူ ခံစားသွားရမည်။ မျက်ရည်ကျရမည်။

ခုတော့ သူက မှုန်တေတေ၊ ခပ်တည်တည်။

“ကျွန်တော် ဖေဖေနဲ့လည်း တွေ့ခွင့်ရချင်ပါတယ်”



“ကိုအောင်မွန်ကတော့ ခွင့်လွှတ်မှာပါ၊ သူက တရားရနေပြီလေ”

“ပြီးတော့ ကျွန်တော့်သမီးကိုလည်း ကျွန်တော်ပဲ ဆက်ပြီး တာဝန်ယူပါရစေ အန်တီချယ်”

“ဟင့်အင်း...အဘွား၊ သူ့မှာ နောက်မိန်းမနဲ့၊ သမီး အဘွားနဲ့ပဲ နေမယ်၊ မိထွေးနဲ့မနေဘူး”

ဦးချမ်းမြေ့က သမီးကို ကြင်နာစွာကြည့်၍...

“မိထွေး ဆိုပေမယ့် အင်မတန်မှ သဘောထားပြည့်ဝတဲ့ ရှမ်းအမျိုးသမီးပါ၊ ပြီးတော့ ဖေဖေက သမီးလေးဘက်က အမြဲရှိနေမှာပါ”

“မောင်ချမ်းမြေ့ သူ့ကို ခေါ်သွားနိုင်လို့လား”

“ကျွန်တော်ကတော့ ကျွန်တော့် သမီးနဲ့ အတူနေချင်ပါတယ်၊ ဒါပေမယ့် အန်တီချယ်ရဲ့ အဆုံးအဖြတ်ကို ကျွန်တော် နာခံပါ့မယ်”

“ရှမ်းပြည်နယ်ဆိုရင်တော့ ရောက်ဖူးချင်တယ်၊ အလည်လိုက်သွားရမလား အဘွား”

ပွင့်ဖြူက လူကြုံကောင်းတုန်း ခဏအလည်သွားချင်သည့် သဘောမျိုးဖြင့် ခပ်ပေါ့ပေါ့ပြော၏။ ဒေါ်မျက်ချယ်က မျက်မှောင်ကြုတ်၍ ပွင့်ဖြူကိုကြည့်သည်။

“ဒါနဲ့ သမီးက ဘွဲ့ရပြီးပြီလား အန်တီချယ်”

“ဟင်း...ဘွဲ့မပြောနဲ့ ဆယ်တန်းတောင် မအောင်ဘူး”

“အဲဒါက ဆရာတွေလိုတာပါ၊ စခန်းသွင်းဘော်ဒါနေချင်

www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာ ထားမှမထားတာ”

“မောင်ချမ်းမြေ့သမီးနဲ့ မောင်ချမ်းမြေ့တို့ချင်းပဲ စကား ပြောကြည့်ကြပါတော့”

ဒေါ်မျက်ချယ်က နေးကွေးစွာ ကိုယ်ကို ကိုင်း၍ ထရန် ဟန်ပြင်နေဆဲမှာ...

“အဘွားတို့ချင်းပဲ ပြောကြပါ”

ပွင့်ဖြူက ချိုးဖျပ်ဆို ထသွားတော့သည်။

ဦးချမ်းမြေ့က ဝမ်းနည်းကျန်ရစ်ခဲ့သလို ပွင့်ဖြူ အိပ်ခန်းထဲ ဝင်သွားသည်အထိ မျှော်ငေးကြည့်ရင်း ကျန်ရစ်သည်။

“မောင်ချမ်းမြေ့”

“ဟုတ်ကဲ့ အန်တီချယ်”

“မြင်တဲ့အတိုင်းပဲ”

“သမီးလေးနဲ့ အန်တီတို့ အဆင်မပြေကြရဲ့လား”

“မပြေဘူး”

“ဗျာ”

“အန်တီတော့ ကိုယ်မွေးတဲ့မီးကို၊ လောင်ရင်လည်း ပူတယ် လို့ မညည်းရဲဘူးလေ၊ ဒါပေမယ့် အိမ်သားတွေနဲ့လည်း အဆင် မပြေဘူး၊ အသိဉာဏ်ကလည်း သိပ်နည်းတယ်ကွယ်”

“အမိနဲ့အဘနဲ့ မကြီးရရှာတဲ့ သမီးလေး”

“မိဘနဲ့မကြီးရပေမယ့် အန်တီမွေးထားတာပဲ၊ လိမ္မာအောင် သင်နေတာပဲ၊ အားလုံးက မကြည်ဖြူလေ အန်တီက အနီးကပ် ဆုံးမလေ၊ ဒါပေမယ့် ဗီဇကိုက ဆိုးတာ၊ ဘယ်လိုမှ ပြုပြင်လို့ မရဘူး၊ ဆွဲခေါ်လို့ မတက်လာဘူး၊ လမ်းပြလို့ မလိုက်ဘူး”

“ကျွန်တော့်သမီးလေးကို သနားလိုက်တာ”

ဒေါ်မျက်ချယ်က ဦးချမ်းမြေ့ကိုပါ စိတ်ကုန်သွားသလို ကြည့်လိုက်၏။

“အန်တို့ဆီမှာ ကျွန်တော့်သမီးလေး ရှိနေတယ် ဆိုတာ ဖေဖေနဲ့မေမေ သိသလားဟင်”

“သိတယ်”

“ဘာမှမကူညီကြဘူးလား အန်တီ”

“သူ့ ခေါ်လာပြီးကတည်းက သက်ထားက နှလုံးရောဂါ သည်းနေပြီလေ”

“မေမေ ဘယ်တုန်းက ဆုံးတာလဲ”

“ပွင့်ဖြူမွေးပြီး ရှစ်နှစ်လောက်အရမှာပဲ ဆုံးတာ၊ ကံဆိုး ရှာပါတယ်၊ နှလုံးရောဂါ ဆိုတာလည်း နှလုံးကြေကွဲစရာ ကိစ္စ ကြောင့် ဖြစ်ရတာပဲပေါ့၊ စွန့်လွှတ်တယ် ဆိုတာလည်း သူ့နှလုံး သားကို ထုတ်ပြီး စွန့်လွှတ်လိုက်ရတာလေ့”

ဒေါ်မျက်ချယ်က သူ့ချစ်သူငယ်ချင်းဘက်က နာကျင်စွာ ဦးချမ်းမြေ့ကို နာကျည်းနေလေရော့သလား။

“သက်ထား မသေခင် သူ့သားကို တွေ့ချင်တွေ့ပါစေတော့ ဆိုပြီး သတင်းစာက ကြော်ငြာထည့်လိုက်သေးတယ်”

“ဟုတ်ကဲ့၊ အဲဒီကြော်ငြာတွေ့လို့ ကျွန်တော် ချက်ချင်း ထွက်လာခဲ့တာပါ”

“မြတ်စွာဘုရား...!”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျက်ချယ်က သူ့ရင်ဘတ် သူဖိပြီး အော်လိုက်၍...

"အဲဒီ သတင်းစာ ကြော်ငြာပါတဲ့ အချိန်က ကျွန်တော် ထောင်ထဲမှာပါ အန်တီ"

"ဟေ...ထောင်ကျတယ် ဟုတ်လား၊ ဘာမှုနဲ့လဲ"

"ကျွန်တော် ပြောပြပါ့မယ်"

ဦးချမ်းမြေ့က ပရိုက်ဗိတ်တက္ကစီနှင့် ရှမ်းပြည်နယ်သို့ အငှားလိုက်မောင်းမိသည်က,အစ နောက်ဆုံး စောရှင်မွန် ဝှက်ထားသော သတင်းစာပြသည်အထိ သူ့ဘဝ၊ သူ့အိမ်ထောင်ရေး၊ သူ့ခံစားမှုများကိုပါ အကျဉ်းရုံး၍ ပြောအပြီးမှာ ဒေါ်မျက်ချယ်က လည်း ပွင့်ဖြူကို မွေးခဲ့ရပုံများ ပြန်ပြောပြ၏။

"သမီးနဲ့ပတ်သက်ပြီး ကျွန်တော်ဘာလုပ်ပေးရမလဲ အန်တီ မျက်ချယ်"

"မောင်ချမ်းမြေ့က ဘာလုပ်ချင်သလဲ"

"ကျွန်တော့်သမီးလေးနဲ့ ကျွန်တော် အတူနေခွင့်ရချင်ပါတယ်"

"သူ လိုက်မယ်ဆိုရင် ခေါ်သွားပေါ့၊ ခုန ပြောသွားတယ်လေ၊ အလည်ပဲ လိုက်ချင်တယ်တဲ့"

"သမီးလေး ကြည့်ရတာ ကျွန်တော့်ကို စိတ်မဝင်စားသလိုပဲ၊ စိမ်းလိုက်တာ၊ ကျွန်တော့်မှာသာ ခံစားနေရတာ"

"ပွင့်ဖြူက မောင်ချမ်းမြေ့မှမဟုတ်ဘူး၊ ဘာကိုမှ စိတ်မဝင်စားတာ၊ ပညာပါရမီကလည်း နည်းလိုက်တာ၊ ကျောင်းကို မက်သဒစ်(စ်)(ဒဂုံ-၁)မှာ ထားပေးတာ၊ ရှစ်တန်းက စကျတယ်၊



ဆယ်တန်းကျတော့ သုံးနှစ်ဖြေပြီးပြီ၊ မအောင်ဘူး၊ ပညာပါရမီ သိပ်နည်းတဲ့ ကလေးပဲ"

"သူ အခု ဘာလုပ်နေလဲ"

"ဘာမှမလုပ်ဘူးလေ၊ ဘာမှလုပ်ချင်စိတ်လည်း မရှိဘူး၊ ဆိုလည်း ရုပ်ပြလောက်ပဲဖတ်တယ်၊ သူ့ကြည့်ရတာ တိုးတက် လည်း မမျှော်လင့်ဘူး၊ ကြုံရာဘဝမှာ ကျသလိုနေချင်တဲ့ ဗီဇ ကိုက ပါလာတာ"

"နှစ်ပေါင်းများစွာ အန်တီမျက်ချယ် စိတ်ညစ်ရတာတွေ အတွက် ကျွန်တော် တောင်းပန်ပါတယ်၊ သမီးကို ကျွန်တော် အောင် ခေါ်သွားပါမယ်၊ ကျွန်တော်ပဲ တာဝန်ပြန်ယူပါ့မယ် အန်တီ"

"ဒီမနက်မှ ရောက်တယ်ဆိုတော့ ဘယ်မှာတည်းလဲ"

"၇မိုင်က MOTEL တစ်ခုမှာပါ"

"ဒီမှာပဲ လာနေလေ သားရယ်"

လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်ကာလ အခေါ်အဝေါ် င့် သံယောဇဉ်စလေးများ ဒေါ်မျက်ချယ်ထံမှ အစွန်းထွက်လာခဲ့ ပြီ။

"ကျွန်တော် ဟိုမှာ အဆင်ပြေပါတယ်၊ ဒါနဲ့ မမကြီးနဲ့ မလတ်တို့ရော"

"အကြီးမက အမေရိကန်၊ အလတ်က သူ့ယောကျ်ားနဲ့ အတူ နယ်ပြောင်းသွားပြီ၊ အခု ဘားအံမှာ၊ အငယ်ဆုံး မှိုင်းနဲ့ ပဲ ဒီမှာနေကြတယ်၊ ချွေးမကလည်း ရန်သူလိုပဲ ဆက်ဆံတာ၊

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖြူကလည်း မွေးသာထားရတာ ဘာမှအားမကိုးရတဲ့အဖြစ်
ဝန်ထုပ်ကြီးတစ်ခုလိုပဲ"

ဦးချမ်းမြေ့ မျက်နှာပျက်သွားမိသည်။

"ပွင့်ဖြူဆိုတာ သမီးလေး နာမည်လား"

"ဟုတ်တယ်"

"ပွင့်ဖြူ...ပွင့်ဖြူ"

သူ ဒီအမည်ကို ကြားဖူးသလိုရှိသော်လည်း ပြန်စဉ်းစား၍
မရခဲ့ပါ။

"အန်တီချယ်...ကျွန်တော် ဖေဖေနဲ့တွေ့ချင်တယ်"

"တွေ့လို့ရမှာပါ၊ ကိုအောင်မွန်က သိပ်နူးညံ့နေပါပြီ
အားလုံးကို ပြီးဆုံးနေသလိုပဲ၊ သူ့စိတ်ထဲမှာ အာဃာတတွေ
မာနတွေလည်း ကင်းစင်နေပါပြီလေ"

"ကျွန်တော် ရိပ်သာမှာ သွားတွေ့ရမလား"

"နေဦး၊ တရားပတ်ဝင်နေတယ်ဆိုရင် ညည့်သည် တွေ့လို့
မရဘူး၊ သား နေဦးမှာမဟုတ်လား၊ အန်တီ စီစဉ်ပေးမယ်လေ"

"ကျွန်တော်က မပြန်ရင်တောင်ရပါတယ်၊ ဖေဖေနဲ့ သမီး
လေးနဲ့ ကျွန်တော်နဲ့ ပြေလည်ချင်လိုက်တာ"

"ကိုအောင်မွန်ကတော့ ခွင့်လွှတ်မှာပါ၊ ဒါပေမယ့် အတွေ
မှာတော့ မဟုတ်ဘူး၊ သံယောဇဉ်တွေ မိသားစုဒုက္ခတွေ သူ ခံ
တော့မှာ မဟုတ်ဘူး"

"ကျွန်တော့်ဒုက္ခကိုခံဖို့ မဟုတ်ပါဘူး၊ သူ့သားနဲ့ သူ့မြေး
ကို ခွင့်လွှတ်၊ အတွေ့ခံဖို့ပါ"



"ခဏနေဦးသား"

ဒေါ်မျက်ချယ်က ခပ်ကိုင်းကိုင်းထ၍ ခပ်ယိုင်ယိုင်ပင် အထဲ
သို့ ဝင်သွား၏။

ကန့်လန့်ကာကြားမှ ပွင့်ဖြူမျက်နှာ ပေါ်လာ၍...

"လာပါဦး သမီးရယ်"

သူက ထွက်လာပြီး ရိုးရိုး ညည့်သည်တစ်ယောက်လိုပင်

"ထမင်းကျွေးဖို့ ထည့်ခိုင်းနေလို့"

"သမီး"

ပွင့်ဖြူက ပြန်လှည့်ကြည့်သည်။ အံ့သြ သိချင်စိတ်များ
ဖြင့်သာ ကြည့်သည်။ ဦးချမ်းမြေ့လို နက်ရှိုင်းစွာ ခံစားနေရသော
ရုပ်သွင်မျိုး ပွင့်ဖြူမျက်နှာမှာမရှိ။

"လာပါဦး သမီးရဲ့၊ သမီးနာမည်က ဘယ်သူ"

"ပွင့်ဖြူ၊ အဘွားပေးထားတဲ့ နာမည်"

ပွင့်ဖြူက အဘွားဆိုသော ရည်ညွှန်းမှုမှာ ဒေါ်စိုးသိန်းကို
ဖြစ်သည်။

"ငယ်နာမည်အတိုင်းပဲ ထားလိုက်ပါ၊ မစိုးသိန်း ပေးထား
တဲ့ နာမည်တဲ့"

ဒေါ်မျက်ချယ်၏ ဆုံးဖြတ်ချက်ကြောင့် ပွင့်ဖြူသည် ပွင့်ဖြူ
အဖြစ်နှင့်ပင် အထက်တန်းလွှာ အသိုင်းအဝိုင်းသို့ ရောက်ရှိခဲ့ပြီ။

ဦးချမ်းမြေ့ ထင်လိုက်သည်က အဘွားဆိုသည်မှာ ဒေါ်
မျက်ချယ်ကို ရည်ညွှန်းသည်ဟု ထင်၏။

နာရီဝက်နီးပါး စောင့်နေရပြီးနောက် နံနက်စာ ထမင်းဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ သုံးယောက်သား မျက်နှာစုံညီ ထိုင်ဖြစ်ကြသည်။

ဦးချမ်းမြေ့က ထမင်းမစားနိုင်။ မျက်နှာချင်းဆိုင်မှ သမီး လေးကိုသာ ကြည့်နေမိသည်။

အသားက ညိုရုံမဟုတ်၊ မည်းသည့်ဘက်သို့ လှ၏။ နှ မောက်ပြီး နှာခေါင်းပြား၍ မျက်နှာက ခွက်သလိုရှိနေသည်။

"သမီးလေးရဲ့ မျက်နှာက ငါမြင်ဖူးတဲ့ လူတစ်ယောက်ရဲ့ မျက်နှာနဲ့ တူလိုက်တာ၊ ဘယ်သူနဲ့တူပါလိမ့်"

မိစမ်းလို ဖြူဖြူဖွေးဖွေး မိခင်နှင့် ဝါရွှေသော အရောင်နှင့် အသားလှသော ဦးချမ်းမြေ့လို ဖခင်က မွေးလာသော ကလေး ဒီလောက်တောင် အသားမည်းရသလား။

သမီးလေး မလှရှာဘူး၊ အသားမည်းရှာတယ် ဆိုသော အသိနှင့်သာ ကြည့်ဖြစ်သည်။

သံသယစိတ် လုံးဝ မရှိမိပါ။

ဆင်ခြင်တုံတရားမဲ့၍ အသိဉာဏ်ပညာ နည်းပါးသူများ သည် ခံစားမှုပါ မပြင်းထန်တတ်။ တွေးတောနိုင်စွမ်း အားနည်း လျှင်လည်း အပူပင်ကြောင့်ကြမှု နည်းတတ်သည်။ ကြိုတင်ပြင် ဆင်မှု မရှိတတ်ဘဲ ကြုံသလို နေပစ်လိုက်တတ်သည်။

အသိဉာဏ်ကြီးသူ၊ ဝီရိယများသူတို့မှာ သောကစိတ်နှင့် သူတို့လို အိပ်လိုက်တိုင်းလည်း တုန်းခနဲ နေအောင် အိပ်ပျော်လေ့ မရှိပါ။ တက်ကြွမှုကြောင့် စိတ်က အမြဲတန်း လတ်ဆတ်နေတတ် သည်။

ပွင့်ဖြူကိုကြည့်ပြီး စိတ်ထဲက အားမလိုအားမရဖြစ်ရမည်



အစား သနားကြင်နာ၍ပင် နေမိသေးသည်။

သူ့ဘက်က သမီးအပေါ် သည်မျှ နက်ရှိုင်းစွာ စိတ်ဝင်စား နေပါလျက် သမီးဘက်မှ တုန့်ပြန်မှုက အားရစရာမကောင်း။ "သွေးက စကားပြောသည်"ဆိုခြင်းမှာ ဘယ်လိုအခြေအနေမျိုးမှာ ဖြစ်မှာပါလိမ့်ဟု ဦးချမ်းမြေ့ တွေးနေသည်။

"စားလေ"

ထမင်းစားပွဲသိမ်းပြီးချိန်မှာ သဘော်သီးစိတ်များနှင့် လက် ဖက်၊ ရေနွေးကြမ်းများ လာချပေးပြီး ပွင့်ဖြူက ပြောလာသည်။

"ဘယ်တော့ ရှမ်းပြည်နယ် ပြန်မှာလဲဟင်"

"သမီးသွားချင်တဲ့အချိန် ပြန်မယ်လေ၊ ဖေဖေနဲ့ရော လိုက် ချင်ရဲ့လား"

"အင်း...လိုက်ချင်တယ်"

ဖခင်အသစ်ထက် နေရာအသစ်ကို လိုက်ချင်စိတ်က ပို၍ ပြင်းထန်နေပုံရသည်။

ဦးချမ်းမြေ့က ပွင့်ဖြူကို ငေးမောကြည့်နေဆဲမှာ ဒေါ်မျက် ချယ် ထမင်းစားခန်းသို့ ဝင်လာသည်။ ဒေါ်မျက်ချယ်မှာ စောစော ကထက် ပို၍သွက်လက်နေသလို မြင်ရ၏။

"သားရေ...အဆင်သင့်လိုက်တာ"

"ဘာများလဲ အန်တီ"

"အန်တီက ရွှေတောင်ကုန်းရိပ်သာ ဖုန်းဆက်လိုက်တယ်၊ ဦးအောင်မွန် အိမ်ခဏပြန်တယ်ဆိုလို့ အိမ်ဖုန်းဆက်လိုက်တော့ အဆင်သင့်ကို တွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဖေဖေက ဘာပြောလဲ"

"တည်တည်ငြိမ်ငြိမ်ပါပဲ၊ လာခဲ့ပါ၊ သူစောင့်နေပါ့မယ်တဲ့"

"ဟုတ်လား"

"အေးအန်တီပါ လိုက်ခဲ့မယ်၊ တို့သုံးယောက်လုံး သွားကြတာပေါ့၊ ကဲ…ပွင့်ဖြူ အဝတ်အစားသွားလဲ"

"ဘယ်သွားမှာလဲ"

"သမီးအဘိုး ဦးအောင်မွန်ဆီ"

"မလိုက်ချင်ဘူး၊ အဘိုးက ပွင့်ဖြူကိုမှမချစ်တာ"

"မလိုက်လို့မရဘူး"

"ဒီက အဖေရော ပါမှာလား"

"ပါမှာပေါ့၊ သွားလဲစမ်းဆို"

ပွင့်ဖြူက ရေချိုးထားပုံလည်း မရ။ မျက်နှာပြောင်နှင့် အဝတ်က ညစ်နွမ်းနွမ်းနှင့်။ သို့သော် ဒေါ်မျက်ချယ်၏စကားကို နာခံစွာ အပေါ်ထပ်တက်သွားသည်။

"အန်တီချယ်"

"ပြော သား"

"ဖေဖေ့ကို သူ့အဘိုးလို့ သမီးလေး သိလားဟင်"

"သိတယ်၊ သက်ထား ရှိတည်းက ခေါ်သွားဖူးတယ်"

"မချစ်ကြဘူးလား"

"ပွင့်ဖြူက ငယ်ငယ်က ပိုဆိုးတယ်၊ ဟိုအိမ် တစ်ခါခေါ်သွားတယ်၊ ပန်းအိုးရော၊ မှန်စားပွဲရော ခွဲခဲ့တယ်လေ"

"ဟင်…"



"ဒါပေမယ့် အန်တီ မွေးထားတဲ့အတွက်တော့ အားနာနေရတယ်၊ ကျောင်းစရိတ် ပေးပါရစေဆိုပြီး ပွင့်ဖြူ မသိအောင် ငွေပို့ပေးပါတယ်"

"ပွင့်ဖြူသိရင် ဘာဖြစ်မှာမို့လဲဟင်"

"ပွင့်ဖြူက အသိဉာဏ် နည်းတယ်လေ၊ သူ့အဘိုးရဲ့ငွေရှိတယ်ဆိုရင် အန်တီ့ကိုတောင် ရန်ထောင်ချင် ထောင်မှာ၊ ဒါကြောင့် မပြောတာ၊ အန်တီကလည်း မယူချင်ပါဘူး၊ တာဝန်ရှိတယ်ဆိုပြီး အတင်းပေးလို့ပါ"

"ကျေးဇူးပါပဲ အန်တီချယ်ရယ်"

ဦးချမ်းမြေ့သည် အနှစ်နှစ်ဆယ်ကျော်လုံးလုံး 'မိသားစု' ဆိုသည်နှင့် ဝေးကွာ၍ ဘဝ၏ဒုက္ခဒဏ်ရာများစွာဖြင့် ကျင်လည်နေခဲ့ရရာမှ…

ယခုကျပြန်တော့လည်း…

တစ်နေ့တည်းမှာပင် ရင်၌ဖြစ်သော သမီးလေးနှင့် ကျေးဇူးရှင် ဖခင်ကြီးတို့ကို တွေ့ခွင့်ဆုံခွင့် ရရှိတော့မည်ဆိုခြင်းအတွက် ရင်ထဲမှာ နင့်ပြည့်နေအောင် ခံစားနေရပါ၏။

ဒေါ်မျက်ချယ် အစီအစဉ်ဖြင့် ဒရိုင်ဘာက ကားထုတ်ပြီး တိုက်ကြီး၏ရှေ့မှာ ထိုးရပ်လိုက်သည်။ ကားက နံပါတ်ခပ်နိမ့်နိမ့် ဇတ်ဆန်းဘလူးဘဒ်။

ကား၏ရှေ့ခန်းမှာ ဒေါ်မျက်ချယ် ဝင်ထိုင်ပေး၏။ နောက်ခန်းမှာ သားအဖနှစ်ယောက် စီးကြပါစေ ဆိုသော စေတနာက မပြောဘဲနှင့် ထိတွေ့ခွင့်ရနေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းမှ ဦးချမ်းမြေ့က သူ့ဘေးမှာထိုင်၍ လိုက်ပါလာ
သော သူ၏ချစ်လှစွာသော သမီးလေး၏ လက်ကိုကိုင်လျက်
သူ၏ကျေးရွာရှင် ဖခင်ကြီးဆီသို့ ဦးတည်သွားနေပြီ ဖြ
သော ခရီးမို့ ဦးချမ်းမြေ့ စိတ်လှုပ်ရှားလွန်းလှပါဘိ။

✿ ✿ ✿

# အပိုင်း ၁၃

## တရားရှင်ဦးအောင်မွန်၏ မှန်ကန်သောမှန်းဆချက်

www.burmeseclassic.com

www.burmeseclassic.com

'ချမ်းမြေ့သာယာဂေဟာ'

ဆိုသော အုတ်တိုင်ပေါ်မှ ဖောင်းကြွစာလုံးများမှာ ဆေးပျက် ပဲ့ရွဲ့ကာ ဖတ်လို့မရနိုင်အောင် ပျက်စီးသွားခဲ့သည်သို့ပင် ချမ်းမြေ့တို့မိသားစုသုံးယောက်မှာလည်း မီးတောင်ကြီး ပေါက်ကွဲလိုက်သလို အပူရင်များဖြင့် တစ်စစီ ပျံ့ကျဲလွင့်စဉ်သွားခဲ့ရပါပြီ။

"အဲဒီအိမ်က ဘိုးဘိုးကြီးကို သမီး မချစ်ဘူး"

"ဟင်...သမီးနဲ့ဆုံလို့လား"

"သီတင်းကျွတ်တိုင်း ဘွားဘွားမျက်ချယ်က သွားကန်တော့ခိုင်းလို့ ကန်တော့ရတာ"

"ဘာလို့မချစ်တာလဲ"

"အဘိုး တော်တယ်သာဆိုတာ သူကမှ ပွင့်ဖြူကိုမချစ်တာ"

ဒေါ်မျက်ချယ်နှင့် ဦးချမ်းမြေ့တို့ ရင်ထဲမှာ ပြောချင်စရာများရှိနေပါသော်လည်း ဘာမှမပြောဖြစ်ကြ။

ပွင့်ဖြူက မနက်စောစောဆီကထက် နည်းနည်း ပိုတက်ကြွကာ စကားများလာသည်။ ဖခင် ရောက်လာသည့်အပေါ်မှာ သူ ခုမှ စိတ်ဝင်စားသလို ဖြစ်ပါ၏။ တွေ့စက ဦးချမ်းမြေ့က မျက်ရည်ဝဲသော်လည်း ပွင့်ဖြူ မျက်ဝန်းမှာ ဝမ်းနည်းရိပ်ပင် မလွှမ်းခဲ့။

ဦးချမ်းမြေ့သည် ဆေးရောင်ပျယ်၍ အလှအပချယ်သမှုများအားလုံး ကင်းမဲ့နေသော ခြံကြီးကို ရင်နင့်စွာကြည့်မိသည်။ နေထိုင်ကြီးပြင်း ပျော်ရွှင်ခဲ့ရာ နေရာဖြစ်သော သက်မဲ့ ဤခြံကြီးပင် ဇရာရုပ်သွင် ပေါ်လွင်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှ ဆီးကြိုနေသူက ဦးအောင်မွန်ကိုယ်တိုင်။

"ဖေဖေ..."

နှလုံးသားထဲမှ ဆွတ်ကျင်ကြေကွဲစွာ ခေါ်ဆိုမိ၏။

ယခင် ကိုယ်ခန္ဓာ၏ ထက်ဝက်နီးပါးမျှသာ ကျန်ရှိလောက်အောင် ပိန်ချုံးနေသည်။ နက်မှောင်သန်စွမ်းသော ဆံပင်များအစား ဖွေးဖွေးဆွတ်မျှ ဖြူနေသော ဆံပင်များက ကျိုးကျဲကျဲ။ ရီမှုန်ဝေသီနေသော အကြည့်ဖြင့် ဦးချမ်းမြေ့ကို မျှော်ကြည့် ကြိုဆိုနေ၍...

"ဖေဖေ...ဖေဖေရယ်..."

ဖခင်၏ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားဆဲမှာ ဦးချမ်းမြေ့ မျက်ရည်တွေကျလာသည်။

သူ သိပ်တမ်းတနေခဲ့သော သမီးကို စတင်တွေ့ဆုံရစဉ်ကထက် ပို၍ဝမ်းနည်းလာသည်။ ရင်ထဲမှာလည်း နာကြင်ကြေကွဲလျက်။

"လာ...လာ...အိမ်ထဲဝင်ကြရအောင်"

လေးယောက်လုံး တိုက်ထဲဝင်လာကြသည်။ ပြတင်းတံခါးများ အားလုံး ပိတ်ထားပါ၏။

ဧည့်ခန်းမှာ ဖုန်အလိမ်းလိမ်းနှင့် အားလုံးသော ပရိဘောဂများက ဟောင်းနွမ်းနေချေပြီ။

ကုလားထိုင်ကျောမှီအစွပ်တွင် ပန်းထိုးထားသည့် မေမေ့လက်ရာများကို သည်အတိုင်း ထားသော်လည်း ဝါကျင် ညစ်နွမ်းနေလေပြီ။ ဆိုဖာဆက်တီ မရှိတော့ပါ။



ဧည့်ခန်းထိပ်တွင် ဖေဖေနှင့်မေမေတို့၏ စုံတွဲ အဖြူအမည်း ဓာတ်ပုံကြီးကလည်း နဂိုနေရာမှာပင်။

ဦးချမ်းမြေ့သည် ထိုဓာတ်ပုံအောက်ရှိ ယခင်က ကက်ဆက်တင်ခဲ့သည့် စားပွဲပေါ်တွင် လက်နှစ်ဖက်ယှက်၍ တင်ထားပြီး ခေါင်းငုံ့ကာ တိုးတိတ်စွာ ငိုရှိုက်နေမိဆဲ...

"သား"

ပခုံးကိုကိုင်ပြီး ခေါ်လိုက်သော ဦးအောင်မွန်၏ အသံက တည်ကြည်ငြိမ်းအေးလှသည်။ ဦးချမ်းမြေ့အတွက် သည့်ထက်သာယာသော အသံ ဤလောကတွင် မရှိနိုင်ပြီ။

"ဖေဖေ..."

တရားရှင်ဆိုသော်လည်း အရိယာမဟုတ်သေးသည့်အတွက် ဦးအောင်မွန်၏ မျက်ဝန်းမှာလည်း မျက်ရည်များ ဝဲတက်လာ၏။

"ထိုင်ကြလေကွယ်"

ဒေါ်မျက်ချယ်၏ အသံကြောင့် ဦးအောင်မွန်တို့ ကုလားထိုင် ရှိရာသို့ ပြန်လှည့်လာ၍ ဦးအောင်မွန်က ကုလားထိုင်ပေါ်မှာ၊ ဦးချမ်းမြေ့က ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး...

"သားကိုခွင့်လွှတ်ပါ ဖေဖေရယ်"

ရှိခိုးဦးချပြီး ပြန်မော့လာချိန်မှာ မျက်ရည်များနှင့်ပါ။

"သားအတွက် သိပ်ခံစားသွားရှာတဲ့ သားရဲ့ မေမေကို ရည်မှန်းပြီး ကန်တော့လိုက်ပါ သား"

ဓာတ်ပုံရှိရာသို့ ပြန်လှည့်ပြီး ဦးချမ်းမြေ့ ကန်တော့၏။ ထိုင်ရာမှ ချက်ချင်းပြန်မထနိုင်သေးဘဲ ကြိတ်၍ရှိုက်ငိုနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ...လာ...ပြန်ထိုင်တော့ မောင်ချမ်းမြေ့"

ဒေါ်မျက်ချယ်ခေါ်သံကြောင့် ကုလားထိုင်မှာ ထိုင်ဖြစ်၏။

"ဖေဖေ့သား ပြန်လာတဲ့အထိ စောင့်မယ်လို့ ဆုံးဖြတ်ထားတာ၊ သားထွက်သွားတုန်းက ဖေဖေ့အသက်က ခု သားအရွယ်ငါးဆယ်ဝန်းကျင်လောက်ပေါ့"

"ကိုအောင်မွန်က သားပြန်လာတဲ့အထိ စောင့်မယ်ဆိုတာ ဘာအတွက်လဲ"

"မိဘဆိုတော့ မျှော်နေမိလို့လား မသိပါဘူး မမျက်ချယ်ရယ်၊ တစ်နေ့နေ့မှာ ကျွန်တော့်သား ပြန်လာလိမ့်မယ်လို့ချည်း ထင်နေမိတယ်"

"ဟုတ်မှာပေါ့လေ"

"သား ရောက်မလာရင်တော့ ဒီခြံနဲ့တိုက်ကြီးကို ငှားစားလိုက်တော့မယ်၊ ငှားခကို တရားရိပ်သာက အလှူအဖြစ် လက်ခံပါ၊ တကယ်လို့ ကျွန်တော်သေပြီးမှ သားရောက်လာခဲ့ရင် ဆက်မငှားတော့ဘဲ သားကို ပြန်အပ်လိုက်ပါလို့ ဆရာတော်ကို လျှောက်ထားပြီးသား"

"အခု ပြန်လာပြီလေ"

"ကျွန်တော် စောင့်မျှော်နေတဲ့အတိုင်း သားက ပြန်ရောက်လာတော့လည်း သားကို လွှဲပေးလိုက်ရုံပေါ့ မမျက်ချယ်"

"မယူပါရစေနဲ့၊ တာဝန်မကျေတဲ့သားကို ဘာမှမပေးပါနဲ့ ဖေဖေ၊ သားလည်း ကလောမြို့မှာ အိမ်ထောင်ကျနေပါပြီ"

"ဟင်..."



ဦးအောင်မွန် အံ့သြစွာ သားဖြစ်သူကိုကြည့်၍...

"သားသမီး ဘယ်နှယောက်ရပြီလဲ"

"တစ်ယောက်မှမရပါဘူး၊ ဖေဖေတို့ သိနှင့်နေတဲ့ ဒီသမီးလေး တစ်ယောက်ပဲ ရှိပါတယ်"

ဦးချမ်းမြေ့က ပွင့်ဖြူ၏ ကျောပြင်ပေါ်မှာ လက်ဝါကပ်ပြီး ပြော၏။

"အင်း...တကယ်တော့ အဲဒီကလေးတစ်ယောက် မမျှော်လင့်ဘဲ အချိန်မတိုင်ခင် လူ့လောကထဲ ရောက်လာလို့ တို့မိသားစု ပြိုကွဲသွားရတာပဲ"

ဖေဖေ့စကားကြောင့် ဦးချမ်းမြေ့က ပွင့်ဖြူကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဦးချမ်းမြေ့ရင်ထဲ နင့်သွားအောင် ခံစားလိုက်ရသော်လည်း ပွင့်ဖြူက ဘာမှဖြစ်ပုံမရ။ ဦးအောင်မွန် ဆိုလိုသည့် အဓိပ္ပာယ်ကိုရော ပွင့်ဖြူ နားမှလည်ရဲ့လား။

"သား အခု ဘာအတွက် လာတာလဲ"

"အန်တီမျက်ချယ်ရဲ့ ကြော်ငြာ ခုမှတွေ့လို့ သမီးလေးကို တွေ့ဖို့၊ ပြီးတော့...ပြီးတော့ ခုလို ဖေဖေတို့က လက်ခံမယ်ဆိုရင် ကန်တော့ချင်လို့ပါ၊ သား ဘာမှမယူပါရစေနဲ့ ဖေဖေ၊ မိဘအမွေ မခံထိုက်တဲ့သားပါ"

"ဖေဖေ ခွင့်လွှတ်လိုက်ပြီပဲ"

ဦးချမ်းမြေ့က ဖခင်ကြီးကို ကြည်ညိုမြတ်နိုးစွာ ငေးနေမိသည်။

"ဒီတိုက်နဲ့ခြံဟာ ခုချိန်မှာ သိန်းသုံးလေးထောင် ကျန်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြီးကို မထိန်းသိမ်းနိုင်တော့ဘူး၊ တူရားရိပ်သာမှာပဲ ဖေဖေ့ ပင်စင်လခနဲ့ ဘဏ်က လက်ကျန်ငွေလေးရယ်၊ ဖေဖေ သုံးလောက် ပါတယ်၊ သား ရန်ကုန်မှာ လာနေနိုင်မလား”

“ခုနေတော့ ဘာမှမဆုံးဖြတ်ရသေးပါဘူး ဖေဖေ”

“အေးလေ…အေးအေးဆေးဆေး စဉ်းစားပေါ့”

ဦးချမ်းမြေ့ ရင်ထဲမှ စကားတွေ အများကြီး ပြောနေပါသော်လည်း စကားလုံးအဖြစ်နှင့် ထွက်ကျမလာနိုင်အောင် ခံစားမှုများက ပိတ်ဆို့နေ၏။

ဒေါ်မျက်ချယ်နှင့် ဦးအောင်မွန်တို့ကသာ စကားတွေ ပြောနေကြသည်။ ဦးချမ်းမြေ့၏ရှေ့ရေးအတွက် အဘွားကြီးနှင့် အဘိုးကြီး ပြောဆိုနေကြချိန်မှာ ပွင့်ဖြူက ခါးဆန့်လိုက်၊ ခါးလိမ်၍ လက်မြှောက်လိုက်နှင့် ပျင်းရိ၊ စိတ်မရှည်ခြင်း သရုပ်ကို ပြနေသည်။

ဖေဖေ ဦးအောင်မွန်က သူ့ကို ‘သား’ဟု ရင်ဖွင့်ကြိုဆိုသလို သူ့သမီးလေး ပွင့်ဖြူကိုလည်း ‘မြေး’အဖြစ် မြတ်နိုးစွာ လက်ခံစေချင်သည်။

သို့သော် ဦးအောင်မွန်နှင့် ပွင့်ဖြူတို့၏ ဆက်ဆံရေးက နွေးထွေးမှုကင်းမဲ့စွာ အေးခဲလှသည်။

နောက်ရက်မှာဆုံဖို့ ထပ်၍ ချိန်းကြပြီးချိန်မှာ ပြန်ရန် အားလုံးမတ်တတ်ရပ်ကြ၏။ ပွင့်ဖြူက ဒေါ်မျက်ချယ်ကိုတွဲပြီး ကားဆီသို့ သွားနေဆဲမှာ…

“မမျက်ချယ်တို့ ကားထဲက ခဏစောင့်၊ ကျွန်တော် သားကို



စကားနည်းနည်းပြောစရာရှိလို့”

“ရတယ်၊ ဖြည်းဖြည်းပြော”

ဒေါ်မျက်ချယ်တို့ ကားထဲမဝင်ဖြစ်ခင်မှာပင်…

“လာဦး…သား”

စောစောက ကုလားထိုင်မှာ ပြန်၍ထိုင်ဖြစ်ကြ၏။

“ပွင့်ဖြူနဲ့ပတ်သက်လို့ ပြောချင်လို့”

“ဗျာ…”

“မြန်မာပြည်မှာ ဒီအဲန်အေ(DNA)ဆိုတဲ့ မျိုးရိုးဗီဇ စစ်ဆေးမှု အတိအကျ မလုပ်နိုင်ကြသေးပေမယ့် မိဘနဲ့ သားသမီးဆိုတာ ဗီဇစိတ်၊ ဗီဇရုပ် တစ်ခုမဟုတ် တစ်ခုတော့ ပါကိုပါရမယ်”

“ဖေဖေ ဆိုလိုတာက…”

“ပြောမယ် သား၊ မိစမ်းဆိုတာ ဖေဖေတို့အိမ်မှာ သုံးနှစ်လောက် နေဖူးတာပဲ၊ ဖြူဖြူဖွေးဖွေး၊ မျက်လုံးလှလှလေး၊ သားရုပ်က ဘယ်နေရာမှ အပြစ်ပြောစရာ မရှိဘူး၊ နှာခေါင်းက,အစ သိပ်ပေါ်တာ၊ ဒါပေမယ့် ပွင့်ဖြူကို သေသေချာချာ ကြည့်စမ်း၊ အသားမည်းမည်း၊ နှုတ်ခမ်းမောက်မောက်၊ နှာခေါင်းပြားပြားနဲ့၊ သားတို့ မိစမ်းတို့နဲ့ နည်းနည်းမှကိုမတူဘူး”

“ဟာ…ဖေဖေ”

“မမျက်ချယ် ခေါ်လာပြီး ပြကတည်းက ဒါ တို့ရဲ့မျိုးဆက်သွေး တို့မြေး မဖြစ်နိုင်ဘူးလို့ ဖေဖေ မှတ်ချက်ချထားပြီးသား၊ မမျက်ချယ်ကိုတော့ မပြောပါဘူး၊ ပြောလိုက်ရင်လည်း အခုခြိ အနေက ပိုရှုပ်ထွေးသွားနိုင်တယ်၊ ဖေဖေလည်း လူမှုရေးအကြွေ

www.burmeseclassic.com

www.burmeseclassic.com



မခံစားချင်တော့လို့ ဘာမှမပြောဘဲ ငွေပဲ ထောက်ပံ့ခဲ့ပါတယ်။ ချမ်းမြေ့ရဲ့ ကလေးမဟုတ်ဘူးလို့ သိသွားခဲ့ရင်လည်း ဒီကလေးကို ဘယ်လိုလုပ် ပြန်စွန့်ပစ်မလဲ၊ ဒါကြောင့် ကံအတိုင်းပဲ ထားလိုက်တယ်၊ ဒါပေမယ့် သားက ဒီကလေးကို ကိုယ့်သမီး အမှတ်နဲ့ တအားတွယ်တာနေမိမှာ စိုးရိမ်လို့ပါ"

"ဒါ...ဒါဖြင့် ဖေဖေရယ်၊ ဒီသမီးလေးဟာ သားရဲ့သမီးလေး လုံးဝ မဟုတ်ဘူးပေါ့၊ ဟုတ်လား ဖေဖေ"

"မဟုတ်နိုင်ဘူးလို့ ဖေဖေ ထင်နေမိတယ်၊ ဘာပရုဖ်(Proof) မှတော့ သက်သေအဖြစ် ပြစရာမရှိပါဘူး"

ဦးချမ်းမြေ့ အတိုင်းမသိအောင် တုန်လှုပ်သွားသည်။

"သွေးကစကားပြောတယ်... ဆိုတာ ဟုတ်ပါလိမ့်မယ်၊ ဘာသွေးမှ စပ်ပုံမရဘူး၊ ဒါကြောင့် ဖေဖေ ပွင့်ဖြူကို ချစ်လို့မရဘူး၊ သူကလည်း ဖေဖေ့ကို စိမ်းပါတယ်"

"ဟာ...ဒုက္ခပါပဲ ဖေဖေရယ်"

"သားကိုပြောချင်တာ အဲဒါပဲ၊ သားနည်းသားဟန်နဲ့လည်း စုံစမ်းစစ်ဆေးကြည့်ဦးလေ၊ ကဲကဲ...သွားတော့"

သူ့ခန္ဓာကိုယ်ကို သူ မသယ်နိုင်လောက်အောင်ပင် ဦးချမ်းမြေ့ တစ်ကိုယ်လုံး လေးလံနွေးကွေး တုန့်ဆိုင်းသွားတော့သည်။

"ပွင့်ဖြူဟာ ငါ့သမီး မဟုတ်နိုင်ဘူးတဲ့လား"

"ပွင့်ဖြူ...ပွင့်ဖြူ"

ဤအမည်ကို ရွတ်ဆိုရင်း ပွင့်ဖြူဘေးမှာ ဝင်ထိုင်ပြီးသည်နှင့် ကားကထွက်၏။



သူ ပွင့်ဖြူကို လှည့်ကြည့်သည်။ ပွင့်ဖြူကဖြင့် ဖေဖေပြောသလို အေးခဲစွာ၊ ငြိမ်သက်စွာပါပင်။

'ပွင့်ဖြူ'ဆိုသော အမည်ကို သူ စဉ်းစားစဉ်က ဘာမှ အဖြေမရခဲ့။

ကားစီးလာရင်း တွေဝေငြိမ်သက်စွာ ကားအပြင်ဘက်သို့ ငေးလာဆဲ အသားမည်းမည်းနှင့် ဆင်းရဲသားရုပ်သွင်ပုံပေါက်နေသော လူငယ်တစ်ယောက် ပန်းရံလုပ်နေသည်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်နှင့်... -

သူ့ခေါင်းထဲမှာ တန်ဖိုးကြီးသော အသိဉာဏ်တစ်ခု လင်းလက်သွားပြီး...

ကိုစိန်အေး ဆိုသူကို ပြန်လည်သတိရလာသည်။

ကိုစိန်အေးဆိုသော သူက ပွင့်ဖြူသား။

သူ့ဇနီး မိသန်းက မိစမ်း၏အစ်မ။

သူတို့ဇနီးမောင်နှံက တခြားနာမည် စဉ်းစားမရ၍...

"သူ့အဖေက အညာက ပွင့်ဖြူသားပဲ၊ သူ့သမီးကို ပွင့်ဖြူလို့ပဲ ပေးလိုက်ပေါ့"ဟု ဒေါ်စိုးသိန်း ပြောဆိုသံကို သူ ပြန်လည်ကြားယောင်လာသည်။

"ပွင့်ဖြူ...မိသန်းသမီး ပွင့်ဖြူ"

ရာဇဝတ်ဒဏ် သင့်စဉ်ကပင် ဦးချမ်းမြေ့ သည်လောက် မထိတ်လန့်မိခဲ့ပါ။

ဟုတ်တာပေါ့... သိပ်ဟုတ်တာပေါ့၊ မျက်နှာခွက်ခွက်၊ အသားမည်းမည်းနဲ့ဟာ မိသန်းသမီး ပွင့်ဖြူပဲ၊ မိသန်းရုပ်နဲ့ ချွတ်

www.burmeseclassic.com

www.burmeseclassic.com



စွပ်ပဲ၊ မိသန်းနဲ့ မိစမ်းက ဖခင်တစ်ယောက်ဆီက မွေးခဲ့ကြတာမို့ ရုပ်ချင်းက လုံးဝမတူကြ။

"ဟင်...ဒါဖြင့်...ဒါဖြင့်..."

"ငါနဲ့မိစမ်းတို့ရဲ့ ကလေးရော၊ သားလေးရော"

"အို...သမီးလေးဖြစ်ခဲ့ရင်လည်း စန္ဒကူးလို့ မှည့်ထားမယ့် ငါ့သမီးလေးရော"

"သမီးလေးရေ...သမီး...ဘယ်ရောက်သွားပြီလဲ"

"ဒီလောကမှာ ငါ့ရဲ့ရင်သွေးအစစ် ငါ့သမီးလေး အသက်ထင်ရှားမှ ရှိသေးရဲ့လား"

"ဖေဖေ အတွေးအခေါ် ကောင်းလိုက်တာ၊ ပွင့်ဖြူဆိုတဲ့ ကလေးနဲ့ ငါ သုံးလလောက် အတူနေခဲ့ရတာပဲ၊ ဒါကြောင့် ဒီနာမည် ကြားဖူးတယ်လို့ ထင်ခဲ့မိသား၊ ဒီမျက်နှာမျိုး မြင်ဖူးတယ်လို့ ထင်ခဲ့မိသား"

"အို...ပွင့်ဖြူဆိုတာ ဘယ်သူပဲဖြစ်ဖြစ် ငါ မသိချင်ဘူး"

"သမီးလေးရော...ငါ့သမီးလေးရော"

"စန္ဒကူးဆိုတဲ့ ကျွန်တော့်ရဲ့သမီးလေး ဘယ်ရောက်သွားပြီလဲဗျာ"

✿ ✿ ✿

## အပိုင်း ၁၄

## ဒေအးငြိမ်းညို၏ နေဝင်ချိန်

www.burmeseclassic.com

www.burmeseclassic.com

တယ်လီဖုန်းကိုင်သူက စန္ဒကူး ကိုယ်တိုင်မို့ ကိုညီသစ္စာ ဝမ်းသာသွား၏။

"ကူးလေး...ကိုယ်ပါ"

"အင်..."

"ကူးနဲ့ လာတွေ့ပါရစေ"

"မဖြစ်ဘူး၊ ဆေးရုံသွားတော့မလို့"

"ဟောက်စ်ကပြီးပြီပဲ"

ထားနှင့်ပန်တို့နှင့်အတူ ဟောက်စ်ဆာဂျင်တာဝန် ပြီးဆုံးပြီဖြစ်ကြောင်း ကိုညီသစ္စာ သိနှင့်နေ၍...

"အခု ဘယ်က ဆက်တာလဲ"

"အိမ်မဲ့ရာမဲ့ အိမ်ခြေမဲ့လေ၊ ကားပေါ်ကဆက်တာ၊ တွေ့ပါရစေလား"

"ကူး မအားသေးလို့ပါ"

"ကိုယ့်ကို ချစ်တယ်လို့ ပြောပြီးပြီနော်၊ ကူးက ကိုယ့်ချစ်သူ၊ တွေ့ခွင့်ပေးပါ ကူးရယ်၊ တကယ်ပြောတာ၊ ကိုယ် ကူးကို သိပ်လွမ်းနေတယ်"

"ကူး မညာပါဘူး၊ ခုပဲ ဆေးရုံကြီးသွားစရာကိစ္စရှိလို့ပါ"

"ဒါဖြင့် ကိုယ် လာကြိုပေးမယ်လေ"

"ဘယ်ဖြစ်မှာလဲ၊ မေမေကြီးက ဘယ်ကြိုက်ပါ့မလဲ"

"တွေ့ခွင့်ပေးပါ၊ တွေ့ချင်လှပြီ ကူးရဲ့"

"ကူးလည်း စိတ်မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကူး၊ ကူးရဲ့မေမေကြီးက အိမ်ထဲမှာ ပိတ်လှောင် ထားလို့ရတဲ့ အရွယ်မှမဟုတ်တော့တာ၊ ကူးက ကားကို ကိုယ်တိုင် မောင်းပြီး ထွက်လာခွင့်ရှိတယ်၊ ကိုယ်က ကူးတို့အိမ်ကို လာခွင့် မရှိဘူး၊ ဒါကြောင့် အခု အပြင်ထွက်တော့မယ့် ကူးနဲ့ တွေ့ပါရအော ကိုယ် ဘယ်နေရာက စောင့်နေရမလဲသာ ပြောပါ ကူး"

"မဟုတ်ဘူး အစ်ကိုညီ၊ ကူး တကယ်ပြောတာပါ၊ ကူးမှာ တကယ့်ကို အရေးကြီးတဲ့ ကိစ္စရှိနေလို့ပါ၊ နောက်မှပြန်ဆက်နော်"

စန္ဒကူး -ဖုန်းချပစ်လိုက်သည်။

အဝတ်က လဲပြီးသား၊ ခြင်းတောင်းထဲမှာ ယူစရာတွေ စုံရဲ့လားဟု ကြည့်နေဆဲမှာ တယ်လီဖုန်းက မြည်လာပြန်၍—

"အမိန့်ရှိပါရှင်"

"ကူးနော်၊ ဖုန်းပြန်မချလိုက်နဲ့၊ ဖုန်းပြောခွင့်မရရင် ကိုယ် အခု ကားပေါ်မှာ၊ ကူးတို့အိမ်ရှေ့ တစ်ခါတည်း မောင်းလာခဲ့မှာ ကိုယ် ဘယ်လောက် ခံစားနေရလဲ ကူးသိရဲ့လား၊ အလုပ်လည်း မလုပ်ချင်ဘူး၊ အိမ်လည်းမရှိဘူး၊ ကူး အဲဒီလိုလုပ်နေရင် ကိုယ့် ဘဝ ပျက်သွားလိမ့်မယ် ကူးရဲ့၊ ကိုယ်လေ၊ ညီသစ္စာဆိုတဲ့ကောင် ဟာလေ ကူးကိုချစ်လွန်းလို့၊ စန္ဒကူးဆိုတဲ့ မိန်းကလေးကို သေ မတတ် ချစ်လွန်းလို့ဆိုတာ နားလည်ပေး..."

"အစ်ကိုညီ ခဏနေဦး၊ ကိုယ်ပြောချင်တာတွေပဲ ရွတ်ပြီး တောက်လျှောက်ပြောမနေနဲ့ဦး"

"ကူးကမှ..."

"ခဏလေး၊ ဒီမှာ ကူးပြောမယ်၊ ကူးရဲ့ မောင်ဝမ်းကွဲ



ဆေးရုံမှာ အခြေအနေဆိုးနေလို့ သွားရမှာ"

"ကိုယ့်ကို တံခါးဖွင့်မပေးဘဲ တံခါးကို ခြေထောက်နဲ့ ဆောင့်ကန်သွားတဲ့ ကောင်လေးလား"

"ကူး လုံးဝအချိန်မရတော့ဘူး၊ အခု ဖုန်းချတာနဲ့ ထွက် သွားပြီ၊ ကူးမောင်လေး ရောဂါသည်းနေလို့ ပြုစုဖို့ သွားရမှာ၊ ကူးစကားကိုနားထောင်ပါ၊ ကျေးဇူးပြုပြီး နောက်ထပ် ထပ်မဆက် ပါနဲ့တော့နော် အစ်ကိုညီ"

စန္ဒကူးဘက်မှ တယ်လီဖုန်းချသွားပြီ။

ကိုညီသစ္စာက သူ့ဆဲလ်ဖုန်းကို ပိတ်လိုက်ရ၏။ နာခံစွာ နောက်ထပ်မဆက်တော့ပါ။

အရိပ်ကောင်းလှသော ခရေပင်လမ်းတစ်လျှောက်မှ သစ်ပင် ကြီး အောက်တွင် ကားတံခါးကိုဖွင့်ပြီး စန္ဒကူးနှင့် အဆက်အသွယ် ရအောင် ကြိုးစားခဲ့သော်လည်း စန္ဒကူးက လက်မခံ။

လိမ္မာ ယဉ်ကျေးပြီး နူးညံ့ပျော့ပျောင်းသော သူ့ချစ်၏ တောင်းဆိုချက်ကို လိုက်လျောချင်၍သာ ထပ်၍ မဆက်ဖြစ်ခြင်း ပါ။ သူ့စိတ်အတိုင်း ဆိုပါလျှင် ဟိုနေ့ကလို ခြံဝသွားပြီး ကြုံးအော် ပစ်လိုက်ချင်သည်။

သူ့မှာ အချိန်ပြည့် ကူး၏အသံလေးကို ကြားချင်သည်။ ကူး၏ မျက်နှာ လှလှလေးကို ထိုင်ကြည့်နေချင်သည်။ ကူးနှင့် စကားတွေပြောခွင့်ရချင်နေသည်။ ဖြစ်နိုင်ပါလျှင် ကူးနှင့် ခဏ တာလေးမျှပင် ခွဲ၍မနေချင်တော့ဘဲ နှစ်ဘဝကို တစ်ဘဝတည်း အဖြစ်နှင့် ပေါင်းစည်းလိုက်ချင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကူးရယ် အနီးဆုံး အခြေအနေပေးပြီးမှ အဝေးဆုံးကို တခြားစီ လွင့်သွားကြရတဲ့ အခြေအနေပါလား"

ပထမတုန်းက မိခင်ကို တအားစိတ်နာပြီး ဆန့်ကျင်ဘက် စကားလုံးကြမ်းများစွာနှင့် ပစ်ပေါက်ကာ အိမ်ပေါ်က ဆင်းလာခဲ့သည်။ Guest House တစ်ခုမှာ တစ်နေ့လေးထောင်နှင့် တစ်ခန်း ငှားနေ၏။ ဝန်ဆောင်မှုက အပြည့်ပါပဲ။ ဒါပေမယ့် အိပ်စက်ဖို့ အိပ်ရာတစ်ခုအဖြစ်မှလွဲ၍ ပျော်ပိုက်ဖို့ဝေးလို့ ကြည်နူးစရာပင် မကောင်းလေသော အထီးကျန်နေရာ...။

"မာမိုကြောင့်"

ဟု ခါးသီးစွာ အပြစ်တင်ခဲ့မိသော်လည်း သည်းထန်စွာ ငိုရှိုက်၍ ကျန်ရစ်ခဲ့သော မိခင်အကြောင်း ပြန်တွေးမိတော့လည်း...

"ငါ့ကိုချစ်လွန်းလို့၊ တန်ဖိုးထားလွန်းလို့ပဲ ထားလိုက်ပါ တော့မယ်လေ"

ဟု မိခင်ပေါ်တွင် အမျက်ပြေစေရန် ကိုယ့်စိတ်ကိုကိုယ် ပြန်၍ဆုံးမရသည်။ အမျက်ပြေသည်လား၊ မပြေသည်လား ခွဲခြား မရသေးသော်လည်း ရင်ထဲမှာ နာကျင်မှုများဖြင့် တင်းကျပ်နေ၏။

နောက်ပိုင်းမှာ အလုပ်ကို လက်ထောက် အင်ဂျင်နီယာ များနှင့် လွှဲထားပြီး ဆောက်လုပ်နေဆဲ ဆိုက်ထဲသို့ သူ ခဏ လောက်သာ သွားဖြစ်၏။ တခြားနေရာနှင့် သူငယ်ချင်းအပေါင်း အသင်း လုပ်ဖော်ကိုင်ဖက်များဆီသို့လည်း မသွားဖြစ်။ ဘယ်သူနဲ့မှ မတွေ့ချင်။ ဘာအလုပ်ကိုမှ စိတ်စုစည်းပြီး လုပ်ဆောင်၍မရ။

သူ့ရင်ထဲမှ အပြင်းပြဆုံးဆန္ဒက စန္ဒကူးနှင့် တွေ့ဆုံရန်၊ စန္ဒကူးနှင့် ပြန်လည်နီးစပ်ခွင့်ရရန်သာ...။

စန္ဒကူးက သူ့ကို 'ချစ်တယ်' ဆိုသော စကားလေးကြောင့်သာ သူ့ဘဝ ပြိုလဲသွားခြင်း မရှိသေးဟု သူခံယူသည်။

စန္ဒကူးကိုသာ အပြီးတိုင် စွန့်လွှတ်ရလျှင် သူ့အတွက် အရာခပ်သိမ်း ဆုံးရှုံးသွားပြီ၊ ပြီးဆုံးသွားပြီဟု ယူဆကာ သူ့ ဘဝပါ ရပ်တန့်သွားနိုင်သည်။

သူ...ညီသစ္စာသည် စန္ဒကူးကို သူ၏ပိုင်ဆိုင်မှုများထက်၊ သူ၏ဘဝထက်ပို၍မြတ်နိုးခြင်းကြောင့် ဖြစ်၏။

မိန်းမတစ်ယောက်အတွက် အားလုံးအဆုံးရှုံးခံရဲသည် ဆို ခြင်းမှာ ပျော့ညံ့သော ယောက်ျားတစ်ယောက်အဖြစ် လူ့လောက အသိုင်းအဝိုင်းက သတ်မှတ်ကြသော်လည်း ကိုညီသစ္စာကဖြင့် သည်သို့မယူဆ။

"မိန်းကလေးတစ်ယောက်ကို ချစ်နိုင်လွန်းသည့် ယောက်ျား တစ်ယောက်၏ ပြင်းထန်သော စိတ်ဓာတ်နှင့် ဆုံးဖြတ်ရဲမှု"

ဘာပဲဖြစ်ဖြစ် သူ့ကိုလည်း ချစ်နေပြီဖြစ်သော စန္ဒကူးကို ပိုင်ဆိုင်ခွင့်ရအောင် သူလုပ်မည်။ ဘာမဆို သူ စွမ်းဆောင်ရဲပြီး၊ သူ့ချစ်သူ သူ့ဘဝထဲ၊ သူ့ရင်ခွင်ထဲ ရောက်ဖို့သည်သာ သူ့ဘဝ အတွက် အဓိက။

ခုပဲ ဆေးရုံကြီး လိုက်သွားပြီး ဆေးရုံကြီးရှေ့က စန္ဒကူး အလာကို စောင့်ကြိုမည်။ ဘောက်ထော်ကလာမည့် ကားထက် သမ္မတအိမ်တော်ဝင်းရှေ့ ခရေပင်လမ်းမှ သွားမည့် သူကပို၍ စောပြီး ရောက်နိုင်သည်။ ကားကို သူက အမြန်မောင်းနေရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စန္ဒကူးက သူပိုင် ရုပ်ပါဆလွန်းကားလေးကို ခပ်ဖြည်းဖြည်း သာ မောင်းလေ့ရှိသူပါ။

"ကူးမောင်လေး ရောဂါသည်းနေလို့ ပြုစုဖို့သွားရမှာ"

"ကူးမောင်လေး"

"ကူးမောင်လေးဆိုတာ ငါ့ကို မကြည်တဲ့မျက်နှာနဲ့ အမြဲ ကြည့်ပြီး နောက်ဆုံးနေ့က ဒေါ်တွေကန်ပြီး တံခါးကိုတောင် ခြေ ထောက်နဲ့ ဆောင့်ကန်သွားတဲ့ ကောင်ပဲ ဖြစ်ရမှာပေါ့"

"ကူးမောင်လေးဆိုတာ ဒီကောင်ကလွဲပြီး ဘယ်သူမှမဖြစ် နိုင်ဘူး"

"ဟုတ်တယ်လေ၊ ကူးမှာ တခြားဆွေမျိုးမှ မရှိတာ၊ ကူး လေးက မိဘမဲ့ဂေဟာကပဲ"

"ဟင်…ဒါဖြင့် ဒီကောင်နဲ့လည်း ဘာတော်မှာလဲ"

"ဘာမှမတော်စပ်တဲ့ ကောင်လေး တစ်ယောက်ကို ကူး ဒီလောက် သံယောဇဉ်ကြီးနေရသလား"

"ကူးမောင်လေးကို ပြုစုဖို့ သွားမှာတဲ့"

"ငါ့စိတ်ကလည်းပြင်းတယ်၊ သူတို့နှစ်ယောက်ကို တွဲရက် တွေ့ရင် ငါ ဆွဲထိုးမိလိမ့်မယ်"

"ကူးလေးက ကြမ်းတမ်းတာ မကြိုက်ဘူး"

"ငါ့ကို ချစ်တယ်လို့ပြောထားပြီပဲ၊ စေ့စပ်ဖို့တောင် သဘော တူပြီးပြီပဲ၊ ကူးဘက်က ဟိုကောင့်အပေါ် ရိုးရိုးသားသားကြင်နာ တာ နေမှာပါ"

"ဒါပေမယ့် ဟိုကောင်က ရိုးသားပုံမရဘူး"



"ချစ်သူရှိတဲ့ မိန်းမကို လိုက်ကြိုက်နေတတ်တဲ့ကောင်မျိုး ဘာမှသနားစရာမရှိဘူး၊ သေစမ်းကွာ"

ကိုညီသစ္စာက ဆေးရုံကြီးသို့ လိုက်မည့် အစီအစဉ်ကို ပြောင်းလိုက်ပါပြီ။ ရုပ်ပါမတ်ကက်တစ်ခုဝင်၍ စားစရာနည်းနည်း နှင့် ဝီစကီသုံးပုလင်း ဝယ်ချလာသည်။

နေပျော်ရုံရှိသော ဖိုးစိန်လမ်းထဲမှ Luxury Guest House ရှိ သူ၏ တစ်ယောက်အိပ်ခန်းလေး ရှိရာသို့ ပြန်လာခဲ့သည်။

အရက်ကို အတိုင်းအဆမရှိ သူတစ်ယောက်တည်း တစ် ခွက်ပြီး တစ်ခွက် သောက်ပြီးနောက်…

သူ မှောက်သွားတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးသည် လမ်းမတော်ဘက်မှနေ၍ ဆေးရုံကြီးဝင်းထဲသို့ ကားဝင်ခဲ့ပြီး နှလုံးရောဂါဌာနရှေ့မှဖြတ်၍ လူသွားလမ်း ပေါင်းကူး မိုးလေး ရှိရာကို ကျော်ကာ စားသောက်ဆိုင်ရှေ့သို့ ဦးတည်လိုက်ပြီးမှ လက်ဝဲဘက်ရှိ သြောင်ပင်ကြီးအောက်တွင် ကားရပ်၍ သော့ခတ်လိုက်၏။

ကင်ဆာဝဒ်သို့ ခြင်းတောင်းဆွဲပြီး ဝင်လာချိန်မှာ ဒေါ်ခင်သန်းမြင့်က ဆီးငို၍ ကြိုသည်။ ဦးမြင့်စိုးက သူ့သားလေးကို ပွေ့ထားပြီး မျက်ရည်ကျသော မျက်နှာထက်ပင် ပို၍သနားစရာကောင်းလောက်အောင် ဖြစ်နေရှာသည်။

စန္ဒကူး ရောက်လာသည်ကို အားတက်သွားကြဟန်နှင့် သူတို့မျက်လုံးသုံးစုံက မျှော်လင့်တကြီး ကြည့်နေကြသည်။

စန္ဒကူး အမြန်လာပါဟု ဖုန်းဆက်ခေါ်သူက ဒေါ်ခင်သန်းမြင့် ကိုယ်တိုင်။ ဖုန်းဆက်ချိန်နှင့် စန္ဒကူးရောက်လာချိန် ကွာဟမှုက တစ်နာရီတိတိ။

"မောင်လေး...ညို...ဘယ်လိုနေလဲဟင်"

အညိုက ခေါင်းခါပြပြီး ပြန်အိပ်မည်ဟု ပြသဖြင့် ဖခင် ဦးစိုးမြင့်က ညင်ညင်သာသာ အိပ်ရာပေါ်သို့ ချသိပ်လိုက်ရသည်။

စန္ဒကူးက ခုတင်ပေါ်သို့ တင်ပါးလွှဲထိုင်လိုက်ပြီး မောင်အေးငြိမ်းညို၏ ရင်ဘတ်ပေါ်မှာ လက်တစ်ဖက်တင်၍ ကျန်တစ်ဖက်က သူ့လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"အညို...ဆေးရုံပေါ်မှာပဲ ဆရာဝန်ကြီးတွေ အများကြီးရှိတယ်၊ ဘာမှအားမငယ်နဲ့နော်"



အေးငြိမ်းညိုက ခေါင်းကို ဖြည်းလေးစွာခါသည်။ သူ မောနေပြီ။ သူ့လက်ကလေးကို ရုန်းလိုက်ပြီး စန္ဒကူးလက်ကို သူက ပြန်ကိုင်သော်လည်း တင်းကျပ်မှုမရှိ၊ အားမဲ့စွာ။

"မ...မ...ကူး"

"မမကူး ရောက်လာပြီလေ၊ တော်ကြာ ဆရာဝန်ကြီးတွေဆီ မမကူး သွားလိုက်ဦးမယ်"

"မသွားနဲ့...မခေါ်နဲ့"

"ဟင်..."

"ဘယ်သူမှမလာကြပါနဲ့"

အေးငြိမ်းညိုက အားယူ၍ ပြောလိုက်ပြီးမှ အားလျော့လွန်းသော လေသံတိုးဖြင့်...

"ဘယ်သူမှမလိုတော့ဘူး"

"အို...အညို"

"မမကူး...မမကူး"

"ဟင်..."

"မမကူး...အညို...အညို့နားမှာ နေပါ"

"နေမှာပေါ့ မောင်လေးရဲ့"

အညိုသည် အသက်ကို ခက်ခဲစွာရှူသွင်းပြီးမှ အားယူ၍...

"ကျွန်တော်...ကျွန်တော် သေတဲ့အထိ အနား...အနားမှာ နေပေးပါ မမကူးရယ်"

"ဟယ်..."

သူ့လက်ကလေး ပြုတ်ကျပြီး သူ့မျက်စိမှိတ်သွားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့နှလုံးက ခုန်လှုပ်ဆဲ။ သူ့ရင်ဘတ်လေး နိမ့်ချည်မြင့်ချည်နှင့် အသက်ရှူနေဆဲပါ။

"မောင်လေးရယ်..."

မှိတ်ထားသော မျက်ဝန်းဆီမှ မျက်ရည်များ စီးကျလာသဖြင့် သူ့ပါးနှစ်ဖက်မှာ စန္ဒကူး၏ လက်ဝါးလေးနှစ်ဖက်ကပ်ပြီး နှားသယ်စမှ မျက်ရည်များကို သုတ်ပေးနေမိသော စန္ဒကူး၏ မျက်ဝန်းမှာလည်း မျက်ရည်များ ပြည့်ဝိုင်းလာပြီး...

'သူ့ထိန်းမှ'ဆိုသော ဆင်ခြင်မှုကြောင့် ငိုချပစ်လိုက်ချင်သော စိတ်ကို မနည်းအားတင်းထားရပါ၏။

အိပ်ပျော်ခြင်း မဟုတ်ပါဘဲနှင့် အေးငြိမ်းညိုက မျက်စိစုံမှိတ်ထားသည်။ မျက်ရည်နွေးလေးများက စီးဆင်းဆဲ။

"မငိုပါနဲ့...သားလေးရယ်"

"သားသိပ်ချစ်တဲ့ သားရဲ့မမကူး အနားမှာရှိနေပြီလေ"

"ဟုတ်တယ် အညို၊ တော်ကြာ မမကူးပါ ငိုမိလိမ့်မယ် သိလား၊ အားတင်းထားနော်"

ဦးစိုးမြင့်၊ ဒေါ်ခင်သန်းမြင့်နှင့် စန္ဒကူးတို့၏ စကားများကို သူ ကြားပါသည်။ သူလည်း စိတ်တင်းလိုက်ဟန်ဖြင့် မျက်ရည်စီးဆင်းမှု ရပ်တန့်သွားချိန်လောက်မှ မျက်လုံးလေးပွင့်လာပြီး...

"မမကူး...မငိုရဘူး"

"မငိုပါဘူး"

တစ်ယောက်နှင့်တစ်ယောက် နှစ်သိမ့်မှုလေးတွေ ပေးနေကြသည်ဟု ထင်ခဲ့မိသော်လည်း အေးငြိမ်းညိုက လေးနက်စွာ...

"ဘယ်ယောက်ျားအတွက်မှ မငိုပါနဲ့"

"ဟင်..."

"ဟိုလူ့အတွက် မျက်ရည်မကျနဲ့"

"အင်းပါ"

"ဟိုနေ့က မမကူးငိုရလို့ ကျွန်တော်...ကျွန်တော် သူ့ကို သတ်...သတ်ပစ်ချင်နေတာ"

"အညိုကလည်းကွယ်၊ မငိုပါဘူး၊ နောင်လည်း သူ့အတွက် မမကူး ဘယ်တော့မှမငိုတော့ဘူးနော်၊ စိတ်ချ...သိလား"

အညိုက အားရစွာ ခေါင်းညိတ်ပြရှာသည်။

အညို ပို၍မောလာသဖြင့် အောက်စီဂျင်ယူလာပြီး နှာခေါင်းမှ တစ်ဆင့် သန့်စင်သော အောက်စီဂျင်ငွေ့ကို ရှူရ၍ အမောနည်းနည်းသက်သာသွားသော်လည်း စန္ဒကူး၏ လက်ကလေးကို ဆုပ်ကိုင်ထားဆဲပင်။

"အန်တီသန်း...[illegible] ဆရာဝန်တွေအခန်း သွားလိုက်ဦးမယ်"

"ကိစ္စရှိလို့လား၊ မြန်မြန်ပြန်လာပါနော်"

"အညို့အခြေအနေ သွားမေးမလို့ပါ"

တစ်ယောက်နှင့်တစ်ယောက် နားနားသို့ကပ်ပြီး ပြောရ၏။ အညို့လက်ကလေးကို အသာဖြေ၍ ဒေါ်ခင်သန်းမြင့် လက်ကို ပြန်ထည့်ပေးခဲ့ရသည်။ အညိုက မှိန်းနေ၏။

စန္ဒကူးကို တိုက်ရိုက်သင်ရသော ဆရာကြီး မဟုတ်သော်လည်း စန္ဒကူးက ရိုသေစွာ ပြောပြပြီး အေးငြိမ်းညို၏အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို မေးမြန်းသည့်အခါမှာ...

"ဝမ်းနည်းစရာပဲကွယ်၊ တီဘီဆိုပြီး ကုနေတော့ ကင်ဆာရောဂါအတွက် ကုသဖို့ အချိန်နှောင်းသွားရတာပေါ့"

"ဓာတ်မှန်အဖတ်မှားတယ်လို့ ကျွန်မ ကြားဖူးခဲ့တာ ခုတော့ ကျွန်မ မောင်လေးမှာမှ လာကြုံရတယ် ဆရာရယ်"

"ဆရာဝန်ချင်း အပြစ်မပြောရဘူးလေ"

"မပြောသင့်မှန်း သိပါတယ် ဆရာ၊ ကျွန်မ တစ်ခုလောက်တော့ မေးပါရစေ"

"မေးပါ"

"တကယ်လို့ ဓာတ်မှန်ရိုက်ပြီး စသိသိချင်း အချိန်စောပြီး ကုသခွင့်ရရင် ကျွန်မ မောင်လေး အသက်ချမ်းသာရာရမှာပေါ့နော်"

"မင်းလည်း ဆရာဝန်ဖြစ်ပြီပဲ"

"ရှင်..."

"ကင်ဆာဆိုတာ စ,သိတာနဲ့ အတော်လေး ပျံ့နှံ့နေတတ်တယ်လေ၊ မောင်အေးငြိမ်းညိုရဲ့ ရောဂါက ဓာတ်မှန်ရချိန်က စ,ကုလည်း အသက်ချမ်းသာရာရဖို့ သိပ်မလွယ်နိုင်တော့ဘူးလေ၊ ဒါပေမယ့် ခုလောက်တော့ မြန်ချင်မှမြန်မှာပေါ့"

"ခုလောက်"

"ဟုတ်တယ်၊ မနက်က ဆရာ ရောင်းဒ် ပြီးပြီ၊ မောင်အေးငြိမ်းညို ဒီညဦးပိုင်းလောက်အထိပဲ"

"ဘုရား...ဘုရား"



ကိုယ့်ရင်ကို ကိုယ်ဖိပြီး ဆရာဝန်ကြီးအခန်းက ထွက်လာခဲ့ရပါသည်။ မိမိက ဆရာဝန် ဆိုသော်လည်း အတွေ့အကြုံကနုနယ်သေးသည်။ ဤသမားတော်ကြီးများ၏ အတွေ့အကြုံကရင့်ကျက်လှပြီ။ သူတို့မှန်းသည့်အတိုင်း ဒက်ထိ ဖြစ်တတ်သည်ချည်းမို့...

"မောင်အေးငြိမ်းညို့ ဒီညဦးပိုင်းလောက်အထိပဲ"

"ဒီညဦးပိုင်းလောက်အထိပဲ"

စန္ဒကူးသည် နီးရာ ခုံတန်းလျားရှည်၏ ထောင့်စွန်းမှာ ဝင်ထိုင်ပြီး ကျလာသော မျက်ရည်များကို အိတ်ထဲမှ တီရှူးပေပါလေးနှင့် သုတ်နေရသည်။ အဖြစ်မှန်ကို မသိရှာသေးသော အေးငြိမ်းညိုတို့ မိသားစုကို စန္ဒကူး ရင်မဆိုင်ရဲသေး။

ရိုးသား ဖြောင့်မတ်သော ဦးမြင့်စိုး၊ အလိုက်သိတတ်စွာ ပတ်ဝန်းကျင်အားလုံးနှင့် သင့်တင့်အောင် နေလေ့ရှိသည့် ဒေါ်ခင်သန်းမြင့်နှင့် အေးမြငြိမ်းချမ်းရုံမက ရိုးသားနှာခံစွာ နေလာခဲ့သော မောင်အေးငြိမ်းညို။

သူတို့မိသားစုကို ကြည့်ရှုသည့်အနေနှင့် ခြံဝင်းထဲမှ တိုက်ငယ်လေးတွင် ယုံကြည်စွာ နေခွင့်ပြုထားသော ဒေါ်ဦးမေ။

တိုက်အောက်ထပ်မှ ဒေါ်စုစုနှင့် သူ့သမီး အပျိုကြီး အေးအေးနိုင်နှင့်ပင် ဘာပြဿနာမှမရှိကြသော မိသားစု။

ချစ်ခင်စည်းလုံးစွာ နေလေ့ရှိသော မိသားစုတွင်းမှ သူတို့၏ ချစ်မြတ်နိုးလှစွာသော တစ်ဦးတည်းသော သားလိမ္မာလေးကိုမှ ကံကြမ္မာက ရွေးပြီး ရက်စက်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး...အညိုရယ်"

ဘာအကြောင်းမှ ရှာလို့မရဘဲ သူ့ဘာသာသူ ဖြစ်ချင်သည့် နေရာမှာ လာ၍ဖြစ်လေ့ရှိသော ရောဂါ။ အဆုတ်၊ အသည်း၊ အူ၊ အစာပဟောင်းအိမ်၊ သားအိမ်၊ သားမြတ်၊ အရိုး စသော ကိုယ်ခန္ဓာ၏ အစိတ်အပိုင်း အားလုံး၊ နောက်ဆုံး အရေပြားပါမကျန် အရေပြားကင်ဆာ၊ သွေးကင်ဆာ၊ ဦးနှောက်ကင်ဆာ ဆိုပြီး နေရာအနှံ့မှာ ဖြစ်လေ့ရှိသော ရောဂါ။

လူသားတို့၏ တီထွင်နိုင်မှုကြောင့် ကမ္ဘာ့ဆွဲငင်အားမှ လွတ်ထွက်နိုင်ခဲ့ပြီး အာကာသသို့ တိုင်အောင် လူသားတွေ ရောက်ရှိကြ၊ ဆင်းသက်ကြ၊ စူးစမ်းရှာဖွေနိုင်ကြရုံမက ဤနေစကြဝဠာ၏ အစွန်းမှနေ၍ အနန္တစကြဝဠာသို့တိုင်အောင် လေ့လာစူးစမ်းနေကြသော အံ့မခန်း လူသားများ။

သည့်လောက် တော်ကြ တတ်ကြ စွမ်းဆောင်နိုင်ကြပါလျက် ဤ'ကင်ဆာ'ဆိုသော ရောဂါဆိုးကြီး ဖြစ်မလာအောင် တားမြစ်နိုင်သည့် ကြိုတင်ကာကွယ်ဆေးလည်း လုံးဝမရှိ။

ဖြစ်လာပြန်ပါက စောစောသိလျှင် အသက်ကို ဆွဲဆန့်နိုင်ရုံကလွဲပြီး လုံးဝ ပျောက်ကင်းအောင် ကုသနိုင်ခြင်း မရှိသေးသော ရောဂါ။

ဆေးပညာကျွေ၊ ဆေးမျိုးစုံတွေ တီထွင်ပေါ်ထွက်နိုင်ပါလျက် လူသားတို့၏ အသက်များစွာကို အောင်မြင်စွာ နှုတ်ယူသွားနိုင်သည့် ရောဂါဆိုးကြီးက အေးငြိမ်းညိုလို အရွယ်ကောင်းယောက်ျားလေးမှာမှ လာပြီး စွဲကပ်ရက်သတဲ့လား။



စန္ဒကူးသည် ကိုယ် သင်ယူတတ်ကျွမ်းထားသော အတတ်ပညာ၊ လူသားတို့၏အသက်ကို ကယ်ယူနိုင်သည့် ဆရာဝန်ဆိုသော သတ်မှတ်မှုနှင့်ပင် မထိုက်တန်တော့ပါဟု နာကျည်းစွာတွေးဖြစ်၏။

"မောင်လေးကို မမကူး မကယ်နိုင်တော့ဘူး၊ မကယ်နိုင်တော့ပါဘူးကွယ်"

ငုံ့၍ငိုနေသော စန္ဒကူး၏ ပခုံးပေါ်သို့ လက်တစ်ဖက် လာတင်၍ မော့ကြည့်မိရာ...

"သားလေးက စန္ဒကူးကို မေးနေလို့ အန်တီသန်း လိုက်ရှာနေတာ"

"ဟုတ်ကဲ့...လာပြီ"

မျက်ရည်သုတ်ပြီး ထလိုက်ချိန်မှာ...

"ဆရာဝန်ကြီးက ဘာတဲ့လဲ၊ ဘာပြောလိုက်လို့ ငိုနေတာလည်း ကူးရယ်၊ အန်တီသန်း ရင်တွေတုန်လိုက်တာ"

"ဘာမှ ထူးထူးခြားခြားမပြောပါဘူး၊ ကုနေဆဲပါ၊ မောင်လေးကို သနားလို့ သူ့ရှေ့မှာ မငိုချင်လို့ ဒီမှာ လာထိုင်နေတာပါ အန်တီသန်း၊ သွားကြမယ်လေ"

'ညဦးပိုင်းအထိပဲ'

ဆိုသော စကားကို သူ မပြောရက်ပါ။ သားနဲ့အမိ နာရီပိုင်းအတွင်း ခွဲခွာရတော့မည်။ အဆုံးစွန်သော ဆုံးရှုံးခြင်းများဖြင့် သူ့သားလေးကို စွန့်လွှတ်လိုက်ရတော့မည်ဆိုသည့် အကြောင်းကို...

"မသိပါစေနှင့်ဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ဝဒ်ထဲဝင်လာချိန်မှာ အညို့ခုတင်ဘေးတွင် ကန့်လန့်ကာ အစိမ်းကြီး ကာထားနှင့်ပြီ။

အတူယှဉ်၍ ကုသမှု ခံယူနေကြသော လူနာအချင်းချင်းမှာ တစ်စုံတစ်ယောက်၏ သေဆုံးမှုကို တခြားလူတွေ မမြင်စေချင်သည့် သဘောပါပင်။

ဆေးရုံအတွေ့အကြုံမရှိသော ဒေါ်ခင်သန်းမြင့်တို့က နားလည်ပုံ မရကြ၍ တော်ပါသေးသည်။

အေးငြိမ်းညိုနားသို့ တာဝန်ကျ ဆရာဝန်နှင့် စန္ဒကူးထက် တစ်နှစ်ငယ်သော အလုပ်သင် ဆရာဝန် ယောကျ်ားလေး တစ်ယောက်တို့ ရောက်လာပြီး အကြောဆေးသွင်းပေးသည်။ ဒေါ်ခင်သန်းမြင့်တို့က မျှော်လင့်တကြီးနှင့် အားတက်သွားပုံရသော်လည်း ဤဆေးမှာ အသက်ကယ်နိုင်စွမ်းမရှိ။ အသက်မသေဆုံးမီ နောက်ဆုံး ကာလမှာ နာကျင်စွာ ခံစားနေရသော 'ရောဂဒုက္ခ'မှ သက်သာခွင့်လေးရရုံပါပင်။ ဆေးထိုးပြီးချိန်မှာ စန္ဒကူးက ခုတင်စောင်းတွင် ကင်ပါးလွှဲလေးထိုင်၍...

"ညို...မောင်လေး"

မောဟိုက်နွမ်းညှိုးလွန်းသော မျက်နှာလေးနှင့် စန္ဒကူးကို ကြည့်နေပုံက ကြေကွဲစရာကောင်းလှချည့်လေ။

"ဆေးထိုးပြီး မောင်လေး သက်သာသွားမှာပါနော်"

အေးငြိမ်းညိုက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၍...

"မ...မ...ကူး..."

အသံ မရှိပြီ။ လေသံလေးကိုပင် အားယူ၍ ပြောနေရသဖြင့်..



စန္ဒကူးက သူ့ပါးစပ်လေးနားသို့ ပါးအပ်သလို ငုံ့ပေး၍ သူ့စကားကို နားထောင်နေမှန်းသိစွာ...

"ဖေနဲ့မေကို သနားတယ်"

"အို..."

"မ...မမ...ကူးကို..."

သူ့လေသံလေး ပြန်ဝင်သွားပြီးမှ...

"မမကူးကို...မခွဲချင်ဘူး"

စန္ဒကူးက ခေါင်းကိုပြန်မတ်၍...

"မောင်လေးရယ်၊ ဆေးထိုးထားတယ်လေ၊ မှိန်းလိုက်ပါဦး"

သူက ခေါင်းခါပြန်သည်။ စကားပြောဖို့ ဟန်ပြင်ပြန်၍ စန္ဒကူး စောစောကလို သူ့ပါးစပ်နား နားကပ်လိုက်ချိန်မှာ...

"ကျွန်တော်...ကျွန်တော်..."

"မမကူးကို...သိပ်...သိပ်ချစ်ပါတယ်"

ဤစကားစုလေးကိုပင် ခက်ခဲပင်ပန်းစွာ ပြောပြီး အညိုပို မောလာ၏။

မိဘမဲ့ဂေဟာမှ စန္ဒကူးကို ခေါ်လာသည့်နေ့မှာပင် စတင်တွေ့ဆုံခဲ့ရသော အညို၊ စန္ဒကူးဘဝ၏ ပထမဆုံး သူငယ်ချင်း၊ အနစ်နာခံ၍ ကစားပေးလေ့ရှိသော ကောင်လေး၊ ယောကျ်ားလေး အားလုံးထဲမှာ စန္ဒကူး သန့်စင်စွာ သံယောဇဉ်အရှိဆုံးလူသားက အေးငြိမ်းညို။

စန္ဒကူးက ထိုင်ရာမှထလိုက်ပြီး ကိုယ်ကိုင်းသွတ်တာ သူ့

www.burmeseclassic.com

www.burmeseclassic.com



ဆံစ နေရာလေးကို လက်နှင့် ရွရွလေးအုပ်၍ ခေါင်းငုံ့လျက်...
အေးငြိမ်းညို၏နဖူးပြင်လေးကို နမ်းရှိုက်လိုက်သည်။
ထိုအနမ်းထဲတွင် ဖြူစင်သော ချစ်ခြင်းမေတ္တာ အပြည့် ကြင်နာခြင်း အငွေ့အသက် များစွာတို့ဖြင့် ဖွဲ့စည်းထားသော...
'စန္ဒကူး၏အနမ်း'
နွမ်းနယ်ညှိုးငယ်လွန်းနေသော အေးငြိမ်းညို၏ မျက်နှာလေးမှာ ချက်ချင်းလိုပင် ကြည်ဝင်းသွားသည်။
နောက်ထပ် အေးငြိမ်းညို စကားမပြောနိုင်ရှာတော့ပါ။
ဆောင်းဦးကာလ၏ ညဦးပိုင်းမတိုင်မီ ညနေစောင်းလေးမှာပင် လူ့လောကဌ် အပြစ်ကင်းမဲ့စွာ နေထိုင်ဖြတ်သန်းသွားခဲ့သော...
စန္ဒကူးကို သူ့နှလုံးသားနှင့်ထပ်တူ ချစ်မြတ်နိုးရှာသော အေးငြိမ်းညိုဆိုသည့် အသက် ၂၂ နှစ်အရွယ် ကောင်လေးသည်...
သူ့အချစ်ဆုံးသုံးယောက် ဖြစ်သော သူ့ဖခင်၊ မိခင်နှင့် စန္ဒကူးတို့၏ ရှေ့မှောက်မှာပင် ညင်သာစွာ နောက်ဆုံးထွက်သက်ကို ရှူရှိုက်ရင်း ငြိမ်သက်သွားခဲ့ပါပြီ။
နှလုံးသည်းပွတ်နှင့် ထပ်တူ သူတို့၏ သားလေးအပေါ် ချစ်မြတ်နိုးကြရှာသော မိခင် ဒေါ်ခင်သန်းမြင့်နှင့် ဖခင်ဦးစိုးမြင့်တို့၏ ကြေကွဲစွာငိုကြွေးနေကြပုံက မြင်ရက်စရာမရှိ။
စန္ဒကူး၏ နောက်ဆုံးအနမ်းလေး ပေးလိုက်ရပြီးသော အေးငြိမ်းညို၏ သက်မဲ့ခန္ဓာလေးကို မိဘနှစ်ပါးက ပွေ့ယူကြ၊ နမ်းရှိုက်ကြသည်မှာ အလောင်းလာသယ်ယူသွားခါနီး အထိပါပင်။



အေးငြိမ်းညို၏ ဈာပနကို ဒေါ်ဦးမေက အစစအရာရာ တာဝန်ယူ၍ မြေကျရုံမက ရက်လည်ဆွမ်းသွတ်သည်အထိ တာဝန်ယူပါမည်ဟု ပြောဆိုပြီး...
သူလည်း တစ်ချိန်တုန်းက သမီးလေးတစ်ဦး သေဆုံးခဲ့ဖူးသည်နှင့် ယှဉ်၍ တရားပြကာ နှစ်သိမ့်ပေးရှာသည်။
ဒေါ်ဦးမေ၏စကားကို နားထောင်နေကြသော်လည်း သားလေးအတွက် အပူမီးက ဘယ်တရားနှင့်မှ မငြိမ်းအေးစေနိုင်ပါ။
"သားလေးရေ...လူလေးရေ"
ဟု အော်ငိုနေကြသလို စန္ဒကူးမှာလည်း ရင်ထဲ နှလုံးသားထဲမှနေ၍ နာကြင် ကြေကွဲစိတ်နှင့် ငိုရှိုက်လျက်ပါ။
"မောင်လေးရေ..."
"မမကူးကို သိပ်ချစ်ရှာတဲ့ မောင်လေးရယ်"
"ကောင်းရာသုဂတိသို့ ရောက်ပါစေကွယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ၁၅

## စိုးရိမ်ဖွယ် ရှင်သန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

"ဦးအောင်သစ္စာအိမ်ကပါလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ"

"ဟာ…ဦး၊ ကျွန်တော်တို့ ဖိုးစိန်လမ်း Luxury Guest House က ဆက်နေတာပါ၊ ကိုညီသစ္စာဆိုတာ…"

"ဟုတ်တယ်၊ ဦးရဲ့သား၊ မင်းဆက်ပုံက အရေးတကြီးနဲ့ ပါလား"

"ဟုတ်ပါတယ်၊ ကိုညီသစ္စာ အရက်တွေ သိပ်သောက်ပြီး ခု ခေါ်လို့လည်းမရဘူး၊ တစ်ကိုယ်လုံးလည်း အေးစက်လို့"

"ဟင်…သေ…သေတာလား"

"သေတာတော့ မဟုတ်ဘူးလို့ထင်တာပဲခင်ဗျ"

"အေးမင်းတို့လိပ်စာနဲ့ ဖုန်းနံပါတ်ပေး၊ ဒီမှာ…"

"ဟုတ်"

"ငါ အခုပဲလာမယ်၊ အဲဒီနားနီးတဲ့ သျှင်ပါကူဆေးခန်းကို ငါ ဖုန်းဆက်လိုက်မယ်၊ အရေးပေါ်ကားလာရင်လည်း ခေါ်သွားနှင့် ပါစေ၊ ကြားလား"

ဦးအောင်သစ္စာက ခြံနံပါတ်နှင့်ဖုန်းနံပါတ်မှတ်ပြီး အောက်ထပ်သို့ ပြေးဆင်းလာချိန်မှာ သားအမိသုံးယောက် ကော်ဖီသောက်နေကြဆဲ…

"သားကြီး တည်းခိုခန်းမှာ သတိမေ့နေလို့တဲ့"

"အမယ်လေး…"

"ခုမှ အော်မနေနဲ့၊ ဦးထွန်းမြတ်လမ်းထိပ်နားက သျှင်ပါကူဆေးခန်း လိုက်ခဲ့ကြ"

www.burmeseclassic.com

www.burmeseclassic.com



"အို...နေဦး...နေဦးလေ၊ ရှုဘီတို့ပါ..."

"ငါ ဘယ်သူမှ မစောင့်နိုင်ဘူး၊ ငါ့သားကြီး အသက်မိဖို့က ပိုအရေးကြီးတယ်"

ဦးအောင်သစ္စာက လက်တစ်ဖက်ဖြင့် ရုပ်အင်္ကျီကို စွပ်လျက် စကားတွေဆက်တိုက်ပြော၍ ဆင်းသွား၏။ ချက်ချင်းလိုပင် ခြံထဲမှ ကားဝူးခနဲမောင်းထွက်သွားသံ ကြားရသည်။

"ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်မလဲ၊ လိုက်သွားရမှာပေါ့၊ မာမီက အရမ်းတင်းမာတာကို"

"ခုမှ ပြောမနေပါနဲ့တော့ ပန်ရယ်၊ ကဲ...အမြန်လုပ်ကြ။ ထား ကားထုတ်ထားလိုက်မယ်"

ဒေါ်ရှုဘီခင်မြဝင်းက တိုက်ပေါ်မှ ပြေးဆင်းတော့မလို့ လုပ်ပြီးမှ သူ့ အိမ်နေရင်းဂါဝန်ရှည်ကြီး ဝတ်ထားသည်ကို သတိရပြီး ပြေးချွတ်၊ ပြေးဝတ်၊ ပြေးဆင်းနှင့်ပင်...

သားဇောနှင့်မို့ ခြေမကိုင်မိ လက်မကိုင်မိ ဆိုသည်မှာ တကယ်ပါပင်။ ဟိုပြေးသည်လွှားနှင့် ကားပေါ်ရောက်တော့လည်း တုန်တုန်ရီရီဖြင့် တစ်ခါမှ မတ,ဖူးသော ဘုရားကိုတ၍...

"ဘုရားကယ်တော်မူပါ"

"သားကြီးအသက်ကို ချမ်းသာပေးတော်မူပါ"

ဒေါ်ရှုဘီခင်မြဝင်း ဆုတောင်းနေပုံကိုက ဗုဒ္ဓဘာသာ ဟူသော ဘုရား၏တရားတော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီ။

ထိုသူ သေလျှင်ပင် ဘုရားက အသက်ချမ်းသာမပေးလို့ ဘုရားကြောင့်ပင် သေရသလိုလို ဖြစ်မနေပေဘူးလား။



ဂေါတမမြတ်ဗုဒ္ဓသည် ကယ်တင်ရှင် မဟုတ်ပါ။

ဖန်ဆင်းရှင်လည်း မဟုတ်ပါ။

မင်းက မသေနဲ့ဦး၊ မင်းကတော့ သေသင့်ပြီ ဟူ၍လည်း စီရင်ချက်ချမပေးပါ။ 'ဘုရားပေးသရွေ့ပဲ'ဆိုသော စကားလည်း မှားပါ၏။

လူသားအားလုံး၊ သတ္တဝါအားလုံး မိမိပြုသော ကောင်းမှု၊ မကောင်းမှုအတိုင်းသာ ဖြစ်ကြရ၊ ပျက်ကြရသည်။

မြတ်ဗုဒ္ဓက ဒီလိုလုပ်ရင် လောကရော သံသရာပါ အကျိုးပေးမယ်၊ ဟောဒါကို ဆန့်ကျင်ဘက်လုပ်ရင် လောကမှာလည်း ပျက်စီးမယ်၊ သံသရာမှာလည်း အပါယ်ငရဲကျနိုင်တယ် ဆိုသော တရားတော်များကို ဖြောင့်မတ်စွာ ဟောပြော ညွှန်ပြထားခဲ့ပြီးနောက် ဘုရားရှင် ကိုယ်တော်တိုင် ဘဝပြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုသွားခဲ့ပါပြီ။ ဘယ်သတ္တဝါ၏ ကောင်းကျိုးဆိုးကျိုးကိုမှ မကြည့်တော့ပါ။ သက်တော်ထင်ရှားရှိစဉ်က သတ္တဝါများ၏ ကောင်းကျိုးအတွက် ၄၅ နှစ်တာ ကာလပတ်လုံး ဟောပြောညွှန်ပြ ဆုံးမတော်မူခဲ့သော တရားတော်များက ယခုထိတိုင် လွှမ်းမိုးပြန့်နှံ့နေဆဲဖြစ်၍ ထိုတရားစစ်တရားမှန်ကို သိရှိနားလည်ကာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ဖို့သာ အရေးကြီးပါ၏။

"မာမီကလည်း ဘာလို့ငိုတာလဲ၊ ဘာမှန်းမှ မသိရသေးတာ"

"စိတ်ပူလွန်းလို့ပါ သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်တော့မှာပါ၊ ဘာမှဖြစ်မှာမဟုတ်ပါဘူး"

ပြောသာပြောရသည်၊ ထားသစ္စာရော ပန်သစ္စာပါ မစိုးရိမ် မပူပန်ဘဲ မနေနိုင်ကြပါ။

"သျှင်ပါကူကိုပဲ အရင်ဝင်ကြည့်မယ်"

ဆိုသော ဆုံးဖြတ်ချက်နှင့် ထားက ကားရှိန်မြှင့်ပြီးမောင်း လိုက်၏။

ဖိုးစိန်လမ်း တည်းခိုခန်းသို့ သျှင်ပါကူဆေးခန်းမှ အရေး ပေါ် လူနာတင်ယာဉ်က အရင်ဆုံးရောက်နှင့်ပြီး တင်ဖို့ပြင်ဆင် နေဆဲ ဦးအောင်သစ္စာ ရောက်ချလာသည်။ ချက်ချင်းလိုပင် ကား ပေါ် လူနာတင်၍ Ambulanceကားနှင့် နီးနီးလေးဖြစ်သော သျှင် ပါကူ ဆေးခန်းသို့ ဆယ်မိနစ်အတွင်း ရောက်ရှိလာ၏။ ဦးအောင် သစ္စာပါ သူ့သားနှင့် အတူလိုက်ပါသည်။

အရေးပေါ်ခန်းမှာ စမ်းသပ်စစ်ဆေး၊ ဒရစ်(ပ)သွင်း၊ ဆေး ထိုးပြီး အရေးတကြီး လူနာခန်းမှာထား၍ ကြပ်မတ်ကုသလိုက်ရာ ညီသစ္စာ သတိပြန်ရလာသည်။

"ဖေဖေပါလား"

"ကျွန်တော် ဒီကို ဘယ်လိုရောက်လာတာလဲ"

ညီသစ္စာက သူ့ကိုယ်သူ အံ့သြသလို ဖြစ်နေ၍...

"မသေကောင်း မပျောက်ကောင်းကွာ၊ ဖေဖေ့မှာ စိတ်ပူ လိုက်ရတာ"

ညီသစ္စာက သူ့ကိုယ်သူ ပြန်လည်တည့်မတ်ပြီး စဉ်းစား လိုက်ချိန်မှာ စန္ဒကူးနှင့်သူ အဆင်မပြေ၍ စိတ်ညစ်ပြီး အရက်များ



ဝယ်ခဲ့သည်။ အစာမစားဖြစ်ဘဲ အရက်တွေ တအားသောက်ပစ် လိုက်ပြီး လေအေးပေးစက် အခန်းထဲမှာ အင်္ကျီကျွတ်နှင့် အိပ်ပျော် သွားရာမှ မေ့မြောသွားခြင်း ဖြစ်၏။ ကိုယ်ခန္ဓာ၏ ကျန်းမာရေး ကောင်းလွန်းသဖြင့်သာ လေဖြတ်ခြင်းလို ဝေဒနာမျိုး ဖြစ်မသွား ခဲ့ပါ။ အာရုံကြော နဗ်ကြောများနှင့် ဦးနှောက်ကို ထိခိုက်သွား၍ ခေတ္တ မေ့မြောသွားခြင်းဖြစ်သည်။ ထိုလူနာမျိုး အချိန်မီမကုသ လျှင် အသက်သေဆုံးနိုင်၏။ အိမ်မှာလို အချိန်မှန်အိပ်၊ အစောကြီး ထခြင်းမျိုး ဆိုသော ပုံမှန်လည်ပတ်မှု မလုပ်ဖြစ်ပါ။ အိပ်ချိန်စားချိန် လည်း မမှန်၍ အိပ်ရာထချိန် နောက်ကျတတ်၏။ ထိုနေ့မနက်က အလုပ်ကိစ္စတစ်ခု အရေးကြီး၍ သူ့ကို စောစောနှိုးဖို့ ဟိုတယ် ဝန်ထမ်းလေးကို မှာထားမိ၍သာ ကံကောင်းသွားခြင်းဖြစ်သည်။ ကောင်လေးက တံခါးခေါက်ပြီး ခေါ်မရ၍ မာစတာကီးနှင့် ဖွင့် ဝင်ချိန်မှာ ခုတင်ပေါ်၌ မှောက်လျက်ကြီး ငြိမ်သက်နေကြောင်း တွေ့လိုက်ရခြင်းဖြစ်သည်။ ဦးခေါင်းနှင့် ဇက်နေရာကိုသာ တစ် ခုခုနှင့်၊ ဥပမာ ခုတင်စွန်းနှင့်၊ ကုလားထိုင်နောက်မှီနှင့် ထိကပ် မေ့မြောနေလျှင် ထိုလူနာ အသက်ရှင်နိုင်ဖို့ အတော် ကြိုးစားယူ ရမည်။

ဂျင်းဘောင်းဘီရှည်နှင့် ရှုးဖိနပ်ချွတ်ထားသော်လည်း ခြေ အိတ်က စွပ်လျက်။ အပေါ်ပိုင်းဗလာနှင့် မှောက်လျက်ကြီး ခုတင် ပေါ်မှာ အိပ်နေသည်ကို နှိုးသော်လည်း မရ၍ သူ့လိပ်စာကတ်၊ လိုင်းဖုန်းနှင့် လက်ကိုင်ဖုန်းနံပါတ်များကို တွေ့ကြသည်။ လက် ကိုင်ဖုန်းက သူနှင့်အတူ ရှိနေဆဲမို့ လိုင်းဖုန်းကို ကောက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် သူ့ဖခင်ကိုယ်တိုင် ကားကို မောင်းချလာနိုင်ခြင်း ဖြစ်သည်။

အမြော်အမြင်ကြီးသော ဦးအောင်သစ္စာက ဆေးခန်းသို့ လှမ်းဆက်ပြီး အရေးပေါ်လူနာတင်ကား လွှတ်ထားနှင့်၍ အားလုံး ကွင်းဆက်မိသွား၏။ ညီသစ္စာကို အသေးစိတ်စစ်ဆေးပြီး ဆေးထိုး ဒရစ်(ပ)သွင်းထား၍ သတိရလာသော်လည်း လူကနုံးနေဆဲ။

ဒေါ်ရှုဘီခင်မြဝင်း၊ ဒေါက်တာထားသစ္စာနှင့် ပန်သစ္စာတို့ သားအမိသုံးယောက် ရောက်ချလာကာ...

"သား...သားကြီး...သားကြီးရယ်"

တုန်တုန်ရီရီနှင့် ပြေးဝင်လာပြီး သားလက်ကိုဖက်၍ ငိုပါလေတော့သည်။ ဒေါ်ရှုဘီ ငိုနေသည်ကို ဦးအောင်သစ္စာက မှုန်တေတေနှင့်သာ ကြည့်နေသည်။

"ဘယ်လိုဖြစ်သွားရတာလဲဟင်"

ခင်ပွန်းသည်ကို ကြည့်ပြီး မေးလာ၍...

"ဘာဖြစ်ရမှာလဲ၊ အိမ်မှာမနေရလို့ပေါ့၊ သူ့တစ်ယောက်တည်း ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရနေလို့ပေါ့၊ ငါ့သားကြီး ကံကောင်းလို့ မသေတာ၊ သိရဲ့လား"

မိခင်တစ်ယောက်၏ ကြီးမားသော အနိုင်းမဲ့မေတ္တာဖြင့် ဒေါ်ရှုဘီမှာ အသားတွေပါ တုန်လာပြီး မျက်ရည်ပေါက်ပေါက်ကျ လျက်...

"အိမ်ပြန်လိုက်ခဲ့ပါတော့၊ အိမ်မှာပဲပြန်နေပါတော့ သားကြီးရယ်"



ထားနှင့်ပန်က တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးပင့်၍ မျက်လုံးပြူးပြပြီး ရယ်ချင်သော်လည်း ဟန်ဆောင်ထားကြရသည်။ သူတို့၏ ချစ်လှစွာသောအစ်ကိုကြီး စိုးရိမ်စရာမရှိတော့၍လည်း ရယ်နိုင်မောနိုင်ကြပြီ။

ညီသစ္စာ လန်းဆန်းလာပြီဖြစ်သော်လည်း နဗ်ကြောများ ဘယ်အထိ ထိသွားသလဲ၊ မူးသလား၊ လူနာ အန်ချင်သလား စသော ဆေးပညာရှုထောင့်မှ စောင့်ကြည့်ဖို့အတွက် ဆေးခန်းမှာ ထားရပါဦးမည်။

"ရှုဘီ..."

ဦးအောင်သစ္စာက အခဲမကြေသေးသည့်ပုံစံနှင့် သူ့ဇနီးကို ခပ်တင်းတင်းကြည့်၍...

"အိမ်ပြန်ခေါ်ရအောင် မင်းက သူ့အလိုလိုက်နိုင်လို့လား"

ဒေါ်ရှုဘီ မျက်ရည်အရွဲသားနှင့် မော့ကြည့်လာဆဲမှာ ဦးအောင်သစ္စာက...

"သားကြီးနဲ့ ငါပါ အတူသွားနေမယ်၊ စိတ်မချတော့ဘူး"

"မလုပ်ကြပါနဲ့၊ အိမ်ပြန်လာကြပါ၊ ရှုဘီ တောင်းပန်ပါတယ် ကိုကိုရယ်"

ထားသစ္စာနှင့် ပန်သစ္စာက တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြပြီး ထားက...

"မာမိက အစ်ကိုညီကို ပြန်ခေါ်ရအောင် သူဖြစ်ချင်တာ လိုက်လျောမှာမို့လို့လား"

"လိုက်လျောမယ်...လိုက်လျောပါ့မယ်၊ စန္ဒကူးလို ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်မလေး မပြောနဲ့ သူတောင်းစားမလေးကို လိုချင်တယ်ဆိုရင် တောင် မာမိ လိုက်လျောပါတော့မယ်ကွယ်"

"ဟေး…"

ညီအစ်မနှစ်ယောက် တစ်လေသံတည်းထွက်ပြီးမှ ဆေးခန်းပါလား ဆိုသော အသိဖြင့် ဇက်ပုသွားကြတော့သည်။

ထားသစ္စာနှင့် ပန်သစ္စာတို့က သူတို့၏ ငယ်သူငယ်ချင်း သဘောဖြူ အူစင်းမလေး စန္ဒကူးနှင့် သူတို့၏အစ်ကိုကို သိပ် သဘောတူကြသည့်သူတွေလေ။

"သားကြီး…"

ဒေါ်ရှုဘီက လှပစွာ ရှုပ်ထွေးနေသော သူ့သားကြီး နဖူးပေါ်မှ ဆံပင်များကို သပ်တင်လိုက်ပြီး…

"မေမေ သိပ်မှားပါတယ် သားကြီးရယ်"

"မေမေ သားကို စန္ဒကူးနဲ့သဘောတူပြီလား"

"တူပါပြီ၊ မေမေ့မာနတွေကြောင့် သားကြီး ခုလိုဖြစ်ရတဲ့ အတွက် ရလိုက်တဲ့ နောင်တတွေ သားရယ်၊ သားသာ သေသွားရင် မာမိလည်း မနေတော့ဘူး"

"ရှုဘီ"

ဦးအောင်သစ္စာကို ပြိုင်တူလှမ်းကြည့်ကြ၏။

"သားကို တကယ် အိမ်ပြန်ခေါ်မှာလား"

"သားမပါဘဲ ရှုဘီ အိမ်မပြန်တော့ဘူး"

"စန္ဒကူးနဲ့ရော"

"သဘောတူပါပြီဆိုမှပဲ ကိုကိုရယ်"



"သဘောတူတယ်လို့ လွယ်လွယ် ပြောရုံနဲ့ မရဘူးလေ၊ သားကြီး တောင်းဆိုထားတာ မင်း လိုက်လျောနိုင်လို့လား"

"သားကြီးတောင်းဆိုတာ မဟုတ်ပါဘူး၊ ဒေါ်ဦးမေ ပြောခိုင်းတာကို သားကြီးက ပြောရရှာတာပါ"

"ဟိုက တကယ့်အာဂအဘွားကြီးလေ၊ မင်းက သဘောတူပြီ ဆိုရုံနဲ့ ပြီးမှာမဟုတ်သေးဘူးနော်"

"အမယ်လေး…ရှုဘီသိပါတယ်၊ နားလည်ပါတယ်၊ ကဲ… ဒီမှာ…သားကြီးဆန္ဒအတိုင်း ဖြစ်ရစေမယ် သိလား"

"ဟာ…"

"မာမိကိုယ်တိုင် ဒေါ်ဦးမေဆီ သွားပြီး ပြားနေအောင် တောင်းပန်မယ်၊ ကန်တော့ပါ့မယ်၊ ပြီးတော့ စန္ဒကူးကိုပါ ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ် သားရယ်"

"ဝမ်းသာလိုက်တာဗျာ"

"သားသမီးအတွက်ဆိုရင် မိခင်တစ်ယောက်ဟာ ဘာမဆို လုပ်ပေးရဲတဲ့သတ္တိရှိကြပါတယ်၊ ခုလို ဖြစ်သွားရတာဟာလည်း သားကြီးကို ချစ်လွန်းလို့၊ တန်ဖိုးထားလွန်းလို့ပါ"

"သား နားလည်ပါတယ် မာမိ"

"ဖြစ်ရတာတွေအားလုံး မာမိ့အမှားတွေပါ"

"မိခင်ဆိုတာ သားသမီးအပေါ်မှာ မှားတယ်လို့ မရှိပါဘူး၊ တကယ်လို့ မှားသွားခဲ့ရင်တောင် ချစ်မေတ္တာကြောင့် မှားတဲ့အမှားပဲ ဖြစ်မှာပါ မာမိရယ်၊ သားကိုလည်း ပြန်ခွင့်လွှတ်ပါ၊ သားလည်း အိမ်ပြန်လိုက်ခဲ့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သားကြီးရယ်၊ မာမီ ဝမ်းသာလိုက်တာ"

ထိုတစ်နေ့နှင့်တစ်ည ဆေးခန်းမှာ အိပ်လိုက်ရသည်။

နောက်တစ်နေ့တွင်...

မိသားစု ငါးယောက်လုံး အပျော်တွေ၊ အပြုံးတွေနှင့် 'သစ္စာဂေဟာ' တိုက်ကြီးရှိရာ ခုနစ်မိုင်ခွဲဆီသို့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြန်လည်ရောက်ရှိလာကြတော့သည်။

✿-✿ ✿

## အပိုင်း ၁၆

### ဓာန်တချိန်

www.burmeseclassic.com

www.burmeseclassic.com

"အေး...အေး...သာဓုကွယ်...သာဓု သာဓု"

ဒေါ်ဦးမေက ကြမ်းပြင်ပေါ်တွင် တန်းစီထိုင်၍ ကန်တော့နေကြသော ဦးအောင်သစ္စာ၊ ဒေါ်ရွှေဘီခင်မြဝင်းနှင့် ညီသစ္စာတို့ မိသားစုသုံးယောက် ပျပ်ဝပ်ရိုကျိုးစွာ ရှိခိုးနေကြသည်ကို သာဓုခေါ်ပြီးနောက်မှာ...

"လိုရာဆန္ဒ ပြည့်ဝကြပါစေကွယ်၊ ကဲ...ကဲ...အပေါ်မှာ ပြန်ထိုင်ကြပါ"

သားအမိသားအဖသုံးယောက် ပြန်ထိုင်ကြပြီးသည်နှင့်...

"လူဆိုတာ မှားတတ်ကြတဲ့ သတ္တဝါတွေပါ၊ အထူးသဖြင့် အချစ်နဲ့ပတ်သက်လာရင် ပိုပြီးမှားတတ်ကြပါတယ်၊ သားသမီးကို ချစ်တဲ့စိတ် လွန်ကဲလာတဲ့ အခါမှာ အမှန်တရားတွေ မမြင်နိုင်လောက်အောင် ဖုံးကွယ်သွားတတ်ပါတယ်လေ"

"ကျွန်တော်တို့မိသားစုကို ခွင့်လွှတ်နိုင်ပါပြီလားခင်ဗျာ"

"ဩော်...ဦးအောင်သစ္စာ ဖုန်းဆက်ကတည်းက ခွင့်လွှတ်နိုင်ရုံမက လက်ခံနိုင်လို့သာ ခုလို လာခွင့်ပြုတာပေါ့၊ ပြီးတော့ ကန်တော့တယ်ဆိုတဲ့ အဓိပ္ပာယ်လည်း သိကြမှာပေါ့နော်"

"မေမေကြီး ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com



ညီသစ္စာက တကယ်သိချင်၍ မေးလိုက်ခြင်းဖြစ်၏။

"ကန်တော့နေတဲ့အချိန်မှာ ကန်တော့နေသူက စိတ်ထဲက ဖြစ်စေ၊ နှုတ်ကဖြစ်စေ ကာယကံ ဝစီကံ မနောကံ ဆိုတဲ့ ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြစ်စေ၊ တစ်ပါးပါးပဲဖြစ်စေ ကျူးလွန်ခဲ့မိရင် 'ကျေပါ'ဆိုတဲ့ အဓိပ္ပာယ်နဲ့ ကန်တော့ရတာ"

"ဟုတ်ကဲ့"

"မေမေကြီးတို့လို ကန်တော့ခံ ပုဂ္ဂိုလ်ကလည်း ဘာပဲ ပြစ်မှားခဲ့ ပြစ်မှားခဲ့ ကျေနပ်ပါပြီ၊ ခွင့်လွှတ်ပါပြီ ဆိုတဲ့စိတ်နဲ့ သာဓုခေါ်ပြီး အကန်တော့ခံရတာ"

"ကျွန်တော့်မိန်းမရဲ့အမှားတွေအတွက်လည်း ကျေပေးပါ ခင်ဗျာ"

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ"

ဒေါ်ရှုဘီမှာ သူ၏မောက်မာမှု၊ မာန်တက်နေသော ညီမ သက်သက်မာ၏ မြှောက်ပေးမှုတို့ကြောင့် မဖြစ်သင့်တာတွေဖြစ် ခဲ့ရခြင်းအတွက် ကြီးစွာသော နောင်တများရနေသည်။

သူ့ကြောင့် သူ့လင်၊ သူ့သား မျက်နှာငယ်ရရှာသည်ဟူ၍ သူ့ မျက်ရည်များပင် လည်လာတော့သည်။

"ကဲ...ဒေါ်ဒေါ်၊ဒေါ်ဦးမေခင်ဗျာ၊ ကလေးတွေရဲ့ စေ့စပ်ပွဲ ကိစ္စ အမြန်ဆုံးစီစဉ်ပြီး လက်ထပ်ဖို့ပါ ဆောင်ရွက်ခွင့်ပြုပါခင်ဗျာ"

"စေ့စပ်ဖို့ လိုသေးလို့လား"

"လိုပါတယ်ခင်ဗျာ၊ ဒီတစ်ခါ ဒီအိမ်မှာမလုပ်ဘဲ မြို့ပြညီ မှာ စေ့စပ်ပွဲလုပ်ပါရစေ၊ ကျွန်တော်တို့ဘာသာ စီစဉ်ပြီးမှ ဒေါ်



ဒေါ်နဲ့ သမီးလေး စန္ဒကူးကို သားညီသစ္စာ လာကြိုပါလိမ့်မယ် ခင်ဗျား"

"အင်း..."

ဒေါ်ဦးမေက စဉ်းစားသလို ငြိမ်နေလိုက်ပြီးမှ...

"ဒေါ်ဒေါ် စကားလွန်ထားတာရှိလို့ ဒီဘက်ကပဲ ဆောင် ရွက်ပါရစေ"

"ဘာကိုများပါလိမ့်"

"မောင်ညီသစ္စာတို့ဘက်က ဖျက်ခဲ့တဲ့ကိစ္စကို လာတောင်း ပန်ရင် မင်္ဂလာပွဲကိစ္စကို မေမေကြီး တာဝန်ယူမယ်လို့လေ"

"မဟုတ်တာခင်ဗျာ"

"ဒီဘက်ကလည်း အကုန်ခံပါရစေ၊ မေမေကြီး ပိုင်တဲ့ အတွင်းအပြင်ပစ္စည်းအားလုံးဟာ သမီးလေး စန္ဒကူးအတွက်ပါပဲ၊ ဒါကြောင့် မင်္ဂလာပွဲ ကုန်ကျစရိတ်ကို..."

"တော်ပါခင်ဗျာ၊ ဒီကိစ္စကိုတော့ လုံးဝ လက်မခံပါရစေနဲ့၊ ကျွန်တော်တို့မှာလည်း သားက တစ်ယောက်တည်း ရှိတာပါ၊ မိသားစုရဲ့ မင်္ဂလာဦးလည်း ဖြစ်လို့ အားလုံး ယောကျ်ားလေး ဘက်ကပဲ တာဝန်ယူပါရစေခင်ဗျာ"

"ဒီလိုဆိုလည်း ပိုပြီး ကျေးဇူးတင်ရ၊ သာဓုခေါ်ရမှာပေါ့ ကွယ်၊ ကဲကဲ...စားကြသောက်ကြပါဦး"

Summit Park Viewဟိုတယ်မှ တကူးတကန့် သွားဝယ်ထား သော ကိတ်မုန့်များ၊ ကျောက်ကျော၊ ကွေတာလန်းနှင့် လက်ဖက် ရည်၊ ကော်ဖီများ ဖျော်ပြီး သွေ့ခန်းမှာ ထားပါလျက် ထမင်းစားခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲအထိ ဝင်လာသူက ကိုညီသစ္စာ။

"မုန့်တွေက အိမ်ရှေ့မှာလေ၊ ညှော်သည်ဆိုတာ ညှော်သည်လို နေရတယ်"

ကိုညီသစ္စာက သူ့မျက်နှာကို လက်ညှိုးနှင့်ထိုးပြီး…

"ဒါလား ညှော်သည်၊ စန္ဒကူးဆိုတာ…"

"သွား"

"မသွားဘူး၊ မသွားတော့ဘူးကွာ၊ အိမ်ရှေ့မှာ တအားကြီး ပြေလည်နေကြတာ ကြားတယ် မဟုတ်လား"

စန္ဒကူး၏အပြုံးလေးက လင်းလက်တောက်ပလှချေသည်။

"ဒီကောင် ကံကောင်းလို့ မသေတာနော်၊ မဟုတ်ရင် မိန်းမ တောင် ရလိုက်တော့မှာမဟုတ်ဘူး"

"အိမ်ကလိုက်လျောအောင် ဟန်ဆောင်တာမဟုတ်လား၊ မှန်မှန်ပြော"

"ဟာကွာ…ဒီမှာဖြင့် တကယ်သေတော့မလို့"

စန္ဒကူးက အသံလေးထွက်အောင် ရယ်ဖြစ်၏။

"ကူးလေး မယုံဘူးလား"

"အလကား စတာပါ၊ ပန်က ဖုန်းဆက်ပြောတော့ တအား လန့်သွားတာပဲ သိလား၊ ဟိုတစ်ယောက် ဆုံးတာကလည်းမကြာ သေးဘူး ဆိုတော့ ပိုလန့်တာပေါ့"

"ဟိုတစ်ယောက်ဆိုတာ အေးငြိမ်းညိုကို ပြောတာလား"

"အင်းပေါ့"

"ဘာလို့ ကိုယ့်ကို သူနဲ့နှိုင်းရတာလဲ"



"ဩော်…အညိုလေး သေတော့ ကူးမှာ ငိုလိုက်ရတာ၊ အစ်ကိုညီပါ ထပ်သေရင် စန္ဒကူး ရှူးဖို့ပဲရှိတော့တယ်"

"အေးငြိမ်းညိုနဲ့ ကိုယ့်ကို ဘာလို့နှိုင်းတာလဲဟင် စန္ဒကူး"

တင်းခြင်းမဟုတ်သော်လည်း တည်သောမျက်နှာထားနှင့် မေးလာ၍…

"ဩော်…ခက်ပါဘိတော့၊ သေသွားတဲ့ လူကို သွားပြီး မနာလိုနေသေးတယ်၊ အညို့ကို မောင်လေးအရင်းလို ချစ်ခဲ့ရတာ၊ မိဘမဲ့ဂေဟာက ရောက်လာပြီးတဲ့နောက်မှာ ကူးရဲ့ ပထမဆုံးသော အဖော်ဟာ အညိုပဲ အစ်ကိုညီ"

"ဩော်…အင်း"

"အစ်ကိုညီကို စေ့စပ်ဖို့ လက်ခံတာရယ်၊ အစ်ကိုညီကို ချစ်ပါတယ်လို့ အဖြေပေးတာရယ်ဟာ အညို အသက်ထင်ရှား ရှိချိန်မှာ ဖြစ်ခဲ့တာတွေပါ၊ ဟိုက မောင်လေး တစ်ယောက်လို သနားပြီး ဖြူစင်စွာ ချစ်ခဲ့ရတာပါလေ"

စန္ဒကူးအသံမှာ နာကျည်းမှုလေး ပါလာသလိုမို့…

"ဩော်…သိပြီ၊ အစ်ကိုညီ သိပြီ၊ အေးငြိမ်းညိုကို ဖြူစင်စွာ ချစ်တယ်ဆိုရင် အစ်ကို့ကို ညစ်ပတ်စွာချစ်တယ်ပေါ့ ဟုတ်လား"

"အစ်ကိုညီနော်"

စန္ဒကူး သူ့ကို မော့ကြည့်လိုက်ချိန်မှာ အားရပါးရကြီး ပြုံးနေ၍ သူ့ရင်ဘတ်ကြီးကို စန္ဒကူး လက်သီးဆုပ်၍ ထုထည့် လိုက်သည်။

သူက လက်သီးနုလေးကို ဖမ်းဆွဲရုံမက စန္ဒကူး၏ ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



လေးကိုပါ သိမ်းကြုံး၍ ဖက်ထားလိုက်မိသည်။

"သားကြီးရေ...မေမေတို့ပြန်ပြီ"

"ဟုတ်ကဲ့ ပြန်ပြန်၊ သား ဒီမှာနေခဲ့ဦးမယ်"

ထိုစဉ် ဒေါ်ဦးမေက...

"ဟဲ့...စန္ဒကူး မြေးလေး၊ ဘာလုပ်နေလဲ၊ လာခဲ့စမ်း"

မေမေကြီး၏ အသံကြောင့် အပြုံးမျက်နှာများကို သိမ်းဆည်းကာ ဣန္ဒြေရှိဟန်ဖြင့် ထွက်လာကြ၍ မေမေကြီးက...

-"မြေးလေး စန္ဒကူး"

"ဟုတ်ကဲ့ မေမေကြီး"

"ယောက္ခမဆိုတာလည်း မိဘပဲ၊ သမီးအတွက် မိခင်ဖခင်ရတယ်လို့ သဘောထား၊ ကြားလား၊ ကဲ...တစ်ခါတည်းကန်တော့လိုက်"

စန္ဒကူးက ခင်းထားသော ကော်ဇောပေါ်မှာ ထိုင်လိုက်သည်နှင့် ညီသစ္စာကပါ ထိုင်ချလိုက်၍ ဦးအောင်သစ္စာက...

"နေဦး...သားနဲ့သမီးတို့၊ မေမေကြီးကို အရင်ကန်တော့ပြီးမှ ဖေဖေနဲ့မေမေကို ကန်တော့ကြ"

လူကြီးသုံးယောက်မို့ ဦးကိုးကြိမ်ချကြရသည်။ သိပ်တော့မသက်သာလှ။

ထိုင်နေဆဲ စန္ဒကူး၏ ပခုံးနှစ်ဖက်ကို ဒေါ်ရှုဘီခင်မြဝင်းက ဖွဖွလေးကိုင်၍...

"ပြီးတာတွေအားလုံး မေ့လိုက်ပါတော့ စန္ဒကူးရယ်နော်၊ အန်တီ...အဲ...မာမီလေ မင်္ဂလာပွဲမှာဝတ်ဖို့ စိန်တစ်ဆင်စာလက်ဖွဲ့



ပါမယ်"

"စန္ဒကူး ပစ္စည်းမမက်ပါဘူး အန်တီ၊ မေတ္တာတရားကိုပဲ မက်မောပါတယ်"

"သားကြီးက စန္ဒကူးကို သိပ်ချစ်မြတ်နိုးရှာတာ၊ သူချစ်တဲ့သူကို အန်တီပါ လိုက်ချစ်နိုင်မှ သားကြီး ကျေနပ်မယ် ဆိုတာ အန်တီ သဘောပေါက်ပါပြီ၊ ပြီးတော့ အန်တီ ကိုယ်တိုင်ကပဲ နောင်တတွေရပြီး စန္ဒကူးကို တကယ့်မေတ္တာနဲ့ ကြိုဆိုမှာပါကွယ်"

"ကျေးဇူးတင်ပါတယ်၊ တကယ်လည်း ဝမ်းသာပါတယ်ရှင်..."

ယောက္ခမနှင့် ချွေးမလောင်း အသစ်စက်စက်လေးတို့ပြေလည်နေကြသည်ကို အားလုံး ပြုံး၍ကြည့်နေကြသည်။

ဦးအောင်သစ္စာနှင့် ဒေါ်ရှုဘီတို့ ပြန်သွားကြချိန်မှာ မေမေကြီးကပါ အခန်းထဲသို့ဝင်သွားလေပြီ။

အခန်းကျယ်ကြီး အလယ်မှာ ကျန်ရစ်ခဲ့ကြသော ချစ်သူနှစ်ဦးသည် ထပ်မံကွဲကွာရမှာ ကြောက်ပြီး တစ်ယောက်နှင့် တစ်ယောက် ပျောက်ဆုံးသွားမှာ စိုးရိမ်သလို တင်းကျပ်စွာ ပွေ့ပိုက်ဖက်တွယ်ထားမိကြပါ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁၇

သံလွင်နှိုစ

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်

ယခု ဦးချမ်းမြေ့ နေထိုင်သည်က သူ၏ ချမ်းမြေ့သာယာ ဂေဟာမှာ ဖြစ်သည်။

ဦးအောင်မွန်ကလည်း တရားပတ်နား၍ အိမ်ပြန်လာနေချိန် ...။

နောက်ထပ် တရားပတ်ကိုပင် ဝင်ဖြစ်ပါ့မလားမသိ။ နှစ်ပေါင်း နှစ်ဆယ်ကျော်ကြာအောင် ကွဲကွာနေသော သားကြီးနှင့် ပြန်လည်တွေ့ဆုံခွင့် ရရှိနေ၍ သားနှင့်ပင် အတူနေချင်သော တပ်မက်မှုစိတ်များ ဖြစ်ထွန်းနေ၏။

ဦးချမ်းမြေ့သည် အားလပ်လျှင် ပျင်းရိစွာ နေတတ်သော ယောက်ျားစားထဲမှာ သူမပါ။ အလုပ်တစ်ခုခုလုပ်နေရမှ။ လုပ်စရာ မရှိလျှင် စာဖတ်နေရမှ။

သူ့လိုလူမျိုး ရှမ်းပြည်နယ်မှာ ခြံအကျယ်ကြီးနှင့် နေခွင့်ရလာသည့်အခါ သစ်ပင်လေးများနှင့်၊ ပန်းပင်လေးများနှင့် ချစ်ခင်ယုယစွာ နေထိုင်တတ်ခဲ့ပြီ။ သစ်ပင်ပန်းပင် ဆိုသည်မှာ စကားမပြောတတ်သော်လည်း ခြံရှင်၏ ယုယကြင်နာမှုကို အလွန်ကြိုက်ကြ၏။ ဂရုတစိုက်နှင့် ရေလောင်းပေါင်းသင် ဆေးဖြန်းပေးလျှင် လန်းဆန်းဖြာဝေစွာ ဖူးကြ ပွင့်ကြ သီးကြသည်။

လူချင်း ဆက်ဆံရသလိုမဟုတ်။ သစ်ပင်နှင့် နေရသည်မှာ ကိုယ်ပြုသမျှ နာခံ၍ ခြံသမားလုပ်ရသည်ကို စိတ်ချမ်းသာခဲ့သော ဦးချမ်းမြေ့မှာ...

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားနှစ်ယောက်ခေါ်ပြီး ခြံရှင်း၊ အပင်တွေပြောင်းစိုက်၊ တချို့ခုတ်၊ တချို့ထပ်စိုက်၊ ပန်းအိုးတွေဝယ်နှင့် ခြံတစ်ခုလုံး ရှင်းလင်းစိုပြည်စပြုလာပြီ။

တိုက်ကြီးကိုလည်း အတွင်းအပြင် ဆေးသုတ်၍ ပျက်စီးနေသော တံခါးများ ပြန်ပြင်ရန် ဖခင်ကြီးနှင့် တိုင်ပင်ပြီးပါပြီ။

"ဖေဖေ...တိုက်ကို ဆေးပြန်သုတ်ရင် အပြင်က အရင်လိုပဲ အဝါနုရောင် ပြန်သုတ်မလား"

"သားသဘောပဲ"

"အတွင်းခန်းတွေကိုတော့ မျက်စိအေးအောင် အစိမ်းနုနုလေးတွေ သုတ်ရရင် ကောင်းမလားလို့"

"သား...ချမ်းမြေ့"

"ဖေဖေ"

"ဖေဖေဟာ တရားနဲ့ မွေ့လျော်နေပြီ သား၊ အလှအပတွေကို ဖန်တီးချင်စိတ်၊ ဒါ ငါ့တိုက်ကြီးဆိုပြီး မက်မောတဲ့စိတ်တွေ အားလုံး ပြီးဆုံးသွားပါပြီ၊ ခုအချိန်မှာ ဖေဖေဆီကို သားပြန်ရောက်လာတာ ဖေဖေ ဝမ်းသာမိပါတယ်၊ ရှိသမျှ အမွေတွေ သားကို အပ်ပြီး ဖေဖေ အေးအေးငြိမ်းငြိမ်း နေပါရစေတော့"

"ဖေဖေရယ်..."

"ဒီတိုက်ကြီးဆောက်ပြီးမှ သားကြီးကိုမွေးတာ၊ ဖေဖေနဲ့ မေမေတို့ကို ပျော်ရွှင်ကြည်နူးစေရုံမက၊ အေးမြငြိမ်းချမ်းခြင်းကိုပါ ပေးနိုင်တဲ့သားကို ရလို့ 'မောင်ချမ်းမြေ့'လို့ အမည်ပေးခဲ့တာပဲ၊ တစ်ချိန်တည်းမှာပဲ တိုက်ကြီးကိုပါ ချမ်းမြေ့သာယာဂေဟာလို့ အမည်ပေးခဲ့တာမို့ ဒီတိုက်နဲ့ခြံဟာ သားအတွက်ပါ၊ သား ပိုင်ဆိုင်ရမယ်လို့ ရည်ရွယ်ပြီး ချမ်းမြေ့သာယာလို့ အမည်ပေးခဲ့တာလေ"



ဖခင်ကြီး၏ အနှိုင်းမဲ့စေတနာကို ရင်သိမ့်တုန်စွာ ခံယူရင်း ရင်ထဲမှာ အတိုင်းမသိအောင်ပင် ဝမ်းနည်းကြေကွဲလာတော့သည်။

"ဒါကြောင့် ဒီတိုက်ရဲ့ အလှကို သားကြိုက်သလို ဆင်ပါ၊ ဖေဖေ့ရဲ့ ဘဏ်လက်ကျန် စာရင်းလည်း သားကို ပြပြီးပြီ၊ ငွေစုဘဏ် ၁ မှာ သားကြိုက်သလောက် ထုတ်ယူသုံးပါ၊ ဖေဖေ လက်မှတ်ထိုးပေးမယ်၊ ဖေဖေ့အတွက် ဘာမှမလိုတော့ဘူးလေ"

"တိုက်ကို လှအောင်ပြင်ဆင်တဲ့စရိတ်ကလွဲပြီး ဖေဖေ့ဆီက သားမယူရက်ပါဘူး၊ ဟိုမှာလည်း ခြံအလုပ်က မချမ်းသာပေမယ့် နေနိုင်စားနိုင်တော့ရှိပါတယ်"

"သား နေဖို့ထိုင်ဖို့ ဘယ်လိုဆုံးဖြတ်ထားလဲ"

"ဘာမှမဆုံးဖြတ်ရသေးပါဘူး ဖေဖေ"

"သားဇနီး စောရှင်မွန်ဆိုတာ ဒီကိုလိုက်မလာနိုင်ဘူးလား"

"သားခေါ်ရင် လာမှာပါ၊ ဒါပေမယ့်..."

ဦးချမ်းမြေ့က တွေဝေသလို ဖြစ်နေ၍...

"ဒါပေမယ့် ဘာအခက်အခဲရှိလဲ သား"

"အခက်အခဲတော့ မရှိပါဘူး၊ ဘာတာဝန်မှ မကျေခဲ့တဲ့ သားဟာ မိဘရဲ့အိမ်ပေါ်မှာ အမိန့်သားကြီး တက်နေရမှာ..."

"မဟုတ်သေးဘူး သား"

ဦးအောင်မွန်က တည်ငြိမ်စွာ ပြုံး၍ သားကြီးကို ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့များ သားရဲ့ ရင်သွေးအစစ် စန္ဒကူးဆိုတဲ့ ကလေးကို တွေ့ခွင့်ရရင် သား သူ့ကိုဘာပေးမလဲ"

"သားမှာရှိသမျှ သူ့ကို အကုန်ပေးချင်ပါတယ် ဖေဖေ၊ သမီးလေး ဆန္ဒရှိသမျှလည်း အကုန်လုပ်ပေးချင်ပါတယ်"

"အေး...မိဘမေတ္တာဆိုတာ ဒါပဲ သား"

ဦးအောင်မွန်က ဘာမှဆက်မပြောသော်လည်း အခိပ္ပာယ်က ပြီးပြည့်စုံနေပါချေပြီ။

"တကယ်ရထိုက်တဲ့ သားရဲ့အမွေတွေ သားကိုအပ်ပြီးရင် ဖေဖေ့ရဲ့ တတိယအရွယ်ကို တရားအားထုတ်ရင်းနဲ့ပဲ ကုန်ဆုံးပါရစေတော့ကွယ်"

ဦးချမ်းမြေ့မှာ ဖခင်ကြီး ဦးအောင်မွန်ကို ကြည်ညိုစိတ်ဖြင့် ကြည့်နေမိသည်။ မိမိ၏ အမှားအတွက်လည်း နောင်တရလို့ မဆုံးပါ။

"ဖေဖေ"

"အင်း"

"သားကို ရာသက်ပန် အမွေပြတ်စွန့်လွှတ်ထားတာ ဖေဖေနဲ့ မေမေတို့ရဲ့ အမွေတွေပေးလို့ မရနိုင်ဘူးမဟုတ်လား"

"သားအဖြစ်မှစွန့်လွှတ်ခြင်း၊ သမီးအဖြစ်မှစွန့်လွှတ်ခြင်း ဆိုတာတွေ သတင်းစာထဲမှာ အခါများစွာ ပါတယ်လေ"

"ဟုတ်ကဲ့...တွေ့ပါတယ်"

"များသောအားဖြင့်က သဘောမတူနိုင်တဲ့ သမက်ကြောင့်၊ သဘောမတူနိုင်တဲ့ ချွေးမကြောင့်၊ မိဘတွေ စိတ်ရှုးပေါက်ပြီး



ကြော်ငြာနေကြတာ၊ တကယ်တော့ ဘာမှ တရားမဝင်ဘူး"

"ဟင်..."

"မိဘသေရင် သားသမီး အမွေရမယ်၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ဆိုရင် သေတမ်းစာရေးခွင့်မရှိဘူး၊ ရေးခဲ့လည်း တရားမဝင်ဘူး၊ တစ်ခုတော့ ရှိတယ်"

ဦးအောင်မွန်က မျက်ဝန်းအရွှေ့အပြောင်းက,အစ တည်ကြည် ငြိမ်သက်စွာဖြင့် ဆက်ပြော၏။

"သွန္နတ္တ သားဆိုပြီး ကြေညာထားရင်တော့ မိဘအပေါ်မှာ စော်ကားလို့ သားဆိုးသားမိုက်စာရင်း သွင်းလိုက်ရင်တော့ အမွေဆက်ခံခွင့် မရှိဘူး၊ ဖေဖေတို့ ကြေညာထားတာက သွန္နတ္တ သား မဟုတ်ဘူးလေ၊ ဒါကြောင့် တရားဝင်ကို ဟောဒီခြံနဲ့တိုက်ကြီး သားကို အမွေပေးလို့ရပါပြီ"

"ဖေဖေရယ်..."

"ရောက်ရာဘဝကနေ သိခွင့်ရှိမယ်ဆိုရင်လည်း သားကို သိပ်ချစ်တဲ့ သားရဲ့မေမေဟာ ကျေနပ်မှာပါကွယ်"

ဖေဖေ၏စကားက ချမ်းမြေ့ကို မျက်ရည်ကျစေနိုင်ခဲ့ပါပြီ။

သူ့စကားကြောင့် သားကြီး စိတ်မကောင်းဖြစ်သွားပြီမို့ ဘာမှဆက်မပြောတော့ဘဲ...

"ကဲ...ဖေဖေလည်း နားလိုက်ဦးမယ်၊ သားလည်း တစ်မနက်လုံး ခရီးနေရတာ မောရောပေါ့၊ နားတော့လေ"

"ဟုတ်ကဲ့၊ ဒီလောက်က လုပ်နေကျပါ ဖေဖေ"

ဦးအောင်မွန် အပေါ်ထပ်တက်သွားသည့်အခါ ဦးချမ်းမြေ့

www.burmeseclassic.com

www.burmeseclassic.com



က ရေအရင်ချိုး၍ အဝတ်အစားလဲပြီးမှ စိတ်ရောလူပါ လန်းဆန်းသွားသည်။

သူတို့သားအဖအတွက် မှာယူထားသော ထမင်းနှင့် ဟင်းချိုင့် ရောက်လာပြီးနောက် မစားရသေးခင်မှာပင် ဧည့်ခန်းမှာထိုင်၍ သတင်းစာကိုဖတ်သည်။

ပြည်တွင်းသတင်းကိုကျော်ပြီး ကြော်ငြာများဖတ်မိချိန်မှာ…
ကြော်ငြာအကြီးကြီးကို ဖတ်ကြည့်လိုက်သည်။

●

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

မရမ်းကုန်မြို့နယ်၊ ၇ မိုင်ခွဲ၊ သစ္စာဂေဟာနေ
ဦးအောင်သစ္စာ(Aung Trading Comp. Ltd.)
ဒေါ်ရူဘီခင်မြဝင်း(Ruby Jewellary မိုလ်ချုပ်ဈေး)
တို့၏ တစ်ဦးတည်းသောသား
**မောင်ညီသစ္စာ** B.E. (Civil)
(Thitsa Construction)
နှင့်
သဃ်န်းကျွန်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာရိပ်သာ
ခြံအမှတ်(၁၀၄)နေ
ဒေါ်ဦးမေ၏မြေး
(ဦးချမ်းမြေ့-ဒေါ်စန္ဒာ)တို့၏ သမီး
**ဒေါက်တာစန္ဒကူး** M.B.B.S., YGN
(အလုပ်သင်ဆရာဝန်ရန်ကုန်ဆေးရုံကြီး)



တို့သည် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင်
နှစ်ဖက်သောလူကြီးမိဘများနှင့်
ပုဏ္ဏသရေရှိ လူကြီးမင်းများ ရှေ့မှောက်တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောလူကြီးမိဘများနှင့်
မောင်ညီသစ္စာ+ဒေါက်တာစန္ဒကူး

●

ဦးချမ်းမြေ့သည် ပထမတစ်ခေါက် ဖတ်စဉ်က နည်းနည်းအံ့သြသလို ရှိနေပြီး နောက်ထပ်ဆက်ဖတ်သည်။ နောက်တစ်ကြိမ်ထပ်ဖတ်ပြန်သည်။

'စန္ဒကူး…ဦးချမ်းမြေ့၏သမီး စန္ဒကူး'

ရင်ခုန်နှုန်း မြန်လွန်းသဖြင့် လည်ပင်းသွေးကြောတွေပါ တဆတ်ဆတ် ခုန်လှုပ်လာ၏။ ဦးချမ်းမြေ့ နောက်ဆုံးထပ်ဖတ်ပြီးချိန်မှာ ဖွင့်ထားသောသတင်းစာကို ဖျတ်ခနဲ အုပ်ပစ်လိုက်ပြီး လှေကားထက်သို့ အမောတကော ပြေးတက်လာခဲ့ပြီး…

"ဖေဖေ…ဖေဖေရေ"

ဘုရားခန်းထဲမှထွက်သော ဦးအောင်မွန်က သား ချမ်းမြေ့၏ ထူးခြားလွန်းနေသော အမူအရာကို တည်ငြိမ်စွာပင် စောင့်ကြည့်နေ၏။

"တွေ့ပြီ ဖေဖေ၊ တွေ့ပြီ"

"ဘာကိုလဲ သား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သမီးလေး...ကျွန်တော့်သမီးလေး စန္ဒကူးကို ပြန်တွေ့ပြီဗျ"

"ဟင်...ဘယ်မှာတွေ့တာလဲ"

"ဒီမှာ...ဒီမှာ"

လက်ညှိုးနှင့်ညွှပ်၍ ပိတ်ထားသော သတင်းစာကို ဖွင့်ပြလိုက်၍ ဦးအောင်မွန်က သေသေချာချာဖတ်ကြည့်၏။ အပေါ်ထပ်မှာလည်း ရှိသော ကုလားထိုင်ခုံပေါ်တွင် အရင်ထိုင်ဖတ်ပြီး ထပ်ဖတ်ပြီးနောက်...

"ထိုင်ဦး သား"

ဦးချမ်းမြေ့က တွေးတွေးဆဆ ပုံစံဖြင့်...

"စန္ဒကူးဆိုတဲ့ အမည်လေးတစ်လုံး ကြားရုံနဲ့ သားရဲ့သမီးလေး ဆိုတာ ဘယ်လိုလုပ် သေချာနိုင်မှာလဲဟင်"

"သိပ်သေချာတာပေါ့၊ ဖခင်က သားရဲ့နာမည်ပဲလေ ဖေဖေ၊ ဦးချမ်းမြေ့တဲ့၊ သား...သားဝမ်းသာလိုက်တာ ဖေဖေ"

"သား...ချမ်းမြေ့"

"ဖေဖေက မယုံဘူးလားဗျာ"

"ယုံချင်တာပေါ့ကွယ်၊ ဖြစ်စေချင်တာပေါ့၊ ဒါပေမယ့် မစိုးသိန်းလို မိန်းမက မွေးထားရတဲ့ ကလေးဟာ ဆရာဝန်မလေး ဖြစ်လာနိုင်ပါ့မလား၊ ပြီးတော့ သူ့အဘွားနာမည်က ဒေါ်ဦးမေတဲ့၊ သူ့မိခင်နာမည်ကလည်း ဒေါ်စန္ဒာတဲ့၊ ဦးချမ်းမြေ့ဆိုတဲ့ နာမည်ကလည်း မှည့်တတ်ကြတဲ့ နာမည်မျိုးပါ၊ စန္ဒကူးဆိုတာလည်း ဒီခေတ်မှာ ဒီလိုနာမည်ဆန်းတွေ ပေးကုန်ကြပြီလေ"



"ဖေဖေ မယုံပေမယ့် သားယုံတယ်၊ သွေးက စကားပြောတယ် ဆိုတာ ကျွန်တော် တကယ်ယုံတယ် ဖေဖေ၊ သား စိတ်တွေ တအား လှုပ်ရှားနေတယ်"

"သား ဘာလုပ်ချင်သလဲ"

"လိုက်သွားချင်တယ်"

"ဟုတ်တယ်၊ လိုက်[illegible]ပဲ၊ လိပ်စာလည်း အတိအကျ ပါနေပြီပဲ"

"သား အခုပဲ သွားလိုက်ချင်တယ်"

"ဖေဖေရော လိုက်ခဲ့ဖို့ လိုသေးသလား"

"နေပါစေ၊ သားဘာသာပဲ သွားလိုက်မယ်၊ ခုပဲ သွားတော့မယ်"

"ဟာ...ထမင်းစားကြဦးစို့လေ"

"ဖေဖေပဲစားနှင့်ပါတော့နော်၊ မောင်တိုးလေးကို ပြင်ခိုင်းပြီး စားပါ"

"သားရယ်...စိတ်ကလည်းလှုပ်ရှား၊ အစာကလည်းမရှိဘဲ ကားမောင်းရင်း မူးနေပါဦးမယ်၊ စားပြီးမှသွားပါလား"

အသက်ငါးဆယ်နားနီးနေပြီဖြစ်သော သားတစ်ယောက်အပေါ်မှာ ကလေးလေးလိုပင် ထားရှိနေဆဲ ဖခင်၏မေတ္တာတရား။

"ရတယ် ဖေဖေ၊ စားရင်လည်း ဝင်မှာမဟုတ်လို့ပါ၊ သား သွားပြီ ဖေဖေ"

"အေးအေး...သားသိပ်တွေ့ချင်နေတဲ့ သားရဲ့သမီးလေးပဲ ဖြစ်ပါစေလို့ ဖေဖေ ဆုတောင်းပေးနေပါမယ်"။

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းမြေ့က အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ ကားထုတ်၍ ခြံဝင်းထဲမှ အမြန် မောင်းထွက်သွားသော သားနှင့် ကားကို အပေါ်ထပ် ဝရန်တာမှနေ၍ ဦးအောင်မွန် လှမ်းကြည့်နေမိသည်မှာ လမ်းချိုးအရောက် မျက်စိတစ်ဆုံးအထိပါပင်။

"ဩော်...ဖခင်တစ်ယောက်ရဲ့ မေတ္တာကို သားလေး သိပြီပေါ့လေ၊ အင်း...စန္ဒကူးဆိုတဲ့ မိန်းကလေးဟာ သား သိပ်တွေ့ချင်နေရှာတဲ့ သူ့ရင်သွေး သူ့သမီးလေးပဲ ဖြစ်ပါစေတော့"

✿ ✿ ✿

## အခန်းနှစ်

ဦးချမ်းမြေ့၏ ဘလူးဘဒ်ကား ခြံရှေ့သို့ ရောက်ကာနီးဆဲဆဲမှာပင် ခြံတံခါးကို ဖွင့်နေသူက စန္ဒကူးကိုယ်တိုင်။

ဦးချမ်းမြေ့၏ကား ဝင်ဖို့ မဟုတ်ပါ။ သူတို့ကားထွက်ဖို့အတွက် ခြံတံခါးဖွင့်ပြီးချိန်မှာ ခြံတွင်းသို့ ကားတစ်စီး ဦးထိုးလာ၍ စန္ဒကူးက...

"ဝင်ပါဦး၊ ဘာကိစ္စများ ရှိလို့ပါလိမ့်"

ဦးချမ်းမြေ့သည် အသားရောင်ဝင်းဝါစိုပြည်၍ သိပ်လှသော မိန်းကလေးက ယဉ်ကျေးပျူငှာစွာ ကြိုဆိုလိုက်၍ မေ့မြော့သွားတော့မလို ငြိမ်သက်ငေးကြောင်စွာ စိုက်ကြည့်ကာ...

"မိစမ်းမျက်လုံးအတိုင်းပဲ၊ ငါနဲ့လည်း အတော်တူပါလား၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒါ...ဒါ ငါ့သမီး၊ ငါ့သမီးလေးပါပဲ"

ဦးချမ်းမြေ့၏ စူးစူးနစ်နစ် စိုက်ကြည့်နေသော မျက်ဝန်းကြောင့် စန္ဒကူး စိတ်နည်းနည်းတိုသလို မျက်နှာတည်သွားကာ...

"ဘယ်သူ့ကိုတွေ့ချင်လို့ပါလဲ"

"စံ...စံ...အဲလေ...ဒေါ်...ဒေါ်ဦးမေ"

ဦးချမ်းမြေ့ ရင်တွေ လှိုက်လှိုက်ခုန်နေသည်။ သူ့ဘဝတွင် သူ့သမီးလေးကို ဘယ်သောအခါမှ တွေ့ရလိမ့်မည် မဟုတ်ဟု ထင်ထားခဲ့ရာမှ ခုလို ဖြုန်းစားကြီး တွေ့ခွင့်ရလိုက်သည့်အခါ သူ့ခံစားချက်များကိုပင် သူ မထိန်းသိမ်းနိုင်။

"ကူး...ဘာလဲဟင်...ဘယ်သူလဲ"

ခြံဝတွင် မပြေလည်မှု တစ်ခုခု ဖြစ်နေပုံရ၍ ညီသစ္စာက ထွက်ခါနီးကားပေါ်မှ ဆင်းလာ၍ မေးသည်။

"ဩော်...မေမေကြီးဆီ လာတဲ့ ဧည့်သည်ပါ၊ ဝင်ပါရှင့်၊ မစိန်ရေ၊ ဒီကဦးလေးကို မေမေကြီးဆီ ပို့ပေးလိုက်ပါကွယ်"

သွက်လက်ဖျတ်လတ် ယဉ်ကျေးစွာ ပြောပြီး ပေါ်တီကိုအောက်မှာ ရပ်ထားသော ကားဆီသို့ နှစ်ယောက်သား လက်တွဲ၍ သူ့ကိုကျောခိုင်းသွားကြသည်။

"မောင်ညီသစ္စာဆိုတာပဲ ထင်ပါရဲ့"

တွေ့ခွင့်ရပြန်တော့လည်း သူ့သမီးလေးက ချစ်သူခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



လောင်း ရှိရှိစအချိန်မို့ 'ဖင်'ဟုသေချာလျှင်ပင် သူ့ကို လက်ခံချင်ပါ့မလား၊ လက်ခံနိုင်ပါ့မလား။

ညီသစ္စာတို့၏ မှာခ်တူးကားသစ်ကြီး ထွက်လာပြီမို့ ဦးချမ်းမြေ့က လက်ယာဘက်သို့ ပတ်ကွေ့ဝင်ချိန်မှာ သူတို့က လက်ဝဲဘက်သို့ စက်ဝိုင်းတစ်ခုအတွင်း မောင်းနေကြသလို ပတ်ကွေ့၍ ထွက်သွားကြပြီ။

သူ့ကို အံ့ဩထူးဆန်းစွာ လည်ပြန်ကြည့်၍ ထွက်ခွာသွားလေသော သမီးလေး စန္ဒကူး။

"ဟုတ်မှာပါ၊ ဒါ ငါ့သမီးလေးပဲ ဖြစ်မှာပါ၊ ဒါပေမယ့် အင်း...ဒါပေမယ့် ဒေါ်ဦးမေဆိုတဲ့ အဘွားကြီးက ဟုတ်သည့်တိုင် အောင်တောင် ခုချိန်ကျမှ လာပြီး စာရင်းရှုပ်တာ လက်မခံနိုင်ဘူး လို့ စဉ်းစားပြီး ငါ့ကို ခါထုတ်လိုက်လေမလား"

ဘဝ၏ ဒဏ်ရာဒဏ်ချက်များစွာဖြင့် ခံစားမှုမျိုးစုံကို ခံစား ခဲ့ဖူးသော ဦးချမ်းမြေ့မှာ ဒီနေ့လောက် ပြင်းထန်သော ခံစားမှုမျိုး မကြုံဖူးခဲ့သေးပါ။

ပွင့်ဖြူကို သမီးဟုထင်ပြီး မြင်ခဲ့ရစဉ်ကထက် ပို၍နက်ရှိုင်း စွာ ယခု ခံစားလိုက်ရသည်။ 'သွေးက တူကယ့်ကို စကားပြောပါပြီ'။ သမီးလေး၏ လှသောရုပ်သွင်ကို ကြည့်ရပါလျက် သူ့ နှလုံးသားကို လှုပ်ကိုင်ခါယမ်းခြင်း ခံလိုက်ရသလို စိုးထိတ် ရွံ့ ကြောက်စွာ သူ့ရင်မှာ သွက်သွက်ခါနေ၏။

"မေမေကြီးနဲ့ တွေ့ချင်ရင် အပေါ်ထပ်ကြွပါ ဦးလေး"

"မေမေကြီးဆိုတာ ဒေါ်ဦးမေကို ပြောတာလား"



"ဟုတ်ကဲ့"

"လာပါ၊ မေမေကြီး အပေါ်မှာရှိပါတယ်"

ကောင်မလေးက ပြေးတက်သွားပြီး...

"မေမေကြီး...ဧည့်သည်"

အသက်ခုနစ်ဆယ်အရွယ်ရှိပြီ ဖြစ်သော်လည်း တိကျပြတ် သားဆဲ၊ စီစဉ် ဖန်တီးနိုင်ဆဲ၊ ဩဇာတိက္ကမရှိနေဆဲ ဖြစ်ပုံရသော ချောချောခံ့ခံ့ အဘွားကြီးက...

"ထိုင်ပါ၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်...ကျွန်တော်..."

ဦးချမ်းမြေ့သည် သူ့ကိုယ်သူ ဒီလောက်ညံ့ဖျင်းမည်မထင်။ အခု ကြောက်ရွံ့ တုန်လှုပ်နေပုံက သူ့အရွယ်၊ သူ့ဥပဓိရုပ်နှင့် မလိုက်ဖက်လောက်အောင် ဖြစ်နေ၍ ဒေါ်ဦးမေက သူ့ကို မျက် မှောင်ကြုတ်၍ ကြည့်လိုက်ပြီး...

"မင်းကို ရှုဘီခင်မြဝင်းတို့က လွှတ်လိုက်ပြန်ပြီလား"

"ခင်ဗျာ..."

ဒေါ်ဦးမေ၏ အကြည့်မှာ မသင်္ကာမှုနှင့် စွပ်စွဲလိုမှုများ ပါနေပြီဖြစ်၍ ဦးချမ်းမြေ့က တံတွေးတစ်ချက်မြိုချ၍ စိတ်ကိုတင်း လိုက်ပြီး...

"ဒီ...ဒီလိုပါခင်ဗျာ"

"အင်း"

"ကျွန်တော့်နာမည် ချမ်းမြေ့လို့ ခေါ်ပါတယ်၊ ရွှေတောင် ကုန်း ရိပ်သာကပါ၊ ဦးအောင်မွန် ဒေါ်သက်ထားရည်တို့ရဲ့သားပါ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက သိပုံမရပါ။ ရန်ကုန်မှာက ဒီလို နေရပ်ခြားကို သိဖို့ဝေးလို့ တစ်လမ်းတည်း နေသူချင်းပင် သိချင်မှ သိကြသည်။ အထူးသဖြင့် သူဌေးရပ်ကွက်များက ပိုလို့ဆိုး၏။

ကိုချမ်းမြေ့၏ ချောမောပြေပြစ်သော ဥပမိရုပ်နှင့် ရွှေတောင်ကြားလမ်း အနီးက ရွှေတောင်ကုန်းရိပ်သာမှာ နေသည်ဆို၍ ဒေါ်ဦးမေ၏အကြည့်များ တင်းမာခြင်းမှ ပြေလျော့သွား၏။ ရှေးတုန်းပြီးသား ခမည်းခမက်များနှင့် မသက်ဆိုင်ဟု ဆိုသဖြင့်လည်း စိတ်အေးသွားပုံရ၏။

"ကောင်းပြီ၊ လာရင်းကိစ္စကို ပြောပါဦး"

"ကျွန်တော့်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်လောက်က သမီးလေး တစ်ယောက် ရှိခဲ့ပါတယ်ခင်ဗျာ၊ အဲ...ဒါပေမယ့် အကြောင်းကြောင်းကြောင့် ကွဲကွာပျောက်ဆုံးသွားပါတယ်၊ ကျွန်တော့် သမီးလေး နာမည်က စန္ဒကူးပါ"

"ဟယ်..."

"စေ့စပ်ကြောင်းလမ်းတဲ့ သတင်းကို သတင်းစာမှာ ဖတ်ရတာက ဖခင်အမည် ဦးချမ်းမြေ့ဆိုလို့ ကျွန်တော် ရောက်လာခဲ့ရတာပါ"

"တိုက်ဆိုင်မှုလို့ရော မထင်မိဘူးလား"

"ဖခင်နဲ့ သမီးရဲ့နာမည် နှစ်မျိုးလုံး တိုက်ဆိုင်ဖို့ ခဲယဉ်းပါတယ်၊ စောစောကလည်း တွေ့ခွင့်ရလိုက်ပါတယ်၊ စန္ဒကူးဆိုတဲ့ အမည်လေးကို ကျွန်တော် ပေးထားတာပါ၊ သူဟာ ကျွန်တော့် သမီးလေးလို့ ကျွန်တော့်စိတ်ထဲမှာ သေချာနေပါတယ်"



"ဟင်..."

"အန်တီခင်ဗျာ၊ ဖခင်တစ်ယောက်ရဲ့ မေတ္တာကို စာနာပေးပါ ခင်ဗျာ၊ ကျွန်တော် သိပ်မျှော်လင့်၊ သိပ်တမ်းတ၊ သိပ်တောင့်တနေမိတဲ့ ကျွန်တော့်သမီးလေးကို ကျွန်တော့်...ကျွန်တော်..."

ဦးချမ်းမြေ့ တုန်တုန်ရီရီ ဖြစ်လာပြီး စကားဆက်မပြောနိုင်ရှာပါ။ ဝဲလာသော မျက်ရည်ကိုဖြင့် ယောက်ျားမာန်ဖြင့် စီးကျမလာဖြစ်အောင် ထိန်းထားနိုင်ပါ၏။

"လောကကြီးမှာ နေကြတဲ့ လူသားတွေဟာ တချို့လည်း ရိုးရိုးစင်းစင်းနဲ့ပဲ မွေးဖွား နေထိုင် သေဆုံးသွားကြတယ်၊ တချို့ကျတော့လည်း ဆန်းပြားရှုပ်ထွေးတဲ့ ဘဝတွေနဲ့ နေထိုင်ကြရတယ်"

"ခင်ဗျာ..."

"စန္ဒကူးဘဝဆိုရင် ဆန်းပြားရှုပ်ထွေးတယ်လို့ပဲ ခေါ်ရမှာပေါ့လေ"

"ခင်ဗျာ..."

"ဟုတ်ပါတယ်၊ စန္ဒကူးဆိုတာ ကိုချမ်းမြေ့ရဲ့သမီး ဖြစ်နိုင်ပါတယ်"

"ဟာ...ဟာ...အန်တီ"

"ဘာဖြစ်လို့လဲဆိုတော့ မိဘမဲ့ဂေဟာကနေပြီး စန္ဒကူးကို ရှစ်နှစ်သမီးအရွယ်ကနေ အန်တီ ခေါ်မွေးစားခဲ့တာ"

"ဒါ...ဒါဆို သမီး...သမီးလေးဟာ မိဘမဲ့ဂေဟာ ရောက်သွားတယ်ပေါ့နော်၊ ဘာကြောင့်လဲ...ဘာကြောင့်များလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မမွေးနိုင်တော့လို့ နေမှာပေါ့ကွယ်၊ ကလေးရဲ့မွေးစာရင်းလေးကိုပါ ရခဲ့တယ်၊ ဒေါ်ပုညဝတီဆိုတဲ့ သီလရှင် ဆရာလေးတစ်ပါးက ဖွင့်ထားတဲ့ ပရဟိတဂေဟာပေါ့"

"မွေးစာရင်းမှာ"

"ဟုတ်တယ်၊ ဖခင်နာမည်က ကိုချမ်းမြေ့လို့ ပါတယ်၊ စန္ဒကူးရဲ့မိခင်ဟာ မီးဖွားပြီး သေဆုံးသွားလို့ သူ ဒီကလေးလေးကို ဆက်ပြီးမမွေးနိုင်တာနဲ့ နှစ်နှစ်လောက်အရွယ်တည်းက မိဘမဲ့အဖြစ်နဲ့ ဆရာလေး ဒေါ်ပုညဝတီဆီကို လာအပ်သွားတယ်တဲ့၊ စန္ဒကူးကို လာပို့သွားတဲ့ သူ့ရဲ့အဘွားနာမည်က ဒေါ်စိုးသိန်းတဲ့"

"ဟာ...ဟုတ်တယ်...ဟုတ်ပါတယ်ခင်ဗျား၊ ဒေါ်စိုးသိန်းဆိုတာ ကျွန်တော့်...ကျွန်တော့်ယောက္ခမကြီးပါ၊ သိပ်ပြီး ကြမ်းတမ်းပါတယ်၊ ကျွန်တော့်သမီးလေးကို မိဘမဲ့ဂေဟာ ပို့ပစ်လိုက်တယ်၊ ပွင့်ဖြူကိုတော့..."

"ဘယ်သူလဲ ပွင့်ဖြူဆိုတာ"

"ပွင့်ဖြူဆိုတာလည်း သူ့မြေးပါပဲ၊ ပွင့်ဖြူကိုတော့ တခြားနေရာ ပို့လိုက်ပါတယ်"

သူ ရှင်းပြမနေချင်တော့ပါ။

"ဒါဖြင့် သမီးလေးဟာ အန်တီ့ဆီမှာ သူ့တစ်သက်လုံးနီးပါး နေရတာပေါ့နော်"

"ဟုတ်တယ်၊ ကလေးက စာသိပ်တော်တယ်၊ လသား–၂ မှာ ထားပြီး အကောင်းဆုံးကျူရှင်နဲ့ သင်လို့ ဆရာဝန်ဖြစ်တဲ့အထိ အန်တီ တာဝန်ယူခဲ့တာပါ"



"ကျွန်တော့်သမီးလေးကို ကျွန်တော်ပဲ ဆက်တာဝန်ယူပါရစေခင်ဗျာ"

"ဟင်...ဘယ်လိုပြောလိုက်တယ်"

"ဖခင်အရင်းဖြစ်တဲ့ ကျွန်တော်ကပဲ တာဝန်ဆက်ယူခွင့်ပြုပါလို့"

အဘွားကြီးက အဓိပ္ပာယ်ပြည့်သောအပြုံးကို ပြုံးလိုက်ပြီး...

"ဆရာဝန်ပဲဖြစ်ပြီ၊ ဘာတာဝန်ယူဖို့ လိုတော့လဲ"

"ဟာ...ကျွန်တော့်စိတ်တွေ သိပ်လှုပ်ရှားနေလို့ စကားမှားခဲ့ရင် ခွင့်လွှတ်ပါခင်ဗျာ"

"အန်တီကိုယ်တိုင်တောင် တာဝန်ယူဖို့ မလိုတော့ဘူးလေ"

"ဗျာ..."

"အခု စေ့စပ်တဲ့သတင်း တွေ့လို့ လိုက်လာတာ မဟုတ်လား၊ သူ့ဘဝကို သူ့ချစ်သူက တာဝန်ယူမှာပေါ့ကွယ်"

"ဟာ...ဟုတ်ပါရဲ့"

ပြိုင်တူ ပြုံးဖြစ်ကြသည်။ ဒေါ်ဦးဓေက အအေးတစ်ခွက် ယူခဲ့ရန် မစိန်ကို လှမ်းမှာနေသည်။

"အန်တီခင်ဗျာ"

"ပြော...မောင်ချမ်းမြေ့"

"ကျွန်တော်ပေါ်လာရင် သမီးလေးဟာ မိဘမဲ့ဂေဟာက ရောက်လာတာလို့ သိများသွားမလား၊ ကျွန်တော့်ကို ဖခင် အစ် ယောက် အဖြစ်နဲ့ သူ လက်ခံချင်ပါ့မလား၊ အန်တီ့ဘက်[illegible]ရော ဘယ်လိုသဘောရပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ချမ်းမြေ့နှယ် အစို ရိမ် လွန်ရန်ကော၊ အန်တီဟာ မှုဆိုးမ၊ ငယ်ငယ်တည်းက သမီးလေ တစ်ယောက် သေဆုံးဖူးတယ် ဆိုတာ လူတိုင်းသိတယ်၊ မိဘမဲ့ဂေဟာကနေ စန္ဒကူးကို ခေါ်ပြီး မွေးစားတယ်ဆိုတာလည်း လူတိုင်းသိတယ်၊ အားလုံးသိတယ်၊ ဒီအတွက် တို့မြေးအဘွား ဘာမှ မခံစားရဘူး၊ ဖွားမြေးအဘွား တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတယ်ကွယ့်"

"ကျေးဇူးတင်လိုက်တာ အန်တီရယ်"

"အခု မင်းတွေ့တဲ့ သတင်းစာထဲက ညီသစ္စာရဲ့ အမေက ပထမ သဘောမယူဘူး၊ မိဘမဲ့ဂေဟာကမို့တဲ့၊ အမျိုးနိမ့်လို့တဲ့၊ နောက် သူ့သားက သေမလိုဖြစ်တော့မှ လာပြီး ရှိခိုးတောင်းပန်ကြတာ၊ ကောင်လေးက လာတောင်းပန်တယ်၊ မရဘူး၊ မင်းမိဘကိုယ်တိုင် လာတောင်းပန်မှ ပေးစားမယ်ဆိုလို့ လာတောင်းပန်ရတာလေ၊ ဆိုလိုတာက မြေးလေးကို တန်ဖိုးထားပြီး မွေးစားခဲ့တယ်လို့ မောင်ချမ်းမြေ့သိအောင် ပြောချင်တာပါ"

"ကျေးဇူးကြီးလှပါပေတယ် အန်တီရယ်"

အိမ်ဖော်မလေး လာချပေးသော လိမ္မော်ရည်အေးအေးလေးကို သောက်လိုက်ရ၍ ရင်ထဲ အေးငြိမ်းသွားရသည်။

"သတင်းစာထဲမှာပါတဲ့ ကျွန်တော်နဲ့တွဲလျက် ဒေါ်စန္ဒာဆိုတာကရော ဘယ်လို ပတ်သက်ပါသလဲခင်ဗျာ"

"ဘယ်လိုမှ မပတ်သက်ဘူး၊ လူဆိုတာ အဖေနဲ့ အမေရဲ့ နာမည်ပါမှ လူတစ်ယောက်ဖြစ်တာလေ၊ သူငယ်ငယ်တည်းက ပါးစပ်ထဲတွေ့တဲ့ နာမည်တစ်လုံး ကောက်ထည့်ထားတာ"



"ကလေးက ဘယ်လောက်တော်တော် အုပ်ချုပ်မှုမကောင်းရင် လိမ္မာဖို့မလွယ်ပါဘူး၊ အန်တီရဲ့ကျေးဇူးတရားတွေကို သမီးလေး တစ်သက်လုံး ပြန်ဆပ်ရင်တောင် ကျေနိုင်မှာမဟုတ်ပါဘူးခင်ဗျာ"

"သူက ပြန်ဆပ်ဖို့မလိုပါဘူး၊ အန်တီချမ်းသာသမျှ စန္ဒကူးကိုပဲ ပေးမှာ"

အံ့ဩလွန်း၍ ပါးစပ်ပင် ပွင့်ဟသွားပြီ ထင်၏။

ဖခင်တစ်ယောက်အနေနှင့် ဘာမှ တာဝန်မကျေခဲ့ရုံမကနောင်ကိုလည်း ဒေါ်ဦးမေကို ပေးဆပ်နိုင်မည်မဟုတ်သည့်အတွက် တစ်ထိုင်တည်းမှာပင် သိမ်ငယ်သွားသလို ခံစားနေရဆဲ ဒေါ်ဦးမေက…

"စန္ဒကူးဟာ မိဘမဲ့ဖြစ်ပြီး ပရဟိတကျောင်း ရောက်ခဲ့ရတဲ့ ရှစ်နှစ်တာကာလအတွင်းသာ ကံဆိုးခဲ့ရတာပါ၊ အန်တီ့ဆီရောက်၊ ဆရာဝန်ဖြစ်ပြီး နောက်မှာလည်း သူ့ကို သိပ်မြတ်နိုးတဲ့ အိမ်ထောင်ဘက်ကို ရရှိတယ်၊ မိဘတွေက ချမ်းသာရုံမကဘူး ကောင်လေးကိုယ်တိုင်ကလည်း လုပ်ငန်းရှင် အင်ဂျင်နီယာလေးပဲ"

"စောစောက ရိပ်ခနဲတွေ့လိုက်ပါတယ်၊ ဒါပေမယ့်အာရုံက သမီးလေးဆီကို ရောက်နေတာနဲ့"

"ဒါပေါ့ကွယ်"

"သူတို့ ဘယ်အချိန် ပြန်လာကြမလဲခင်ဗျာ"

"နောက်ကျလိမ့်မယ်၊ မင်္ဂလာဆောင်အတွက် သူတို့ စိတ်ကြိုက် ပစ္စည်းဝယ်ဖို့၊ အပ်ဖို့တွေအတွက် သွားကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် ပြန်ပါ့မယ်"

"မောင်ချမ်းမြေ့ အချိန်ရမယ် ဆိုရင် စောင့်ချင်စောင့်နိုင်တယ်နော်"

"မစောင့်တော့ပါဘူးခင်ဗျာ၊ ကျွန်တော့် လိပ်စာနဲ့ ဖုန်းနံပါတ် ရေးပေးခဲ့ပါမယ်၊ ဒါပေမယ့် ကျွန်တော်ပဲ နက်ဖြန် လာခဲ့ပါရစေ၊ ဘယ်အချိန်လောက် လာခဲ့ရပါမလဲခင်ဗျာ"

စကားပြောတိုင်း 'ခင်ဗျာ'ဟု ရိုသေလေးစားစွာ ပြောလေ့ရှိသော အထက်တန်းစား လူရည်သန့် ဦးချမ်းမြေ့ကို ဒေါ်ဦးမေ သဘောကျသွားသလို...

ဖခင်ရင်းပေါ်လာ၍ အချစ်တွေ ခွဲဝေပေးရမှာ စိုးရိမ်ခြင်းမျိုးလုံးဝမရှိဘဲ အမြော်အမြင်ကြီးမား၍ သဘောထားပြည့်ဝလွန်းသော ဒေါ်ဦးမေကို ကိုချမ်းမြေ့ကလည်း ကြည်ညိုလေးစားသွားသည်။

"မနက်ရှစ်နာရီလောက် လာခဲ့ပါ၊ စန္ဒကူးကို စောင့်ခိုင်းထားမယ်လေ"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

✿ ✿ ✿

# အခန်းသုံး

ဦးချမ်းမြေ့သည် ကားကို အိမ်သို့ ပြန်မမောင်းသေးဘဲ သံလွင်လမ်းမှ ဒေါ်မျက်ချယ်၏ ခြံကြီးထဲသို့ မောင်းဝင်လာခဲ့သည်။

"အဖေ လာပြီ အဘွား"

ပွင့်ဖြူကိုပင် စိတ်တိုသလို ကြည့်လိုက်မိသည်။

မျက်နှာခွက်ခွက်၊ အသားညိုရုံမက မည်းသည့်ဘက်သို့ ရောက်နေသော ပွင့်ဖြူ။ မိသန်း၏မျက်နှာကို အခွံခွာပြီး စွတ်ထားသကဲ့သို့ပါပင်။

ပွင့်ဖြူကို ငါ့သမီး ဆိုပြီး အန်တီမျက်ချယ်ကို ပေးလိုက်ပြီး ငါ့သမီးလေး စန္ဒကူးကိုတော့ မိဘမဲ့ဂေဟာ ပို့ပစ်လိုက်တဲ့ သရဲမကြီး။

သူ့ဘဝကို စတင် ဖျက်ဆီးခဲ့သည့် မိုက်မဲသောမိန်းမကြီး ဒေါ်စိုးသိန်း၏ ပိန်ခြောက်မဲကြုတ်နေသော ရုပ်သွင်ကြီးကို မြင်ယောင်လာလေ ဒေါသကထွက်လာလေ။

ပွင့်ဖြူနဲ့ သမီးလေး စန္ဒကူးက လေးငါးလလောက်ပဲ ကွာတော့ အန်တီမျက်ချယ်က ဘယ်သိမှာလဲ။ သူချစ်တဲ့ သူ့မြေးဦး ပွင့်ဖြူကိုဖြင့် ကောင်းစားစေ၊ စန္ဒကူးကိုတော့ မိဘမဲ့ဂေဟာမှာ ဘဝတစ်လျှောက်လုံး ဒုက္ခရောက်စေဆိုပြီး မြေးချင်းတူလျက် ဒုက္ခပေးရက်ခဲ့တဲ့ မိန်းမယုတ်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းမြေ့ ကျိန်ဆဲနေသော ဒေါ်စိုးသိန်းမှာ ဤလောကတွင် သက်ရှိထင်ရှား ရှိချင်မှရှိပေရော့မည်။ သူလည်း အသက်ခုနစ်ဆယ်ကျော် အရွယ်သို့ ရောက်လောက်ပြီ။ ဆေးမကုနိုင်၊ အာဟာရပြည့်ဝသောအစာ မစားနိုင်၍ ကျန်းမာသက်ရှည်မည် မထင်။

အကယ်၍ ရှိနေစေဦး၊ ဒေါ်မျက်ချယ်ဆီ သူ မလာဝံ့ပါ။ လာခွင့်မရှိပါ။ ဤမျှကွာဟလှသော အသိုင်းအဝိုင်းချင်း ဆုံစည်းဖို့ မလွယ်။ ရန်ကုန်မြို့ကြီးနှင့် ဆင်ခြေဖုံးမြို့သစ်များမှာ နေထိုင်ကြသူချင်း တွေ့ဆုံဖို့ ခဲယဉ်းလှသည်။

ဤသို့ဖြင့် သူ စတင် မွေးနောက်ခဲ့သော ဇာတ်လမ်းထဲမှ ဇာတ်ကောင်များစွာတို့ ကသောင်းကနင်း ဖြစ်ခဲ့ရပြီးနောက်မှာ ယခု အားလုံး ပြီးပြေပြီးဆုံးခဲ့ပါပြီ။

သို့သော် ဒေါ်စိုးသိန်းကိုဖြင့် ပွင့်ဖြူရော စန္ဒကူးတို့ပါ အသက်ထက်ဆုံး တွေ့ခွင့်မရကြတော့ပါ။ သူ့ဇာတ် သူ သိမ်းသွားလောက်ပါပြီ။

"ဩော်...သား မောင်ချမ်းမြေ့၊ လာ၊ မလာတာတောင် တစ်ပတ်လောက် ရှိသွားပြီနော်"

"ဟုတ်ကဲ့ အန်တီချယ်၊ တိုက်ပြင်နေတာ ပြီးခါနီး ဖြစ်နေလို့ ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"ဘာမှတော့ လုပ်ဖို့မလိုပါဘူးကွယ်၊ ပြောချင်စရာလေး နည်းနည်းရှိလို့ပါ"



"ဟုတ်ကဲ့၊ ပြောပါ အန်တီချယ်"

"ဟဲ့...ပွင့်ဖြူ၊ သမီး အဖေဖို့ ကော်ဖီသွားဖျော်ခဲ့၊ ရေခဲသေတ္တာထဲက ကိတ်မုန့်လည်း ထုတ်ပြီး ယူလာခဲ့"

ပွင့်ဖြူက ပေကတ်ကတ်လုပ်နေပြီးမှ ထွက်သွား၏။ ဒေါ်မျက်ချယ်က စိတ်မသက်မသာဖြင့်...

"ပွင့်ဖြူလေ ဟိုတစ်ခါကျော်က ကားမောင်းတဲ့လူနဲ့ ချိန်းတွေ့သတဲ့ကွယ်၊ သူ့ကို အဆင့်မြင့်အောင် ဘယ်လိုမှ ဆွဲတင်လို့မရဘူး၊ စိတ်ဆင်းရဲတယ်"

"သိပ်လည်း စိတ်မညစ်ပါနဲ့ အန်တီချယ်၊ ကိုယ် ဆုံးမလို့မှ မရရင်လည်း သူ့ထိုက်နဲ့သူ့ကံပေါ့"

"သားက အဲဒီသဘောမျိုး ထားနိုင်လို့လား"

"သူမနာခံရင် ပြောတာပါ"

ဖခင်တစ်ယောက်၏ နွေးထွေးမှုကင်းပြီး စိုးရိမ်ပူပန်မှုမရှိသည့်အတွက် ဒေါ်မျက်ချယ် နည်းနည်းတော့ အံ့သြသွားပုံရသည်။

ဒေါ်မျက်ချယ်မှာ ဒေါ်ဦးမေနှင့် ဖေဖေ ဦးအောင်မွန်တို့နှင့် အသက်အရွယ် မတိမ်းမယိမ်း ဖြစ်သော်လည်း ပို၍အိုစာပြီး မျက်နှာကလည်း မှုန်မှိုင်းနေသည်။ ကြည်ကြည်လင်လင် မရှိ။

ခင်ပွန်းက အငယ်အနှောင်းများနှင့် ပျော်မွေ့ပြီး သေဆုံးသွားခဲ့ပြီ။ အဝေးမှာ သမီးနှစ်ယောက်၊ အနီးနေ သား မိသားစုကလည်း မကောင်း။ ပွင့်ဖြူ၏ဒုက္ခကလည်း မသေးလှ၍ ဒေါ်မျက်ချယ် ညှိုးချုံး အိုစာနေရခြင်းပါပင်။

"ကျွန်တော်သံယောဇဉ်နဲ့ မေမေ့သံယောဇဉ်ကြောင့် အန်တီ

www.burmeseclassic.com

www.burmeseclassic.com



ချယ် အနှစ်နှစ်ဆယ်ကျော် ပွင့်ဖြူကို ဒုက္ခခံပြီး မွေးခဲ့ရပြီးပြီ။ နောက်ပိုင်း ပွင့်ဖြူကို ကျွန်တော်ပဲ တာဝန်ယူပါမယ်”

“သား ကလောကို ခေါ်သွားမှာလား”

“ဟုတ်ကဲ့၊ တစ်ခုခုတော့ စီစဉ်ပါမယ်”

ဒေါ်မျက်ချယ်နှင့် ဦးချမ်းမြေ့တို့ စကားကို ညှိခန်းနောက်မှ ပွင့်ဖြူက ချောင်း၍ နားထောင်နေပြီးမှ ကော်ဖီနှင့်မုန့် ယူ၍ ထွက်လာသည်။

“မုန့်တွေ အကုန်စားလိုက်တော့မယ်၊ ဗိုက်ဆာနေလို့”

မနက်စာ ထမင်းမစားရသေး။ အားနာရမည့်အိမ်လည်း မဟုတ်၍ အားလုံး စားပစ်လိုက်သည်။

“သား အခု ဘယ်ကလာတာလဲ”

ဒေါ်မျက်ချယ်၏ အမေးကို ရုတ်တရက် မဖြေသေးဘဲ ချင့်ချိန်လိုက်ပြီးမှ…

“တိုက်ပြင်တဲ့ကိစ္စအတွက် မြို့ထဲက ပြန်လာတာပါ”

သူ လိမ်ညာ၍ ပြောလိုက်သည်။

စန္ဒကူးကို ရှာဖွေတွေ့ရှိပြီဟု ဒေါ်မျက်ချယ်ကို ဖွင့်ပြီးမပြောရက်ပါ။ အဖြစ်မှန်ကို သိခွင့်ရသွားလျှင် ဘယ်လောက်များ စိတ်ဆင်းရဲသွားရှာမလဲ။

‘မိမိ၏သမီး’ဟု မိမိအပေါ်တွင် ထားရှိသော သံယောဇဉ်ကြောင့် မွေးစားခဲ့သော ကလေးမှာ ဒေါ်စိုးသိန်း၏ တခြားသောမြေးကို အစားထိုး လဲလှယ်ပေးလိုက်ကြောင်း အန်တီချယ်ကို သူ မပြောရက်သေး။



“သောက်လိုက်ဦးလေ အဖေ”

“ဟဲ့…ဖေဖေလို့ ခေါ်လေ”

“နေပါစေတော့ အန်တီချယ်ရယ်”ဟု စိတ်ထဲကပြောရင်း ပွင့်ဖြူကို…

“ဖေဖေ ကလောပြန်ရင် သမီး လိုက်ခဲ့နော်”

“ဟိုမှာ နေရမှာလား”

“အခြေအနေအရပေါ့”

ဦးချမ်းမြေ့ ကိုယ်တိုင်ကလည်း သူ ဘယ်မှာနေမည်ဟု သူကိုယ်တိုင် မဆုံးဖြတ်ရသေးပါ။

ဘာပဲဖြစ်ဖြစ် ပွင့်ဖြူအတွက် စိတ်ညှိုးနွမ်းနေရရှာသော ဒေါ်မျက်ချယ်၏ ဒုက္ခများစွာကို သူ ပြောင်းယူခံစားပါမည်။ ပွင့်ဖြူကို တစ်နည်းနည်းဖြင့် သူ တာဝန်ယူဖို့ ဒေါ်မျက်ချယ်ထံမှ သူ ခေါ်ထုတ်သွားမှကို ဖြစ်မည်။

“စောရှင်မွန်က သဘောကောင်းပါသည်လေ…

ခုလောက်ဆို သူ့ကိုမျှော်နေရှာရော့ပေါ့”

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်းလေး

ညခုနစ်နာရီထိုးပြီ။

ကိုရီးယားဇာတ်လမ်းတွဲကားကို ကြည့်ရန် တီဗီရှေ့မှာ ထိုင်နေဆဲ ခြံရှေ့မှ ကားဟွန်းတီးသံ ကြားလိုက်ရသည်။

ဦးချမ်းမြေ့တို့အိမ်သို့ ဧည့်သည်လာလေ့မရှိပါ။ အံ့ဩသော စိတ်နှင့် ခြံဝကို လှမ်းမျှော်ကြည့်နေဆဲ မောင်တိုး ဖွင့်ပေးသော ခြံတံခါးမှ ရုပါဆလွန်း အဖြူရောင်ကားလေး မောင်းဝင်လာပြီး ဦးချမ်းမြေ့ ရှေ့တည့်တည့်မှာ ရပ်၍ ကားပေါ်မှ ပြေးဆင်းလာ သူက…

'စန္ဒကူး'

ဦးချမ်းမြေ့ရော စန္ဒကူးပါ သမီးနှင့် ဖခင်ဟု သိခွင့်မရမီ မနက်တုန်းဆီက မြင်ဖူးခဲ့ကြပြီးမို့ စန္ဒကူးက လေ့ကားသုံးထစ်ကို ပြေးတက်လာပြီး ဦးချမ်းမြေ့၏ လက်ကို ဖက်ပိုက်လိုက်ကာ…

"ဖေဖေ…သမီးရဲ့ဖေဖေ"

"ဟာ…သမီးလေး စန္ဒကူး"

ဦးအောင်မွန်ကပါ ထွက်လာ၍…

"သမီး ဒါ ဖေဖေ့ရဲ့ဖေဖေ၊ သမီးရဲ့အဘိုး"

"ဟုတ်ကဲ့…ဟုတ်ကဲ့ပါ၊ မေမေကြီး ဒေါ်ဦးမေက ဖေဖေ ပြောသွားတာတွေ အားလုံး ပြန်ပြောပြပါတယ်၊ အဲဒါကြောင့် အခု သမီး သိသိချင်း ပြေးလာခဲ့တာပါ"



စန္ဒကူးက တုန်တုန်ရီရီ မဟုတ်ဘဲ တည်တည်ငြိမ်ငြိမ် ပြော၍ ထိုင်ချလိုက်ပြီး ဦးအောင်မွန်ကို ကန်တော့သည်။ ပြီး နောက် ဦးချမ်းမြေ့ကိုပါ ကန်တော့၏။ ငါ့သမီးလေးက ငါ့ထက် တောင် ရင့်ကျက်နေပါလားဟု တွေးနေဆဲမှာပင် စန္ဒကူးကား ငုံ့၍ ကန်တော့နေရာမှ ပြန်မော့မလာနိုင်ဘဲ ကျောပြင်လေး သိမ့်သိမ့် တုန်နေပါ၍…

"ဟာ…သမီး…သမီးလေး ငိုနေပါလား၊ ထ…ထပါဦး ကွယ်"

အဘိုးနှင့် အဖေက တစ်ဖက်စီ တွဲယူပြီး ကုလားထိုင်ပေါ်မှာ ထိုင်စေရသည်။ စန္ဒကူးက မျက်ရည်များသုတ်ရင်း…

"သမီး ဝမ်းသာလွန်းလို့ပါ၊ သမီးမှာ အဖေအရင်းရှိတယ်၊ အဘိုးအရင်းရှိတယ်၊ အို…သမီးမတောင့်တရဲတဲ့ ကိစ္စတွေ တကယ် ဖြစ်လာတယ်နော်၊ ပျော်လိုက်တာ၊ သမီးပျော်လိုက်တာ"

"သမီးရယ်…"

"မိဘမဲ့ဂေဟာဆိုတဲ့ အမည်းစွန်းကြီးဟာ သမီးဘဝထဲမှာ ထာဝရ ရိပ်မိုးမနေတော့ဘူးပေါ့၊ ယောက္ခမလောင်းတွေဘက်က အစ အထင်မသေးကြတော့ဘူးပေါ့၊ သမီးဘဝ ပြည့်စုံသွားပြီ ဖေဖေ၊ သမီးကို တွေ့အောင်ရှာပေးတဲ့ ဖေဖေ့ကို သမီး ချစ်လိုက် တာ…"

စန္ဒကူးက ဖခင်ဘေးမှာ နေရာပြောင်းထိုင်၍…

"ဘိုးဘိုးရဲ့မြေး ဖြစ်ရတာလည်း ဂုဏ်ယူစရာ ကောင်း လိုက်တာ၊ စန္ဒကူးဆိုတဲ့ ကောင်မလေးဟာ မိန့်ဘနဲ့၊ အဘိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



အဘွားနဲ့ ဟောဒီတိုက်ကြီးမှာ နေကြတယ်လို့ သမီး အော်ဟစ်ပြီး ကြွားပစ်ချင်လိုက်တာ”

မျက်ရည်များ စွန်းထင်းလျက်က စန္ဒကူး၏ အပြုံးမျက်နှာလေးက ချစ်စရာကောင်းလှချည့်လေ။ စန္ဒကူး၏ အပြုံးအပျော်များ ဦးအောင်မွန်ကို နည်းနည်းကူးစက်ပြီး ဦးချမ်းမြေ့ကို များများကူးစက်ခဲ့ပြီ။

“ဒါနဲ့ ဖေဖေ၊ သမီးမေမေက ဘယ်သူလဲဟင်”

“သမီးကို လာစွန့်ပစ်သွားတဲ့ ဒေါ်စိုးသိန်းဆိုတဲ့ မိန်းမကြီးရဲ့ သမီးပဲ”

“မေမေကရော ဆိုးသလားဟင်”

“ဟင့်အင်း…ဟင့်အင်း၊ ဆင်းရဲတာကလွဲလို့ လုံးဝ မဆိုးဘူး သမီး၊ တကယ့် အရိုးခံလေးပါ၊ ဒေါ်စိုးသိန်း ချယ်လှယ်သမျှ ခံရတာ၊ ဖေဖေ မရှိချိန်မှာ သမီးကို မွေးဖွားရင်း သေဆုံးသွားတာတဲ့”

“ဒါဖြင့် သမီး မေမေဟာ သမီးကို သူ့အသက်နဲ့လဲပြီး မွေးဖွားသွားခဲ့ရတာပေါ့နော်”

“ဟုတ်ပါတယ် သမီး”

“သနားစရာကောင်းလိုက်တာနော်၊ နာမည်ကရော ဘယ်သူတဲ့လဲ”

“မိ…အဲ…မ…မစမ်းတဲ့…သမီး”

“ဒေါ်စမ်းစမ်းပေါ့နော်၊ သမီးရဲ့ မင်္ဂလာဆောင်ဖိတ်စာ အပ်ထားတဲ့ဆီမှာ နာမည်သွားပြင်မယ်၊ ဦးချမ်းမြေ့-ဒေါ်စမ်းစမ်း



တို့ရဲ့ တစ်ဦးတည်းသော သမီးလို့ ထည့်ရမလားဟင်”

“ကောင်းတာပေါ့ကွယ်”

“ဖေဖေ့မှာ တခြားသားသမီး ရှိနေပြီလား”

“လုံးဝ မရှိပါဘူး၊ ဒါပေမယ့် ဖေဖေ့ဘဝကို ကယ်တင်ခဲ့တဲ့ ရှမ်းအမျိုးသမီး ဇနီးတော့ရှိနေပါတယ်၊ သူက သိပ်ကို သဘောထား ဖြူစင်ပါတယ်၊ သမီးကို သူချစ်မှာပါ”

“ဖေဖေ့ရဲ့ဇနီးကို သမီးလည်း ချစ်ပါ့မယ်”

ဦးအောင်မွန်က…

“ဒေါ်ဦးမေဆိုတာ အင်မတန် ကျေးဇူးတင်ထိုက်တာပဲ၊ မြေးလေးရဲ့ဘဝကို ပွဲကိုင်ကောင်းလိုက်တာ”

“မေမေကြီး ကျေးဇူးကတော့ ဆပ်လို့မကုန်နိုင်အောင်ပါပဲ၊ ပထမ ကျေးဇူးရှင် သမီးမှာ ရှိပါသေးတယ်”

“ဘယ်သူလဲ”

“ဆရာလေး ဒေါ်ပုညဝတီပါ”

“မိဘမဲ့ကျောင်းဖွင့်ထားလို့လား”

“ဟုတ်ပါတယ် ဘိုးဘိုး၊ ဆရာလေးဟာ သိက္ခာလည်း ရှိပါတယ်၊ အမြော်အမြင်လည်း သိပ်ကြီးပါတယ်၊ ဒါကြောင့် စာတော်တဲ့ သမီးကို မေမေကြီးလက်ထဲအပ်လိုက်လို့ သမီး အခုလို ဆရာဝန်ဖြစ်ခွင့်ရလာတာပါ”

“ဖေဖေ့သမီးလေးကလည်း တော်လို့၊ ကြိုးစားလို့ ဖြစ်ရတာ ပါကွယ်”

“ဖေဖေ”

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး"

"ရှေ့လ သုံးရက်နေ့ကျရင် သမီးချစ်သူနဲ့ သမီး လက်ထပ်တော့မယ် ဖေဖေ၊ မေမေကြီးကလည်း သဘောတူပါတယ်"

"သမီး မေမေကြီးက ဖေဖေ့ကို ပြောပြပါတယ်"

"အဲဒီကျရင် ဒါဟာ သမီးရဲ့ အဖေ၊ ဟောဒါ သမီးရဲ့ အဘိုးလို့ ကြွားလို့ရပြီ၊ သတို့သားဘက်က အဖေနဲ့အမေတို့ လမ်းလျှောက်ပြီး မင်္ဂလာပွဲပရိသတ်ထဲကို လျှောက်ဝင်လာကြမှာလေ"

"ဒါ မင်္ဂလာဆောင် ထုံးစံပဲ"

"သမီးဘက်ကလည်း အဖေအရင်း၊ အဘိုးအရင်းနဲ့ ကျေးဇူးရှင် မေမေကြီးတို့ပါ လိုက်လျှောက်ပေးကြရမယ်နော်"

ဦးအောင်မွန်က မိန့်မိန့်ကြီးပြုံးပြီး...

"ဘိုးဘိုးနဲ့ သမီးမေမေကြီး ဒေါ်ဦးမေတို့ တွဲလျှောက်ပေးရင် မကောင်းဘူးလား"

"ရှင်..."

"စုံတွဲဖြစ်သွားတာပေါ့"

"အဟား...ဟား..."

အပြုံးတွေ အပျော်တွေ ဝေဝေစည်သွားတော့သည်။ မင်္ဂလာပွဲအမီ ချမ်းမြေ့သာယာဂေဟာကြီးလည်း အပြီးပြင်ဆင်မည်ဟု ဦးချမ်းမြေ့ ဆုံးဖြတ်လိုက်ရပါပြီ။

ဦးအောင်မွန်က မြေဂရန်စာချုပ်ကိုပါ အပြီးတိုင် ဦးချမ်းမြေ့လက်သို့ လွှဲအပ်ပေးလိုက်ပြီး ဖြစ်ပေသည်။

✿ ✿ ✿

# အပိုင်း ၁၈

## စန္ဒကူးစံအိမ်

www.burmeseclassic.com

www.burmeseclassic.com

“

..........................................................................

..........................................................................

ယနေ့ကျေးမွေးသော အလှူရှင်များ...

ချမ်းသာကြပါစေ...

ကျန်းမာကြပါစေ...

ဆထက်ထမ်းပိုး တိုးတက်ကြပါစေ...

အမိဌာန်မြောက်ကြပါစေ...

နိဗ္ဗာန်ရောက်ကြပါစေ...

..........................................................................

..........................................................................”

ဤသို့ ပြိုင်တူရွတ်ဖတ်သံများကို စန္ဒကူးသည် ပရဟိတဂေဟာသို့ လာတိုင်း ကြားနေကျ။ မှတ်မိချိန်မှစ၍ ရှည်လျားစွာ ရွတ်ဖတ်နေကျမို့ အလွတ်ရနေသော ဓမ္မတေး ဆုတောင်းမေတ္တာပို့သံကို သည်တစ်ခါ ကြားရချိန်မှာ ဘယ်လိုဝမ်းနည်းလာသည်မသိ၊ စန္ဒကူး မျက်ရည်များ ပေါက်ပေါက်ကျလာသည်။

“အို...ကူးလေး...ဘာလို့ငိုရတာလဲကွယ်”

‘ချစ်ခင်ပွန်း’က စန္ဒကူး၏ လက်ကလေးကို ဆုပ်ကိုင်ပြီး နှစ်သိမ့်မှုပေးနေရှာသည်။

“ငယ်ငယ်တုန်းက ဒီလိုနေခဲ့ရတဲ့ ဘဝကနေပြီး အခုတော့ ကိုကို့ရဲ့ဇနီးဖြစ်ခွင့်၊ ဆရာဝန်ဖြစ်ခွင့်၊ ဦးချမ်းမြေ့ရဲ့သမီးဖြစ်ခွင့် ရတဲ့အထိ တွေးမိပြီး ကူး ခံစားရလွန်းလို့ပါ ကိုကိုရယ်”

www.burmeseclassic.com

www.burmeseclassic.com



"တိတ်တော့နော်၊ ဟိုမှာ ကလေးတွေ ထမင်းစားတော့မယ်၊ မနေ့က မောခဲ့ရသမျှ ဒီနေ့အလှူအတွက် 'ကိုကိုတို့ဇနီးမောင်နှံ' ကြည်နူးကြရအောင်ပါကွယ်နော်"

ချစ်မြတ်နိုးလွန်းစွာ သိပ်ဂရုစိုက်ရှာသော ကိုညီသစ္စာက မျက်ရည်သုတ်ပေးမလိုလုပ်နေ၍ စန္ဒကူး ခေါင်းငုံ့၍ ရှောင်လိုက်ပြီး ကိုယ့်ဘာသာ မျက်ရည်သုတ်ရင်း စိတ်ကိုပါ တင်းလိုက်ရပါသည်။

မိဘမဲ့များထဲမှ တချို့လည်း မိဘက မကျွေးမွေးနိုင်၍ လာအပ်ထားသော ကလေးများ၊ တချို့လည်း ရပ်ကွက်ရုံးရှေ့တွင် လာ၍ စွန့်ပစ်ထားခံရသည့် ကလေးများ စုစုပေါင်း တစ်ရာ့ခြောက်ဆယ်ကျော်တို့ ယနေ့ ကြက်သားဟင်းနှင့် ထမင်းစားခွင့် ရနေနိုင်ခြင်းမှာ...

"ညီသစ္စာနှင့် ဒေါက်တာစန္ဒကူးတို့၏ တစ်နေ့စာအလှူ" ကြောင့် ဖြစ်ပါသည်။

အလှူရှင် ရှိလျှင် ကောင်းကောင်းနှင့် ဝဝ,စားရပြီး အလှူရှင် မရှိလျှင် ဆန်ပြုတ်၊ ကန်စွန်းရွက်ပြုတ်တို့နှင့်ပင် စားခဲ့ရသော စန္ဒကူး၏ငယ်ဘဝကို တွေးဖြစ်ရင်း...

ဆရာလေး ဒေါ်ပုညဝတီ၏ ရှေ့မှောက်သို့ အားလုံး သွားရောက် ထိုင်လိုက်ကြသည်။

"ဆရာလေး၊ ဒါ တပည့်တော်မရဲ့ခင်ပွန်းပါဘုရား"

"အေး...အေး...ဝမ်းသာတယ်ကွယ်"

"တပည့်တော်ရဲ့အကြောင်း ဆရာလေးကို လာလျှောက်ပြီးပါပြီနော်"



"ဟုတ်တယ်လေ"

"ဒါက တပည့်တော်ရဲ့အဘိုးအရင်း ဦးအောင်မွန်ပါ၊ ဒီဘက်က တပည့်တော်ရဲ့ဖခင်ရင်း ဦးချမ်းမြေ့"

စကားလုံးများကပင် အင်အားအပြည့် ရှိလှချေသည်။

ဦးချမ်းမြေ့၏နောက်တွင် ထိုင်နေသော 'ဒေါ်စောရှင်မွန်' ကို မြင်ရ၏။ ဖြူဖြူသွယ်သွယ်၊ အရပ်မြင့်မြင့်နှင့် မြင်ရုံဖြင့် သဘောကောင်းမှန်း သိသာလှသော အပြုံးမျက်နှာနှင့် ဒေါ်စောရှင်မွန်ကို လက်ညှိုးညွှန်၍...

"သူကတော့ စန္ဒကူးရဲ့ ဒုတိယမေမေပါ၊ ဖေဖေ့ရဲ့ ဇနီး၊ ကလောမြို့က ရှမ်းအမျိုးသမီးပါ"

"အင်း...စန္ဒကူးကို ချစ်ချစ်ခင်ခင် ရှိကြတာလည်း ဝမ်းသာလိုက်တာကွယ်"

ထိုစဉ် ဘုရားခန်းရှေ့မှာ ထိုင်နေသော ဒေါ်ဦးမေနှင့် ဒေါ်မျက်ချယ်တို့ကိုပါ စန္ဒကူးက...

"မေမေကြီးတို့၊ လာကြလေ၊ ဆရာလေးကို ဝတ္တုကပ်ရအောင်"

"သမီးတို့နှစ်ယောက်ပဲ ကပ်ကြလေ"

ဒေါ်ဦးမေက လှမ်းပြော၍ ဦးအောင်မွန်ကလည်း...

"ဟုတ်သားပဲ၊ ဒါ သမီးတို့ လက်ဖွဲ့ရတဲ့ငွေနဲ့ ကန်တော့တာပဲ၊ သမီးတို့နှစ်ယောက်ပဲ လှူကြပါ"

"ကိုကို့ငွေလည်း ပါ,ပါသေးတယ်နော် ကိုကို"

"တူတူပဲပေါ့ ကူးလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်လုံး ဇွန်းကလေးကို ကိုင်ထားကြသည်။ ဇွန်းထဲတွင် တစ်ထောင်တန် တစ်သိန်းအုပ် ၁၀ အုပ်၊ စုစုပေါင်း အလှူငွေ ဆယ်သိန်းကို ဒေါ်ပုညဝတီထံ မင်္ဂလာဦး ဇနီးမောင်နှံက လှူဒါန်းကြသည်။

မနေ့ညနေက Sedonaဟိုတယ်မှာ ခြိမ့်ခြိမ့်သဲ မင်္ဂလာပွဲ ဆင်နွှဲပြီးနောက်မှာ ယနေ့ စန္ဒကူး နေထိုင်ခဲ့ရသော ဆရာလေး ဒေါ်ပုညဝတီ၏ မိဘမဲ့ဂေဟာသို့ တစ်နေ့စာ ကျွေးမွေးပြီး ငွေ ဆယ်သိန်း လာရောက်လှူဒါန်းကြခြင်းဖြစ်သည်။

ထိုအလှူပွဲနှင့် မင်္ဂလာပွဲ မတိုင်မီကပင် ဦးချမ်းမြေ့က ခေါ်ယူလိုက်သဖြင့် ဒေါ်စောရှင်မွန် မင်္ဂလာပွဲသို့ တက်ရောက်ပြီး လှပကျော့ရှင်းစွာ ဦးချမ်းမြေ့နှင့်အတူတွဲ၍ သတို့သမီး၏ မိဘ အဖြစ် ပရိသတ်အလယ်သို့ လျှောက်လှမ်းခဲ့ရသည်။

ဦးအောင်မွန်နှင့် ဒေါ်ဦးမေတို့လည်း မင်္ဂလာပွဲ တက်ရောက် ကြပြီး ထိပ်ဆုံးက Reservedဝိုင်းမှာ ထိုင်ခဲ့ကြသည်။

အားလုံးထဲမှာ ညှိုးချုံးနေသူက ဒေါ်မျက်ချယ်။

"ငါ့သမီးထင်ပြီး နှစ်အစိတ်လောက် ဒုက္ခခံပေးခဲ့တဲ့ အန်တီ ချယ်ရဲ့ ကြွေးတွေကို ငါ ကျေအောင်ဆပ်သင့်တယ်"

ဆိုသော ခံယူချက် ဦးချမ်းမြေ့မှာ အပြည့်ရှိပါ၏။ နောက် သူ့စိတ်ထဲမှာ တစ်သက်လုံး မေ့မရနိုင်သော ကိစ္စက ဝပ်ရှော့ဆရာ ကိုသန်းထိုက် ဖြစ်၏။ ကားတစ်စီးဖိုး မဟုတ်သော်လည်း ငွေ ဆယ်သိန်း ပိုက်၍ သွားရှာခဲ့ရာမှာ 'ကိုသန်းထိုက်' ဆုံးသွားတာ သုံးနှစ်လောက်ရှိပြီတဲ့လေ။ ဦးချမ်းမြေ့က သူမသေခင် ကိုသန်း ထိုက်သို့ ပြန်ဆပ်ချင်သည့် ကျေးဇူး ပေးနိုင်ပြန်တော့လည်း ကိုသန်းထိုက်က သေဆုံးနှင့်ခဲ့ရှာပြီ။



ယခုနေသာ ဗေဒင်တွက်ခွင့်ရခဲ့လျှင်...

'ဒေါ်မျက်ချယ်တို့ ကံဇာတာတက်လာပြီ'ဟု ဟောပေလိမ့် မည်။

အနှစ်နှစ်ဆယ်ကျော်လုံး ဒုက္ခအကြီးအကျယ် မပေးသော် လည်း ကောင်းကွက်ဟူ၍ ရှာမတွေ့လောက်အောင် စိတ်ဆင်းရဲခဲ့ ရသော ဒေါ်မျက်ချယ်မှာ ယခု ဤဂြိုဟ်မှ လွတ်သွားပြီထင်၏။

ဂြိုဟ်မှာ ကောင်းကင်မှဂြိုဟ်မဟုတ်ဘဲ 'ပွင့်ဖြူ'မည်သော အိမ်ထဲမှ ဂြိုဟ်ဆိုးဖြစ်၏။

ဦးချမ်းမြေ့က "ကလောကိုခေါ်သွားမည်"ဟူသော စကား ကို ကြားရပြီးသည့် နောက်နေ့မှာပင် တစ်ခြံကျော်မှ ဒရိုင်ဘာနှင့် လိုက်ပြေးသွားကာ သူ့ဇာတ် သူသိမ်းသွားခဲ့ပါပြီ။

ယခင်က ဒေါ်ဦးမေနှင့် ဒေါ်မျက်ချယ်တို့ တစ်ယောက်နှင့် တစ်ယောက် မသိကြပါ။ ဦးချမ်းမြေ့ကြောင့် ဆက်သွယ်မိကြခြင်း ဖြစ်ပါ၏။

စန္ဒကူး၏ မင်္ဂလာပွဲမတိုင်မီ ဖြစ်ရပ်မှန် အားလုံးကို ဖွင့် ပြော၍ တောင်းပန်ချိန်မှာ ဒေါ်မျက်ချယ်က...

"ဘယ်သူ့ အပြစ်မှ မဟုတ်ပါဘူး မောင်ချမ်းမြေ့ရယ်။ အန်တီချယ့်မှာ ပွင့်ဖြူရဲ့ဝဋ် ပါလာတယ်လို့ပဲ သဘောထားပါ"

"ခုတော့ ဝဋ်ကျွတ်ပြီလို့ပဲခံယူလိုက်ပေါ့ အန်တီချယ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု နှစ်သိမ့်ဖျောင်းဖျပြီး မင်္ဂလာပွဲကိုရောသည်ကျောင်းလေးအတွက် အလှူပွဲကိုပါ ဒေါ်မျက်ချယ်ကို ခေါ်ယူခဲ့ကြသည်။

အထူးသဖြင့် ဦးချမ်းမြေ့က ဒေါ်မျက်ချယ်ကို ဂရုစိုက်ကာ ခေါ်ယူလာခဲ့ခြင်း ဖြစ်ပါသည်။

"လိုရာဆန္ဒပြည့်ဝကြပါစေ"

"သာယာသောအိမ်ထောင်ရေးဖြစ်ကြပါစေ"

"လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများပါ သယ်ပိုးနိုင်ကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ဝပါရစေ"

ဆို၍ ညီသစ္စာနှင့် စန္ဒကူးတို့ ပြိုင်တူရွတ်ဆိုပြီး ဆရာလေး ဒေါ်ပုညဝတီကို ကန်တော့ကြသည်။ ညီသစ္စာက...

"ဆရာလေး ကျေးဇူးကြီးမားလိုက်တာ၊ စန္ဒကူး ဒီလိုဖြစ်လာတာ ဆရာလေးကြောင့်ပါ"

"မဟုတ်ဘူးကွယ့်၊ ဒေါ်ဦးမေကြောင့်ပါ"

ဘုရားခန်းရှေ့မှ ဒေါ်ဦးမေက...

"ဒီမှာ...ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ အားလုံး သူ့ကံနဲ့ သူ ဖြစ်လာကြတာချည်းပဲ"

ဒေါ်ဦးမေကပင်ဆက်၍...

"ဘွားအေတစ်ယောက်ရဲ့ မမျှမတတဲ့မေတ္တာနဲ့ သူ့မြေးကြီး မွှင့်ဖြူကို သူ့ငွေဒေါ်မျက်ချယ် ပေးလိုက်တယ်၊ ဟော ပါရမီကလည်း မပါ၊ လူကလည်း မကြိုးစားတော့ ပညာမတတ်တဲ့အပြင် ကံကပါညံ့တော့ ဒရိုင်ဘာနဲ့ ရသွားပြီ"



အားလုံးက ပြုံးချင်ချင်ဖြင့် ဆက်နားထောင်နေဆဲ...

"ဖြစ်ချင့်ရာဖြစ်စမ်းဆိုပြီး စန္ဒကူးကို ဒီလာအပ်ခဲ့ပေမယ့် သူ့ကံလေးက ကောင်းတော့ အမြော်အမြင်ကြီးတဲ့ ဆရာလေးဆီ ရောက်တယ်၊ မေမေကြီးဆီရောက်လာတယ်၊ လူသားတစ်ယောက်ရဲ့ ကံကြမ္မာကို တခြား လူသားတစ်ယောက်က ပြုပြင် ဖန်တီး စီစဉ်ပေးလို့ မရနိုင်ဘူးဆိုတာ လက်တွေ့ပဲလေ"

"ဟုတ်ပါတယ်"

"မေမေကြီး ဘယ်လိုပဲ ကျောင်းကောင်းထားပေမယ့် သူ မကြိုးစားရင် ဆရာဝန်ဖြစ်မလား၊ ဒါကြောင့် ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ စန္ဒကူးရဲ့ အတိတ်က ကံလေးက ကောင်းလို့၊ ဒီဘဝမှာလည်း ကြိုးစားလို့၊ စိတ်ကောင်းစေတနာရှိလို့ သူ့ဘဝမှာ အားလုံး ပြည့်စုံသွားတာ၊ ကဲ...စားသောက်လည်းပြီးပြီ၊ လှူဒါန်းလို့လည်း ပြီးပြီ၊ ပြန်ကြစို့"

ဒေါ်ဦးမေ နှိုးဆော်၍ အားလုံးပြန်ကြရန် ထတော့ ဆရာလေးက စန္ဒကူး ပခုံးလေးကို ပုတ်၍ မုဒိတာမျက်နှာနှင့် ပြုံး၍ ကြည့်သည်။

ဘာစကားမှ မမှာကြားသော်လည်း ဆရာလေး မျက်ဝန်းထဲက စန္ဒကူးအတွက် အထူးပီတိဖြစ်သည့်စကားများ ပြောကြားနေကြောင်း မြင်သာသည်။

"အန်တီ ဒေါ်ဦးမေခင်ဗျား၊ သားနဲ့သမီးကို ကျွန်တော့်အိမ် ခေါ်သွားပါရစေ"

"ခေါ်မလို့ ဟုတ်လား၊ သူတို့အတွက် မင်္ဂလာအခန်းက ဘောက်ထော်အိမ်မှာလေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းမြေ့ကို အစိပ္ပာယ်ပါပါနှင့် ကြည့်လိုက်ပြီးမှ ဒေါ်စောရှင်မွန် ကိုယ်တိုင်က…

"ဟုတ်ပါတယ်ရှင့်၊ ဒါပေမယ့် အစ်ကိုက သမီးကို ပြစရာလေး ရှိလို့ ခေါ်သွားပါရစေရှင့်"

ရှမ်းသံဝဲဝဲနှင့် ဝင်တောင်းပန်၍…

"ခေါ်သွားလေ၊ ဒါပေမယ့် စန္ဒကူးပိုင်တဲ့အိမ်၊ နေမယ့်အိမ်ကတော့ ဘောက်ထော်မှာကွယ့်နော်"

ဒေါ်ဦးမေ၏ ခပ်တည်တည်အပြောကို အားလုံးက အပြုံးဖြင့် တုန့်ပြန်ကြသည်။

ဒရိုင်ဘာ မောင်းသော ဒေါ်ဦးမေ ကားထဲမှာ ဒေါ်ဦးမေတစ်ယောက်တည်း ဖြစ်သော်လည်း နောက်ကားတစ်စီးထဲမှာ ဦးချမ်းမြေ့က မောင်း၍ ဦးအောင်မွန်က ဘေးမှာ၊ ဒေါ်မျှက်ချယ်က နောက်မှာ…။

"သားနဲ့သမီး ဖေဖေ့အိမ်ကို တစ်ခါတည်း လိုက်ခဲ့ကြနော်"

ဟု မှာကြားပြီး ဦးချမ်းမြေ့ရဲ့ကားက ဒုတိယ ထွက်သွားသည်။

နောက်ဆုံးထွက်သည့် မာ့ခ်တူးကားထဲမှာ အသစ်စက်စက် ဇနီးမောင်နှံဖြစ်သော ကိုညီသစ္စာနှင့်စန္ဒကူး။

ကိုညီသစ္စာက ကျောင်းဝင်းထဲမှထွက်ပြီး လူပြတ်လပ်သော ကားလမ်းဘေး တစ်နေရာမှာ ကားထိုးရပ်လိုက်၍…

"ဘာဖြစ်လို့လဲဟင်"

"ကိုယ့်နားနောက်ကို ကြည့်ပေးစမ်းပါ"



စန္ဒကူးက ဘာကောင်များ ကပ်နေလို့လဲဟူသော စိုးရိမ်စိတ်ဖြင့် သူ့နားနား ကပ်ကြည့်ချိန်မှာ တအားဖက်၍ ပါးပြင်ကို အားရပါးရ နမ်းရှိုက်လိုက်၍…

"ဟာ…ကိုကို မကောင်းဘူးကွာ"

"တစ်မနက်လုံး ဣန္ဒြေကြီးနဲ့ နေရတာ သေတော့မယ်သိလား"

"သေလိုက်လေ၊ စန္ဒကူးနဲ့ပါ တူတူ"

"သေတော့ မသေပါရစေနဲ့ဦး၊ ချစ်လို့ မဝ,သေးဘူး"

"ဘယ်တော့ဝမှာလဲ"

"သေတဲ့အထိ"

"တကယ်လား"

"သရဲ ဖြစ်ရင်လည်း ဆက်ချစ်နေမှာပဲ၊ Ghost ထဲကလိုလေ"

"ပေါက်ကရတွေ မပြောနဲ့ကွာ၊ သွားကြစို့၊ ဖေဖေတို့အိမ်သွားရဦးမှာ"

"ဒါပြီးမှသွားမယ်"

"မပြီးမချင်း 'ရစ်' နေမှာမို့ ချစ်လှစွာသော ကိုကို့နဖူးပြင်ကို မွှေးလိုက်တော့မှ ကားကထွက်၏။

မကြာမီမှာပင် အင်းယားမြိုင်လမ်းမှတစ်ဆင့် ရွှေတောင်ကုန်း ရိပ်သာ ခြံကြီးဆီသို့ မောင်းသွားသည့် အချိန်မှာ ခြံဒွဲ ဖေဖေ ဦးချမ်းမြေ့ကိုယ်တိုင် ထွက်စောင့်နေပြီး ခြံထဲသို့ ကား မဝင်ရန် လက်ကာပြ၍ ရပ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"သားရော သမီးရော ခဏဆင်းကြပါဦး"

"ဟင်...ဘာလုပ်မလို့လဲ၊ အိမ်ထဲဝင်မယ်လေ"

"ပြီးမှဝင်ပါ၊ ဖေဖေ ပြစရာရှိလို့"

ညီသစ္စာက ကားကို စက်သတ်ပြီး ဆင်း၏။ စန္ဒကူးက လည်း 'ဘာဖြစ်ပါလိမ့်' ဆိုသော သိချင်စိတ်နှင့် ကားပေါ်က ပြိုင်တူဆင်းပြီးချိန်မှာ...

"ဒီမှာ ကြည့်ကြစမ်း"

ခိုင်ခံ့သော အုတ်တိုင်ကြီးထဲမှ ပြောင်လက်သော ကြေးပြား ကြီးကို ထွင်းထည့်ထားပြီး ပေါ်လွင်သော စာလုံးကြီးများဖြင့်...

'စန္ဒကူးစံအိမ်'

စန္ဒကူးက အံ့သြလွန်း၍ ပါးစပ်ကလေးပင် ပွင့်ဟသွား၏။

"ဒီခြံဟာ အစက 'ချမ်းမြေ့သာယာဂေဟာ'လို့ အမည်ပေး ထားခဲ့တာ ဖေဖေ့ရဲ့ မိဘတွေက ဖေဖေ့ကို ပေးဖို့အတွက်၊ အခု ဖေဖေက ဖေဖေ့ရဲ့သမီးလေးကို ပြန်ပေးချင်လွန်းလို့ ခြံကို ပြုပြင် အလှဆင်ပြီး ချမ်းမြေ့သာယာကို ဖျက်လိုက်တယ်၊ သမီးကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးလိုက်ခြင်းရဲ့ အထိမ်းအမှတ်ပါ သမီး"

"ဖေဖေရယ်..."

"သမီးလေး စန္ဒကူး ပိုင်တဲ့ စံအိမ်ကြီးအဖြစ် မှတ်ယူလိုက် ပါတော့နော်"



"သမီးကအ မေမေကြီးနဲ့မှခွဲလို့မရတာ၊ ဖေဖေတို့ပဲ နေပါ"

"အန်တီတို့လည်း မကြာခဏ လာနေပါ့မယ်၊ ခုတော့ ကလောကိုပဲပြန်ကြဦးမယ်လေ၊ ကလောကို ဟန်းနီးမွန်း လာခဲ့ကြ ပါလားကွယ်"

ဒေါ်စောရှင်မွန်က ဖိတ်သဖြင့် ကိုကို အားလပ်လျှင် သွား ကြဖို့ စိတ်ကူး ပြိုင်တူပေါ်ကြသည်။

ဤတိုက် ပေးလိုက်ရသည့်အတွက် ဦးချမ်းမြေ့ ပျော်ရွှင် တက်ကြွနေရှာသည်။ ဒေါ်စောရှင်မွန်ကလည်း ကျေနပ်စွာ ပြုံး လျက်...။

သည်တစ်ခါ စန္ဒကူးက စတင်၍ တစ်ဘဝတာလုံးအတွက် အားကိုး မြတ်နိုးရတော့မည့် ချစ်ခင်ပွန်း ကိုညီသစ္စာ၏ ခါးကို တအားကြုံးဖက်ရင်း ကြည်နူးနှစ်သိမ့် ကျေနပ် ပျော်မြူးစွာဖြင့် ကြေးပြားစာတန်းကြီးကို စန္ဒကူး ထပ်၍ ဖတ်ကြည့်ဖြစ်သည်။

'စန္ဒကူးစံအိမ်'...တဲ့။

✿

ပြီးပါပြီ

✿

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

29-3-2004

www.burmeseclassic.com